www.burmeseclassic.com



# မိုးစက်ပွင့်

ဆလွှာစောင့်ခွန်း

တစ်ပက်ခွ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၃၊အောက်တိုဘာ။

ထုတ်ဝေသူ - ဦးအေးလွင်(၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

ဖြန့်ချေး - ၁၂၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃

မိုးစက်ပွင့်

အတ္တထောင့်စွန်းတစ်ဖက်၌ / မိုးစက်ပွင့်။ - ရန်ကုန်
ရွှေဥစာပေ၊ ၂၀၁၃။

၃၃၄ - စာ၊ ၁၂.၃ x ၁၈ စင်တီ။

(၁) အတ္တထောင့်စွန်းတစ်ဖက်၌


BURMESE CLASSIC

မိုးစက်ပွင့်

# အတ္တထောင့်စွန်း
# တစ်ဖက်၌

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ပါးတစ်ချက်ရိုက်တဲ့အတွက် နှင် တစ်ဘဝလုံး ပြန်ပြီး ပေးဆပ်သွားရမှာပါ ပုတူး။ နင့်အဖေရဲ့ယုတ်မာမှုတွေအတွက် နှင် ပြန်ပြီး အကြွေးဆပ်ရမယ်။ အခုအချိန်မှာ ငါက ရစရာရှိတဲ့ ကြွေးရှင်ပဲ။

ဦးနေဇလရေ . . . ခင်ဗျား မိုက်ကားအောင်စားထားတဲ့ ထမင်းလုတ်တွေကို ရင်ထုပြီး အန်ထုတ်ရမယ့်အချိန် ရောက်လာပါပြီဗျာ။

ဟား...ဟား...ဟား...ဟား...

စစ်သည်ဖိုလ်

ရွှေဘော

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ရှင် . . . အတ္တတွေ သိပ်ကြီးပြမနေနဲ့ စစ်သည်ဗိုလ်၊ မောင်လေးကို ကျွန်မ လွှတ်လိုက်တာ။ သူ့ကို ရှင်တို့တင် ပိုင်တယ်လို့ မထင်ပါနဲ့။ ကျွန်မတို့လည်း ဆိုင်တယ်ဆိုတာ ရှင် သိထားရမှာ . . .

သျှင်မင်းခ





အိမ်မှာဆို ကျွန်တော်က ခွေးလေးလို အမြီးကုတ်ပြီး သခင်တွေကို ကြောက်နေရတဲ့ကောင်ပါ။ ပျော်ရွှင်မှုဆိုတာ ကျွန်တော့်ဘဝထဲမှာ မရှိခဲ့ဘူး။ ခံစားရသလောက် ပေါက်ကွဲခွင့်မရလို့ ရတဲ့နေရာမှာ ပေါက်ကွဲကြည့်တာ ကျွန်တော် လွန်သလား . . .

စစ်သွေးဦး



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁ )



## အခန်း ( ၁ )

"ဥဩ . . . ဥဩ . . . ဥဩ"

ဥဩတွန်သံ ချိုချိုလေးကြောင့် ပုံဆွဲစာအုပ်ပေါ်မှာ ပန်းပွင့်ကလေးတွေ ရေးဆွဲနေသော ကောင်လေးသည် ခေါင်းလေးမော့လာပြီး နားစွင့်လိုက်ပုံရ၏။

"ဥဩ . . . ဥဩ"

နောက်ထပ် ဥဩတွန်သံကို ကြားလိုက်ရတော့ စာအုပ်ကို ပိတ်၍ မတ်တတ်ရပ်လိုက်သည်။ ကောင်လေး၏ အရွယ်မှာ ပန်းပွင့်မှလွဲ၍ ဘာမှတွေတွေထူးထူး ရဲရဲတွင်တွင် ဆွဲတတ်သည့်အရွယ် မဟုတ်သေးပေ။ အာရုံက မဆွဲသတ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဆွဲတတ်နှင့် ဆွဲထားသည့် ကကြိုးကကျဲ ပန်းပွင့်ကလေး တွေဆီမှ စွန့်ခွာပြီး ရူးစမ်းချင်သည့်စိတ်က ဥသြလေးတွေ ဘယ်မှာလဲဆိုတာကို ရှာဖွေလိုဇော ရှိနေပုံရ၏။

"ဥသြ . . . ဥသြ . . . ဥသြ"

ဥသြတွန်သံသည် ဘယ်အရပ်ဆီမှဆိုတာကို ခန့်မှန်းလိုက်ပြီး အခန်းထဲမှ ပြေးထွက်လာကာ လေးခွနှင့် လေးသီးတွေ ထည့်ထားသော လွယ်အိတ်ကို လွယ်၏။

ပြီး . . . ခြံထဲရှိ ပိတောက်ပင်ကြီးဆီသို့ အပြေး သွားလေသည်။

"သား . . . ဘယ်ကိုလဲ"

"ငှက်အော်သံကြားလို့ အဲဒါသွားရှာမလို့ မေမေ"

"ငှက်က ပိတောက်ပင်ကြီးပေါ်က အော်နေတာ သားရဲ့၊ သစ်ပင်က အကြီးကြီး၊ ငှက်က သေးသေးလေး ရယ်။ ရုတ်တရက် သားရှာလို့ ဘယ်တွေ့မှာလဲ"

"သား တွေ့အောင်ရှာမှာပေါ့"

ချစ်နှင်းမှုံ ပန်းလဲပြီးသား ဘုရားပန်းအိုးကို မ,ယူ လိုက်ကာ သားကို တစ်ချက်ကြည့်ပြီး . . .

"တွေ့ရင် ငှက်ကလေးတွေကို လေးနဲ့မပစ်ရဘူး





နော် သား။ သူများအသက်ကို သတ်ရင် ကိုယ့်အသက်ကို လည်း သူများက ပြန်သတ်တတ်တယ်"

"ငှက်ကလေးက သားကို ပြန်မသတ်နိုင်ပါဘူး မေမေရာ၊ သူက သေးသေးလေးပဲဟာ။ ပြီးတော့ သား လေးခွနဲ့ပစ်ရင် သူသေမှာ"

"ငှက်ကလေးကတော့ သားကို ပြန်မသတ်နိုင်ဘူး ပေါ့ သားရယ်။ ငှက်ကလေးကို သားက သတ်သလို သား ကိုလည်း သားထက်ကြီးတဲ့လူကြီးတစ်ယောက်က ပြန် သတ်နိုင်တာမျိုးကို မေမေက ပြောတာ"

မျက်မှောင်လေး ကြုတ်သွားတဲ့သားကို ကြည့်ပြီး ချစ်နှင်းမှုံပြုံးလိုက်သည်။ ဒီကလေးက တစ်ခါနှင့်တစ်ခါ သူ့ စိတ်ကလေးက မတူ။ အပြောင်းအလဲ မြန်တယ်လို့ ပြော ရမလား။

နူးညံ့သည့်အခါရှိသလို ကြမ်းချင်ရမ်းချင်သည့် အခါမျိုးလေးလည်း ရှိတတ်သည်။

"အဲဒီငှက်အော်တာ နားထောင်လို့ ကောင်းတယ် မေမေရဲ့"

"အဲဒါ ဥသြငှက်လို့ ခေါ်တယ် သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဥသြ"

"ဟုတ်တယ် . . . အဲဒီငှက်ကလေးတွေ အော်ရင် နွေရာသီရောက်ပြီလို့ လူတွေက သတ်မှတ်ကြတာလေ"

"သား သူ့ကို မသတ်ဘူး မေမေ။ အရှင်ဖမ်းပြီး အော်ခိုင်းမှာ"

"သားက ဘယ်လိုဖမ်းမှာလဲကွယ့်"

"ခြေထောက်ကို လေးခွနဲ့ပစ်မှာပေါ့ မေမေရဲ့"

"မြတ်စွာဘုရား"

ချစ်နှင်းမှုံ ဘုရားတမိ၏။

"ခြေထောက်ကျိုးသွားရင် သူ မပျံနိုင်တော့ဘူး လေ။ သူ အဲဒါမှ သားအနားမှာ အမြဲနေနိုင်မှာ"

"သား"

"ဗျာ"

"အဲဒါလည်း ဝဋ်လည်တတ်တယ် သားရဲ့။ သူ့ကို ခြေထောက်ကျိုးအောင် သားလုပ်ရင် သားခြေထောက်ကို လည်း သူများက ကျိုးအောင်လုပ်မှာ။ လာပါ သားရယ်။ အော်သံကို အိမ်ပေါ်ကနေပဲ နားထောင်နော်"

အိမ်ပေါ်ကိုခေါ်ပေမယ့် ကောင်လေးက ခေါင်းခါ





ကာ ပေကပ်ကပ်လုပ်နေ၏။

"ငှက်ကို သား ဘာမှမလုပ်တော့ဘူး။ ကြည့်ရုံပဲ ကြည့်မယ်"

ချစ်နှင်းမှုံ သားကို ပြန်ခေါ်လို့မရဘူးဆိုတာ သိလိုက်ပြီမို့ သက်ပြင်းချလိုက်၏။

"ကဲ . . . တားမရရင်လည်း သွား။ ဒါပေမဲ့ လျှောက်မဆော့ရဘူးနော် သား။ ဟိုဘက်ခြံမှာ လူသစ်တွေ ရောက်နေတယ်။ ခါတိုင်းလို ကူးမသွားနဲ့။ အရင်လူတွေလို သဘောကောင်းချင်မှ ကောင်းမှာ။ အခု လူသစ်တွေက တအား ချမ်းသာတာတဲ့"

"ဟုတ်ကဲ့ မေမေ"

ဟုတ်ကဲ့ဆိုပြီး ပိတောက်ပင်ကြီးဘက်သို့ ဆက် လျှောက်လာခဲ့သည်။ ဥသြဆိုတဲ့ အော်သံကို ကြားနေရပေ မယ့် ငှက်ကလေးကိုတော့ ရှာလို့ မတွေ့ပေ။ ရှာလို့ မတွေ့ ဆို ငှက်ကလေးက ဟိုအကိုင်းမှ သည်အကိုင်းသို့ ကူးလူး နေတာက တစ်ကြောင်း . . .

ဗိုလ့်မျက်နှာကို မော့ကြည့်တာနှင့် နေရောင်က ထိုးနေတာက တစ်ကြောင်းကြောင့်ပါ။ ဗိုလ် ဥသြကို မရှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ အာရုံက တစ်ဖက်ခြံသို့ ရောက်သွားသည်။

လူသစ်တွေတဲ့။ သူနှင့် ကစားဖော် ရွယ်တူတွေ ပါရင် ကောင်းမှာပဲလို့ တွေးရင်း တစ်ဖက်ခြံထဲသို့ မျှော်ကြည့်မိသည်။ နောက်တော့ ခြံကြီးဘက်သို့ တိုးကပ်လာခဲ့၏။ အရင်လူတွေရှိတုန်းက ဗိုလ်နှင့်မေမေနှင့် ခင်သော်လည်း ကစားဖော်မရှိသဖြင့် ဗိုလ် တစ်ခါမှ လိုက်မသွားဖြစ်ပေ။

"ပူတူးရေ"

တစ်ဖက်ခြံမှ ပူတူးရေဆိုတဲ့ ခေါ်သံကြောင့် ပူတူး ဆိုတာ လူကြီးလား၊ ကလေးလား ကလေးပီပီ စပ်စုချင်စိတ် နှင့် ခြံစည်းရိုးသစ်သားတိုင်ပေါက်ကနေ ဗိုလ် ချောင်းကြည့် လိုက်၏။

"ပူတူး"

"ရှင်"

"ဖုန်တွေ၊ သဲတွေထဲမှာ မကစားရဘူးလေ။ ဂါဝန် တွေ ညစ်ပတ်ပေကျံကုန်တော့မှာပဲ။ လာခဲ့ . . . လာခဲ့"

"မပေပါဘူး တီလေးရဲ့"

"ဆင်ခြေမပေးနဲ့ . . . လာဆိုလာခဲ့"

"တီလေးကလည်း"



"လာဆိုလာခဲ့နော်၊ ငါ လာရင် အရိုက်ခံရမှာ သိလား"

အရုပ်ကလေးကို ပိုက်လျက် ခြေဆောင့်ကာ ထွက်သွားတဲ့ ကောင်မလေးကို မြင်လိုက်ရတော့ ဗိုလ် ပြုံး သွားသည်။ ဂါဝန်လေးတဖားဖားနှင့် အိမ်ဝမှာ ခါးထောက် ရပ်နေတဲ့ အမျိုးသမီးကြီးဆီကို ပြေးသွားတဲ့ ကောင်မလေး။ သူနဲ့ရွယ်တူလောက်မို့ ဗိုလ် ဝမ်းသာသွားခြင်းပါ။

ကစားဖော်ရပြီဆိုတဲ့အတွေးတစ်ခုကလွဲရင် ဗိုလ် ဘာမှမသိပေ။ ထို့ကြောင့် ခြံစည်းရိုးကို ကျော်တက်ပြီး တစ် ဖက်ခြံထဲသို့ ဝင်လာခဲ့သည်။

"ပူတူးရေ"

"သူခိုး . . . သူခိုး"

"ပူတူးရေ . . . သူခိုး"

အသံသြသြကြောင့် ဗိုလ် ခြေလှမ်းတွေ တုံ့သွား၏။ ဘယ်သူ့ကို သူခိုးလို့ပြောတာလဲဟု လူကို ရှာကြည့် တော့ မတွေ့။

"ပူတူးရေ . . . သူခိုးလေး . . . ဟိတ် . . . ကောင်လေး ဘာလုပ်တာလဲ။ သွား . . . ထွက်သွား"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ် ကိုယ့်ကိုပြောတာပဲဟု မျက်လုံးဝိုင်းလေးနှင့် အသံရှင်ကို ရှာနေဆဲမှာပဲ . . .

"ဟိတ်"

"ဟင်"

စောစောက ဂါဝန်အဝါလေးနှင့် ကောင်မလေး ပြန်ပြေးထွက်လာသည်။ မျက်နှာလေးကို မြင်လိုက်ရတော့ "လှလိုက်တာ" ဟု ဗိုလ် ငေးနေမိ၏။

"နင် ဘယ်သူလဲ၊ ဘယ်ကလဲ"

ကောင်မလေးက ခါးထောက်မေးလေလျှင် . . .

"ဟို . . . "

"ပြောလေ . . . နင် ဒီကိုဘာလာလုပ်တာလဲ။ နင့်နာမည် ဘယ်သူလဲ"

"ဗိုလ် . . . "

ဗိုလ်ဖြေလိုက်တော့ ကောင်မလေး မျက်မှောင်ကြုတ်ကာ ဗိုလ့်ကို ကြည့်လျက် . . .

"ဗိုလ် . . . ဟုတ်လား"

"ဟုတ်တယ်။ ငါက ဟိုဘက်ခြံက"

ကောင်မလေးက ဗိုလ်တို့ခြံဘက်သို့ တစ်ချက်





ကြည့်ပြီး နှာခေါင်းလေးရှုံ့လေသည်။

"ဟိုဘက်ခြံကဆိုရင် နင်တို့အိမ်က သေးသေးလေးပဲ။ အိမ်သေးမှတော့ ဆင်းရဲပြီပေါ့"

"ဆင်းရဲတာ ဘာဖြစ်လို့လဲ"

"တီလေးက မှာထားတယ်။ ဆင်းရဲတဲ့သူတွေနဲ့ ပူတူးကို မပေါင်းရဘူးတဲ့"

"မောင်ညို"

ကောင်မလေးက အပေါ်ကို မော့ကြည့်ပြီး "မောင်ညို" ဟု ခေါ်လိုက်တာကြောင့် ကောင်မလေး မော့ကြည့်ရာနေရာသို့ ဗိုလ်ပါ လိုက်မော့ကြည့်လိုက်သည်။

"ဟင်"

အသံသြသြနှင့် ဝင်ပြောသွားတာ လူမှမဟုတ်ဘဲ။ ဗိုလ်ကတော့ လူမှတ်လို့ အသံရှင်ကို လိုက်ရှာနေခဲ့တာ။ လက်စသတ်တော့ အိမ်တံခါးဝပေါ်မှာ တံခါးမှူးလုပ်တာက သာလိကာကိုး။ အိမ်ထဲကနေ ဗိုလ်တို့ကို ငုံ့ကြည့်နေ၏။

"ပူတူး . . . သူ့ကို မခေါ်နဲ့"

"ပူးတူး . . . သူ့ကို မခေါ်နဲ့"

"တိတ်တိတ်နေစမ်း မောင်ညို"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ပြောလိုက်တော့ သာလိကာမှာ အသံတိတ်သွား၏။ လူလိုပဲ နားလည်သိတတ်နေပါလား။

"နင့်အဝတ်တွေက ညစ်ပတ်နေတာပဲ"

ကောင်မလေးက ဗိုလ့်ကို ကြည့်ပြီး ဆက်ပြော၏။

"ကစားထားလို့ပါဟ။ ငါ့မှာ အသစ်တွေရှိပါတယ်။ နင် ငါနဲ့အတူတူ မကစားချင်ဘူးလား"

"မကစားချင်ဘူး။ နင် ပြန်တော့။ ငါ့တီလေးအပေါ် စံပယ်ကနေ ဆင်းလာလို့ နင့်ကို မြင်ရင် ရိုက်လိမ့်မယ်"

"ငါက နင်နဲ့ခင်ချင်လို့လာတာ"

"ငါက နင့်ကိုမခင်ချင်ဘူး"

"ဘာလို့မခင်ချင်တာလဲ။ ငါက ဆင်းရဲလို့လား"

ကောင်မလေးက သူမအန်တီလေးကို ကြောက်လန့်ဟန်နှင့် လှေကားဘက်သို့ ပြန်မော့ကြည့်ကာ . . .

"ငါက ခင်ချင်ပါတယ်။ တီလေးက ကြိုက်မှာ မဟုတ်ဘူး"

"ဒါဆို နင့်တီလေးမရှိတဲ့အချိန်မှာ အတူတူကစားကြမယ်လေ"

"တီလေး လာပြီထင်တယ်"





ပြောပြီးတာနှင့် မှူတူးက အိမ်တံခါးဝမှ အထဲကို ပြန်ပြီးပြေးဝင်သွားလေ၏။

ဗိုလ် စိတ်မကြည်မသာလေးနှင့်ပဲ အိမ်ပြန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

"သားရေ . . . ဗိုလ်"

"ဗျာ . . . မေမေ"

"မေမေ ပန်းတွေသွားပို့မလို့။ သား ဘယ်ကိုမှ သွားမကစားနဲ့နော်"

"ဟုတ်ကဲ့"

ချစ်နှင်းမှုံက ခြံထဲမှာပန်းမျိုးစုံစိုက်၍ ဖောက်သည် သွားပို့ပေးနေကျပါ။ သားလေးကို မွေးပြီး တစ်နှစ်သား အရွယ်ရောက်မှ သားရဲ့ဖေဖေက ဆုံးသွားခဲ့တာ။ ခင်ပွန်း



ဆုံးပြီးကတည်းက ဒီလိုပဲ ကြံ့ရကျပမ်းလုပ်ရင်း သားအမိတွေ လုပ်ကိုင်စားသောက်ခဲ့ကြတာ၊ ပူပန်သောကဆိုတာ သူတို့မှာ မရှိသလောက် ရှားပါသည်။

ရှိတာလေးနဲ့ လောက်အောင်စား၊ ရတာလေးနှင့်ပဲ လုအောင်ဝတ်ပြီး ဘဝကို အဆင်ပြေသလို ဖြတ်သန်းလာခဲ့ကြတာပါ။

"ဒါဆို မေမေ သွားတော့မယ်"

"ဟုတ်"

ချစ်နှင်းမှုံ ပန်းစည်းတွေကို ဗန်းထဲထည့်ရွက်လျက် ထွက်သွားလေသည်။

ဗိုလ် မေမေ ထွက်သွားတာနှင့် ခြံထဲသို့ ပြေးဆင်းလာခဲ့သည်။ ပူတူးဆိုတဲ့ ကောင်မလေးနှင့် ကစားရမလားလို့ ချောင်းတာ ဘယ်လောက်ကြာပြီလဲ။ တစ်ရက်မှ မတွေ့ရပေ။

ခုလည်း တွေ့လိုတွေ့ငြား။ တစ်ဖက်ခြံသို့ ချောင်းကြည့်နေမိ၏။ ကံအားလျော်စွာပဲ ပူတူး သူတို့ခြံဘက် ခြံစည်းရိုးနှင့် မလှမ်းမကမ်းမှာရှိသည့် မလေးရှားပိတောက်ပင်လေးအောက်မှာ တစ်ယောက်တည်းထိုင်ကာ အရုပ်

www.burmeseclassic.com

www.burmeseclassic.com



တလေလေတွေနှင့် ကစားနေသည်။

"ရှူး . . . ရှူး"

ဗိုလ်ခေါ်လိုက်တော့ ပူတူးက လှည့်ကြည့်သည်။ ဗိုလ့်ကို မြင်တော့ ခြံစည်းရိုးဆီသို့ လျှောက်လာ၏။

"ဗိုလ်"

"လာဦး"

"လာနေတာ မမြင်ဘူးလား"

ဗိုလ် ရယ်လိုက်မိ၏။ ပူတူး ခြံစည်းရိုးအနားကို ရောက်လာတော့ . . .

"နင်တစ်ယောက်တည်း ကစားနေတာလား"

"အင်း"

"နင့် တီလေး ဘယ်သွားလဲ"

"မရှိဘူး။ တီလေးက ဈေးထဲမှာ ရွှေဆိုင်ဖွင့်မလို့။ အဲဒါ ဆိုင်ခန်းရှာရ သွားမေးနေတယ်"

"ဒါဆို နင်နဲ့ငါ အတူကစားကြမယ်လေ"

ပူတူးက စဉ်းစားသလိုလေးလုပ်ပြီးမှ . . .

"အင်း . . . အတူကစားမယ်လေ။ နင် တို့ခြံထဲကို ဝင်ခဲ့"





"အေး . . . ငါက ယောက်ျားလေးဆိုတော့ ခြံစည်းရိုးကို ငါပဲ တက်နိုင်မှာ"

ဗိုလ် ဘောင်းဘီဒူးကို မတင်ကာ ခြံစည်းရိုးကို ကျော်တက်လိုက်၏။ ပူတူးက သူ့ကို မတ်တတ်လေးရပ်လျက် ကြည့်နေသည်။

မျက်တောင်ကော့လေးတွေ ဝန်းရံလျက်၊ ရွှန်းလဲ့တောက်ပနေသော မျက်လုံးလေးတွေက ပုတ်ခတ်လှုပ်ရှားလျက်၊ ဗိုလ် ခုန်ဆင်းလာမှာကို ပြုတ်ကျမှာစိုးလို့ စိုးရိမ်နေသည့်ပုံ။

"ဖြည်းဖြည်း ဆင်းနော်၊ ပြုတ်ကျနေမယ်"

"မကျပါဘူး။ ငါက ရမ်ဘိုလေ . . . ဟဲ . . . ဟဲ"

"နင်က ရမ်ဘိုနဲ့မတူပါဘူး။ ဂူခုံး"

အတူကစားကြမယ်ဆိုပြီး နှစ်ယောက်အတူထိုင်မိကြတော့ . . ."

"ပူတူး"

"ဟင်"

"နင့်နာမည်က ဘာလဲ"

"ပူတူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်အရင်းကို ငါက မေးတာဟ"

"ပွတူးလို့ သိထားတာ ပွတူးပဲခေါ်ပေါ့။ တီလေးနဲ့ ဖေဖေက ငါ့ကိုချစ်လို့ ပွတူးလို့ခေါ်တာတဲ့။ နင်လည်း ငါ့ကို ခင်တယ်ဆို အဲဒီလိုပဲခေါ်ပေါ့"

"အေးပါ . . . နင့်ကို ပွတူးလို့ပဲ ငါခေါ်မှာ"

"နင့်နာမည်ကကော ဗိုလ်တစ်လုံးတည်းလား"

"နင်မပြောတော့ ငါလည်း မပြောဘူး"

"မပြောချင်နေပါ။ ဗိုလ်ဆိုတဲ့အတိုင်း ငါ့အပေါ် ဗိုလ်တော့မကျနဲ့နော်"

"အင်း"

စကားပြောရင်းပဲ နှစ်ယောက်အတူ ကစားကြတော့ ဗိုလ်က ပွတူးရှေ့မှ ကားလေးကို လှမ်းယူပြီး လက်နှင့် ဟိုပွတ်ဒီပွတ် ပွတ်ကာ . . .

"လှလိုက်တာ"

"နင် လိုချင်လို့လား"

"လိုတော့လိုချင်တယ်"

"ယူလေ"

"နင့်မေမေ သိရင် နင့်ကိုရိုက်မှာပေါ့"



"ငါ့မှာ အရုပ်တွေက အများကြီးပါ။ ဒီတစ်ခု ပျောက်ရုံနဲ့ ဘယ်သူမှမသိဘူး။ ပြီးတော့ ငါ့မှာ မေမေလည်း မရှိဘူး။ ဖေဖေပဲရှိတာ"

"ဟင်"

ဗိုလ် ပွတူးကို ခပ်ငေးငေးလေးကြည့်လိုက်၏။ ပွတူးမှာ မေမေ မရှိဘူး။ ဖေဖေပဲ ရှိတယ်တဲ့။ ဗိုလ့်ကျတော့ မေမေရှိပြီး ဖေဖေ ဘာလို့မရှိရတာလဲ။ မေမေပြောပြတာ တော့ ဗိုလ့်ဖေဖေက သေသွားပြီတဲ့။

ပွတူးရဲ့ မေမေကကော။

ဗိုလ့်ဖေဖေလိုပဲ သေသွားတာလား။

"ငါ့မှာကျတော့ မေမေပဲရှိတာ။ ဖေဖေ မရှိဘူး ပွတူးရဲ့"

"နင့်ဖေဖေက ဘယ်သွားနေလို့လဲ ဗိုလ်"

"သေသွားတာလေ"

"ဩော်"

ပွတူးတွေတွေငေးငေးလေး ဖြစ်သွားကာ မျက်ရည်လေးတွေ လည်လာ၏။ သူလည်း သူ့မေမေကို သတိ ရသွားသည် ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"နင့်မေမေလည်း သေသွားတာ မဟုတ်လား ပူတူး"

ပူတူးက ခေါင်းလေးခါလျက် . . .

"ငါ့မေမေက သေသွားတာ မဟုတ်ဘူး ဗိုလ်။ နိုင်ငံခြားမှာ ရှိတယ်တဲ့"

"ဟင် . . . နင့်မေမေက နိုင်ငံခြားကို ဘာသွားလုပ်တာလဲ။ နင့်ကို ဘာလို့ ထားခဲ့တာလဲဟင်"

"မသိပါဘူးဟယ်။ ငါ ငယ်ငယ်လေးကတည်းက ဖေဖေနဲ့မေမေ ကွဲသွားတာတဲ့"

ပူတူး မျက်ရည်ဥလေးတွေ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာတော့ ဗိုလ်က သူ့လက်ချောင်းလေးများနှင့် သုတ်ပေးလေသည်။ ကလေးတစ်ယောက်ရဲ့ ရင်ထဲမှာလည်း သနားတတ်သည့်စိတ်ကလေးတော့ ရှိနေသည်သာ။

"ဟော"

ခြံထဲကို ကားဝင်လာသံကြောင့် နှစ်ယောက် ပြိုင်တူလှည့်ကြည့်လိုက်ကြ၏။

"ဖေဖေ ပြန်လာပြီ"

"အဲဒါ နင့်ဖေဖေလား"

ရွှေဥဒေါင်း



"ဟုတ်တယ်"

ကားပေါ်မှ ဆင်းလာသော ပူတူးရဲ့ဖေဖေက သူတို့ဆီကို တန်းတန်းမတ်မတ်လျှောက်လာသည်။ မျက်မှန်အနက်ကို တပ်ဆင်ထားပြီး ဦးနေဗလ၏ပုံစံက ဖြူဖြူသန့်သန့်၊ ခန့်ခန့်ထည်ထည်ပါ။

"နင့်ဖေဖေက ချောတယ်နော်"

"နင်ပြန်တော့ ဗိုလ်"

"ငါ မပြန်ချင်သေးဘူး"

"နင့်ကို ဖေဖေ ရိုက်လိမ့်မယ်"

"ရိုက်ပစေ။ ငါ ကြည့်ချင်သေးလို့"

ဗိုလ် ပေကပ်ပြီးရပ်နေ၏။ သူတို့ဒေသမှာ ဒီလိုကားမျိုးကြီးစီးနိုင်တဲ့သူကို လက်ချိုးရေတွက်လို့ ရနိုင်ပါသည်။ သူဌေးတွေမှ စီးနိုင်ကြတဲ့ ဒီလိုနေရာမျိုးမှာ ဒီလို ဦးနေဗလစီးတဲ့ ကားမျိုးက မြင်ရခဲတာပါ။ ရှိပေမယ့် ရှားသည်ဆိုတာမျိုးလေ။

ဗိုလ်က ကားကို သဘောကျနေသလို၊ ကလေးပီပီပဲ။ ဦးနေဗလ၏ ရုပ်ရှင်မင်းသားလို ဝတ်စားထားပုံကိုလည်း သဘောကျနေ၏။

ရွှေဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"ဖေဖေ"

"ဒီမှာ ဘာလုပ်နေတာလဲ"

"ကစားနေတာပါ ဖေဖေ"

ဦးနေဝလ ဗိုလ့်ကို မျက်မှန်ချွတ်ကာ ကြည့်လိုက်ပြီး . . .

"သူက"

"ဟိုဘက်ခြံကပါ ဖေဖေ။ ဗိုလ်တဲ့"

"ဦးက ချောတယ်နော်"

"ဖေဟ"

သူ့ကို မော့ကြည့်ပြီးပြောလိုက်တဲ့ ဗိုလ်ဆိုတဲ့ ကောင်လေးရဲ့စကားကြောင့် ဦးနေဝလ ပြုံးလိုက်မိသည်။ ကလေးက သမီးနဲ့ရွယ်တူလေးပါ။

ခုခေတ်ကလေးတွေက တီတီတာတာ တတ်မှ တတ်ပါပဲ။ တစ်ခါတစ်ခါ လူကြီးတွေ သင်ထားသလား ထင်ရလောက်အောင် အသိဉာဏ်ဖွံ့ဖြိုးပြီး တွတ်တီးတွတ်တာ ပြောတတ်ကြ၏။

"ဟိုဘက်ခြံကဆိုတော့ နှင်းမှုံရဲ့သားလေးပေါ့



ဟုတ်လား"

"ဦးက မေမေ့ကို သိလို့လား"

"သိပါတော့။ သွားရင်းလာရင်း မြင်ဖူးတာပါ။ ရင်းရင်းနှီးနှီးတော့ မသိဘူးကွ။ ဗိုလ့်မေမေကလည်း လှပါတယ် ဗိုလ်ရဲ့"

ဗိုလ့်မျက်နှာလေး ပြုံးသွားသည်။ လူကြီးတွေ ဘယ်လိုသဘောနဲ့ပဲ ပြောပြော ကလေးတွေရဲ့အတွေးထဲမှာတော့ ချောတယ်၊ လှတယ်ပြောရင် သဘောကျကြတာပဲ မဟုတ်လား။

အခု ဗိုလ်လည်း သူ့အမေကို လှတယ်ပြောတော့ ပီတိမျက်နှာလေးက ဝင်းလက်ပုံဆောင်၏။

"နောက်နေ့တွေရင် ဦး ဗိုလ်တို့အိမ်ကို အလည် လာခဲ့မယ်လေ"

"ဦး တကယ်ပြောတာလား"

"တကယ်ပေါ့ ဗိုလ်ရဲ့"

"ဒါဆို သား မေမေ့ကို ပြောထားလိုက်မယ်နော်"

"ဖေဖေ ဗိုလ်တို့အိမ်ကိုသွားရင် သမီးပါလိုက်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ရမှာပေါ့ သမီးရဲ့"

ကလေးတွေ၏မျက်နှာမှာ ငွေလမင်းလေးများ ပမာ။ ဒီအရွယ်ကလေးတွေရဲ့ ရင်ထဲမှာ ကစားဖို့၊ စားဖို့၊ ဝတ်ဖို့ကလွဲလျှင် မြစ်တို့၏မာယာကိုလည်း မသိ၊ မျဉ်းဖြောင့်တစ်ကြောင်း၏ သဘောတရားကိုလည်း နားမလည်ကြပေ။

"ပုတူး ငါ ပြန်တော့မယ်"

"အေး . . . နောက်နေ့မှ နင်တို့အိမ်ကို ငါ မေမေနဲ့ လာခဲ့မယ်"

ဗိုလ် ခေါင်းညိတ်ပြီး နှုတ်ဆက်ကာ ပြန်လာခဲ့သည်။ လက်ထဲမှာက ပုတူးပေးလိုက်သော ကားရုပ်ကလေးကို ကိုင်လျက် . . .







## အခန်း ( ၃ )

"မေမေရေ"

ပုတူးတို့ သားအဖ ခြံထဲကို ဝင်လာတာမြင်သည်နှင့် ဗိုလ် မိခင်ဖြစ်သူကို လှမ်းခေါ်လိုက်သည်။ ဒေါ်နှင်းမှုံက ပန်းတွေစီရီနေရင်းမှ လှည့်ကြည့်ကာ . . .

"ဘာလဲ သား"

"ပုတူးတို့လာတယ် မေမေ"

"ဟုတ်လား"

ချစ်နှင်းမှုံ ပန်းတွေကိုချပြီး သင်ဖြူးလေးကို ယူတာ ခင်းပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါရှင် . . . ထိုင်ပါ"

"သမီးက လာချင်တယ်ဆိုလို့ မနှင်းမှုံရေ။ သမီးလေးက အဖော်မဲ့နေတော့ ဗိုလ့်ကို အရမ်းခင်နေတာလေ"

"သားက ပြောပြပါတယ်။ ပူတူးဆိုတာ ပါးစပ်ဖျားက မချဘူးလေ"

ဦးနေဝလက မျက်လုံးကစား၍ ဟိုဒီဝေ့ဝဲကြည့်ကာ . . .

"မနှင်းမှုံတို့က သားအမိနှစ်ယောက်တည်းနေတာလား"

"ဟုတ်ကဲ့။ သားရဲ့အဖေ ဆုံးသွားပြီးကတည်းက ကျွန်မတို့ ဒီခြံလေးထဲမှာ ပန်းစိုက်ပြီး အသက်မွေးဝမ်းကျောင်းပြုခဲ့တာပါ"

"ဪ"

"ပန်းရောင်းလို့ရတာနဲ့ ကျွန်မတို့ သားအမိ ဒီလိုပဲ ခြိုးခြံချွေတာစုရတာပဲလေ"

ဦးနေဝလ၏ အကြည့်က ပန်းတွေဆီသို့ ရောက်သွားလေသည်။ ပန်းကလေးတွေက အရောင်အသွေးစုံလင်စွာနှင့် လှပနေ၏။ နှင်းဆီတွေက များပြီး အခြားပန်း





တွေလည်း အတန်သင့်ပါသည်။

"မနှင်းမှုံ တော်တော် ပင်ပန်းမှာပဲနော်"

"လုပ်နေကျအလုပ်ဖြစ်နေတော့ ပင်ပန်းတယ်လို့လည်း မဟုတ်ပါဘူး"

"ကျွန်တော် ခြံထဲလျှောက်ကြည့်ချင်လိုက်တာ။ ခြံထဲမှာ ပန်းတွေ ပိုလှမယ်နော်"

"ကြည့်ချင်ရင် ကျွန်မ လိုက်ပြမယ်လေ"

"ကျေးဇူးပဲ မနှင်းမှုံ။ ကျွန်တော်ကလည်း ပန်းတွေကို ချစ်တတ်သူတစ်ယောက်ပါ"

ချစ်နှင်းမှုံ ကိုယ်က အိမ်ရှင်မို့ ဧည့်ဝတ်ကျေအောင် နေဝလကို ခြံထဲသို့လိုက်ပို့၏။ ကလေးနှစ်ယောက်ကလည်း ပန်းတွေကြားမှာ လိပ်ပြာလေးများနှင့်တူပြိုင်ကာ ပြေးလွှားဆော့ကစားနေကြ၏။

ခင်မင်မှုလေးများကို အစပြုကာ နောက်တော့ နေဝလတစ်ယောက် ချစ်နှင်းမှုံတို့အိမ်သို့ အဝင်အထွက်များလာ၏။ ကလေးတွေမှာလည်း သံယောဇဉ်ကြိုးလေးတွေတိုးလို့ တစ်နေ့ တစ်နေ့ ဆော့ကစားကြရင်းပဲ အချိန်တွေ ကုန်လွန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ရေ"

"ဟော . . . ပူတူး လာပြီ"

"ပိတောက်ပန်းတွေ ပွင့်နေတာ လှလိုက်တာ ဗိုလ်ရယ်။ ငါ့ကို ခူးပေးပါလား"

"အေး . . . ခူးပေးမယ်"

ခူးပေးမယ်ဆိုပေမယ့် ကလေးဆိုတော့ ဗိုလ် ပိတောက်ပင်ကြီးပေါ်သို့ မတက်နိုင်ပေ။

"နင် တက်နိုင်လို့လား ဗိုလ်"

"တက်တော့ တက်နိုင်မှာမဟုတ်ဘူးဟ။ ဒါပေမဲ့ နင်လိုချင်တဲ့ ပိတောက်ပန်းတွေ ငါ ရအောင် ခူးပေးမယ်"

"တကယ်လား"

"အေး"

ဗိုလ် ပိတောက်ပင်ကြီးဆီသို့ မော့ကြည့်လိုက်သည်။ ပိတောက်ပန်းတွေက ပင်လုံးကျွတ်ပွင့်နေသည်မှာ ဝင်းဝါထိန်လင်းလျက်။ ဗိုလ် ဒီပန်းတွေကိုမှ လိုချင်နေမိတာသည် လေအဝှေ့မှာ ယိမ်းထိုးကခုန်နေကြသော ပိတောက်ပန်းတွေက ဗိုလ့်စိတ်ကိုရော၊ ပူတူးစိတ်ကိုပါ အနားက မခွာနိုင်အောင် ညှို့ယူဖမ်းစားနေတော့၏။



"ပူတူး နင် ဒီမှာ ခဏစောင့်နေဦး"

"နင် ဘယ်သွားမလို့လဲ ဗိုလ်"

"လှေကားသွားယူမလို့"

"ဒါဆို မြန်မြန်သွား"

ဗိုလ် လှစ်ခနဲ ပြေးထွက်လာခဲ့ပြီး လှေကားရှာလာခဲ့၏။ လှေကားက ဗိုလ်တို့ အိမ်ခေါင်မိုးတွေ မိုးယိုတဲ့အခါ မေမေတက်ပြီး ဖာရတဲ့လှေကားလေ။

ဒါကြောင့် လှေကား ရှည်နေသဖြင့် ဗိုလ် မနိုင်မနင်းနှင့်ပဲ ဒရွတ်တိုက်၍ဆွဲလာခဲ့သည်။

"ပူတူး"

"ဟေ"

"လာ . . . လှေကားထောင်ရအောင် ငါ့ကို ကူဦး"

"နင့်လှေကားက အရှည်ကြီး။ တို့ နိုင်ပါ့မလား"

"နိုင်အောင်လုပ်ရမယ်လေ။ နင် ပန်းတွေကို လိုချင်တယ် မဟုတ်လား"

ဗိုလ့်စကားကြောင့် ပူတူး မျက်နှာလေးမှာ ရှုံ့မဲ့သွားလေ၏။ ပန်းကို လိုချင်ပေမယ့် ပင်ပန်းမှာတော့ အကြောက်သား။

www.burmeseclassic.com

www.burmeseclassic.com



"ပူတူး . . . လာလေ"

ဝိုလ်ခေါ်တော့ ပူတူး ပေကပ်ကပ်နှင့် လှေကားနားကိုရောက်လာ၏။ လှေကားကို ပိတောက်ပင်အမြစ်မှာ တစ်ဖက်ထား၍ ကျားကန်ကာ နှစ်ယောက်သား ကျန်တစ်ဖက်တနေ ဆွဲထောင်လေတော့ အင်အားက ဘယ်လိုမှ မမျှပေ။

လှေကားရဲ့ဝိတ်နှင့် ကလေးတွေရဲ့ အရွယ်မမျှလေတော့ လှေကားက ထောင်လို့ မရပေ။

"ပူတူး နင့်ဘက်က ဆွဲထောင်လေ"

"ငါ မနိုင်ဘူး ဝိုလ်ရဲ့"

"ဘာလို့မနိုင်ရမှာလဲ။ နင် ထမင်းကျတော့ စားတတ်တယ် မဟုတ်လား"

"ထမင်းစားတာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်။ စားတတ်ရင် လုပ်တတ်ရမယ်"

ဝိုလ့်စကားကြောင့် ပူတူး မနိုင်မနင်းလေးနှင့် တတ်စွမ်းသမျှ ဆွဲမလေလျှင် . . .

"ဝိုလ် . . . ငါ မနိုင်တော့ဘူး"

"ရတော့မယ် . . . တောင့်ထား"





"အဟင့်"

ပူတူး မနိုင်တော့သဖြင့် ငိုမဲ့မဲ့မှ ငိုချလိုက်ကာ လှေကားကိုလည်း လွှတ်ပေးလိုက်၏။ လွှတ်ပေးပြီးတာနှင့် ဒေါကို ထွက်လိုက်တော့ . . .

"ဟာ . . . ပူတူးလုပ်ပါဦး"

"ဝိုလ်"

"အား"

ဝိုလ့်အပေါ်ကို လှေကားက ပြိုကျလာလို့ ပူတူး ပြန်ပြီးပြေးဆွဲပေးမယ့် မရတော့။ ဝိုလ် ပက်လက်လန်လေး လဲကျပြီး လှေကားက ဝိုလ့်အပေါ်မှာ။

"အမယ်လေး . . . ဝိုလ် သေပါပြီ"

ပူတူးလှေကားကို မနိုင်မနင်းနှင့် ဝိုလ်အပေါ်မှ ဆွဲဖယ်လေ၏။ ဖယ်လို့ မဖြစ်နိုင်တော့ တစ်ဖက်မှ ဆွဲထောင်ပြီး ဝိုလ်အပေါ်မှ တွန်းချပစ်လိုက်၏။

"ဝိုလ်"

"အား"

"ဟယ် . . . နဖူးမှာ သွေးတွေ"

"ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပူတူး ဆွဲထုလို့ ဗိုလ် ထနိုင်သွား၏။ နဖူးမှာ သွေးတွေ ထွက်ပေမယ့် ဗိုလ်ဆိုတဲ့ကောင်က ငိုမယ့်ကလေးမျိုး မဟုတ်ပေ။ ပူတူးမှာသာ ဗိုလ်ကို ကြည့်လျက် . . .

"နင် . . . ငါ့ကြောင့်ဖြစ်ရတာ . . . အဟင့် . . . ဟီး"

"ဟာ . . . ပူတူး မငိုနဲ့လေ"

ပူတူး ငိုလေသဖြင့် ဗိုလ်က ပြန်ချော့ရလေသည်။ နဖူးမှာ အမာရွတ်ကလေးတော့ ထင်ကျန်ရစ်ပေတော့မည်။ ဒါသည် အမှတ်တရလား။





## အခန်း ( ၄ )

ကာလတို့သည် မငြိမ်သက်။ တစ်ရက်မှ တစ်ရက် ရွေ့လျားလာခဲ့သည်နှင့်အမျှ ပူတူးနှင့် ဗိုလ်တို့ကြားက သံယောဇဉ်ကြိုးလေး ခိုင်မာလာခဲ့ပြီဆိုမှ . . .

"မေမေ"

"ဘာလဲ သား"

"သားတို့က ဘာလို့အိမ်ပြောင်းမှာလဲဟင်"

"အကြောင်းရှိလို့ပေါ့ သားရယ်"

"ဘယ်ကိုပြောင်းမှာလဲ မေမေ"

"ရောက်တော့ မင်း သိလိမ့်မယ် ဗိုလ်။ မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



အပိုတွေ မမေးနဲ့"

ဗိုလ် မျက်တောင်လေးပုတ်ခတ်လျက် ပါးစပ်ပိတ်သွားလေသည်။ မေမေ ဗိုလ်ကို အသံမာမာနှင့် ပြောလိုက်သဖြင့် အံ့ဩခြင်းနှင့်အတူ မေမေ မျက်နှာမကောင်းတာ၊ မျက်ရည်ကျတာ ဘာကြောင့်ပါလိမ့်ဟု ဗိုလ် တွေးနေမိ၏။

ဘာကြောင့်လဲ။ မေမေ ဘာလို့ ငိုတာလဲ မေးချင်ပေမယ့် မေးလည်း မမေးရဲ။

"သား . . . အဝတ်တွေ အကုန်ထည့်ပြီးပြီလား"

"ဟုတ်ကဲ့ . . . မေမေ"

မေမေ ပစ္စည်းပစ္စယတွေ သိမ်းဆည်းနေချိန်မှာ ဗိုလ် တစ်ဖက်ခြံသို့ ဘယ်လိုသွားရမလဲ အကြံထုတ်နေမိ၏။ ပူတူးနဲ့ ဗိုလ် မတွေ့တာ သုံးလေးရက်ရှိပါပြီ။ ပူတူး ဘာဖြစ်နေတာလဲ။ နေမကောင်းဘူးလား။

ဗိုလ် ပူတူးကို နှုတ်ဆက်ခဲ့ချင်ပါသည်။ ဗိုလ်မှာ ပူတူးပေးထားတဲ့ ကားလေးရှိသလို ဗိုလ်လည်း ပူတူးကို လက်ဆောင်တစ်ခုတော့ ပေးခဲ့ချင်သည်။

ဘာပေးရမလဲ၊ ဗိုလ် စဉ်းစားရင်း ဗိုလ်ဆိုတဲ့ နာမည်လေးပါသော စက်ဘီးသော့ချိတ်ကလေးကို ဗိုလ်





သတိရသွား၏။ ဒီစက်ဘီးသော့ချိတ်ကလေးကို မေမေ ဝယ်ပေးထားတာ မကြာသေးပေ။ စက်ဘီးကလည်း အသစ်သာ ရှိသေး၏။ ဗိုလ် ဒီစက်ဘီးလေးကို ကျွမ်းကျွမ်းကျင်ကျင်ပင် မစီးတတ်သေး မေမေက ထားခဲ့မည်တဲ့။

"ချစ်နှင်းမှုံ"

ခေါ်သံစူးစူးနှင့်အတူ တံခါးဝမှာ လာရပ်တာက ပူတူးရဲ့တီလေးပါ။

"ဩော် . . . ရှင် ရောက်လာပြီကိုး"

"ဒီမှာ ညည်းကို ခြံဖိုးငွေလာပို့တာ"

ချစ်နှင်းမှုံ မဲ့ပြုံးပြုံးလိုက်ရင်း . . .

"ခုလို ကျွန်မတို့ခြံလေးကို မတန်တဲ့ တန်ဖိုးကြီးပေးဝယ်တဲ့။ မခင်ခင်စက်ခိုင်ကို ကျွန်မ ကျေးဇူးတင်ပါတယ်ရှင်"

"အပိုတွေပြောမနေနဲ့ ချစ်နှင်းမှုံ၊ ရော . . . ဒီမှာငွေ"

ဩော် . . . ဗိုလ်တို့ခြံကို ဝယ်လိုက်တာ ပူတူးရဲ့ တီလေးကိုး။ ဘာကြောင့်ဆိုတာကို စဉ်းစားဖို့ထက် ဗိုလ် စက်ဘီးသော့က သော့ချိတ်ကလေးကို ဖြုတ်ယူဖို့ သွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"သားရေ . . . သွားမယ်"

"ဪ . . . ဝေါ်"

ဝိုလ် စက်ဘီးလေးကို သံယောဇဉ်မပြတ်စွာ ငေးနေရင်း မေမေ့ခေါ်သံကြောင့် ပြေးလာခဲ့ချိန်မှာ အပြင်မှာ မိုးတွေက သဲကြီးမဲကြီး ရွာသွန်းနေတော့၏။

"မေမေ"

"မေမေတို့ သွားကြစို့ သား။ ဒီခြံကို မေမေတို့ မပိုင်တော့ဘူး။ ကိုယ်နဲ့မဆိုင်တော့တဲ့နေရာမှာ မေမေ တစ်စက္ကန့်တောင် မနေချင်တော့ဘူး"

"သား . . . ပူတူးကို နှုတ်ဆက်ချင်တယ် မေမေ"

"သား"

ချစ်နှင်းမှုံ ဒေါသမျက်ဝန်းနှင့် သားရဲ့လက်ကို ဆောင့်ဆွဲလိုက်သည်။

"ဘာမှ အဲဒီကောင်မလေးကို မင်း နှုတ်ဆက်စရာ မလိုဘူး ဝိုလ်"

"ဘာဖြစ်လို့လဲ မေမေရဲ့"

"သူတို့က မေမေတို့ရဲ့အေးချမ်းတဲ့ဘဝလေးကို





ဖျက်ဆီးကြတာ။ မေမေတို့ ခုလို အိမ်ပြောင်းရတာ သူတို့ကြောင့်။ လူသာချမ်းသာပြီး စိတ်ဓာတ်အောက်တန်းကျတဲ့ဟာတွေ။ သူတို့နဲ့ မင်း ဘာမှပတ်သက်စရာမလိုဘူး"

"ဗျာ"

"ကဲ . . . သွားမယ်။ လာပါ သားရယ်"

မေမေ ဆွဲခေါ်လေသဖြင့် ဝိုလ် လိုက်ပါလာခဲ့သည့်တိုင် ပူတူးနှင့် တွေ့ရှင်ပေးဖို့ သော့ချိတ်ကလေးကို လက်ထဲမှာ ကျစ်နေအောင် ဆုပ်ထားမိ၏။

ထီးလေးတစ်လက်အောက်မှာ မေမေနှင့်ဝိုလ်။ လေအတိုက်မှာ မျက်နှာဆီသို့ မိုးစက်တွေ ဖွာကြဲလွင့်စင်လာသဖြင့် မျက်ရည်တို့သည် မိုးစက်တို့နှင့် ရောသမမွှေသွား၏။ ခွဲကြရတော့မယ် ပူတူးရေ။ နင် ဘယ်မှာလဲ။

မိုးရေစက်တွေကြားမှာ ခြေလှမ်းတွေက ဝရုန်းသုန်းကားနှင့် လိုက်ပါခဲ့လို့ ခြံပြင်ကိုအရောက် . . .

"ဝိုလ်ရေ . . . ဝိုလ်"

"ဟင်"

"ဝိုလ် . . . ခဏနေပါဦး။ ဝိုလ်ရေ"

"ပူတူး"



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာကြီးထဲမှာ ထီးမပါဘဲ ပြေးလိုက်လာသော ပူတူးကို မြင်လိုက်ရတော့ ဗိုလ် မေမေ့လက်ထဲမှ သူ့လက် ကလေးကို ရုန်းလေတော့ . . .

"သား . . . မသွားနဲ့"

"ဟင့်အင်း . . . သား ခဏလောက်သွားပါရစေ မေမေ၊ ပူတူး သနားပါတယ်"

"မသွားရဘူး"

မေမေက ဗိုလ့်လက်ကို ဖိဆုပ်ထား၏။ ဗိုလ် ဘယ်လိုမှ ရုန်းမရဖြစ်နေစဉ် ပူတူးတို့အိမ်သားတွေလည်း ပူတူးနောက်သို့ ပြေးလိုက်လာကြ၏။

"ပူတူး . . . ပူတူး ပြန်လာခဲ့စမ်း"

"ဗိုလ်ရေ"

"ပူတူး"

ပူတူး . . . လာစမ်း"

"ဗိုလ်ရေ . . . ဗိုလ် . . . ငါ ကြီးလာရင် နင့်ကို ငါ တွေ့အောင်ရှာမယ် သိလား"

"ပူတူး"

"ငါပေးတဲ့ကားလေးကို နင် သိမ်းထားနော် ဗိုလ်"





"ပူတူး . . . ဒီမှာ နင့်အတွက် လက်ဆောင် ငါ ပေးခဲ့မယ်"

"သား . . . လာစမ်း"

ဟိုဘက်ဒီဘက် ကိုယ့်ကလေးကိုယ်ဆွဲခေါ်နေကြ တဲ့အထဲမှာ လူချင်း မျက်နှာချင်းဆိုင် စကားပြောခွင့်မရ တော့သည့် ကလေးနှစ်ယောက်ရဲ့ရင်ထဲမှာ ဝမ်းနည်းတာက လွဲရင်ဘာမှမသိ။ မျက်ရည်တို့သည် မိုးစက်တို့နှင့် အင်အား ပြိုင်နေကြပြီလား။

ကံကြမ္မာ ဘယ်လိုအလှည့်အပြောင်းကြောင့် ခွဲ ကြရမည်လဲ မစဉ်းစားတတ်သည့်အရွယ်မှာ ကလေးတို့၏ နှလုံးသားနုနုမှာ ဒဏ်ရာတွေ ကိုယ်စီနှင့်။

"ပူတူး . . . ရော့"

ဗိုလ် သော့ချိတ်ကလေးကို အားကုန်သုံး၍ ပစ် ပေးလိုက်ပေမယ့် ပူတူးလက်ထဲသို့ ဘယ်လိုရောက်နိုင်မှာ လဲ။ ပူတူးကို ဆွဲခေါ်နေကြသည်မို့ လက်က ဘယ်လိုမှ ဖမ်း မဆုပ်နိုင်ပေ။

ပူတူး ခြေတစ်လှမ်းအကွာလောက်မှာ ကျလာ သော သော့ချိတ်ကလေးကို ရနိုင်ရေးအတွက် လူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



လက်တွင်းမှာ အင်အားရှိသလောက် ရုန်းကန်နေ၏။ ခြေထောက်က သော့ချိတ်ဆီသို့ မမီမကမ်းနှင့် လှမ်းကာ သော့ချိတ်ကို အနားရောက်အောင် ယက်ယူလိုက်၏။

"ပူတူး . . . လာစမ်း . . . သူ့ကို ရအောင်ဆွဲခေါ်ခဲ့ကြ"

ပူတူး သော့ချိတ်ကွင်းလေးကို ခြေမနှင့် ခြေညှိုးကြားမှာ အမိအရ ညှပ်၍ ရအောင်ယူခဲ့၏။

"ပူတူး . . . ငါ သွားပြီ"

"သား . . . လာစမ်း"

ပူတူးကို လူကြီးနှစ်ယောက်က ဆွဲခေါ်သွားလေ၏။

"ဗိုလ်ရေ . . . နင်နဲ့ငါ တစ်နေ့ပြန်တွေ့ကြမယ်"

"ပူတူး"

"ဗိုလ်"

ဗိုလ် လက်ကလေးပြ နှုတ်ဆက်နေတုန်းမှာပဲ ပူတူးကို ဆွဲခေါ်သွားကြတာ တရှုတ်သီထိုးပါပဲ။

တစ်နေ့ဆိုတဲ့အချိန်မှာ ပူတူးနဲ့ ဗိုလ် တကယ်ပဲ ပြန်တွေ့ကြမှာလား။



# အပိုင်း ( ၂ )

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၅ )

"စစ်သွေးဦး"

"ရှမ်း"

"အ"

"ရှမ်း"

"အား"

အိမ်ထဲကို လှမ်းဝင်လိုက်တာနှင့် စစ်သွေးဦး၏ ကျောပေါ်သို့ ကြိမ်ဒဏ်က အဆက်မပြတ်ကျရောက်လာသည်။ အိမ်ပြန်ရောက်ရင် ဒီလိုနှိပ်စက်ခံရမယ်ဆိုတာ သိသိနှင့် ပြန်လာခဲ့တာသည် စစ်သွေးဦးဆိုတဲ့ကောင်ဟာ





လုပ်ရဲရင် ခံရဲတဲ့ သတ္တိရှိလို့။

မှားမှားမှန်မှန် ကိုယ်လုပ်ခဲ့တာအတွက် ခေါင်းမရှောင်တတ်တာ စစ်သွေးဦးရဲ့ မွေးရာပါ ဗီဇ။

"လူလိုဆုံးမလို့မရတဲ့ကောင်"

"ရှမ်း"

"လူလို မနေချင်တဲ့ကောင်"

"ရှမ်း"

"မိုက်တွင်းနက်တဲ့ကောင်။ ငါ့စကားကို နားမထောင် ဦး"

"ရှမ်း"

ပထမဝင်လာလာချင်းမှာ အမှတ်တမဲ့မို့ အားစခဲ့အော်လိုက်မိပေမယ့် နောက်ထပ်ကျရောက်လာတဲ့ ကြိမ်ချက်တွေအတွက် စစ်သွေးဦး မညည်းညူတော့ပေ။ ဒါမျိုးတွေက သူ့အဖို့ ရိုးနေပြီမို့ တေသားပေသားရနေပြီဆိုလျှင် မမှားပေ။

"စစ်သွေးဦး"

"..."

နာမည်နှင့်လိုက်အောင်ပဲ စစ်သွေး၊ ဇာမာန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေရှာသလားတော့ မသိ။ စစ်သည် ဘယ်လောက်ပဲ မှိတ်မှိတ် ဒီကောင်က စနေသားကွလို့ လက်သီးလက်မောင်း တန်းပြီး ထအော်ချင်သည့်ပုံ။

စစ်သွေးဦး နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီး အပေါ်သွားနှင့်အောက်သွားကို ထိပ်ချင်းဆိုင်ကာ ဘယ်သူ့ အားကောင်းသလဲ အားပြိုင်ခိုင်းသည့်နှယ် ဖိကြိတ်ထား၏။

"မင်း ကိုယ့်အပြစ်ကိုယ်သိလား"

"သိပါတယ်"

"အခု မင်း ကျောင်းပြေးတာ ဘယ်နှစ်ရက်ရှိလို့ ကျောင်းက တိုင်စာ ခုလို အိမ်ကိုရောက်လာတာလဲ"

"တစ်ပတ်"

"တစ်ပတ်"

"ဟုတ်တယ်"

"တောက် . . . မင်းကွာ ငါ စိတ်ရှိလက်ရှိ လုပ်ရရင် သေတော့မယ်"

မျက်လွှာတစ်ချက်သာ ပင့်ကြည့်လိုက်သည့်ပုံက သတ်လျှင်လည်း အသေခံမည်ဆိုသည့်သဘောမျိုးပါ။

ဖြစ်နိုင်လျှင် ချက်ချင်းပစ်လုံပြီး သေချင်တဲ့ စစ်





သွေးဦးပါ။ သူ လူ့လောကထဲကို ရောက်လာခဲ့တာ ဆန် ကုန် မြေလေးတာပဲ အဖတ်တင်လိမ့်မည်။ လူ့လောကထဲ ကို ရောက်လာပြီး လူတစ်ယောက်မှာ အလိုအပ်ဆုံးဖြစ်တဲ့ သုခချမ်းသာဆိုတာ စစ်သွေးမှာ ဘာမှခံစားခွင့်မရ။ မေတ္တာ ရေ ခန်းခြောက်နေသော သူ့ဘဝသည် ကန္တာရ ဟင်းလင်း ပြင်ကြီးလိုပါပဲ။

အမေရှိလျက်နှင့် သားလို့ အခေါ်မခံရတဲ့ဘဝ။ အစ်ကိုရှိလျက်နှင့် ညီရယ်လို့ နွေးထွေးပျူငှာခြင်း မရှိတဲ့ ဘဝမှာ ရွှေဘုံပေါ်မှာ စံစားနေရသည့်တိုင် ငရဲအိုးထဲကို အောက်ထိုးကျနေသလိုပါပဲ။

ဒီတော့ လိုချင်တာ မရတော့ ရသည့်နေရာမှာ အပျော်ရှာတာ သူ့အပြစ်လား။ သူငယ်ချင်းတွေနဲ့ ကျောင်း ပြေးပြီး လျှောက်လည်ကြသည်။ ရည်းစားထား၊ ရုပ်ရှင်သွား ကြည့်။ ဒါတွေဟာ သူ့အတွက် စိတ်ဖြေစရာပါ။

"မင်း ထစမ်း စစ်သွေးဦး"

အကျီရင်ဘတ်ကို ဆုပ်၍ထခိုင်းတော့ စစ်သွေး အလိုက်သင့်ထလိုက်သည်။ ဒါကိုပဲ မေမေက ဒေါ်းစက် စက် မျက်လုံးများနှင့် လက်ပိုက်ကာကြည့်နေ၏။ အဲဒီပုံစံ



www.burmeseclassic.com

www.burmeseclassic.com



တွေကြောင့်ပဲ စစ်သွေး ရင်နာတာ။

ကိုကို့ကိုကျတော့ သားလို့ခေါ်ပြီး စစ်သွေးကျတော့ သားဆိုတဲ့လေသံကို နားစွန်နားဖျားပင် ယောင်လို့ မကြားဖူးပေ။

စစ်သွေးဦးလို့ တိုပြတ်ပြတ်အသံနဲ့ အမြဲခေါ်ခဲ့တာ စစ်သွေးက မေမေ မွေးထားတဲ့ သားအရင်းမဟုတ်လို့လား။

"ငါ့မျက်နှာကို ကြည့်စမ်း။ မင်း ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်း စစ်သွေးဦး"

ကြည့်ဆိုတော့လည်း ရဲရဲပြန်ကြည့်လိုက်သည်။

"မင်းကို ကျောင်းထားပေးနေတာ ကလေးတွေလို သစ်ရွက်ရူးပြီး ပိုက်ဆံလုပ်ကစားနေတာ မဟုတ်ဘူးကွ။ မင်း နားလည်လား၊ ငါတို့သားအမိရဲ့ ချွေးနဲ့စာတွေ ပိုက်ဆံတွေ အကုန်ခံပြီး ထားနေတာ။

ဒါကို မင်းက စာမကြိုးစားဘဲ အလေအလွင့် ကလေကချေလုပ်နေသေးတယ်။ မင်း မရှာရတိုင်း ငွေ ဖြုန်းနေတာလား။ ဒီဘဝကို ရောက်အောင် တို့ သားအမိ ဘယ်လို ကြိုးစားခဲ့ရလဲ မင်း သိလား"

"အဲဒါတွေ ကျွန်တော် မသိဘူး။ ကိုကိုတို့ငွေကုန်



မှာစိုးရင် ကျွန်တော့်ကို ကျောင်းထုတ်လိုက်"

"ဘာ"

စစ်သည် ရူးရဲသော မျက်လုံးများနှင့် စစ်သွေးကို ကြည့်ကာ အံကြိတ်၏။ ပြီးမှ . . .

"ခွေးလို ပြာပုံတိုးချင်တဲ့ကောင်"

ဆောင့်တွန်းလွှတ်လိုက်တော့ စစ်သွေး ဆိုဖာပေါ်သို့ ကျသွားသည်။

"မင်းကလေ တို့သားအမိကိုဒုက္ခပေးဖို့ လူ့လောကထဲကို ရောက်လာတဲ့ကောင်။ ငြိုပ်ကောင်"

"ကိုကို"

စစ်သွေးအသံက ဟိန်းထွက်သွား၏။

"ကျွန်တော့်ကို ငြိုပ်ကောင်လို့ ထင်နေရင် စကား လုံးတွေနဲ့တော့ အသည်းနာအောင် မရိုက်နဲ့။ ကိုကို ကျွန်တော့်ကို တစ်ခါတည်းသတ်ပစ်လိုက်"

"ဟော့ကောင်"

ညီအစ်ကိုနှစ်ယောက် အော်နေကြသည့်ကြားမှာ ဒေါ်ကေရီက ခြေချင်းရှိုက်၍ အထိုင်မပျက်ပေ။

"မင်း . . . တို့ကို ဒုက္ခပေးလို့ အားမရလို့ ငိုတာပါ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ထဲပို့မလို့လား စစ်သွေးဦး . . . ပြောစမ်း"

"ကိုကို့ကို ကျွန်တော်က ထောင်ထဲပို့ဖို့ မပြောနဲ့ ကိုကို့အသားကို ဆူးခြစ်ရာတောင် ထင်မှာစိုးတဲ့ကောင်ပါ ဗျ။ ကျွန်တော် ကိုကို့အပေါ် အားကိုးချစ်ခင်ခဲ့တယ်။ ကိုကို့ ဆီက ပြန်ရတာကျတော့ ကျွန်တော့်အတွက် နာကျင်မှု တွေချည်းပဲ"

"မင်း . . . မပြောနဲ့"

"ရင်ထဲမှာ ခံစားရသလောက် ပေါက်ကွဲခွင့်ကျ တော့ ခုပဲ ဝိတ်ပင်လိုက်ပြီ မဟုတ်လား။ ကိုကို မတရား ဘူး"

"စစ်သွေးဦး"

ဒေါ်ဧကရီ၏ အသံစူးစူးက စစ်သွေးပါးစပ်ကို လက်နှင့်ဖိပိတ်လိုက်သလိုပါပဲ။ ပြိုကျလာတဲ့ ဆံနွယ်တွေ ကြားကနေ မေမေ့ကို စစ်သွေးကြည့်လိုက်သည်။

အပြုံးအရယ်ကင်းမဲ့နေသည့် နှုတ်ခမ်းအစုံဟာ မလိုလားခြင်းတွေကို ပုံဖော်နေ၏။

"မင်း ငါ့သားကို စံပြောစရာမလိုဘူး စစ်သွေးဦး"

"မေမေ"





ထိုစကားကြောင့်ပဲ ထိုသူ၏ရင်ဘတ်မှာ ထိုသို့ သော နင့်သည်းမှုတို့နှင့် ထိုမျက်ရည်တွေက ဝေ့ခနဲ မျက်ဝန်းဆီသို့ ပြေးတက်လာ၏။ နှာခေါင်းတွေ မွှန်ကာ နားထင်တွေပါ ပူလာသည်။

"သားကတော့ မေမေ့သားမဟုတ်ဘူးလား မေမေ။ ပြောပါဦး . . . ညီအစ်ကိုချင်းအတူတူ မေမေ ဘာ လို့ ခွဲခြားပြီး ဆက်ဆံရတာလဲ။ သားက ဘာကောင်လဲ၊ ဘယ်ကလေကဝက မွေးခဲ့လို့လဲ"

"ဟောကောင် . . . စစ်သွေးဦး"

"ဟုတ်တယ်၊ မင်းက လူယုတ်မာနဲ့ ရပြီး မွေးခဲ့ တဲ့ကောင်။ ငါ အလိုမရှိဘဲ လူ့လောကထဲကို ရောက်လာတဲ့ ကောင်ပဲ"

စစ်သွေးဦး တစ်ကိုယ်လုံး သွေးဆုတ်သွားသလို၊ အင်အားတွေ ဆုတ်ယုတ်ကုန်ခန်းသွား၏။ ကိုကိုနဲ့သူ ညီ အစ်ကိုအရင်းမဟုတ်ကြဘူးလား။ ဘယ်နေရာမှာပဲဖြစ်ဖြစ် အဖေ၊ အမေတွေရဲ့ နာမည်စာရင်းပေးသွင်းရတဲ့နေရာမှာ ကိုကိုရော စစ်သွေးပါ အဖအမည် ဦးကျော်စွာ။ အမိအမည် ဒေါ်ဧကရီပဲလေ။ အားလုံးအတူတူဖြစ်ပြီး ဆက်ဆံရေးကျမှ



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ခွဲခြားနေရတာလဲ။

"မေမေ . . . မေမေ ကျွန်တော့်ကို တကယ်ပဲ အလိုမရှိဘူးလား မေမေ"

"ဟုတ်တယ်။ မွေးပြီးမှ စွန့်ပစ်ဖို့ မသင့်တော်လို့။ မိဘဝတ္တရားအရ တာဝန်ရှိသလောက် မင်းကို ပြုစုပျိုးထောင်ပေးနေတာ ရှင်းပြီလား။ ငါ့ကို ဝတ္တရားပျက်အောင်တော့ မလုပ်နဲ့"

"မေမေရယ်"

တာဝန်နဲ့ဝတ္တရားအရတဲ့။

"ကောင်းပြီလေ။ မေမေ ကျွန်တော့်ကို မမြင်ချင်ဘူးဆိုရင် နောက် ဘယ်တော့မှ မမြင်စေရပါဘူး"

"စစ်သွေးဦး"

လှည့်ထွက်သွားတော့မည့် စစ်သွေး၏ ခြေလှမ်းတွေ စစ်သည်၏ခေါ်သံကြောင့် ရပ်တန့်သွားလေ၏။

"ငါ့ခွင့်ပြုချက်မရဘဲ မင်း ဘယ်ကိုမှထွက်မသွားရဘူး။ သွားရဲရင် သွားကြည့်။ မင်းခြေထောက်ကို ငါ ကိုယ်တိုင် ရိုက်ချိုးပစ်မယ်"

"ချိုးလေ . . . ကျိုးသွားတော့လည်း အေးတာပဲ။





ဒီခြေထောက်ရှိနေရင်တော့ သွားမှာ"

"ဟောကောင် . . . ခုရပ်စမ်း"

ကျောက်ကြိမ်ရာတွေထက် နာကျင်တဲ့စကားလုံးတွေ ပြောဦးမလို့လားလို့ မေးလိုက်ချင်သည်။

"မင်း ခြေလှမ်းတွေ ရှေ့မတိုးနဲ့"

ပြောရင်း စစ်သည်နောက်ကနေ လိုက်လာပြီး စစ်သွေးကို ခြေကန့်လန့်ခံကာ နောက်သို့ ပြန်ဆွဲလိုက်၏။ စစ်သည်ဆိုတဲ့ကောင်ကလည်း စိတ်ဓာတ်ပြင်း၍ လျင်မြန်သွက်လက်သူပါ။

စစ်သွေး စစ်သည်ရဲ့လက်ထဲမှာ အရုပ်ကလေးတစ်ရုပ်လိုပါသွား၏။

"မင်း ပြောစမ်း စစ်သွေးဦး။ ဒီနှစ် ဆယ်တန်း ဖြေဦးမှာလား"

"ဖြေလည်းကျမှာ ကျိန်းသေတယ်"

"ဘာ"

"ဆယ်တန်းတစ်ခါကျတာကို ဂုဏ်ယူစရာလို့ မင်းထင်လို့ နှစ်ကြိမ်မြောက်အောင် အကျခံမလို့လား စစ်သွေးဦး"



www.burmeseclassic.com

www.burmeseclassic.com



"လိုချင်တာမရသရွေ့ ကျောင်းသာ ဆွေးသွားမယ် ကျွန်တော် ဘယ်တော့မှ ဆယ်တန်းအောင်မှာ မဟုတ်ဘူး မေမေ"

"မင်းက ဘာလိုချင်လို့လဲ"

"မေတ္တာတရား"

စစ်သည် မှဲ့ခနဲဖြစ်သွား၏။ မေမေကတော့ မေတ္တာတရားဆိုတာနှင့် စစ်သွေးကို ရှုံးခနဲ တစ်ချက်သာ ကြည့်ပြီး ချာခနဲ လှည့်ထွက်သွားလေသည်။

စစ်သည် စစ်သွေးနှင့် မျက်နှာချင်းဆိုင်ကာ တည့်တည့်ကြည့်ပြီး မဲ့တော့မလို ပြုံးတော့မလိုနှင့် မျက်ဝန်းတွေက အေးစက်စက်နှင့် စိမ်းလွှလွှကမ္ဘလာ။

သူလိုချင်တဲ့ မေတ္တာတရားဆိုတာ စစ်သည်တို့သားအမိရင်ထဲမှာ လုံးဝမရှိပေ။ ဝတ္တရားနှင့် လက်စားချေလိုမှုတွေကိုသာ ရင်ထဲမှာ စုဆောင်းထားခဲ့ပြီး စစ်သွေးကို ပျိုးပင်လို သဘောထားပြီး မြေစာပျိုးပေးနေတာပါ။

ဒါမှ စည်းဝိုင်း တစ်ဝိုင်းတည်းရဲ့ အထဲမှာ အိမ်ကြက်ချင်း အိုးမည်းသုတ်ပြီး ခွပ်နိုင်းလို့ ရမှာပေါ့။ အခု စစ်သွေးက မေတ္တာတရားကိုမှ လိုချင်ပါသတဲ့။ ဟားတိုက်





ပြီး ရယ်မောပစ်လိုက်ချင်ပေမယ့် . . .

"မင်းက မေတ္တာတရားကို တို့ဆီက လိုချင်တယ် ပေါ့ . . . ဟုတ်လား"

"ဟုတ်တယ်။ ကျွန်တော့်ဘဝမှာ အလိုချင်ဆုံးအရာက ကိုကိုနဲ့ မေမေ့ဆီက မေတ္တာတရားပဲ။ လိုချင်တာ ရမယ်ဆိုရင် ကျွန်တော် သေရမယ်ဆိုတောင် သေရဲတယ်"

"ဘယ်တော့မှ မမျှော်လင့်နဲ့"

တစ်လုံးချင်း မာကြောစွာပြောသွားတဲ့ စစ်သည်ရဲ့ ရင်ထဲမှာလည်း နာကျင်မှုအပေါင်း ထောင်သောင်းမကနှင့်ပါ။

ဘာတွေ နာကျင်ခဲ့ရသလဲလို့ မေးရင် မေးတဲ့သူကိုတောင် ဆက်ပြီး နာကျင်မှုတွေ ကူးစက်သွားနိုင်သည်။ စစ်သည် ဆောင့်တွန်းလို့ ယိုင်ခနဲဖြစ်သွားတဲ့ စစ်သွေးကို နောက်ကနေ ဦးပေါက်စ ဖေးမကူတွဲလိုက်၏။ စစ်သည် လှည့်မကြည့်တော့ဘူးဆိုတာ သိလို့ ဦးပေါက်စ ထွက်လာရဲတာပါ။

"ကလေး"

"ဦးပေါက်စ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောမှာ ဒဏ်ရာတွေနဲ့ မဟုတ်လား။ လာ . . . လာ . . . ဦးပေါက်စ ဆေးလိမ်းပေးမယ်"

"ရတယ် . . . ဦးပေါက်စ။ ကိုကို ကြိုက်သလောက် ရိုက်ပါစေ။ ကြိမ်ရာတွေက မနာပါဘူး။ နာတာက ရင်ထဲမှာ"

"ကလေးရယ်"

ဦးပေါက်စ စစ်သွေးကိုကြည့်၍ သနားနေသည်။ သူ လိုချင်တာကို ဘာလို့မပေးချင်ကြပါလိမ့်။

"ကျွန်တော် အရမ်းဝမ်းနည်းတယ်ဗျာ။ သူတို့ ကျွန်တော့်အပေါ် ဘာလို့မေတ္တာမထားနိုင်ကြတာလဲ။ ကျွန်တော်က ဘာကောင်လဲ။ ဒီအိမ်မှာ ကျွန်တော်က လူရာမဝင်တဲ့ကောင်၊ အသုံးမကျတဲ့ကောင်"

"ကလေး . . . မလုပ်ပါနဲ့"

ဦးပေါက်စနှင့် သူ့ဇနီး ဒေါ်မြနစ်ပါ ပြေးလာပြီး စစ်သွေး နံရံကို ခေါင်းနှင့်ဆောင့်မည်လုပ်တာကို ဝိုင်းဆွဲကြလေ၏။

နေရာတင်ပုံလျက်လဲသေရင်တောင် မင်းဘဝက စုတ်သပ် ရင်နာကျန်ခဲ့မယ့်သူ မရှိပါလား စစ်သွေးဦးရယ်။

•——ရွှေငွေလ——•



## အခန်း ( ၆ )

"မင်းအစ်ကိုကလည်း ကိုယ့်ညီကို ဒီလောက်တောင်ပဲ ရိုက်နက်ဆုံးမရသလားကွ"

"ခုဟာက ဆုံးမတာနဲ့ မတူဘူးကွ။ သူခိုးစွဲခံရတဲ့ ရာဇဝတ်သားကို ဝန်မခံမချင်း ရိုက်စစ်နေသလိုမျိုးကြီး"

ကန်ရေပြင်ဘက်သို့ ရီဝေဝေ ငေးမောနေသော စစ်သွေး မျက်နှာတည့်တည့်ဆီသို့ ကြွေလွင့်လာသော ရွက်ဝါကြွေတစ်ရွက်၏ တိုက်ခိုက်မှုကိုပင် မကာကွယ်လိုက်နိုင်။

ပါးပြင်ကို ထိခတ်ပြီး အောက်သို့လျှောကျသွားလေမှ ဘာရယ်မဟုတ် လိုက်ကြည့်ပြီး ကောက်ယူလိုက်

•——ရွှေငွေလ——•

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ငါ့ဘဝက ဒီရော်ရွက်ဝါလေးလေးထက်တောင် ပိုပြီး ခြောက်သွေ့နေတာပါကွာ။ အဟွန်း . . . ဒီသစ်ရွက်ကလေးက ငါနဲ့ ခံစားချက်ချင်း လာပြိုင်တာထင်တယ်"

"မင်းကလည်း ကြံကြံဖန်ဖန် ပြောတော့မယ်။ မင်းနဲ့ လာပြိုင်ရအောင် သူက သက်ရှိမှမဟုတ်တာ။ သက်ရှိဆိုရင်တောင် ဒီကောင်က မစိုမခြောက်။ မင်းက ခြောက်လွန်းလို့ ဝေါက်နေတာ"

"အေး . . . သက်ရှိဖြစ်တဲ့ တို့ကတော့ မင်းကျောပေါ်က ဒဏ်ရာတွေကိုကြည့်ပြီး မင်းအစ်ကိုကို ဒူးဖက်တောင်းပန်ချင်သလိုလို၊ နားရွက်ဆွဲပြီး သွားကိုင်ပေါက်ချင်သလိုလိုဖြစ်နေပြီ"

စစ်သွေး မချိပြုံးလေးပြုံးလိုက်ပြီး သစ်ရွက်ကလေးကို လုံးချေဖိပွတ်ကာ အဝေးသို့ လွှင့်ပစ်လိုက်၏။

"ငါ . . . ကိုကို့ကို ချစ်တယ်"

"ဟိုကမှ မင်းကို မချစ်ဘဲကွ"

"ဟော့ကောင် . . . မြတ်သူ မင်း ရမ်းရမ်းပြီး စွတ်မပြောနဲ့ကွ"





"ဘာကိုလဲ"

"သူ့အစ်ကိုက သူညီကို မချစ်ဘဲနေမလား"

ထက်ပိုင်ပြောသလို သူ့ကို ကိုကိုသာ တကယ်ချစ်လို့ ဆုံးမတာဆိုလျှင် စစ်သွေး ကျောကြိမ်ရာ ရင်ကြိမ်ရာနှင့် တစ်ခါတည်းလည်း သေသွားပါစေ။

အချစ်ကြီးလို့ အမျက်ကြီးတာဆိုသော စကားတစ်ခွန်းနှင့်။ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်ပြီး နောက်ဆုံးထွက်သက်မှာပင် အပြုံးတစ်ပွင့်ကို ပန်ဆင်သွားနိုင်ပါမည်။

"ဘာချစ်တာလဲ။ အချစ်ဆိုတာ နှိပ်စက်ခြင်းလား"

"တော်ကြစမ်းပါကွာ။ ချစ်လို့ပဲဖြစ်ဖြစ်၊ မုန်းလို့ပဲဖြစ်ဖြစ် ငါ ကိုကို့ကို စိတ်မပြိုပြင်မိပါဘူး"

"အေး . . . အဲဒါဆို သေအောင်သာ အရိုက်ခံပေတော့ စစ်သွေးရေ။ စစ်သွေးစစ်မာန်နဲ့လေ"

မြတ်သူက မကျေနပ်သလို ပြောလေ၏။ သူတို့က ဆယ်တန်းကျဖော်ကျဖက်တွေဆိုတော့ ကြင်နာရှာမည်ပေ့ါ။ မြတ်သူက စစ်သွေးရဲ့အင်္ကျီစကို ဘောင်းဘီနှင့်ခါးပတ်ကြားမှ ဆွဲထုတ်လေတော့ . . .

"ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စစ်သွေးက ကျောလေးကော့၍ မေးလေသည်။

“ကြိမ်ဒဏ် ဘယ်နချက်လဲကြည့်မလို့”

“ငါးချက်”

“အား . . . စားစား”

မြတ်သူ မျက်နှာကြီးရှုံ့မဲ့သွားမည်ဆိုတာ မမြင်ရလည်း စစ်သွေး သိနေသည်။

“ဟုတ်ပါ့ကွာ။ ဒီမှာ အညိုရောင် ကြိမ်ရာ အမှတ်တံဆိပ်ငါးချက်၊ ထင်ထင်ရှားရှားကြီးပဲ”

“ငါ ဆေးလိမ်းပေးမယ် . . . စစ်သွေး”

“မလိမ်းနဲ့ ဒီဒဏ်ရာ မြန်မြန်ပျောက်ရင် နောက်ထပ် မြန်မြန်တံဆိပ်ထပ်ကပ်မှာစိုးလို့”

“ဟော”

“ကိုကိုက သစ္စာရှိတယ်ကွ။ ပထမဒဏ်ရာ မပျောက်သရွေ့ နောက်ထပ် ဘယ်တော့မှမရိုက်ဘူး”

“ဒါဆို ဒဏ်ရာမပျောက်အောင် ဆွပေးနေရမလိုပဲ”

မြတ်သူတို့ စစ်သွေးရဲ့မေမေကိုလည်း တကယ်အံ့ဩပါသည်။ လက်ဖျားခါလောက်အောင် နေစိမ့်နိုင်သူ။ သားချင်းအတူတူ စစ်သွေးအရိုက်ခံရတာကို လက်ပိုက်





ကြည့်နေသတဲ့လား။

“စစ်သွေး”

“ဟာင်”

“မင်းရဲ့အမေက ဒေါ်ကေရီဆိုတာ ဟုတ်ကော ဟုတ်ရဲ့လားကွာ”

စစ်သွေး မြတ်သူဘက်သို့ လှည့်လာကာ . . .

“မင်းက ဘယ်လိုထင်လို့လဲ”

“ဟိုကွာ . . . မွေးစားတာတို့ ဘာတို့”

“မဖြစ်နိုင်ဘူး”

“မင်းက ဘာတွေသိထားလို့လဲ”

“ငါ့ကိုမွေးတုန်းက ကြီးနှစ်ကိုယ်တိုင် လက်သည်လုပ် မွေးပေးခဲ့တာတဲ့။ အဲဒီတုန်းက မေမေတို့က ဆင်းရဲတယ်တဲ့လေ။ နောက် ချမ်းသာလာမှ ကြီးနှစ်တို့လင်မယားကို အိမ်မှာ ခေါ်ထားတာလို့ ကြီးနှစ်ကတော့ ပြောပြတယ်”

ထက်ပိုင်နှင့်မြတ်သူ ပြိုင်တူသက်ပြင်းချလိုက်၏။ စစ်သွေးအဖြစ်က နွားကို တစ်ဖက်က ကြိုးတင်းအောင် ဆွဲထားပြီး တစ်ဖက်က ကြိမ်လုံးနှင့် ဖိရိုက်သလိုပါပဲလေး။

လိမ္မာမယ် မေတ္တာတွေပေးပါဆိုတော့ ခေါင်းခါ



www.burmeseclassic.com

www.burmeseclassic.com



လက်တာပြီး အရှဲ့တိုက်ကာ ရှက်လှှင့်နေတော့ လူဆိုး လူမိုက်ဖြစ်မှာစိုးလို့ ရိုက်နက်ဆုံးမနေတာမျိုး။ လျှော့လွန်းရင်ပတ်၊ တင်းလွန်းရင် ပြတ်ဆိုတဲ့စကားကို သူတို့တွေ မကြားဖူးကြဘူးလား။

"မင်း တော်ကြာ ဖြူဖြူကျော်သိန်းရဲ့သီချင်းထဲကလို ဖြစ်နေမယ်နော် စစ်သွေး"

"ဘာလဲ"

"အတွင်းကြေလေ"

"ကြေလို့သေသွားတော့လည်း အေးတာပဲပေါ့ကွာ"

"မအေးဘူး မောင်။ မင်း သေရင် ငါ မနေရဲဘူး။ ငါက သရဲကြောက်တယ်ကွ"

"အဲဒီကြောက်တဲ့ကောင်ကိုပဲ အရင်ကုပ်ချိုးပြီး ငါနဲ့ အဖော်ရအောင် ခေါ်မှာ။ သရဲပြည်မှာ ဆက်ကဲကြမယ်လေ"

"ဟော့ကောင်"

ထက်ပိုင် မျက်နှာကြီးပျက်သွားတော့ စစ်သွေးကတဟားဟားနှင့် ရယ်နေသည်။

"အမယ် . . . ရယ်နိုင်ပြီပေါ့။ တောတောကတော့





အီးမှန်ထားတဲ့ရှပ်နဲ့"

"ရှင်တို့ ကျွန်မကို လိုက်မနှောင့်ယှက်ကြနဲ့လို့ ပြောနေတယ်နော်"

အသံစူးစူးလေးက ရုတ်တရက်ထွက်လာသဖြင့် သုံးယောက်သား ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ အလွန်လှပ ချောမွေ့နေသည့် အမျိုးသမီးတစ်ယောက်ကို လူကြမ်းပုံပေါက်နေသော လူနှစ်ယောက်က လက်ဆွဲတော့မလို၊ ပွေ့ခေါ်တော့မလို ဖြစ်နေ၏။

"မင်းတစ်ယောက်တည်း ပျင်းမှာစိုးလို့ တို့က အဖော်လုပ်ပေးမလို့ ခေါ်တာပါကွ"

"ကျွန်မအတွက် ဘာအဖော်မှမလိုဘူး။ ရှင်တို့ ကျွန်မရှေ့က ဖယ်ပါ"

"အေးအေးဆေးဆေး ခေါ်လို့မရဘူးထင်တယ်"

ထက်ပိုင်က စစ်သွေးအနားသို့ တိုးကပ်လာပြီး . . .

"မင်းသမီးအသစ်ထင်တယ်"

စစ်သွေး ထက်ပိုင်ကို မကြည်ကြည့်နှင့်ပြန်ကြည့်ကာ . . .

"မင်း ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗီဒီယို ရိုက်နေသလားလို့"

"မင်းဘိုးအေ . . . လူတွေ ဒီလောက်ရှင်းနေတာကို ဟုတ်မလား"

မြတ်သူက တိုးတိုးကျိတ်ကျိတ်အသံနှင့် ဇက်ပိုးကို အုပ်ပြီး ပြောမှ ထက်ပိုင်ငြိမ်သွား၏။

"ဟာ"

"အဲ . . . ဆွဲကုန်ပြီ"

"တို့ပြေးကြမယ်"

"ဟော့ကောင်"

အမျိုးသမီးကို ဆွဲလွဲခေါ်နေကြတာကို ကြည့်ပြီး ထက်ပိုင်က ထပြေးဖို့လုပ်သည်။ မြတ်သူက ပြန်ဆွဲထားတုန်းမှာပဲ စစ်သွေး သူတို့ရှေ့မှ လုစ်ခနဲ ပြေးထွက်သွားလေ၏။

"ဟာ . . . ဟိုကောင် သွားပြီ"

"စစ်သွေး . . . ဟော့ကောင်"

ခေါ်လိုက်ပေမယ့် မရတော့။ စစ်သွေးက အမြင်မတော်လျှင် ငြိမ်နေတတ်သူ မဟုတ်လေတော့ . . .

"ခွပ်"





"အ"

"ခွပ်"

"ဟာ"

စစ်သွေးက ဒီပွဲမှာ မင်းသားပဲပေါ့။ လူကြမ်း နှစ်ယောက်နှင့် စစ်သွေးလုံးထွေးထိုးကြိတ်နေကြရင်း မကြာခင်ပဲ လူကြမ်းနှစ်ယောက် စစ်သွေးကို မနိုင်ပုံပေါက်၍ ထွက်ပြေးကြလေသည်။

"တောက် . . . မယားတရှုးတွေ"

စစ်သွေး မကျေမနပ်နှင့် ရေရွတ်လိုက်၏။

"ခုလို မမကို ကူညီတာ ကျေးဇူးတင်ပါတယ် မောင်လေးရယ်။ ဟို ဘယ်တွေထိသွားသေးလဲ မသိဘူး"

"ရပါတယ်။ ပွတ်ကာသီကာလောက်ပါ။ နှစ်ယောက်လောက်ကတော့ ကျွန်တော် မမှုဘူး"

မြတ်သူနှင့် ထက်ပိုင်မှာ မိကျောင်းဖမ်းပွဲမှာ ကြိုးခွေကိုင်ပြီး ချုပုတ်ထဲဝင်ပုန်းပြီး စောင့်တဲ့သူလို သူများတွေ မိကျောင်းကို သတ်ပြီးမှ "ဟော့ . . . မင်းတို့ ဘာလို့သတ်လိုက်ကြတာလဲကွ။ ငါက အရှင်ဖမ်းမလို့ စောင့်နေတာ" ဆိုတာမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ရန်ပွဲပြီးမှပဲ စစ်သွေးအနားသို့ ရောက်လာကြပြီး–

"စစ်သွေး . . . မင်း ဘာမှမဖြစ်ဘူးနော်"

"ဘာမှမဖြစ်လို့ အကောင်းပကတိရပ်နေတာပေါ့ကွ။ ဘာလဲ မင်းတို့က ငါ့မျက်နှာဖူးယောင်သွားတာ မြင်ချင်သေးလို့လား"

"မဟုတ်ပါဘူးကွာ။ ငါတို့က အာလာပသလ္လာပ မေးတာပါကွ"

"အာလာပသလ္လာပမေးရအောင် ဒါ ဆွေမျိုးမိတ်ဆွေတွေ ဖိတ်ပြီး ဧည့်ခံပွဲလုပ်နေတာ မဟုတ်ဘူး"

"မင်းကလည်း"

စကားကို အကျကောက်ပြီး ကတ်ဖိုးကတ်ဖဲ့ ပြောနေသော စစ်သွေးကို မြတ်သူက မျက်စောင်းထိုး၏။

"ကဲ . . . ဒီက မောင်လေးကို ကျေးဇူးတင်ပါတယ်လို့ မမ ထပ်ပြီး ပြောပါရစေကွယ်"

"ဟုတ်ကဲ့ . . . ကျွန်တော်ကလည်း ရပါတယ် ဆိုတဲ့စကားပဲ ထပ်ပြောပါရစေ"

မမက ခေါင်းညိတ်ပြပြီး . . .

"မမ အရေးကြီးကိစ္စရှိလို့ ခွင့်ပြုပါဦးကွယ်"





"ဟုတ်ကဲ့"

ကျောခိုင်းသွားတဲ့ မမကိုကြည့်ပြီး မြတ်သူက စ၍

"လူမှုရေးခေါင်းပါးလိုက်တာ"

"အေးလေ . . . တကယ်ဆို ကျေးဇူးတင်တယ်ဆိုပြီး ဆိုင်တစ်ဆိုင်ကိုခေါ်သွားပြီး ကျေးဇူးဆပ်ပါတော့လား"

"မင်းတို့ တော်တော်ဝက်ကြီးကျတဲ့ကောင်တွေ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

စစ်သည်ကိုကြည့်ပြီး ရန်နိုင် သက်ပြင်းချမိ၏။ ချမိတဲ့သက်ပြင်းက ကိုယ့်အကြောင်း ကိုယ့်အကျိုးစီးပွား အတွက် တစ်ပြားသားမှ မပါပေ။ မိသားစုဝင် လူလေး သုံးယောက်ရှိပါတယ်။ စစ်သွေးအပေါ်မှာ စစ်သည်တို့သားအမိ ဒီလိုစိတ်ဝမ်းကွဲပြီး စိမ်းကားရက်စက်ဖို့လိုသလား။

သွေးရင်းသားရင်းလူတစ်ယောက်အပေါ် ဒီလို ဆက်ဆံတာ ဘာသာရေးအရပဲကြည့်ကြည့် လူမှုရေး ရှုထောင့်ကပဲကြည့်ကြည့် ဘယ်လိုမှ နားလည်လို့မရအောင် အရုပ်ဆိုးအကျည်းတန်လွန်းလှပါသည်။





"မင်း စစ်သွေးအပေါ်မှာ အဲဒီလောက် ရက်စက်ဖို့ မသင့်ဘူး စစ်သည်"

"ဘာ"

စစ်သည် Lap Top ကို တစ်ဖက်သို့တွန်းရွှေ့လိုက်ပြီး ရန်နိုင်ဘက်သို့ မျက်နှာလှည့်လာသည်။

"စစ်သွေးက မင်းရဲ့သွေးသားအရင်းအချာ မဟုတ်ဘူးလား။ လူတစ်ယောက်ကို မင်း ဒီ့လောက် ရိုက်နှက်ဆုံးမရအောင် စစ်သွေးက ကလေးမဟုတ်တော့ဘူး စစ်သည်။ အရွယ်ရောက်နေတဲ့လူ။ ရုက်တတ်တဲ့အရွယ်၊ နာကြည်းတတ်တဲ့အရွယ်ကို ရောက်နေပြီကွ"

"ဘယ်အရွယ်ပဲဖြစ်ဖြစ် အမြဲတမ်း သူ ငါ့အမိန့်ကို နာခံရမယ်၊ ငါ ပြုသမျှ သူ နုရမယ်၊ ငါနဲ့ပတ်သက်ပြီး သူ့ရင်ထဲမှာ အမြဲတမ်း နာကြည်းမှု၊ ကြေကွဲမှုတွေ သူ့ရင်ဘတ်ထဲမှာ အမြဲရှိနေစေချင်လို့ အမုန်းတရားတွေ ကွက်လပ်မရှိအောင် ငါ ထည့်ပေးနေတာ"

"ဘယ်လို"

"ဟုတ်တယ်။ သူ ပျော်ရွှင်နေတာကို ငါ မမြင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စစ်သည်"

စစ်သည်ဖိုလ်ဆိုတဲ့နာမည်နဲ့လိုက်အောင် အမြဲတမ်း စစ်ဖိုလ်တစ်ယောက်လို အမိန့်ပေးချင်တာလား။ ရန်နိုင် အံ့သြခြင်းထက်ပိုသော နားလည်ရခက်စွာ သက်ပြင်းချပြန်၏။

စစ်သည်ကလည်း သူ့အပေါ် ဘယ်သူတွေ ဘယ်လိုပဲဝေဖန်ကဲ့ရဲ့ကြပါစေ ဂရုစိုက်မည့်သူမဟုတ်ပေ။

"သွေးသားချင်း တော်စပ်နေပေမယ့် သူ့ကိုပေးဖို့ ငါ့ရင်ထဲမှာ အကြင်နာတွေ၊ ကရုဏာတွေ မရှိဘူး။ သူ့ကြောင့်၊ အဲ . . . သူ့အဖေကြောင့် တို့သားအမိ ဒုက္ခပေါင်းတောထဲကို ခါချည်အကိုက်ခံပြီး တိုးခဲ့တာ။ ဒါတွေကို မင်းမှ မသိဘဲ ရန်နိုင်"

"သူ့အဖေ ဟုတ်လား"

ရန်နိုင့်အမေးကို ပြန်မဖြေဘဲ စစ်သည် အံကို တင်းခနဲ ကြိတ်လိုက်၏။

"စစ်သွေးက မင်းရဲ့ညီအရင်း မဟုတ်ဘူးလား စစ်သည်"

"အမေတူ အဖေကွဲ"





"ဟော"

ရန်နိုင် မျက်လုံးကြီးကျွတ်ထွက်မတတ် ပြူးကာ စစ်သည်ကို ကြည့်လေ၏။ အားလုံးက စစ်သည်ဖိုလ်နဲ့ စစ်သွေးဦးကို ညီအစ်ကိုအရင်းခေါက်ခေါက်ကြီးတွေလို့ ထင်ထားကြတာ။ အခုတော့ အရင်းတော့အရင်း အခေါင်းပေါက်လို့ ဟောင်းလောင်းဖြစ်ပြီး ဟိုဘက် သည်ဘက်ကွဲထွက်သွားတဲ့ အရင်းကိုး။

"အမေကတော့ တူနေတာပဲကွာ"

"အမေတူပေမယ့် တို့ဘဝထဲမှာ သူ့ကို အလိုမရှိခဲ့ဘူး"

"အဲဒါဆို ဘာလို့သူ့ကို ကလေးတွေနားရွက်ဆွဲစသလို နားပူ နားတင်းလုပ်နေသေးလဲ။ သူ့ဟာသူ ဘယ်လွင့်လွင့် ဘယ်နေနေ ထားလိုက်ပါလား"

ရန်နိုင် စိတ်ပေါက်ပေါက်နှင့် ပြောပစ်လိုက်၏။

"အဲဒီလိုထားလိုက်ရင် သူ ပျက်စီးသွားမှာပေါ့"

"ပျက်စီးတော့ ဘာဖြစ်လဲ၊ မင်းပဲ သူ့ကိုမုန်းတယ်ဆို"

"မုန်းတာက ဟုတ်တယ်။ မလွှဲသာတဲ့တော်စပ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းအတွက် တို့သားအမိရဲ့ ဂုဏ်သိက္ခာကို သူကြောင့် အထိခိုက်မခံနိုင်ဘူး"

ရန်နိုင် လွန်စွာ ခနဲပြုံးလိုက်၏။ ထိုအပြုံးသည် သူ့အစိမ်ပွာယ်နှင့်သူ။

"မင်းတို့ရဲ့ အတိတ်က သမိုင်းကြောင်းတွေကိုတော့ ငါမသိဘူး စစ်သည်။ ဒါပေမဲ့ ငါသိတာတစ်ခုတော့ရှိတယ်။ အဲဒါက ယခု ပစ္စုပ္ပန်အတွက်ပဲ"

"မင်းက ဘာသိတာလဲ"

"မင်းက ချစ်တတ်တဲ့နှလုံးသားကို အတ္တတွေနဲ့ ဖုံးဖိထားတာ"

"ဘာ"

"ခင်းကိုးကွယ်တဲ့ အတ္တတွေက တစ်နေ့ မင်းကို ပြန်ပြီးဒဏ်ခတ်လိမ့်မယ် စစ်သည်။ အဲဒီအခါကျရင် မင်း စစ်သွေးခံစားရတာထက် နှစ်ဆပိုလိမ့်မယ်"

"ပိုစမ်းပါစေကွာ။ စစ်သည်ဗိုလ်ဆိုတဲ့ကောင်က ခါးပြီဆိုရင် တမာပင်ထိပ်ဖျားက ကြက်ဟင်းခါးသီးထက် ခါးတယ်ကွ"

စစ်သည် ရင်ထဲက အမုန်းတရားတို့သည် တစ်စ



ထက် တစ်စပို၍ ပြင်းထန်နေ၏။ ငယ်ငယ်တုန်းက ငယ်တဲ့အသိ၊ ကြီးလာတော့ ကြီးတဲ့အသိနဲ့ မုန်းတာပါ။

စစ်သွေးဆိုတဲ့ကောင် မေမေ့ဝမ်းထဲမှာ သန္ဓေတည်လာကတည်းက စစ်သည်တို့ သားအမိ ဒုက္ခပေါင်းစုံနဲ့ ကြုံတွေ့ရင်ဆိုင်ခဲ့ရတာပဲ မဟုတ်လား။ သူ့အဖေဆိုတဲ့ လူကို နာမည်ခေါ်ဖို့ ပါးစပ်က မသာတီလောက်အောင်ကိုပဲ မုန်းတာပါ။

စစ်သည်တို့ဘဝကို ဒုက္ခအမျိုးမျိုးပေးတဲ့လူ။ စစ်သွေးကို မွေးခဲ့တာတောင် သူများတဲ့စုတ်ကလေးထဲမှာ မွေးခဲ့ရတဲ့ဘဝ။ ဒီကြားထဲ မွေးပြီးတာတောင် ထွေးစရာ အနီးမရှိလို့ ဦးပေါက်စရဲ့ပုဆိုးကို နှစ်ခြမ်းခြမ်းပြီး ထွေးခဲ့ရတာပါ။

"စစ်သွေးက မင်းနဲ့ရုပ်ချင်းတူနေတဲ့အတွက် စိတ်ဓာတ်ကလည်း တူမှာအမှန်ပဲ စစ်သည်။ သူ့မှာလည်း အတ္တမရှိပေမယ့် မာနတော့ရှိနေလိမ့်မယ်"

"အဲဒီမာနတွေကိုပဲ ငါက ရိုက်ချိုးပစ်မှာ"

"ရိုက်ချိုးလို့ သူ့မာနတွေကျိုးရင် ရင်ကျိုးရမှာက မင်းတို့သားအမိနော်"

"တော်စမ်းပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



မပြောချင်တော့သည့်ပုံစံနှင့် Lap Topကို ရှေ့သို့ ပြန်ဆွဲယူလိုက်စဉ် ဖုန်းသံမြည်လို့ နားထောင်လိုက်တော့ -

ရန်နိုင် စစ်သည်ဖုန်းပြောနေတုန်းမှာ ဝန်ထမ်းကောင်မလေး လက်မှတ် လာထိုးခိုင်းသဖြင့် ဖိုင်မှာ လက်မှတ်ထိုးပေးလိုက်၏။ ဒီလုပ်ငန်းက စစ်သည်နှင့် သူ နှစ်ယောက်တည်ထောင်ခဲ့တာလေ။

"တောက်"

တက်ခေါက်သံကြောင့် ရန်နိုင်လှည့်ကြည့်လိုက်ပြီး . . .

"ဘာဖြစ်တာလဲ"

"ပြောနေရင်းက ဟိုဖြိုဟ်ကောင်မွေ့ပြန်ပြီလေ။ ရဲစခန်းက ဖုန်းဆက်ခေါ်တာ"

"ဘာတဲ့လဲ"

"ရန်ဖြစ်လို့ အချုပ်ထဲရောက်နေတာ"

"မင်းသွားမှာလား"

"မသွားရင် ငါပဲ လူမဆန်ရာကျဦးမယ်"

"အရင်ကကော လူဆန်ခဲ့လို့လား"

"ဟေ့ကောင်"





စစ်သည် ဒေါမောင်းသွား၏။ ကိုယ့်သူငယ်ချင်း အရင်းခေါက်ခေါက်ကစ ဒီလိုမြင်သတဲ့လား။ မြင်ကြပါစေ။ စစ်သည် ရင်ထဲက ခံစားချက်ကိုကျတော့ ဘယ်သူက ကိုယ်ချင်းစာပေးခဲ့သလဲ။

ပေးတဲ့သူနဲ့ ယူတဲ့သူ၊ အပူကို လက်ဆင့်ကမ်း ဝေပေးခဲ့တာ အကြွေးပြန်ဆပ်တယ်လို့ သဘောပေါက်တဲ့နေ့ စစ်သွေးဦး ကျေနပ်မလား၊ နာကြည်းမုန်းတီးသွားမလား၊ ကြိုက်တာကိုရွေး။ စစ်သည်ကတော့ အပွင့်တွေကို လက်သပ်မွေးထားဦးမှာပါ။

"ငါ သွားလိုက်ဦးမယ် ရန်နိုင်"





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

လူရှင်းတဲ့နေရာမှာ ကားကိုထိုးရပ်လိုက်ပြီး စစ်သည် ကားတံခါးကို ဖွင့်ပြီး စစ်သွေးကိုပါဆွဲချပြီး ဆင်းလိုက်၏။

"ခွပ်"

စစ်သွေးမျက်နှာ နောက်သို့ပက်ခနဲ လန်သွား၏။

"ခွပ်"

နောက်တစ်ချက် ထပ်ထိုးတော့ စစ်သွေး ကိုယ်မှာ ကားဆီသို့ ကပ်သွားပြီး ရှောင်တိမ်းဖို့ လမ်းစပျောက်သွားသလိုပါ။ ရှောင်ဖို့လည်း အစကတည်းက မကြိုးစားခဲ့တာပါလေ။



"မင်း ငါ့ကို အလုပ်ပျက်အောင်လုပ်တာ၊ မင်းက အမြဲတမ်း ဒုက္ခကို သယ်ဆောင်ပေးနေတဲ့လူပဲ"

စစ်သွေး နှုတ်ခမ်းထောင့်မှ စီးကျလာသော သွေးစများကို မသုတ်မိပေ။ တန်ပါတယ်။

အချုပ်ထဲကနေ အာမခံနဲ့လာထုတ်ပေးဖော်ရတာကိုပဲ သူ့မှာ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရတာပါ။

"စစ်သွေးဦး"

ရင်ဘတ်က အင်္ကျီစကို ဆွဲလိုက်ကာ . . .

"မင်း ပြောစမ်း . . . ငါ့ကို ရှုံ့နေတာလား"

"မဟုတ်ဘူး"

"ဒါဆို ဘာလဲ၊ မင်း ငါ့ကို စိန်ခေါ်ဖို့ လက်ရည်စမ်းနေတာလား။ ငါ့ကို အလုပ်ရှုပ်ပြီး စီးပွားပျက်အောင် လုပ်နေတာလား"

"ကိုကိုပြောတာ တစ်ခုမှ မဟုတ်ဘူး"

မျက်ဝန်းနှစ်စုံသည် မီးကွင်းများဆိုပါက ဆုံမှတ်နေရာတွင် အရာအားလုံး ပြာဖြစ်သွားနိုင်၏။

"အိမ်မှာဆို ကျွန်တော်က ခွေးလေးလို အမြီးကုတ်ပြီး သခင်တွေကို ကြောက်နေရတဲ့ကောင်ပါ၊ ပျော်ရှင်

www.burmeseclassic.com

www.burmeseclassic.com



မှုဆိုတာ ကျွန်တော့်ဘဝထဲမှာ မရှိခဲ့ဘူး။ စံစားရသလောက် ပေါက်ကွဲခွင့်မရလို့ ရတဲ့နေရာမှာ ပေါက်ကွဲကြည့်တာ ကျွန်တော် လွန်လား"

"မင်း . . . အဲဒီလိုလုပ်လို့ တို့ဆီက မင်းလိုချင်တာတွေ ရမယ်လို့ ထင်နေတာလား"

"မရနိုင်မှန်းတော့ သိပါတယ်။ မျှော်လင့်မိတာက ကျွန်တော့်အပိုင်းပဲ။ ကိုကိုတို့ပေးတာကိုပဲ ကျွန်တော် ယူမှာပါ။ ထန်းလျက်ပဲကျွေးကျွေး၊ ကွေးတောက်မြစ်ကိုပဲ ခွေးတိုက်တိုက်"

စစ်သည် ဟွန်ခနဲ မဲ့ပြုံးပြုံးလိုက်၏။

"တို့မပေးနိုင်တဲ့အရာတွေကို ပေးနိုင်တဲ့သူတွေ ပေါဒီလောကကြီးထဲမှာ ရှိနေသေးတယ် စစ်သွေးဦး။ မင်း အဲဒီလူတွေနဲ့ တွေ့တဲ့နေ့မှာ အဆိုးဆုံးတွေ ရင်ဆိုင်ပြီး အကောင်းဆုံးတွေ ဖြစ်လာနိုင်တယ်"

"ကျွန်တော် အခြားသူတွေဆီက ဘာမှ မလိုချင်ဘူး"

"မရတာကိုမှ လိုချင်တာလား"

"ဟုတ်တယ်"



စစ်သွေးကလည်း မှန်ရာကို ဝန်ခံရဲတဲ့သူ။ အခုနေမှာ သိကြားမင်းဆင်းလာပြီး စစ်သွေးကို နတ်ပြည်လိုက်ခဲ့လို့ ခေါ်ရင်တောင် စစ်သွေးက မလိုက်သေးဘူးလို့ပဲ ငြင်းလွှတ်မှာပါ။ မေမေနဲ့ကိုကို့ဆီက နွေးထွေးတဲ့မေတ္တာတွေကို မရသေးသရွေ့ အရိုးကြေကြေ အရေခန်းခန်း ခြေကုန်လက်ပန်းကျအောင် ကြိုးစားနေဦးမှာပါ။

တစ်သက်လုံးမရနိုင်တော့ဘူးဆိုလျှင် သူတို့ရဲ့ အမုန်းတွေအောက်မှာပဲ သူတို့ကျေနပ်တဲ့ပုံစံမျိုးနဲ့ စစ်သွေး အသေခံသွားမည်။

"ကိုကိုတို့ ကျွန်တော့်ကို ဘယ်လိုပုံစံမျိုးနဲ့ မြင်ချင်တာလဲ"

"ခေတ်ပညာတတ်တစ်ယောက်အဖြစ် မြင်ချင်တာက အိမ်ကြက်ချင်းအိုးမည်းသုတ် ခွပ်နိုင်းဖို့ အစီအစဉ်ရှိလို့"

"နောက်ကော"

"မင်း သူ့ကိုအပေါ် အနိုင်ရပြီးမှ ငွေ့ရေးမှာ ကျရှုံးစေချင်တာ"

"သူတို့ဆိုတာက"

www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ မင်းသိလာမှာပါ"

"အဲဒီလို စောစောကပြောထားရင် ကျွန်တော် ဆယ်တန်းကို အောဒီနဲ့နှစ်ချင်းပေါက်အောင်မှာ"

"ခုကော"

"အချိန်မနှောင်းသေးပါဘူး"

"ဟား . . . ဟား . . . ဟား"

စစ်သည်က စစ်သွေးနှုတ်ခမ်းထောင့်က သွေးစီးများကို သူ့လက်နှင့်ပွတ်သုတ်ပေးပြီး ခေါင်းကို မော့လှန်၍ ဟက်ဟက်ပက်ပက် ရယ်လေသည်။

သူ့ရင်ထဲမှာ အတ္တတစ်ခုတည်း စိုးမိုးချုပ်ကိုင်နေတာ မဟုတ်ဘူးဆိုတာကိုတော့ သူကိုယ်တိုင်လည်း မသိပေ။

"သူများတွေပြောသလို မင်းက ငါနဲ့တူပါတယ်။ ဒါပေမဲ့ ငါ့ကိုမမီတာတွေ အများကြီးရှိသေးတယ်"

"ကျွန်တော် ကိုကိုနဲ့ပြိုင်ဘက်မဖြစ်ချင်လို့ပါ"

"ဘယ်လို"

"မေတ္တာဝတ်လို့ မေတ္တာဝမ်းစာ ဖြည့်ချင်တာတစ်ခုကလွဲရင် ကျွန်တော့်မှာ ယောကျာ်းမာနနဲ့"

အသံထွက်မရယ်တော့ဘဲ သွားတန်းညီတွေ ပေါ်





အောင် ရယ်နေခြင်းမှာ ကောက်ကျစ်စဉ်းလဲခြင်းတွေပါ သလား။ ဒါကို စစ်သည်သာ သိလိမ့်မည်။

"မင်း အသုံးမကျလို့ ပွဲစဖို့ခက်နေတာ။ ငါ ပွဲစချင်နေပြီ စစ်သွေးဦး"

"ကျွန်တော်က ဘယ်အခန်းကဏ္ဍမှာပါနေသလဲ"

"ပွဲကိုဖျက်တာက မီးသွေး။ မင်းက အဓိကကျတဲ့ မီးပေါ့"

စစ်သွေး ဟွန့်ခနဲပြုံးလိုက်၏။ မြန်မာစကားက ရှုပ်တယ်တဲ့။ တယ်မှန်ပါလားလို့ ပြောလိုက်ချင်သည်။

ကိုကိုပြောတဲ့ အဓိပ္ပာယ်က ပွဲတစ်ခုဖြစ်မြောက်ရေးအတွက် အဓိကကျတာက မီးပေါ့။ စစ်သွေးသဘောပေါက်လိုက်သည်က ဒီပွဲ ဖြစ်မြောက်ရေး၊ မဖြစ်မြောက်ရေးဆိုတာ မီးအပေါ်မှာ မူတည်နေတာမို့ ကိုယ်သာ အဖွင့်အဝိတ်လုပ်ပေးရတော့မည်။

"ကျွန်တော် ကြိုးစားမယ်လေ။ ပွဲပြီးရင် မီးကတော့ သေသွားမှာပဲ မဟုတ်လား"

စစ်သည် မျက်မှောင်ကြုတ်သွားလေ၏။ နှစ်ယောက်ကြားမှာ အဓိပ္ပာယ်ကို ယူဆမှုတွေ ကွဲလွဲနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါ၏။

"မေမေ့ကို ရင်နာအောင်တော့ မင်း မလုပ်နဲ့နော်။ ငါ ခွင့်လွှတ်မှာမဟုတ်ဘူး"

"ကျွန်တော့်အတွက် မေမေ ရင်နာနိုင်တာ ရှိသလား"

"မင်းကို မွေးထုတ်ခဲ့တဲ့အမေဆိုတော့ မမြင်ကွယ်ရာအရပ်မှာ ရှိနေနိုင်သလားလို့ပါ"

"မထင်ပါဘူး"

လက်သီးနှင့်အထိုးခံရလို့ နာကျင်နေသည့်တိုင် အေးအေးဆေးဆေး စကားပြောဖော်ရသွားတာလေးကိုပဲ ကျေးဇူးတင်ရဦးမည်။

"ဒီနှစ် မင်း ဆယ်တန်းအောင်ဖို့ ကျိန်းသေလား"

"မယုံရင် လောင်းကြေးထပ်မလား"

"ဘာကြေးလဲ"

"မေတ္တာတရား"

"လာပြန်ပြီ ဒီစကား"

မေတ္တာတရားပေးကမ်းဝေငှဖို့ကိုပင် သေမလောက်ကြောက်နေသည်လား မသိ။ စစ်သွေးကတော့ မေတ္တာရေ





ခန်းခြောက်နေသော အိုင်ကလေးထဲက ငါးလေးတစ်ကောင်။

"မပေးနိုင်တာ သိပါတယ်"

"သိရင်လည်း မတောင်းနဲ့လေ။ ကဲ . . . ကားပေါ်တက်၊ မင်းကြောင့် ငါ နောက်ထပ်စိတ်အနှောင့်အယှက် မဖြစ်ချင်ဘူး။ ထပ်မပြောနဲ့တော့"

စစ်သွေး ကားပေါ်သို့တက်လိုက်၏။ မျက်လုံးက ဒက်ရှ်ဘုတ်ဆီသို့ ရောက်သွားလေတော့ ဘီလူးအသည်းနဲ့ လူက ဒီလိုစိတ်ကူးယဉ်ဆန်စွာ လုပ်တတ်သလားလို့ တွေးမိ၏။

"ကလေးကစားစရာကားရုပ်ကလေးကို ဒီအပေါ်မှာ ဘာလို့တင်ထားတာလဲ"

စစ်သည်က လှည့်ကြည့်ပြီး . . .

"အဲဒီကားလေးရဲ့ ပိုင်ရှင်ကို မေ့မှာစိုးလို့"

ပြောပြီးတာနှင့် ကားကို မောင်းထွက်လိုက်တဲ့ စစ်သည်မျက်နှာပေါ်မှာ ခန့်မှန်းလို့မရသည့် ရောင်စဉ်တွေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၉ )

"ဒီနေ့ ဆရာဦးမြင့်နိုင်ရဲ့အစား ဆရာမအသစ် တစ်ယောက် ရောက်မယ်တဲ့ကွ။ ခပ်ငယ်ငယ်ထဲကလို့ ပြောတာပဲ"

"ချောလား"

မြတ်သူ့အမေးကြောင့် ထက်ပိုင်က နှာခေါင်းရှုံ့ ကာ . . .

"ဆရာမဆိုတာနဲ့ ချောလား တန်းမေးတော့တာပဲ။ မင်း ဒီပုံစံနဲ့ ရွှေခုတင်ထိုင်ရဖို့ မလွယ်ဘူး"

"ဘယ်သူက ရွှေခုတင်ပေါ်ထိုင်ချင်လို့လဲ"





"ဒီ ( ) င်နဲ့ ရွှေခုတင်ထိုင်ရဖို့ မလွယ်ဘူးဆိုတဲ့ စကားများ မင်း မကြားဖူးဘူးလား။ မင်းပုံစံက ဒီနှစ် ဆယ်တန်းအောင်ဖို့ အာမခံထားတာ လွယ်ပါ့မလားလို့ ပြောတာ"

"လူကိုများ အထင် small လို့"

မြတ်သူနှင့် ထက်ပိုင် စကားများနေကြပေမယ့် စစ်သွေးကတော့ သင်္ချာပုဒ်စာကိုသာ သဲကြီးမဲကြီး တွက် နေ၏။ စစ်သွေးဆိုတဲ့ကောင်က ဝုပ်မိသဲတိုင် တက်နိုင် ဖျား ရောက်ဆိုတဲ့ကောင်မျိုးပါ။

မလုပ်ရင်အရှင်း လုပ်ရင် သူများထက် ပိုပြီး ကြိုး စားချင်သူပါ။ စစ်သွေး ဒီနှစ်ဆယ်တန်းကို အောင်အောင် ဖြေမည်ဟု စည်းရုံးလိုက်တာနှင့် ကျန်တဲ့နှစ်ယောက်ပါ သူ တို့ အိမ်တွေကို အသီးသီး အာမခံထားကြ၏။

ဟိုအရင်တုန်းက မေမေနဲ့ကိုကို သူ့ကိုနှိပ်စက် ခြင်းနဲ့ ရက်စက်မှုတွေကို ငါ့ကို ဒီလိုဆက်ဆံရမလားလို့ အစွဲတိုက်ကာ ကိုယ့်ဘဝကို ရှက်လွှင့်ခဲ့ပေမယ့် . . .

အခု အတွေးအခေါ်က ပြောင်းပြန်ဖြစ်သွားပြီ မေမေနဲ့ကိုကို သူ့အပေါ် ဒီလိုဆက်ဆံခဲ့တာ ရင်နာစရာပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် တကယ်တမ်း တွေးကြည့်တော့ သူတို့ပြောသမျှ ကိုယ့်ဘဝကောင်းဖို့ချည်းပါပဲ။

တကယ်မုန်းလျှင် ပစ်ထားလို့ရသည်။ မပစ်ဘဲ တရစ်ဝဲဝဲ ကြိမ်တွေ၊ လက်သီးတွေနဲ့ ဆုံးမနေတာသည် ကိုကိုပြောသလို လူမမြင်ကွယ်ရာအရပ်မှာ စစ်သွေးကို ချစ်တဲ့စိတ် ရှိနေလို့ပေါ့။

အဆိုးဘက်ကတွေးလျှင် အဆိုး၊ အကောင်းဘက်က တွေးကြည့်လျှင် အကောင်းပဲပေါ့။

"ကျောင်းအုပ်ဆရာကြီးလာပြီ"

ကျောင်းအုပ်ဆရာကြီး ဝင်လာတာနှင့် ကျောင်းသားအားလုံး မတ်တတ်ရပ်ကာ နှုတ်ဆက်လိုက်ကြ၏။

"မင်္ဂလာပါ ဆရာကြီး"

"မင်္ဂလာပါ တပည့်တို့။ ကဲ . . . ထိုင်ကြ . . . ထိုင်ကြ"

အားလုံးထိုင်လိုက်ကြတော့ ကျောင်းသားအားလုံး၏ မျက်ဝန်းများသည် ဆရာကြီးရဲ့ဘေးမှ ဆရာမထံသို့ ရောက်သွားကြ၏။

"အယ် . . . စစ်သွေး"



"ဘာလဲ"

"ဆရာမအသစ်လား မသိဘူး"

တိုးတိုးကျိတ်ကျိတ် ပြောနေကြတုန်းမှာပဲ။

"တပည့်တို့ ဒါက မင်းတို့ရဲ့ဆရာဦးမြင့်နိုင်ရဲ့ နေရာမှာ အစားဝင်မယ့် အတန်းပိုင်ဆရာမအသစ်ပဲကွ။ နာမည်က ဒေါ်သျှင်မင်းခတဲ့။ ဆရာမကို နှုတ်ဆက်လိုက်ကြပါဦး"

အားလုံး မတ်တတ်ပြန်ရပ်လိုက်ကြပြီး . . .

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါကွယ်"

အားလုံးပြန်ထိုင်လိုက်ကြပြန်၏။ စစ်သွေး အံ့ဩနေသလို ထက်ပိုင်နှင့်မြတ်သူလည်း ထို့အတူ။ ဘာကြောင့်လဲဆိုတော့ ဆရာမ ဒေါ်သျှင်မင်းခသည် အင်းလျားမှာ သူများတွေ လိုက်နှောင့်ယှက်လို့ စစ်သွေး ဟီရိုးလုပ်ပြီး ကူညီလိုက်တဲ့ မမ။

"ဆရာမကို မင်းတို့ရဲ့ ဆရာဦးမြင့်နိုင်လိုပဲ ရှိသေလေးစားချစ်ခင်ကြပါလို့ ဆရာကြီးအနေနဲ့ တပည့်တို့ကို မှာချင်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဆရာကြီး သွားတော့မယ် တပည့်တို့"

ဆရာကြီးကို နှုတ်ဆက်ပြီး ဆရာကြီးထွက်သွား လေတော့ ဆရာမက ရီဂျက်စတာကိုကြည့်၍ ကျောင်းသား နာမည်တွေကို ခေါ်ကာ လူစစ်လေသည်။

"မောင်ဝဏ္ဏဇော်"

"ရှိပါတယ် ဆရာမ"

"မောင်မြတ်သူလင်း"

"ရှိပါတယ် ဆရာမ"

"မောင်မိုးမင်းအောင်"

"ဖျားနေလို့ ခွင့်တိုင်စာပို့ထားတယ် ဆရာမ"

ဆရာမ စားပွဲပေါ်က ခွင့်တိုင်စာကို တစ်ချက် ကြည့်ပြီး ဆက်ခေါ်သည်။

"မောင်နန္ဒကျော်"

"ရှိပါတယ် ဆရာမ"

"မောင်စစ်သွေးဦး"

"ရှိပါတယ် ဆရာမ"

"ဟင်"

ဆရာမသျှင်မင်းခ ကျောင်းသားတွေနာမည် ခေါ်





လို့ ထရပ်တိုင်း နာမည်နှင့်လူတွဲကာ မှတ်မိအောင်လို့ မျက်နှာကိုကြည့်၍ တတ်နိုင်သလောက်မှတ်နေရာ စစ်သွေး ဦးဆိုတဲ့ကောင်လေးကို မြင်လိုက်ရတော့ အင်းလျားမှာ ကိုထိုက်နှင့် ချိန်းထားလို့ သွားခဲ့မိသည့်နေ့က အဖြစ်အပျက် ကို မှတ်မိသွား၏။ ကိုထိုက်ဆိုတာက သျှင်မင်းနှင့် လူကြီး ချင်း ရည်ရွယ်ထားသော ကိုစိုးထိုက်ဇော်ပါ။

အဲဒီနေ့က ကိုထိုက် သူ့အမေ သွေးတိုးနေလို့ မလာနိုင်ကြောင်း ဖုန်းဆက်တာနှင့် သျှင်မင်းတစ်ယောက် တည်း ပြန်လာခဲ့တာ။

"မောင်စစ်သွေးဦး"

"ရှိပါတယ် ဆရာမ"

"မဟုတ်ဘူး . . . မဟုတ်ဘူး"

စစ်သွေးဦးက ဆရာမများ "ရှိပါတယ် ဆရာမ" လို့ သူပြောတာကို မကြားလို့များ ထပ်ခေါ်သလားဟု ထင် ကာ မတ်တတ်ရပ်ပြီး ခပ်ကျယ်ကျယ် ထပ်ပြောလိုက်တော့ ဆရာမက လက်ကာပြပြီး မဟုတ်ဘူးဆိုတော့ ကြောင်အမ်း အမ်းနှင့် ပြန်ထိုင်လိုက်၏။

"မောင်စစ်သွေးဦး"



www.burmeseclassic.com

www.burmeseclassic.com



ထပ်ခေါ်ပြန်တော့ စိစ်သွေး ထိုင်ရမလို ထရမလို ဖြစ်သွား၏။ အခြားတစ်ယောက်ကို ခေါ်တာလား ထင်ရအောင်ကလည်း ဒီအခန်းထဲမှာ စိစ်သွေးနှင့် နာမည်တူတာ တစ်ယောက်မှမပါပေ။ စိစ်သွေးဦးဆိုလို့ သူတစ်ယောက်ပဲ ရှိတာပါ။

ဆရာမနှင့် စိစ်သွေးကြားက လွဲမှားမှုတွေကြောင့် ကျောင်းသူလေးတွေ ပြုံးကုန်၏။

"ဆရာမဆီ ခဏ လာပါဦးကွယ်"

"ဗြော်"

သည်တော့မှ သဘောပေါက်သွားကာ စိစ်သွေး အတန်းထဲမှ ထွက်သွားလိုက်၏။ ဆရာမရှေ့မှာ လက်ပိုက်ကာ ရပ်လိုက်တော့ အရပ်ရှည်တဲ့ စိစ်သွေးမျက်နှာကို ဆရာမ တော်တော်မော့ကြည့်လိုက်ရသည်။

"ဟိုတစ်ခါ . . . အင်းလျားကန်မှာ"

"ဟုတ်ပါတယ် ဆရာမ။ ကျွန်တော်ပါ"

"အဲဒီနေ့က ဆရာမ အရင်လိုနေတာနဲ့ နာမည်တောင် မမေးလိုက်မိဘူး"

"အခု ဆရာမရဲ့ တပည့်ဖြစ်နေပြီလေ ဆရာမရဲ့"



"ခုလိုပြန်ဆုံခွင့်ရတာ ဆရာမ ဝမ်းသာပါတယ်။ ကျောင်းဆင်းရင် ဆရာမကို ကျောင်းရှေ့မှာ ခဏစောင့်နိုင်မလား"

"ဟုတ်ကဲ့။ ကျွန်တော် စောင့်နေပါ့မယ် ဆရာမ"

"မင်း သွားနိုင်ပါပြီ"

ဆရာမရဲ့မျက်နှာလေးက ပြုံးရိုနေသည်။ အင်းလျားကန်မှာတွေ့ခဲ့တုန်းက ခေတ်လူငယ်စတိုင်လ်နှင့် တစ်မျိုးလှပနေပြီး ခုကျတော့ ဆံထုံးပုံ့ပုံ့လေးနှင့် တစ်မျိုးချောလှနေပြန်သည်။

ကျောင်းဆင်းတော့ စိစ်သွေး ဆရာမကို ကျောင်းရှေ့ကနေ စောင့်နေလိုက်၏။ ဆရာမထွက်လာတော့ စိစ်သွေး ဆရာမရဲ့ဆွဲခြင်းလေးကို ဆွဲယူလိုက်သည်။

"ဆွဲခြင်းပေး ဆရာမ။ ကျွန်တော် ဆွဲခဲ့မယ်"

"ရပါတယ်ကွယ်"

"ပေးပါ ဆရာမရဲ့။ ကျွန်တော် လိမ္မာတာ သိပ်မကြာသေးဘူး။ အဲဒါကြောင့် ဆရာ၊ ဆရာမတွေကို ခုလို ကူတာ ဒါ ပထမဆုံးပဲ"

"ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သျှင်မင်း စစ်သွေးကို ဆွဲခြင်းလေး ပေးလိုက်၏။

စစ်သွေး ဆရာမနောက်ကိုလိုက်လာခဲ့ပြီး ဆရာမ ကားတံခါးကို ဖွင့်လိုက်တာ မြင်တော့ ခြေလှမ်းတုံ့သွား၏။

"လာလေ . . . စစ်သွေး"

"ဟို . . . ကျွန်တော်"

"လာပါ။ ဆရာမ မင်းနဲ့ တစ်နေရာရာမှာ တစ်ခုခု စားရင်း စကားပြောချင်လို့ပါ။ မင်းက ဆရာမရဲ့ကျေးဇူးရှင်ပဲလေ။ ကျေးဇူးတင်တဲ့အထိမ်းအမှတ်ပေါ့"

"ဟာ . . . ဆရာမကလည်း ကျွန်တော်က ဆရာမရဲ့ တပည့်ဖြစ်နေပြီကို၊ ကျေးဇူးတင်ဖို့မှ မလိုတော့တာ"

"ဒါ . . . ကျောင်းထဲမှာမှ မဟုတ်ဘဲ စစ်သွေးရယ်။ ကျောင်းဝန်းထဲမှာတော့ မင်းက ဆရာမရဲ့တပည့်၊ လမ်းပေါ်ရောက်ရင် မင်းက ငါ့ရဲ့ကျေးဇူးရှင်။ ဒါ မဖြစ်သင့်ဘူးလား"

"ဘယ်နေရာပဲဖြစ်ဖြစ် ဆရာနဲ့တပည့်က ဆရာနဲ့တပည့်ပါပဲ ဆရာမရယ်"

"ကဲပါ . . . စကားမများနဲ့။ တက်မှာသာတက်"

ဆရာ့စကားကို နားထောင်လိုက်ခြင်းအနေနဲ့





စစ်သွေး ကားပေါ်သို့ တက်လိုက်သည်။ ကားက သိန်းထောင်ကျော်တန်ကားကြီး။ ကိုကိုစီးတဲ့ကားမျိုးပါပဲ။ စစ်သွေးတို့အိမ်မှာ ဒီလိုကားမျိုးကြီးရှိပေမယ့် စစ်သွေး တစ်ခါမှ ကိုယ်တိုင် မမောင်းဖူးပေ။ ကိုကိုမောင်းတာကိုပဲ ကပ်စီးရတာလေ။

စစ်သွေးအတွက် သပ်သပ်ကားတစ်စီး ဝယ်ပေးထားပေမယ့် ဒီလိုအကောင်းစားကြီးတော့ မဟုတ်ပေ။

"ဆရာမက ဒီလောက်ကားအကောင်းစားကြီး စီးပြီး ဘာလို့ ကျောင်းဆရာမ ဝင်လုပ်နေရတာလဲဟင်။ အချို့ဆို ကုမ္ပဏီတွေ ဘာတွေ ထောင်ပြီး ကိုယ့်လုပ်ငန်းနဲ့ ကိုယ်လုပ်နေကြတာ"

"ဝါသနာအရ ကျောင်းဆရာမဝင်လုပ်တာလေ။ ဆရာမရဲ့ဖေဖေနဲ့ ဆရာမ နားလည်မှု ယူရတာပေါ့။ ဆရာမဆန္ဒကို ဖေဖေက လိုက်လျောပေးသလို ဖေဖေ့ဆန္ဒကိုလည်း ပြန်ပြီး လိုက်လျောပေးရမှာ"

"ဪ"

"ချမ်းသာတိုင်း ကိုယ့်စီးပွားကိုယ်ရှာပြီး ကျောင်းဆရာ၊ ဆရာမ မလုပ်ရဘူးလို့ စည်းကမ်းချမှတ်ထားတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ စစ်သွေးရယ်"

စားသောက်ဆိုင်ထဲသို့ ရောက်တော့ သျှင်မင်း မီးနူးကတ်ကို ကြည့်ပြီး စားစရာတွေမှာလိုက်သည်။

"ဆရာမ"

"အင်း . . . အဲဒီအခေါ်အဝေါ်ကိစ္စ ပြောရဦးမယ်"

"ဗျာ"

"မင်း ကျောင်းထဲမှာတော့ သူများတွေလို ဆရာမ ပဲခေါ်ပါ။ ကျောင်းမဟုတ်တဲ့ အခြားနေရာမှာ မင်း မမကို မမလို့ပဲခေါ်ပါ"

"ဗျာ . . . ဟို"

"ဆင်ခြေပေးမလို့လား။ မမ မင်းကို တပည့်ဆိုတာ ဖြစ်လာလို့ လက်ခံထားပေမယ့် တကယ်တမ်း ရင်ထဲမှာက ကိုယ့်တပည့်တစ်ယောက်လို ခံစားကြည့်လို့ မရဘူး။ မင်း ကို မမရဲ့မောင်လေးတစ်ယောက်လို သဘောထားပြီး ခင်မိ တာ"

စစ်သွေး ဘယ်လိုပြန်ပြောရမှန်း မသိဘဲ ဆရာမ ရှေ့မှာချထားတဲ့ ကားသော့လေးဆီသို့ အကြည့်ရောက်သွား သည်။





"စစ်သွေးဦး"

"ဗျာ"

"မင်း မမကို ခင်တယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . ခင်ပါတယ်"

"ခင်တယ်ဆိုရင် မမကို မင်းရဲ့အစ်မရင်းတစ် ယောက်လို သဘောထားပြီး မမလို့ပဲ ခေါ်နော်"

စစ်သွေး တွေခနဲဖြစ်သွားခြင်းနှင့်အတူ မမကို ငေးခနဲကြည့်မိသွား၏။ ခုလိုစကားတွေပြောနေတဲ့ မမရဲ့ နေရာမှာ ကိုကိုသာဖြစ်ရင် ဘယ်လောက်ကောင်းလိမ့်မလဲ လို့ တွေးနေမိသည်။

မိန်းမနဲ့ယောက်ျား သဘာဝချင်းမှ မတူညီကြပဲ လေ။ ကိုကိုက စစ်သွေးကိုဥပေက္ခာပြုခဲ့သလောက် သူစိမ်း တစ်ယောက်က စစ်သွေးကိုမှ မောင်လေးတစ်ယောက်လို ခင်ပါသတဲ့။

မေတ္တာတရားက တယ်လည်း ဆန်းကြယ်ပါလား။

"စစ်သွေးဦး"

"ဗျာ"

"မမ ပြောတာတွေ ကြားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကြားပါတယ် မမ"

မမဆိုသောကြောင့် သျှင်မင်း မျက်နှာလေး ပြုံးသွားသည်။

"ကျွန်တော် ပြန်ချင်ပြီ မမ"

"ဟင် . . . နေပါဦး စစ်သွေးဦးရဲ့၊ မမ လိုက်ပို့ပေးမယ်လေ"

"နေပါစေ၊ မပို့ပါနဲ့ မမ၊ ကျွန်တော့်ဘာသာပဲ ပြန်ပါ့မယ်"

"ဘာဖြစ်လို့လဲ၊ မရဘူးနော်၊ မမစကားကို နားထောင်၊ လိုက်ပို့မယ်"

ဖွတ်ကြီးပါလား မမရယ်၊ အရင်က ရည်းစားများခဲ့တဲ့ စစ်သွေး မမနဲ့တွဲသွားလို့ သို့လော သို့လောတွေ တွေးကြရင်ဖြင့် မမရဲ့သိက္ခာတွေ ထိခိုက်ပွန်းပဲ့ကုန်မှာစိုးလို့ပါ။

"မမ ကျွန်တော့်ကို လိုက်ပို့ရင် မမရဲ့ဂုဏ်သိက္ခာတွေ ထိခိုက်ပွန်းပဲ့ကုန်မှာစိုးလို့ပါ"

"ဘယ်လို"

"ဆောရီး မမ၊ ကျွန်တော်က အရင်က ရည်းစားများခဲ့ဖူးလို့ပါ"





"အရင်ကကိစ္စ မဟုတ်လား၊ အခုမှ မဟုတ်တာ၊ ဒီအရွယ်နဲ့ ဒီအရွယ် ထင်စရာလားကွယ်၊ ကိုယ် မဟုတ်ရင် ပြီးတာပဲ မဟုတ်လား"

ခက်လိုက်ပါဘိ မမရယ်၊ ဒီအရွယ်နဲ့ ဒီအရွယ် ဆိုပေမယ့် မမရဲ့နုပျိုလှပခြင်းတွေက ပတ်ဝန်းကျင်ကို ခေါင်းခါလက်ကာပြီး ဖြေရှင်းနိုင်မှာမှ မဟုတ်တာ။

"မမရဲ့စေတနာကို မငြင်းနဲ့နော်၊ အခုမှ ခင်ကြပြီး အခုပဲ ကတောက်ကဆမဖြစ်ချင်ဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

ဧည့်ခံပွဲမှာ လူစုံလုနေပြီ။ စစ်သည်ဗိုလ် လာသည်ဆိုတာနှင့် အားလုံး၏ အကြည့်တွေက သူ့ဆီကို ရောက်ပြီးသားပါ။ ချမ်းသာကြွယ်ဝတာကတော့ စစ်သည်တို့ထက် ပိုသူတွေ ရှိပြီးသားပဲ။

ဒါပေမဲ့ အဲဒီလူတွေထက် စစ်သည်က ပို၍ ပေါ်လွင်သည်။ ဒါသည် သူ့ရဲ့ရုပ်ကြောင့်ဆိုလျှင် မမှား။ မျက်နှာထူထူတွေက မည်းနက်ထူတန်းနေ၏။

နာတံပေါ်ပြီး ကော့ခြင်း၊ ကောက်ခြင်း၊ ပွခြင်းကင်းမဲ့သည့်အပေါ် မျက်နှာပေါ်မှာက ဘာဝက်ခြံ၊ ဘာအဖု





အပိန့်မှမရှိဘဲ ပကတိကြည်လင်ချောမွေ့နေ၏။ ခြွင်းချက်ကတော့ နှဖူးပေါ်မှာ အမာရွတ်သေးသေးလေးက ခပ်ရေးရေး ရှိနေခြင်းပါပဲ။ ထိုအမာရွတ်ကလည်း ရုတ်တရက်မမြင်နိုင်လောက်အောင် ဆံပင်တွေက ကပိုကရို ကျနေသည်။ ဆံပင်ရှည်လို့ မဟုတ်ပါပဲ အမာရွတ်က ဆံစတွေအစပ်မှာဖြစ်နေသောကြောင့်ပါ။

ဗိရိသေသပ်လှသော နှုတ်ခမ်းခပ်ပါးပါးက ပန်းရောင်သမ်းနေ၏။ မျက်နှာက လေးထောင့်ဆန်ချင်သလိုနှင့် မေးဖျားလေးကျမှ ချွန်သလိုရှိနေတော့ တစ်မျိုးလေးပေါ့။ မျက်ဝန်းညိုတွေကလည်း စစ်သည်၏ချောမောပြေပြစ်ခြင်းတွေထဲမှာ အဓိကျကအောင် ပံ့ပိုးကူညီနေသည်။

"စစ်သည်"

"အပြည့်အစုံလား"

"အပြည့်အစုံက စစ်သည်ဗိုလ်တဲ့"

"သူ့နာမည်ထွက်လာတာ သိပ်မကြာသေးဘူး ထင်တယ်။ ကျွန်တော် မသိလို့"

"ဟုတ်တယ်။ သူတို့ကတွဲဖက်လေ။ တစ်ယောက်က ရန်နိုင်ကျော်တဲ့။ စစ်သည်ဗိုလ်က ဦးဘမင်းရဲ့မယားပါ



www.burmeseclassic.com

www.burmeseclassic.com



သားလေ။ ဦးဘမင်းဆုံးပြီးမှ ဒီလောကထဲကို သူရောက်လာတာ။ ဦးဘမင်းရဲ့အမွေကို ဆက်ခံသူပေါ့"

"ဩော်"

ဦးဘမင်းကိုတော့ ဦးနေဗလကောင်းကောင်း သိပါသည်။ အဘိုးကြီးဖြစ်သည့်တိုင် စီးပွားရှာကောင်းသူ။ အိမ်ထောင်ကျပြီး သိပ်မကြာပါဘူး ဆုံးသွားတာ။ အချို့က ရိုးမှရိုးရဲ့လားလို့တောင် ထင်ကြတာ။ ဦးဘမင်းရဲ့ကမိန်းမက ငယ်ငယ်ချောချောလေးတဲ့။

ဦးနေဗလအကြည့်က စစ်သည်ထံသို့ ရောက်သွားပြန်သည်။ အနောက်တိုင်းဝတ်စုံ မီးခိုးရောင်ကို ဝတ်ဆင်ထားသော စစ်သည်ပုံစံက တည်ကြည်ချောမွေ့နေသည်။ သားဖြစ်သူတောင် ဒီလောက်ချောနေတာ အမေလုပ်သူလည်း ချောပေတော့မည်ပေါ့။

"ကျွန်တော်တို့ သွားရအောင် ကိုနေဗလ"

"ဘယ်လိုလဲ"

"စစ်သည်ဗိုလ်နဲ့ မိတ်ဆက်ပေးမယ်လေ"

"နေပါစေ"

"နေပါစေမလုပ်နဲ့။ သူက ဒါကောင်းတယ်ဗျ။ သူ





နဲ့ မိတ်ဆွေဖြစ်ခွင့်ရလို့ ခင်ဗျား အကျိုးမယုတ်စေရဘူး"

စစ်သည်ဗိုလ်က ဦးနောက်ကောင်းတယ်ဟူသောသဘောနှင့် ဦးစိန်ခင် ပြောလေသဖြင့် ဦးနေဗလ ထရပ်လိုက်သည်။ လောလောဆယ်အဖို့မှာ ကိုယ့်စီးပွားရေးအခြေအနေက အိပ်ပိုက်နေသည့်အချိန်။ အကြံလေး ဉာဏ်လေး ရလိုရငြား။

"မောင်စစ်သည်"

"ဗျာ . . . ဩော် . . . ဦးစိန်"

"ဦးစိန်တို့ ဒီဝိုင်းမှာထိုင်လို့ရမလား"

"ဦးစိန်ကလည်းဗျာ အချင်းချင်း ရစ်နေပြန်ပြီ"

"ရစ်တာ မဟုတ်ဘူးလေ။ မောင်စစ်သည်က ဦးတို့ထက် လက်တစ်လုံးပိုနေတဲ့သူဆိုတော့"

"ကဲ . . . ထိုင်ပါဗျာ . . . ထိုင်ပါ"

ဦးစိန်ခင်နှင့် ဦးနေဗလ ဝင်ထိုင်လိုက်ကြတော့ ဦးနေဗလက စစ်သည်နှင့်တစ်ယောက်ကျော်မှာ။

"ဦးစိန် ဟိုတစ်လောက မြေကွက်ကိစ္စ အဆင်ပြေလား"

"အဆင်မပြေဘူး မောင်စစ်သည်။ သူတို့က ဆိုဖိုး



www.burmeseclassic.com

www.burmeseclassic.com



ထက် တစ်ပြားမှ မလျှော့နိုင်ဘူးဆိုတာနဲ့ ဦး နောက်ဆုတ်လိုက်တာ"

"အဲဒါ ဦးစိန်မှားတာပဲ"

"ဟေ"

"တကယ်ဆို အဲဒီမြေကွက်က အရှေ့ပိုင်းက ကြည့်ရင် ကျဉ်းတယ်လို့ ထင်ရပေမယ့် နောက်ဘက်က အတော်ကျယ်တယ်။ ချုံတွေကို ရှင်းလိုက်တော့ တော်တော်ကြည့်လို့ ကောင်းသွားတာဗျ"

"ဟုတ်လား"

"စီးပွားရေးလုပ်ပြီး ဦးစိန်က လမ်းလျှောက်ပျင်းတာကိုးဗျ။ ဒါမျိုးက ချုံထဲတိုးသင့်တိုးပြီး မြေကွက်အနေအထားကို အသေးစိတ်လေ့လာရမှာ"

"မင်းကြည့်ပြီးပြီလား"

"ဝယ်တောင်ဝယ်ပြီးပြီ"

ဦးစိန်ခင် ကျုပ်မပြောလားဆိုတဲ့သဘောနှင့် ဦးနေဗလကို လှမ်းကြည့်သည်။ စစ်သည် ပြောတာလည်း အမှန်ပါ။ အချို့သောသူဌေးတွေက ဒီလိုနေရာမျိုးတွေမှာဆို ကိုယ်တိုင်က မြက်တွေ၊ ချုံတွေထဲ တိုးရမှာစိုးလို့ တပည့်





တွေကိုပဲ ကြည့်ခိုင်းကြတာ။

စစ်သည်ဆိုတဲ့ကောင်ကတော့ ကိုယ်ကကျူးရင် ကိုယ့်ဒူးတောင် မယုံရဆိုသောမူဝါဒနှင့် ကိုယ်တိုင် ရှုံးတွေ စမိုးတွေ မထုတ်တမ်း ကြည့်တတ်သူ။

"အဲဒီအထဲက တိုက်ကို ဘယ်လိုလုပ်လဲ"

"ဟောင်းလည်းဟောင်း သေးလည်းသေးတော့ ဖြိုပစ်လိုက်တာလေ"

ရှေ့ဘာဆက်လုပ်မလဲ မေးရင် ကိုယ် ညှံ့ဖျင်းတာကို ကြော်ငြာသလိုဖြစ်မှာစိုးလို့ ဦးစိန်ခင် စကားစကို ဖြတ်လိုက်ရတော့၏။

"ဒါနဲ့ မောင်စစ်သည်နဲ့ မိတ်ဆက်ပေးရဦးမယ်"

ပြောပြီး ဦးစိန်ခင် ဦးနေဗလဘက်သို့ လှည့်လိုက်တာ . . .

"ဒါ ဦးရဲ့မိတ်ဆွေ ဦးနေဗလတဲ့"

"ဟင်"

စစ်သည် ပြုံးနေတဲ့နှုတ်ခမ်းတွေ တည်တင်းသွားမလို ဖြစ်ပြီးမှ အပြုံးကို အရောင်မပျော့စေရအောင် စိတ်ကို သံပတ်ပေးလိုက်၏။ နှုတ်ခမ်းက ဆက်ပြုံးနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေကတော့ အရောင်ပြောင်းသွားသည်။

"ဦးနေဇလ . . . ဟုတ်လား"

"ဟုတ်ပါတယ်"

"ဩော် . . . ဟော် . . . တွေ့ရတာ ဝမ်းသာပါတယ် ဦးနေဇလ။ ကျွန်တော်က စစ်သည်ဗိုလ်ပါ"

"ဦးကလည်း မောင်စစ်သည်ဗိုလ်နဲ့ ခုလို တွေ့ရတာ ဝမ်းသာပါတယ်ကွာ"

လက်ဆွဲနှုတ်ဆက်လိုက်ကြတော့ စစ်သည် လက်မှာ မကျေနပ်မှု အင်အားတွေပါသွားသည်လား မသိ။ တင်းခနဲ ဖြစ်သွားပြီးမှ သတိနှင့်လက်ကို ပြန်ရုတ်လိုက်ရသည်။

စစ်သည် ဟန်းဖုန်းကို ထုတ်လိုက်ပြီး . . .

"ခဏနော်"

ရန်နိုင်က စစ်သည်ကို ကြောင်ကြည့်နေရာမှ စစ်သည် ထသွားလေတော့ တစ်ဖက်ကလူတွေကို အားနာနာနှင့် စကားစရှာ၍ ဆက်ပြောနေရ၏။

"စစ်သွေး . . . ငါပါ"

" . . . "

"အေး . . . ဟုတ်တယ်။ မင်းကိုပြောစရာရှိလို့။ ခု





မင်း ဘာလုပ်နေလဲ"

" . . . "

"စာကျက်တာ ခဏထား။ နောက်မှကျက်လို့ရတယ်။ အခု ငါပြောတာကို နားထောင်"

" . . . "

"မင်း အဝတ်လဲပြီး ငါ့နောက်ကိုလိုက်လာခဲ့။ ဆယ်မိနစ်အတွင်း ရောက်အောင်လာခဲ့နော်"

" . . . "

"ညှိခံပွဲတစ်ခုမှာ"

" . . . "

"မေမေ့ကို မေးပြီး လာခဲ့။ ငါ ဘယ်နေရာမှာဆိုတာ မေမေ သိတယ်"

" . . . "

"OK ဒါပဲ"

စစ်သည် ကျေနပ်စွာပြုံးလိုက်၏။ မင်းအတွက်တော့ စိတ်မကောင်းပါဘူး စစ်သွေးဦး။ ဒီအချိန်ကို ငါ စောင့်ခဲ့ရတာ လပေါင်း၊ နှစ်ပေါင်းများစွာပါပဲ။

အခု အချိန်တန်ပြီလေ။ အသင့်ပန်းခံပြီး ရှာနေစရာ



www.burmeseclassic.com

www.burmeseclassic.com



တောင် မလိုတော့ဘူး။ သေချင်တဲ့ကျား တောပြောင်းလာတာကို ကိုယ်က လက်နှေးနေလို့ ဖြစ်ပါ့မလား။ ပုံလုံတစ်လှည့် ငါးပျံတစ်လှည့်ပေါ့ ဦးနေဝလရယ်။ ခင်ဗျားတို့ မောင်နှမ ရက်စက်ယုတ်မာခဲ့သလောက် ကျုပ်လည်း ရက်စက်ယုတ်မာတတ်ပါတယ်။

ပိုရင်သာပိုသွားမယ်။ မမီဘူးဆိုတာ မရှိစေရပါဘူး။ ခင်ဗျားရဲ့ ကျရှုံးခန်းကိုကြည့်ပြီး မေမေ ပျော်ပျော်ကြီးနေသွားနိုင်အောင် တန်ပြန်သက်ရောက်မှုတွေကို ခင်ဗျားကျေကျေနပ်နပ်ကြီး လက်ခံသွားပါ။

"အဟွန်း"

တစ်ယောက်တည်း တိုးတိုးညက်ညက် ရယ်မိ၏။ ကိုယ် ရင်နာမှ ကြိမ်ရာ ဘယ်မှာလဲ လှန်မရှာနဲ့တော့ ဦးနေဝလရေ။

"မင်း ဘယ်သွားတာလဲ စစ်သည်"

"စစ်သွေးကို ဖုန်းဆက်ခေါ်တာ"

"ဘာလုပ်မလို့လဲ"

"လာတော့ . . . ကြည့်"

စကားပိုင်းမှာ ဟိုတစ်စ ဒီတစ်စနှင့် စကားဖောင်

---



နေသည့်တိုင် စိတ်က စစ်သွေးအလာကိုသာ မျှော်နေမိ၏။

"ကိုကို"

စစ်သွေး ရောက်လာပါပြီ။ အနောက်တိုင်းဝတ်စုံ အဖြူရောင်လေးနှင့် စစ်သွေးပုံစံက မင်းသားလေးလိုပါ။ ရုပ်ချင်းတူပေမယ့် စစ်သွေးက ပိုဖြူ၍ ပိုနုနေသည်။ ဆံပင်က ကုပ်ထောက်သာသာနှင့် ရှေ့မှာ တစ်ဖက်သတ်ခွဲထားပြီး များသည့်ဘက်မှာ မို့ယောင်ယောင်လေး ဖြစ်လျက် ဆံစတွေက ပါးတစ်ခြမ်းပေါ်မှာ ကျနေခြင်းမဟုတ်ဘဲ နားသယ်စပ်နားကနေ ဝိုက်ပြီး နားကို ဖုံးအုပ်နေ၏။

"ထိုင်"

စစ်သည် လှည့်မကြည့်ဘဲ ပြောလိုက်၏။ ဘာမှန်းမသိဘဲ ထိုင်လိုက်မိတဲ့ စစ်သွေးက ဦးနေဝလနှင့် မျက်နှာချင်းဆိုင်။

"ကိုကို ကျွန်တော့်ကို ဘာလို့ခေါ်တာလဲ"

"နိုင်းစရာရှိလို့"

"ဘာခိုင်းမလို့လဲ ကိုကို"

"ငါ ကောင်မလေးတစ်ယောက်ကို အီးကလီလုပ်ထားတာကွာ။ အဲဒါ သူ ဝယ်ခိုင်းတာကို ဝယ်ပေးနိုင်ရင်

www.burmeseclassic.com

www.burmeseclassic.com



အဖြေပေးမယ်ဆိုလို့၊ အဲဒါ မင်း သွားဝယ်ပေးစမ်းပါ"

"ခုလား . . . ဟင်"

"ညနေခံပွဲပြီးမှသွားပါ၊ လူစုံတုန်း မင်းကို ငါ့ညီ အဖြစ်နဲ့ ပွဲထုတ်မလို့"

"ဗျာ"

နားကြားများ မှားလေသလားဟု ကြောင်သွားပြီး နောက်မှ စစ်သွေး နှုတ်ခမ်းလေးတွေ ပြုံးလာသည်။ ညီလို့ အသိအမှတ်ပြုလိုက်တာလေးအတွက် ရင်ထဲမှာ ပီတိလှိုင်း ကလေး ပုတ်ခတ်သွား၏။

"သူက မောင်စစ်သည်ဗိုလ်ရဲ့ ညီလား။ ရုပ်ချင်း တူတယ်နော်"

"အမေတူလို့ ရုပ်ချင်းတူသွားတာပါ"

အမေတူလို့ဆိုတော့ အမေက မတူဘူးလားဆိုတဲ့ မေးခွန်းကို ဘယ်သူမှ တွေးမိလိုက်ပုံမရပေမယ့် တွေးမိသူ တစ်ယောက်ကတော့ . . .

"မောင်စစ်သည်ဗိုလ် ပြောပုံအရဆိုရင် အမေတူ ပြီး အဖေက မတူဘူးလား"

"ဟုတ်တယ်"

——ရွှေပေအသျှ——



"ဟင်"

စစ်သွေးအပြုံးသည် သက်တမ်းရင့်ချိန်မရလိုက် ဘဲ မျက်နှာလေးပျက်ယွင်းကာ စစ်သည်ကို ကြည့်၏။ စစ်သည်က မသိသလိုလုပ်ကာ . . .

"မင်းကိုဝယ်ခိုင်းမယ့်ပစ္စည်းအမျိုးအစား ဘာတွေ လဲ မင်း သိလား စစ်သွေး"

"ကိုကိုပြောမှ ကျွန်တော် သိမှာပေါ့"

"ဘလာစီယာအပါအဝင် မိန်းကလေးသုံး လျှို့ဝှက် ပစ္စည်းတွေကွ"

"စစ်သည်"

စစ်သွေးမျက်နှာ ရဲခနဲဖြစ်သွားချိန်မှာ ရန်နိုင်က ဆတ်ခနဲထရပ်၏။ မျက်နှာမှာလည်း တည်တင်းညိုမှောင် လျက် စစ်သည်ကိုကြည့်လိုက်တဲ့ ရန်နိုင့်မျက်ဝန်းထဲမှာ ဒေါသငွေ့တွေက တလူလူ။

"မင်း စစ်သွေးကို ဖုန်းဆက်ခေါ်လိုက်တာ လူ လယ်ခေါင်မှာ အရှက်ခွဲဖို့လား စစ်သည်"

စစ်သည်က မထီတထီပုံစံမျိုးနှင့် ဟက်ခနဲ ရယ် ကာ . . .

——ရွှေပေအသျှ——

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာဖြစ်တာလဲ။ စစ်သွေးက ငါ့ညီပါကွ"

"အဲဒါ မင်းပါးစပ်က လှုကြားကောင်းအောင် ပြောတာ။ မင်းရင်ထဲမှာ စစ်သွေးကို မင်း ဘယ်လိုသဘောထားလဲ ငါ အသိဆုံး"

"တရားလို့ တရားခံ ကျေနပ်ကြပါလျက် သက်သေက မကျေနပ်ဘူးဆိုတာ ဒါမျိုးထင်တယ်"

"ဂစ်သွေး"

"ဗျာ"

စစ်သွေး တျှန်တဲ့နေရာမှာ ကြက်ခေါင်းဆီတ်မခံလှူစမ်းကောင်း ဘယ်လောက်ပဲလုပ်ခဲ့လုပ်ခဲ့ ကိုကို့ရှေ့မှာတော့ သိုးငယ်လေးလို။ ဒါလည်း ကိုယ့်မာန ကိုယ့်အစွယ်ချိုးထားတာ မကြာသေးပါဘူး။

"မင်း ငါနဲ့လိုက်ခဲ့"

ရန်နိုင် စစ်သွေးကို ဆွဲတူလိုက်ပေမယ့် . . .

"ကျွန်တော် ကိုကိုဝယ်နိုင်းတာကို ဝယ်ပေးမယ်"

"ဟေ့ကောင် . . . စစ်သွေး . . . မင်း"

ရန်နိုင် ဘာဆက်ပြောလိုက်ရမှန်းပင် မသိတော့။ စစ်သွေး ရီဝေသောမျက်ဝန်းအစုံနှင့် ရန်နိုင်ကိုကြည့်ကာ..





"ကျွန်တော် ကိုကို့ဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်ထားတယ် အစ်ကို"

"မင်းကွာ"

"တောက်"

"အဟွန်း"

မတူညီသောအသံတွေကြားမှာ ဘေးလူတွေက ကြောင်အမ်းအမ်းနှင့် ကြည့်နေကြသည်။

ကြည့်ထား . . . ဦးနေဗလ။ ခင်ဗျား ကျွန်တော်ရဲ့ လုပ်ရပ်ကို အခု နားမလည်ပေမယ့် တစ်နေ့ နားလည်လာရင် ရင်ကွဲဖို့ အဆင်သင့်ပြင်ထား။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၁ )

စစ်သည် ဒတ်ရှိဘုတ်ပေါ်မှာတင်ထားသည့် ကားရုပ်ကလေးဆီသို့ အကြည့်ရောက်သွားသည်။ နှုတ်ခမ်းမှ အပြုံးသည် နာကြည်းရိပ်တို့ စွန်းထင်းပေကျံနေသည်ဆိုလျှင် ဘယ်သူ့ကို ဘယ်အတွက်ကြောင့် နာကြည်းမုန်းတီးနေတာလဲ မေးဖွယ်ရာရှိ၏။

မေးသူရှိလျှင် စစ်သည် ဖြေဦးမှာ မဟုတ်သေးပေ။ ဒါလျှို့ဝှက်ချက်လေ။ အတိတ်ကတင်ရှိတဲ့အကြွေးကို ဆပ်ဖို့ ဝှက်ဖဲတစ်ချပ်ကတော့ ရှိနေမှ ကိုယ်နိုင်မှာ။

ပူတူး . . . ပူတူးရယ်။

နင်နဲ့ငါကြားက သံယောဇဉ်တွေအတွက် နင့်ကို



တော့ ငါ အားနာပါတယ်။ ဒါပေမဲ့ နင့်အဖေကို ငါ မုန်းတယ် ပူတူး။ တို့သားအမိတွေ ခိုကိုးရာမဲ့ဘဝနဲ့ ကမ်းမဲ့ပေဒါလို ဘယ်ကမ်းကပ်လို့ ဘယ်စခန်းမှာ နင်းမြှုပ်ခံရမှန်း မသိအောင် အခြေမဲ့အနေမဲ့ဘဝနဲ့ စုတ်ပြတ်သွားခဲ့တာ နင့်အဖေကြောင့်။ မေမေ့ဘဝပျက်စီးသလို နင်လည်း ပျက်စီးရမယ်။ ငါ ခံစားရသလို နင့်အဖေလည်း ခံစားစေရမယ်။

ဦးနေဝလ . . . ခင်ဗျားကြီး ထမင်းဝအောင် စားထားပေတော့။ ခင်ဗျားရဲ့ထမင်းလုတ်ထဲကို အဆိပ်ခတ်တော့မယ့်အချိန် နီးလာပြီ။ ခင်ဗျားရဲ့ ယုတ်မာကောက်ကျစ်မှုတွေထက် ပိုတဲ့ကောင်။ ခင်ဗျားရှေ့ကို မကြာခင် ရောက်လာတော့မှာပါ။ အဲဒီအခါကျမှ ကျုပ်ရှေ့မှာ ခင်ဗျား ဒူးထောက်ရမယ်မှတ်ပါ။ ခင်ဗျားရဲ့ ကျရှုံးခန်းကို ကျွန်တော်ကြည့်ပြီး ဟားတိုက်ရယ်မောနိုင်အောင် ကျုပ်ပါးစပ်တွေကို အမွှေးနံ့သာဖြန်းပြီး အသံအားကောင်းအောင် ကျင့်ထားတယ် ဦးနေဝလ။

"အဟွန်း"

တစ်ကိုယ်တည်း နာနာကြည်းကြည်းပြုံးကာ စိတ်တွေက အတိတ်ဆီသို့ . . . ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

"ဝေါ . . . ဝေါ"

မိုးက သည်းသည်းမဲမဲရွာနေတော့၏။ ထီးလေးတစ်လက်အောက်မှာ ဗိုလ်နှင့်မေမေ။ သူတို့အိမ်က ထွက်လာကတည်းက ရွာလိုက်တဲ့မိုး။ တစ်လုံးပြီး တစ်လုံး။ ကောင်းကင်က ပို၍ ပို၍ အုံ့မှိုင်းကာသာ အငြိုးသန်သန်နှင့် မှန်းမာန်ဖွဲ့ကာ ရွာသွန်းနေသော မိုးစက်မိုးပေါက်တွေက လူကို လာထိတိုင်း ကျောက်ခဲနှင့် လိမ့်ပေါက်နေသလိုပါပဲ။

နာလိုက်တာလို့ ညည်းညူဖို့တောင် သတိမထားမိနိုင်လောက်အောင် ကိုယ့်သောကနှင့် ကိုယ်။





ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုတဲ့ စကားသည် ဗိုလ်တို့သားအမိအတွက် မှန်နေ၏။ ကိုယ့်ခြံ ကိုယ့်အိမ်ကနေ ဘာလို့ ခုလို ရုတ်တရက်ကြီး ထွက်လာခဲ့ရသလဲ ဗိုလ် မသိပေမယ့် တစ်လမ်းလုံး မေမေ ငိုနေတာကိုတော့ သိသည်။

ဗိုလ်လည်း ငိုတာပါပဲ။ ငိုတာချင်းတူပေမယ့် သောကချင်းကတော့ မတူပေ။ ဗိုလ် ငိုတာက ပုတ္တူးနဲ့ခွဲလာခဲ့ရလို့။

"ဝေါ . . . ဝေါ"

"ဖလပ် . . . ဖလပ်"

"ဝုန်း"

မိုးကလည်း သူ နှိပ်စက်နေရတာကို အားမရလို့ လေကိုပါ စစ်ကူတောင်း၍ တိုက်ခိုက်နေသည်လား မသိတော့။

"မေမေ ထီးရွက်ကြီးလန်သွားပြီ"

"ဩော် . . . အေး . . . အေး"

မေမေ ဘယ်လောက်တောင် အတွေးလွန်နေသည်လဲ မသိ။ လေတိုက်လို့ ထီးရွက်လန်တာတောင် ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ပြောမှ သိပြီး ထီးရွက်ကို ကမန်းကတန်းဆွဲချနေသည်။ လေက ကြမ်းတော့ ထီးရွက်က တစ်ဖက်ကဆွဲချရင် တစ်ဖက်က လန်မို့ သားအမိနှစ်ယောက် မိုးရေထဲမှာ ကြွက်စုတ်ကလေးတွေလို ဖြစ်နေ၏။

မိုးရေစက်တွေက အေးစိမ့်နေတာကြောင့် ဗိုလ် ချမ်းလာသည်။

"ဗိုး"

"ဟယ် . . . ဒုက္ခပါပဲ"

"သွားပြီ"

ဆွဲချနေတဲ့ကြားမှ လေကပိုကြမ်းလာသဖြင့် ထီးက လေနောက်သို့ ပါသွားလေတော့သည်။ ဗိုလ် အပြေးကလေး လိုက်ကောက်တော့ . . .

"သား . . . မကောက်နဲ့တော့။ လာ . . . လာ ထီးက ကျိုးသွားပြီ သားရဲ့"

"ဆောင်းလို့မရတော့ဘူးလား မေမေ"

"ဒီလောက် လေကြမ်းနေတာ ဘယ်ရမှာလဲ သားရယ်။ ထီးက ကိုင်းတွေပါ ကျိုးကုန်တာ သားရဲ့"

ဗိုလ် လေတိုက်တိုင်း လွင့်ပါနေတဲ့ထီးလေးကို





ခပ်ငေးငေးလေး ကြည့်နေမိ၏။

"လာပါ သားရယ်။ မေမေတို့ သွားရအောင်"

မေမေ့အသံက တုန်ယင်နေသည်။ ဗိုလ်ရောပဲ ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေ၏။ ခြေလှမ်းတွေက တစ်စ ထက် တစ်စ ပို၍နှေးကွေးလာသည်။ ဗိုလ် မေမေ့ကို မော့ကြည့်လိုက်တော့ နှုတ်ခမ်းကိုဖိကိုက်ထား၏။ မျက်လုံးလေး မှိတ်ချည် ဖွင့်ချည်နှင့် မေမေ ဘာဖြစ်နေတာလဲ။ မေမေ့ရဲ့ နှုတ်ခမ်းလေးတွေ အပြာရောင်ဖြစ်နေတာကို ကြည့်ပြီး ဗိုလ့် ရင်ထဲမှာ ဘာဖြစ်သွားမှန်းမသိ။ ငိုချင်လာတာကို မငိုဖြစ် သေးဘဲ မေမေ့မျက်နှာကိုသာ မော့တကြည့်ကြည့်။

ကြာလေကြာလေ မေမေ့ခြေလှမ်းတွေက ကချည် ကန်နှင့် လူကပါ ဟိုယိုင် ဒီယိုင် ဖြစ်လာတော့ . . .

"မေမေ . . . မေမေ"

"အင် . . . ဟင် . . . သား။ ဘာလဲဟင်"

"မေမေ ဘာဖြစ်နေတာလဲ ဟင်"

"ဘာမှမဖြစ်ပါဘူး သားရယ်"

"ဘာမှမဖြစ်ဘူးသာပြောတယ်။ မေမေ့ကို ကြည့်ရတာ တစ်မျိုးကြီးပဲ . . . အဟင့်"



www.burmeseclassic.com

www.burmeseclassic.com



"သား မငိုရ ဘူးလေ။ မေမေ ဘာမှမဖြစ်ပါဘူး သားရယ်။ မငိုနဲ့နော်"

မေမေက ဗိုလ့်ပါးပြင်က မျက်ရည်တွေကို သုတ်ပေးလေသည်။ မိုးက သူ့ထင်တိုင်း နှိပ်စက်ပြီး အားရတော့ မိုးရေစက်တွေကို ကမ္ဘာမြေပြင်နှင့် သံယောဇဉ်ဖြတ်လိုက်တာ တိခနဲ။

ဆက်လျှောက်နေသော ခြေလှမ်းတို့သည် ခဏသာ သွက်လာပြီး ကြာတော့ ပြန်လည်နှေးကွေးသွားပြန်၏။ မေမေ ဘယ်ကိုသွားနေတာလဲ ဗိုလ် မသိ။ ကိုယ်နေခဲ့သည့် နယ်မြို့လေးနှင့်တော့ ဝေးလာပြီ။

"အား"

"ဟင် . . . မေမေ . . . မေမေ ဘာဖြစ်တာလဲ။ မေမေ"

"အား . . . မူးလိုက်တာ . . . မူးလိုက်တာ"

"မေမေ"

မေမေ့လက်ထဲက ခရီးဆောင်အိတ်ကလေး အောက်သို့ ပြုတ်ကျသွားပြီး မေမေလည်း ပျော့ခွေလဲကျသွားလေတော့၏။





"မေမေ . . . မေမေ"

ဗိုလ် မေမေ့ကို မနိုင်မနင်းနှင့်ဆွဲထူ၏။ အင်အားချင်းကမမျှတော့ ခေါင်းလေးကိုသာ ဗိုလ် သူ့ပေါင်ပေါ်သို့ ဆွဲတင်နိုင်၏။ ဗိုလ် မေမေ့ရဲ့ပခုံးလေးကိုသာ ကိုင်၍ လှုပ်ကာ လှုပ်ကာ . . .

"မေမေ . . . မေမေ ဘာဖြစ်တာလဲ။ အီး . . . ဟီး မေမေ . . . ထပါဦး မေမေရဲ့။ မေမေ ဘာမှမဖြစ်ပါနဲ့။ ထပါ မေမေရဲ့- သား မေမေ့ကို ဘယ်လိုလုပ်ရမှာလဲ . . . မေမေ"

ဗိုလ် ဗိုလည်းဗို၊ ကူညီနိုင်မည့်သူကိုလည်း မျက်လုံးလေး ကလည်ကလည်နှင့် ရှာနေမိ၏။ လမ်းပေါ်မှာက လူသွားလူလာ ပြတ်နေသည်။

"မေမေ . . . ဟီး . . . ဟီး"

ဗိုလ် ဟိုဟိုဒီဒီကြည့်ရင်းပဲ လမ်းနှင့် ခပ်လှမ်းလှမ်းမှာ တဲလေးတစ်လုံးကို မြင်လိုက်ရ၏။

"ဟင်"

ဗိုလ် တဲလေးကိုမြင်လိုက်ရတော့ အားတက်သွား၏။ ဘုရားသိကြားမလို့ လူရှိပါစေဟု ဆုတောင်းရင်း မေမေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို မနိုင်မနင်းနှင့် လမ်းဘေးသို့ရွှေ့ပြီး ခရီးဆောင်အိတ်ကို မေမေ့ခေါင်းအောက်သို့ ထိုးသွင်းပေးလိုက်၏။ ပြီးတော့ . . .

"မေမေ . . . မေမေ ခဏကျန်ခဲ့ဦးနော်။ သားမေမေ့ကို ကယ်နိုင်မယ့်သူကို သွားရှာပေးပါ့မယ်"

ဗိုလ် မျက်ရည်တွေကို လက်ခုံနှင့်ပွတ်သုတ်၍ မေမေ့ကို နောက်ဆံတင်းသလို တစ်ချက်ကြည့်ပြီး ပြေးထွက်ခဲ့၏။ လယ်ကန်သင်းတွေကို မမြင်နေပါလျက် ဗိုလ် ကွေ့ပတ်ပြီး ပြေးမနေတော့။

လယ်ကွက်ထဲကနေ ဖြတ်ပြေးတော့ ရေတွေက တဗွမ်းဗွမ်း။ တစ်ခါတစ်ခါ ဟပ်ထိုးလဲကျမလို ဖြစ်လိုက် ကိုယ်ကို ပြန်ထိန်းပြီးပြေးလိုက်နှင့် ရယ်ပါ။ တဲကလေးဆီသို့ အားတင်းပြေးနေရသည်မှာ ဒူးတွေပင် ညောင်းလာသည်။

ဒါပေမဲ့ ဗိုလ် အမောမဖြေနိုင်ပါဘူး။ အရေးကြီးတာက မေမေ။ မေမေ တစ်ခုခုဖြစ်ရင် ဗိုလ် ဘယ်သူ့ကို အားကိုးရမလဲ။ မေမေ ဘာမှမဖြစ်ပါစေနဲ့။

ဗိုလ် တဲနားကိုရောက်လာတော့ အတော်ကလေးပင် မောနေပြီ။ ရင်ဘတ်ကို လက်နှင့်ဖိကာ တံခါးတွေကို





ကြိတ်မျိုချလျက် . . .

"တဲထဲမှာ လူရှိလား။ လူရှိလားခင်ဗျာ"

တဲထဲက ဘာမှတုံ့ပြန်သံ မကြားရလေတော့ . . .

"ဒီအထဲမှာ လူရှိလား။ လူရှိရင် ကျွန်တော့်မေမေကို ကယ်ပါဗျာ။ ဒီမှာ လူရှိလား။ သားတို့ ဒုက္ခရောက်နေလို့ပါ . . . ကယ်ပါ"

ပါးစပ်က တတွတ်တွတ်အော်ရင်း တဲထဲကို ဝင်လိုက်တော့ ခေါင်းချင်းဆိုင်ပြီး ထမင်းစားနေရာမှ ဗိုလ်ကို ခပ်ကြောင်ကြောင်လေး ကြည့်နေကြသည်။

"ဦးလေးတို့ သားရဲ့မေမေကို ကယ်ပါဗျာ . . . ဟီး"

"ဟာ . . . ကလေး"

"ကျုပ်မပြောလား။ ခေါ်သံ ကြားပါတယ်လို့"

ဗိုလ် ဟီးခနဲငိုချလိုက်တော့ ဦးလေးကြီးနှင့် ဒေါ်ကြီးက ထိတ်ထိတ်ပျာပျာဖြစ်ကာ တဲအဆင့်လေးပေါ်မှ လျှောဆင်းလာ၏။

"ကလေး . . . မငိုနဲ့လေ။ ဘာဖြစ်လို့လဲဟင် ဦးလေးတို့ကို ပြော"

"သားရဲ့မေမေ လမ်းပေါ်မှာ လဲကျသွားလို့ပါ။ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လို့လည်း မရတော့ဘူး။ မေမေ့ကို ကယ်ပါ ဦးလေးရယ်။ မေမေ့ကို ကယ်ပါနော်"

"အေး . . . အေး . . . ဟဲ့ . . . မြနှစ်"

"ရှင်"

"လာ . . . နင်ပါလိုက်ခဲ့"

"ဒုက္ခပါပဲဟယ်"

ဦးလေးနှင့်ဒေါ်လေးတို့မှာ လက်ကို လက်ဆေးခွက်ထဲ စွပ်ခနဲနှိုက်ဆေးပြီး ပုဆိုးနှင့်ထဘီတွေကို ဖြစ်သလို လက်သုတ်၍ ဗိုလ်နောက်မှ ပြေးလိုက်လာကြသည်။

"ဦးလေး . . . ဟိုမှာ မေမေ"

"ဟာ . . . မိုးမိထားတာထင်တယ်။ တစ်ကိုယ်လုံး စိုရွှဲနေတာပဲ။ ဒုက္ခရောက်ကုန်တော့မှာပဲ"

"ဟယ် . . . တစ်ကိုယ်လုံးခြစ်ခြစ်တောက်ပူနေပါလား။ သေတော့မှာပဲ"

"မေမေ . . . မေမေ"

"မြနှစ် နင် တဲကို မြန်မြန်ပြန်၊ အိပ်ရာ အဆင်သင့်ပြင်ထား။ ငါ သူ့ကို ထမ်းခေါ်လာခဲ့မယ်"

"အင်း . . . အင်း"



ဒေါ်မြနှစ်က အရင်ပြန်ပြေးသွားပြီး ဦးပေါက်စက မေမေ့ကို ထမ်းခေါ်လာခဲ့သည်။ ဗိုလ်ကတော့ ခရီးဆောင်အိတ်ကလေးကို ရင်ခွင်မှာပွေ့ပိုက်လို့ရယ်ပါ။ မပိုက်လို့က မရဘူးလေ။ အိတ်ထဲမှာက ဒေါ်ခင်စက်စက်ခိုင် ပေးလိုက်သော ဗိုလ်တို့ရဲ့ခြံနှင့်အိမ်ဖိုး ပိုက်ဆံတွေနဲ့။

"မြနှစ် . . . သူ့ကို နင့်အဝတ်တွေယူပြီး မြန်မြန် လဲပေးလိုက်။ သားက ဦးရဲ့ပုဆိုးတွေ၊ အကျႌတွေလဲ၊ မင်းတို့ အဝတ်တွေက ရေစိုကုန်မှာ . . . လာ . . . လာ"

ဦးပေါက်စက ဗိုလ့်ကို တဲအပြင်ခေါ်ထုတ်ပြီး သူ့ အဝတ်တွေလဲပေးသည်။ ဗိုလ့်မှာ ပုဆိုးက ဘိုသီဘတ်သီ၊ အကျႌကြီးက ကို့ယို့ကားယား တဖားဖားနှင့်။ အိတ်ထဲက အဝတ်တွေကတော့ ရေစိုနေမှာ ကျိန်းသေပါ။

ပိုက်ဆံတွေကတော့ ကြွပ်ကြွပ်အိတ်နှင့် နှစ်ထပ်ထပ်ပြီး သေသေချာချာ ထုပ်ထည့်ထားတာမို့ ရွှတ်တရက်တော့ ရေစိုမှာ မဟုတ်ပေ။

"ဦးလေး"

"ဟေ"

"မေမေ ဘာဖြစ်တာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"သားရဲ့မေမေက အအေးမိပြီး ဖျားနေတာကွ"

"မေမေ . . . မေမေ ဘာမှမဖြစ်နိုင်ပါဘူးနော်ဦးလေး"

"အေး . . . လောလောဆယ်တော့ ဦးတို့ ဇဆောင်ဝယ်ထားတဲ့ ဆေးမြီးတိုတွေပဲ တိုက်ထားရမှာပေါ့ကွာ။ ပြီးမှ ဦးလေး ဟိုဘက်ရွာက ဆေးမှူးကိုသွားခေါ်ပေးမယ်။ သား ဘာမှ စိတ်မပူပါနဲ့"

"မြန်မြန်သွားခေါ်ပါ ဦးလေးရယ်။ မေမေ့ကို ကောင်းကောင်း ဆေးကုပေးပါနော်။ သားတို့မှာ ပိုက်ဆံပါပါတယ်"

"ဟုတ်လား . . . ဘယ်လောက်ပါလဲ"

"အဲဒါတော့ သား မသိဘူး။ များတော့များတယ်"

"ဒါဆို သွားကြည့်ရအောင် သား။ ဟို . . . ဦးလေးတို့လိုချင်လို့မဟုတ်ဘူးနော်။ သားတို့က ဦးလေးတို့တဲကို ရောက်လာပြီဆိုတော့ ဘာမဆို ဦးလေးတို့မှာ တာဝန်ရှိတယ်ကွ"

"ဟုတ်ကဲ့"

ဦးပေါက်စနှင့်ဗိုလ်တို့ ခရီးဆောင်အိတ်ကို ဖွင့်၍





အဝတ်ရေစိုတွေကို အရင်ထုတ်ကြသည်။ ပိုက်ဆံထုပ်ကို ဗိုလ်က ထုတ်ယူလိုက်ပြီး ဦးပေါက်စရှေ့မှာ ချပေးလိုက်၏။

"သူ့ကို ဆေးတိုက်ပြီးပြီလား မြနှစ်"

"တိုက်ပြီးပါပြီ ကိုပေါက်စရဲ့"

မေမေရဲ့ ညည်းသံတအင်းအင်းကို ကြားနေရတော့ ဗိုလ် စိတ်မချမ်းသာ။ ဒီငွေတွေ ကုန်ရင်ကုန်သွားပါစေ မေမေ နေကောင်းရင်ပြီးရောဆိုတဲ့ စိတ်တစ်ခုနှင့်။

"ဦးလေး ဒီပိုက်ဆံတွေကို ယူပါ။ မေမေ့ကို ကောင်းကောင်း ဆေးကုပေးပါနော်"

"ပိုက်ဆံတွေက များလှချေလား ကောင်လေးရ"

"ကိုပေါက်စ သူတို့ပိုက်ဆံတွေကို ရေထားဦးနော်။ အကြောင်းဆိုတာ ပြောလို့မရဘူး။ တော်ကြာ . . . နောက်ကြောင်းမရှင်းလို့ ပြဿနာတက်ရင် ကျုပ်တို့ပဲ ဒုက္ခရောက်မှာ"

"ငါ သိပါတယ်ဟ"

ပြောရင်း ဦးပေါက်စက ပိုက်ဆံအိတ်ကို ဖြေ၍–

"ကောင်လေးကြည့်နေနော် . . . ငါ ရေမယ်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတွေကို ရေတွက်ဖို့ ဦးပေါက်စက ကိုင်လိုက်တာ စတင်ရေလိုက်သည်နှင့် . . .

"ဟင်"

ဦးပေါက်စ၏မျက်နှာမှာ အံ့သြခြင်းတို့ လွှမ်းခြုံလျက် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ ပိုက်ဆံတွေကို စိုက်ကြည့်နေရာမှ အကြည့်က ဗိုလ့်ဆီသို့ ရွေ့လျားလာပြီး . . .

"ကောင်လေး . . . မင်းတို့ ဒီငွေတွေ ဘယ်က ရလာတာလဲ"

"သားတို့ အိမ်နဲ့ခြံကို ရောင်းခဲ့တာပါ"

"သွားပြီ၊ မင်းတို့ အလိမ်ခံလိုက်ရပြီ ကောင်လေး"

"ဗျာ"

"ဒီမှာကြည့်"

ဦးပေါက်စက ပိုက်ဆံထုပ်ကိုကိုင်ပြီး ဟိုဘက်သည်ဘက်မှ နှစ်ရွက်စီ ဆွဲထုတ်လိုက်တော့ ကျန်တာအားလုံးက စက္ကူဖြူတွေပေါ့။ နောက်ထပ်ဆွဲယူလိုက်တဲ့ ငွေထပ်တွေကလည်း ရှေ့က အတိုင်းပါပဲ၊

ဗိုလ် မေမေ့ကို လှမ်းကြည့်ပြီး မျက်ရည်ဥလေး





တွေ လိမ့်ဆင်းလာ၏။ သူသိတာက ပိုက်ဆံအစစ်က နည်းနည်းလေးဆိုရင် မေမေ့ကို ကုလို့ရပါ့မလားဆိုတာပါ။

"မငိုပါနဲ့ ကောင်လေးရာ၊ မင်းတို့သားအမိ ဒုက္ခရောက်နေတာကို ဦးလေးတို့ တတ်နိုင်သလောက် ကူညီပါ့မယ်ကွာ"





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၃ )

"တောက်"

"ဒါ . . . နေဗလတို့မောင်နှမ သက်သက် ယုတ်မာတာ"

အံကို တင်းတင်းကြိတ်၍ပြောလိုက်သော မေမေ့ကို ဗိုလ် မော့ကြည့်လိုက်သည်။ မေမေငိုတော့ ဗိုလ်လည်း ငို၊ မေမေ ဒေါသထွက်တော့ ဗိုလ်လည်း ဘာကိုမှန်းမသိဘဲ လိုက်ဒေါသထွက်မိ၏။

ကလေးဆိုတော့ ပုတူးရဲ့ဖေဖေနဲ့ တီလေးကို





မေမေက ဘာလို့ ဒေါသထွက်နေတာလဲဆိုတာ ဗိုလ် မစဉ်းစားတတ်။

"ညီမ သွားရှင်းမှာလားဟင်"

"မရှင်းတော့ပါဘူး မမရယ်။ သူတို့နဲ့ပတ်သက်မိတာကိုက ကျွန်မ ကံဆိုးတာပါ။ ကျွန်မကသိုလ်နဲ့ကျွန်မ ရှိပါစေတော့"

"ကဲ . . . ငိုမနေပါနဲ့တော့ ညီမရယ်။ ညီမမှာလည်း မပေါ့မပါးကြီးနဲ့။ ညီမ အားနည်းနေတယ်တဲ့။ ဒီမှာ ညီမစိတ်ချမ်းသာသလိုနေပါ။ မမတို့ ညီမတို့သားအမိတွေကို တတ်နိုင်သလောက် ကူညီစောင့်ရှောက်ပါ့မယ်ကွယ်။ ဘာမှအားမငယ်နဲ့နော်"

"ကျေးဇူးတင်ပါတယ် မမရယ်၊ မမတို့သာ မကူညီရင် နှင်းမွှေတို့သားအမိ ဒုက္ခရောက်မှာပါ"

မေမေနှင့် ဒေါ်လေးမြနှစ် ပြောနေတာတွေကို ဗိုလ် နားမလည်ပါ။ မေမေ့မှာ မပေါ့မပါးကြီးနဲ့ဆိုတာ ဘာကိုပြောတာလဲ။ မေမေ ဘာတွေသယ်ထားရလို့လဲ ဟုသာ တွေးလျက် ဗိုလ် မေမေ့ကိုသာ ငေးကြည့်နေမိ၏။

နောက်မှ ဗိုလ် သိခဲ့တာသည် . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကိုနေဖလဆိုတဲ့လူက ရုပ်ချောသလို အပြောလည်း ကောင်းတယ်။ နှင်းမှုံကို သူ တကယ် မြတ်နိုးလို့ လက်ထပ်ပါရစေတဲ့။ ပထမတော့ နှင်းမှုံ လက်မခံခဲ့ပါဘူး။ နောက်တော့ သူ နှင်းမှုံကို အမွှကြံစည်တယ်။ နှင်းမှုံရဲ့ သားလေးရွှေရေးကိုတွေးပြီး သူ့ကို လက်ထပ်ပါ ဘာညာနဲ့ပေါ့။

သူပြောသထက်ပြောလာတော့ နှင်းမှုံလည်း ယုံကြည်ခဲ့တယ်လေ။ ဒါကြောင့် သူ့ကို လက်ခံခဲ့မိပါတယ်။ နှင်းမှုံမှာ ဒီကိုယ်ဝန်ရှိလာလို့ လက်ထပ်ဖို့ပြောတော့ နေ့ရွှေ့ညရွှေ့နဲ့"

"အိုကွယ်"

ဒေါ်မြနှစ်က စိတ်မကောင်းသလို ညည်းတွားလေ၏။ မေမေကတော့ မျက်ရည်လေးကို သုတ်ကာ ဆက်ပြောသည်။

"ပြောသထက်ပြောလာတော့ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ သူ နှင်းမှုံကို အတွေ့မခံတော့ဘူး။ နှင်းမှုံ သူနဲ့ တွေ့အောင် ကြိုးစားပြီး လက်ထပ်ဖို့ပြောတော့ သူက ဘာပြောတယ်မှတ်လဲ"



"ဘာပြောလဲဟင်"

ဒေါ်မြနှစ် အငမ်းမရမေးလိုက်တော့ မေမေက အံကြိတ်သံနှင့် ဖြေသည်။

"သူက စားနေကျကြောင်ပါ။ ဒါမျိုးတွေ သူ့အဖို့ ရိုးနေပါပြီတဲ့လေ။ သူများတွေလို ဉာဏ်မသုံးဘဲ ဒီကိုယ်ဝန်ကို ထားတာ မင်းရဲ့ကြမ္မာကို မင်းဖန်တာ။ သူကတော့ လုံးဝ လက်မထပ်နိုင်ပါဘူးတဲ့"

"အို . . . ယုတ်မာလိုက်တာကွယ်"

"ဒါတင်ဘယ်ကမလဲ။ သူ့အစ်မက လာပြောသေးတယ်။ နှင်းမှုံကို သူ့မောင်က ချမ်းသာလို့ အမိဖမ်းတာလား။ ဒါမျိုးမရဘူးဆိုပြီး နှင်းမှုံတို့ကိုလေ။ ပိုင်းလုံးသားအမိဆိုပြီး ပက်ပက်စက်စက်ပြောတာ"

"ငွေကိစ္စကရော နှင်းမှုံ"

"ငွေကိစ္စကလည်း သူတို့ပဲ လုပ်တာလေ။ နှင်းမှုံတို့ သားအမိကို ရက်တတ်ရင် ထွက်သွားဆိုပြီး ခြံကို မတန်တဆပေးဝယ်တာ။ နှင်းမှုံတို့ ထွက်လာခါနီးမှ ငွေတွေကို လာပို့တော့ စိတ်နာနာနဲ့ နှင်းမှုံလည်း မကြည့်ဖြစ်ဘူး။ ဒီအတိုင်းပဲ ယူပြီးထွက်လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

ဒေါ်မြနှစ်တို့ လင်မယားမှာ သက်ပြင်းတချချနှင့် ရယ်ပါ၏။ သူတို့သားအမိအဖြစ်ကို အတော်သနားနေပုံရ၏။ လောကမှာ မကောင်းတဲ့သူတွေ ရှိသလို၊ ဒီလိုလူကောင်းတွေလည်း ရှိပါသေးလားလို့ ငယ်ငယ်က မတွေးမိပေမယ့် ကြီးလာလို့တွေးမိတဲ့အခါမှာ ဗိုလ့်ရင်ထဲမှာ အဖြူရောင်နှလုံးသားနှင့် အနက်ရောင်အသည်း တစ်ခြမ်းသာ ပိုက်ထွေးထားမိ၏။ ပွတူးကို ခင်ပေမယ့် သူ့အဖေကို မုန်းသည်။ ပွတူးကို သတိရတိုင်း နောက်ကျောတစ်ဖက်မှာက သူ့အဖေ။ သူ့အဖေကို မုန်းတော့ သူ့သမီးကိုပါ နာကြည်းမိတာ ဗိုလ့်အပြစ်လား။ အမြဲတမ်း ခံစားမှု နှစ်ခုဒွန်တဲနေခဲ့တာပါ။

ဦးပေါက်စတို့နှင့်နေရင်းပဲ မေမေ့ကိုယ်ဝန်က တစ်နေ့ထက်တစ်နေ့ ပို၍ ရင့်မာလာပြီး တဲလေးပေါ်မှာပဲ စစ်သွေးကို မွေးခဲ့သည်ပေါ့။

"မွေးပြီ . . . မွေးပြီ . . . ယောက်ျားလေး"

မေမေမွေးပြီဆိုပေမယ့် ဗိုလ် ဝမ်းမသာနိုင်။ မေမေ့ရဲ့ညည်းညူသံကိုကြားရတိုင်း ဒီကလေးကြောင့်ဆိုပြီး





ရင်ထဲမှာ တဆစ်ဆစ်နှင့် နာကျင်ခဲ့တာ။

"ဟဲ့ . . . အနီး . . . အနီးလုပ်ပါဦး"

"အဲ . . . အဲဒါမှ ဒုက္ခ"

"ဘာလဲ မရှိဘူးလား"

"ဟုတ်တယ်။ ကျွန်မတို့ကလည်း ကိုယ့်အလုပ်နဲ့ ကိုယ်ဆိုတော့ သတိမရအားဘူး။ သူ့အမေကလည်း ဘာမှ ကြိုတင်ပြင်ဆင်ထားတာ မရှိဘူး ထင်တယ်"

အထဲကအသံတွေကိုကြားတော့ ဦးပေါက်စက သူ့ပုဆိုးကို ဓားနှင့် နှစ်ခြမ်းခွဲပစ်လိုက်သည်။

"မြနှစ်ရေ ဒီမှာ အနီးလာယူဟေ့"

ဗိုလ် ကလေးကိုတွေးဖို့ထက် ဦးပေါက်စ၏ မရှိမဲ့ ရှိမဲ့ပုဆိုးလေးကိုသာ နမြောနေမိ၏။ အတော်ဒုက္ခပေးတဲ့ ကလေး။

"အူဝဲ . . . အူဝဲ . . . အူဝဲ"

"ဗိုလ်ရေ . . . ဒီမှာ နင့်ညီလေး ကြည့်ပါဦး။ နင်နဲ့တူတယ်တော့"

ဒေါ်မြနှစ်က ဝမ်းသာအားရနှင့် ကလေးကို ချီပြ ပြီး ဗိုလ့်ကိုပြပေမယ့် ဗိုလ် နားနှစ်ဖက်ကိုပိတ်ပြီး မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကို စုံမှိတ်ထားလိုက်၏။ မေမေပြောခဲ့တဲ့စကားတွေက နား ထဲမှာ စွဲနေခဲ့သည်လေ။

"လှုယုတ်မာရဲ့သွေး ဖျက်ချလို့မရတော့လို့ ထား လိုက်ရပေမယ့် မေ့တ္တာမထားနိုင်ဘူး။ မုန်းတယ်။ သူ့အဖေ ကိုလည်း မုန်းတယ်။ သူ့ကိုလည်း မုန်းတယ်"

ဗိုလ် ကလေးကို ကြည့်ချင်ဖို့မပြောနှင့် နောက်သို့ သာ ဆုတ်သွားပြီး ခေါင်းတခါခါ။

"ဟင့်အင်း . . . သား သူ့ကိုမကြည့်ချင်ဘူး။ မုန်း တယ် . . . မုန်းတယ်။ သွား . . . ခေါ်မလာပါနဲ့"

"ဟယ် . . . ဗိုလ်"

"ဒါ . . . မင်းရဲ့ညီလေးလေ ဗိုလ်ရဲ့"

"သူ့ကြောင့် မေမေ ငိုခဲ့ရတယ်။ သူ့ကြောင့် မေမေ နာကျင်လို့အော်နေရတာ။ သားတို့ ဒုက္ခရောက်ရတာ သူ့ကြောင့်"

"ဟာ . . . ကွာ"

ဗိုလ် ခါးခါးသီးသီး ငြင်းလေတော့ သက်ပြင်းချသံ နှင့်အတူ ဦးပေါက်စတို့လင်မယား ကလေးကို ပြန်ခေါ်သွား ကြ၏။ စစ်သည်ဗိုလ်ဆိုတဲ့ ဗိုလ့်နာမည်နှင့်ဆင်အောင်





ကလေးကို စစ်သွေးဦးလို့ နာမည်ပေးကြတာလည်း သူတို့ လင်မယားပါ။

စစ်သွေး တစ်နှစ်သားအရွယ်ရောက်မှ မေမေက ရန်ကုန်က သူ့အဒေါ်အိမ်ကို သွားမယ်ဆိုပြီး ထွက်လာခဲ့ကြ သည်။ ရန်ကုန်ကိုရောက်တော့ မေမေ့ရဲ့အဒေါ်အဘွားနှင့် အတူ ကြံ့ရာကျပန်း လုပ်ကိုင်စားသောက်ကြရင်း ဦးဘမင်း နှင့် တွေ့ခဲ့ကြတာပါ။ မေမေ့ကို ဦးဘမင်းရဲ့ကားနဲ့ တိုက်မိ မဲလို့ဖြစ်ရာက အိမ်ကိုလိုက်ပို့ရင်း မေမေ့အကြောင်းကို သိ သွားတော့ ဦးဘမင်း သနားသွားသည်ထင်ပါရဲ့။

သနားလို့ကူညီရင်း နောက်တော့ ဦးဘမင်းက လက်ထပ်ခွင့်တောင်းလို့ အဘွားကိုယ်တိုင် မေမေနှင့် ဦးဘ မင်းကို လက်ထပ်ပေးခဲ့တာပါ။

အဲဒီကစလို့ . . .





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

"တီ . . . တီ"

"ဟင်"

ကားဟွန်းသံကြောင့် စစ်သည် အတိတ်ကို နှုယ်သွားသည့်ကြိုးမှာ ပြတ်တောက်သွား၏။ ခြံထဲက ကားဟွန်းတီးသံကြားတာသည် ခြံစောင့်ကို တံခါးဖွင့်ပေးဖို့ အချက်ပေးတာနေမှာပေါ့။

သိပ်မကြာလိုက်ပါဘူး။ ခြံထဲမှ ကားလေးတစ်စီး ထွက်လာသည်။ မိုလ် ပြုံးလိုက်ပြီး ထိုကား၏နောက်မှ သူ



ကားကို မောင်းကာလိုက်လာခဲ့၏။ ဖအေကိုတွေ့မှတော့ သမီးကို ခြေရာခံဖို့ဆိုတာ ခက်တဲ့အလုပ်မှမဟုတ်တာ။

သျှင်မင်းခ။ သူ့မကားလေး ခြံထဲမှ ထွက်လာကတည်းက နောက်မှ ထက်ကြပ်မကွာလိုက်လာသော ကားကို သတိထားမိသွား၏။ ဒါ လမ်းကြောင်းချင်းတူတာတော့ မဖြစ်နိုင်။ အခြေအနေသိရအောင် သျှင်မင်း လူရှင်းသည့်နေရာကို တမင်ရွေးပြီးမောင်းလာခဲ့၏။ တစ်နေရာအရောက်မှာ သျှင်မင်း ကားကို ရပ်လိုက်တော့ နောက်ကားကလည်း ရပ်သွားသည်။

တမင်လိုက်လာသည်ဆိုတာ သိသာနေပြီပဲ။ သျှင်မင်း ကားပေါ်မှ ဆင်းပြီး တမင်တကာပဲ ကားစက်ဖုံးကို ဖွင့်ကာ ဟိုစမ်း ဒီကြည့်လုပ်နေလိုက်၏။ မျက်လုံးကတော့ တစ်ဖက်ကားဆီသို့ ခဏ ခဏ ရောက်၏။

သိပ်မကြာလိုက်ပါဘူး။ တစ်ဖက်ကားပေါ်မှ ဆင်းလာသူ၏ပြောင်လက်နေသော ရှူးဖိနပ်ကို အရင်မြင်ရသည်။ လူလုံးပေါ်လာပြီဆိုတော့ စစ်သွေးဟု နှုတ်မှ ဖွဖွလေး ထွက်သွားပြီး နောက်မှ မဟုတ်ဘူးဆိုတာ သိသွား၏။ စစ်သွေးနဲ့ ရုပ်ချင်းဆင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကူညီရမလဲ"

သူက သျှင်မင်း ဘေးမှာ လာရပ်ပြီးမေးလေတော့ သျှင်မင်း သူ့ကို တစ်ချက်သာမော့ကြည့်ပြီး . . .

"မလိုပါဘူး"

ခပ်ပြတ်ပြတ်ပဲ ပြောလိုက်၏။ ဒါကိုပဲ ထွက်မသွားသေးဘဲ လက်ပိုက်ရပ်ကာ . . .

"အင်း . . . ဘယ်အကူအညီလိုပဲ့မလဲ။ ကားက ဘာမှမှ မဖြစ်တာပဲနော်။ ပျက်ချင်ယောင်ဆောင်တဲ့ကား ကို အပြင်ရခက်တာပေါ့"

"ဘာ . . . ရှင့်"

"လှတယ်နော်"

"ရှင် ဘာစကားပြောတာလဲ။ လူကို ဘယ်လိုအစား များ မှတ်နေလဲဟင်"

"အမြင့်ဆုံးအမျိုးအစားထဲက မဟုတ်လား။ ကြိုက် ဈေးကိုခေါ်ပါ တစ်ပြားမှ မဆစ်ဘူး"

"ရှင် . . . တောက်"

မြင်မြင်ချင်း ဆောက်နင့်ထွင်းဆိုသလို ကိုယ့်ကို အကြောကြီးနဲ့ပြောနေသူကို သျှင်မင်း ဒေါသထွက်သွား၏။





ဒေါသက ရင်ထဲမှာပဲ ငြိမ်နေဘဲ လက်တစ်ဖက် ရိပ်ခနဲ မြောက်တက်သွားလေတော့ စစ်သည်ဗိုလ်ပဲလေ။ ရှေ့ကပဲ ပစ်ပစ်၊ နောက်ကပဲ ချိန်ချိန် ကိုယ့်ဆီလာတဲ့ ကျည်ဆန်ကို ကာကွယ်နိုင်ပြီးသားပါ။ သျှင်မင်း၏လက်ကောက်ဝတ်ကို လျင်မြန်စွာ ဖမ်းဆုပ်၍ ပြုံးလိုက်၏။

"ရန်သူကို ထိအောင်တိုက်ချင်ရင် အလစ်ကို ချောင်းရတယ်ကွ"

"လွှတ် . . . လွှတ်စမ်း"

သျှင်မင်းလက်ကို ရုန်းပေမယ့် သူက လွှတ်မပေး သေး။

"နောက်ထပ် ကိုယ့်ပါးဆီကို ရောက်မလာဘူးလို့ အာမခံမှ မရှိတာ"

"ရှင် . . . လွှတ်နော်။ ကျွန်မ အော်လိုက်ရမလား"

"အော်လေ။ ဘုမသိဘမသိဆိုတဲ့စကားကို မင်း ကြားဖူးမှာပေါ့။ မင်း အော်လိုက်မှ ငါလည်း မသိဘဲနဲ့ ဘုမ ရဲ့ယောကျ်ား ဖြစ်သွားမှာ။ သိတယ်မဟုတ်လား။ နောက်ဘာ ရဲမက်တွေလိုက်ဖမ်းလို့ပြေးရင်း ဘုမရဲ့ထမင်းဝိုင်းမှာအတင်း ဝင်စားလို့ ဘုမက သူ့ယောကျ်ားလို့ ရဲမက်တွေကို ပြော



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးရတဲ့ မင်းသား။ အခုက အဲဒီအဖြစ်ကို ပြောင်းပြန် လှန်ပြီး . . .”

“တော်စမ်း”

သျှင်မင်း ဒေါသကြောင့် အသားလေးတွေ ဆတ်ဆတ် တုန်သွားသည်။ လက်ကို မရမကရုန်းလေတော့ သူက လွှတ်ပေး၏။ သျှင်မင်းလက်ကောက်ဝတ်ကလေး နာသွားသဖြင့် ကျန်လက်တစ်ဖက်နှင့် ဆုပ်ကာ နှုတ်ခမ်းကို ဖိကိုက်ထား၏။

ဒီနေရာမှာ ကားရပ်မိတာ မှားပြီလား။ သျှင်မင်း ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်ကာ ဆုရှင်ရိုက်ချင်စိတ်ပင် ပေါက်သွား၏။ သူက သျှင်မင်းကို စိုက်ကြည့်၍ ခပ်ထေ့ထေ့ ပြုံးကာ . . .

“မင်းက ကိုယ့်ကို မသိပေမယ့် ကိုယ်က မင်းကို သိတယ်၊ ဟိုးငယ်ငယ်လေးကတည်းကပဲ”

“ရှင့်ဘာသာ သိချင်သိ၊ မသိချင်နေ ကျွန်မနဲ့ မဆိုင်ဘူး”

“ဆိုင်တာပြောလို့ ရမလား”

“မပြောနဲ့”





သျှင်မင်း ခြေဆောင့်ကာ သူ့ရှေ့က လှည့်ထွက်မည်လုပ်တော့ . . .

“ဟော့ . . . ပျက်ချင်ယောင်ဆောင်တဲ့ ကားစက်ဖုံးကို ပိတ်သွားဦးလေ”

“အမြင်မတော်ရင် ပိတ်လိုက်ပါလား”

စစ်သည် ကားစက်ဖုံးကို ပိတ်မပေးဘဲ ဟိုကြည့် ဒီကြည့်လုပ်နေလိုက်သည်။ ဒီလိုလွယ်လွယ်လေးနဲ့ သွားခွင့်ပြုပါ့မလား။ စီးကရက်နှင့်မီးခြစ်ကို ထုတ်၍ စီးကရက်ကို မီးညှိကာ ဖွာရှိုက်ရင်း မီးခိုးငွေ့တွေကြားကပဲ သျှင်မင်းမျက်နှာကို တစိမ့်စိမ့်ကြည့်နေ၏။

ပုံစံကိုက ကားနဲ့ပြေးတိုက်ချင်စရာပဲ။ သူ လုပ်နေပုံက သျှင်မင်းကို ဒေါသမဖြစ်ဖြစ်အောင် ဆွပေးနေသလိုပါပဲ။

“ဒီမှာ”

“ဘာလဲ”

“ပိတ်ပေးလေ”

“မင်းခိုင်းတိုင်းလုပ်ပေးရအောင် ကိုယ်က မင်းအိမ်မှာ ဘာတာဝန်မှယူထားတဲ့သူ မဟုတ်ဘူးနော်။ အမြင်



www.burmeseclassic.com

www.burmeseclassic.com



မတော်ရင် ဝိတ်ပေးပါလို့ပဲ မင်းပြောတာ။ ကိုယ်က အမြင်တော်တယ်လေ။ အဲဒါကြောင့် ကြည့်နေတာ"

"တောက်"

သျှင်မင်း ကားပေါ်မှပြန်ဆင်းလာပြီး ကားစက်ဖုံးကို ဝိတ်လိုက်၏။

"ဝုန်း"

"ဟား . . . ဟား . . . ဟား . . . ဟား"

သျှင်မင်းဒေါနှင့်မောနှင့် ဖြစ်နေပုံကို ကြည့်ပြီး သူက အသံထွက်အောင်ပင် ရယ်နေသေးသည်။ သျှင်မင်း ကားပေါ်သို့ တက်ထိုင်လိုက်တော့ သူလိုက်လာပြီး ကားတံခါးနားမှာ ရပ်၍ လက်ထောက်ကာ . . .

"မင်းနောက်ကို ကိုယ်လိုက်နေတာ သိတယ် မဟုတ်လား"

မျက်စောင်းက တန်းခနဲရောက်လာပြီး . . .

"သိတယ် . . . သိတယ်"

"ကိုယ် . . . မင်းကို စိတ်ဝင်စားလို့ လိုက်နေတာ"

"သေပါလား"

"မင်းသတ်လေ"



"ဒီမှာ"

"ပြော"

"ရှင် ကျွန်မကို လိုက်မနှောင့်ယှက်ပါနဲ့။ ကျွန်မ တောင်းပန်ပါတယ်။ သွားပါတော့ရှင် . . . သွားပါတော့"

သျှင်မင်း ဦးချလုမတတ် တောင်းပန်လေ၏။ စိတ်ဝင်စားလို့ ချဉ်းကပ်ပုံက ဒဿဘီလူးကျနေတာပဲ။ တော်တော် တုံ့ပြန်ချင်စရာကောင်းတဲ့ပုံ။ ရုပ်ကလေးချောတောမောတောနဲ့ လုပ်ပုံက ဖွတ်မင်းသားလို။ သူ့ကိုယ်သူဘာများမှတ်နေလဲ မသိဘူး။

ခုမှပဲ မြင်ဖူးတွေ့ဖူးတယ်။ လူ့ကို ဆွဲလားလွဲလားက လုပ်သေး။ ပြောလိုက်ရင် မခံချင် မခံသာနဲ့။ ညင်ညင်သာသာ တစ်ချက်မှမရှိ။ ဘီလူးကို မျောက်မြီးတပ်ပေးတဲ့အတိုင်း ဝင်ရောသူ့ကို ဘယ်လိုမိန်းကလေးက ကြည်ဖြူမှာလဲ။ သူ့ဘာသာ စိတ်ဝင်စားရုံမကလို့ ဆင်တွေ၊ ကျားတွေပါ ဝင်စားစား သျှင်မင်းကတော့ ဂရုမစိုက်ပေ။

"ရှင် ဖယ်နေ့ာ်။ ကျွန်မ တိုက်ပစ်လိုက်ရမလား"

စောစောက တောင်းပန်လိုက်မှပဲ ကားစက်ဖုံးပေါ်မှာ သွားထိုင်နေသောပုဂ္ဂိုလ်ကို ဥပဒေသာမရှိလျှင်

www.burmeseclassic.com

www.burmeseclassic.com



သျှင်မင်း တိုက်ပစ်လိုက်ပြီ။

"သတ္တိရှိရင် တိုက်လေ။ မသေခင် မင်းရဲ့နာမည်လေးတော့ ပြောခဲ့။ ဒါမှ တမလွန်မှာ မင်းနာမည်ကို တဖွဖွရွတ်ပြီး သရဲမလေးတွေထဲမှာ မင်းကိုရှာလို့ရမှာ"

"ဘာ"

"မင်းလည်း တစ်နေ့သေရမှာပဲ။ ကိုယ် တမလွန်ကနေ မင်းကို စောင့်နေမယ်၊ မင်းရောက်မလာမချင်း ကိုယ် လူပြန်မဝင်စားဘူး။ မင်းရောက်လာမှ သရဲပြည်မှာ..."

"တော်တော့ . . . တောက်"

သူ့စကားကြောင့် သျှင်မင်း ကျောပင်ချမ်းလာသည်။ သူ ပါးစပ်သရမ်းတာက အကြောင်း မဟုတ်ဘူး။ လူဆိုတာ အတိတ်နိမိတ်နဲ့နေကြတာ။ သျှင်မင်း ကားတံခါးကို ဆောင့်တွန်းပြီး ဆင်းလာခဲ့၏။ သူ့အနားကိုရောက်တော့

"ကဲဟာယ"

"ဟ"

သျှင်မင်း သူ့ကို အားကုန်ဆောင့်တွန်းပစ်လိုက်၏။ သျှင်မင်း တွန်းပေမယ့် သူ့ကိုယ်ကြီးက နည်းနည်းယိုင်သွားရုံအပ ရွေ့မသွား . . .

•——ရှေ့ဆက်ရန်——•



"ကဲ . . . ကဲ"

"ဟား . . . ဟား . . . ဟား"

သျှင်မင်း ဆက်တွန်းနေတော့ သူက သျှင်မင်းလက်ကို ဖမ်းဆုပ်လိုက်ပြီး သူ့ရင်ခွင်ထဲအထိ ဆွဲပွေ့ဖက်လိုက်သည်။ ပြီးတော့ ကြမ်းရှသော အနမ်းတွေပေး၏။

ဦးနေဝလ . . . ခင်ဗျား စော်ကားခဲ့တဲ့ ကျုပ်အမေက ကလေးတစ်ယောက်အမေ မုဆိုးမပါဗျ။ ခင်ဗျားသမီးက အပျိုနုနုထွတ်ထွတ်ကလေးလေ။

အခု ကျွန်တော့်ရင်ခွင်ထဲမှာ သူ့ခမျာ ရုန်းကန်နေရတာ သနားစရာပါပဲ။ ခင်ဗျားလို ကျုပ်က စကားလုံးချိုချိုတွေနဲ့ မက်လုံးမပေးဘူး ဦးနေဝလ။ လိုချင်ရင် ရအောင်ယူမယ်။ နိဒါန်းပျိုးတဲ့ Lesson လောက်နဲ့ပဲ ဒီနေ့တော့ ဒီမျှပါပဲ။

စစ်သည်၏မျက်နှာကိုမော့ပြီး သျှင်မင်းကိုယ်လေးကို လွှတ်ပေးလိုက်တာနှင့် . . .

"ဖြန်း"

ပါးတစ်ဖက်မှာ မီးပွင့်သွား၏။ စစ်သည်ပါးပြင်ကို ယောင်၍ပင် လက်နှင့်မစမ်းမိ။ ကျေနပ်စွာပြုံးလိုက်သည်။

•——ရှေ့ဆက်ရန်——•

www.burmeseclassic.com

www.burmeseclassic.com



သည်ပါးတစ်ချက်အတွက် နင် တစ်ဘဝလုံး ပေးဆပ်သွားရမှာပါ ပူတူး။ နင့်အဖေရဲ့ယုတ်မာမှုတွေအတွက် နင် ပြန်ပြီး အကြွေးဆပ်ရမယ်။ အခုအချိန်မှာ ငါက ရစရာရှိတဲ့ ကြွေးရှင်ပဲ။

"တောက်"

သျှင်မင်း တက်ခေါက်ပြီး ကားပေါ်သို့တက်ကာ ခပ်ကြမ်းကြမ်း မောင်းထွက်သွား၏။ စစ်သည်ကတော့ ကျေနပ်ခြင်းတို့နှင့်အတူ . . .

"ဟား . . . ဟား . . . ဟား . . . ဟား"

"ဦးနေဝလရေ . . . ခင်ဗျား မိုက်ကားအောင်စားထားတဲ့ ထမင်းလုတ်တွေကို ရင်ထုပြီး အန်ထုတ်ရမယ့် အချိန် ရောက်လာပါပြီဗျာ . . . ဟား . . . ဟား . . . ဟား ဟား"





## အခန်း ( ၁၅ )

စစ်သွေး မမ ပြောပြတာတွေကို နားထောင်ပြီး ဘယ်လိုနားလည်ရမှန်း မသိတော့။ မမကတော့ စစ်သွေးကို ကိုယ့်မောင်လေးလို သဘောထားလို့ဟုဆိုကာ ပြောပြနေတာပင် မျက်နှာလေးရဲရဲနှင့်။ မမအပေါ် ဒီလိုအနိုင်ကျင့်စော်ကားသွားတဲ့သူဟာ ကိုယ်နဲ့တူတဲ့ လူနောက်တစ်ယောက်ရှိပါမည်ဆိုလျှင်တော့ . . .

အဲဒီလူကို ရှာပြီး စစ်သွေးမျက်နှာကို တံတွေးနှင့်ထွေးပြီး လက်သီးစာကျွေးပစ်ခဲ့မှာပါ။ ခုတော့ . . .

"အဲဒီလူက ကျွန်တော်နဲ့ ရုပ်ချင်းတူတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သချာရဲ့လား မမရယ်"

"မမမျက်စိမမှုန်သေးပါဘူး စစ်သွေးရယ်။ အနီးတပ်ရော၊ အဝေးရော နှစ်မျိုးနှစ်ဖုံမြင်ခဲ့ရတာ။ ဆံပင်ပုံ မတူတာကလွဲရင် မင်းနဲ့တော်တော်ကို ဆင်တာ"

"သူ ဘယ်လိုဝတ်လာလဲ"

စစ်သွေးအမေးကြောင့် သျှင်မင်း သူ့ပုံစံကို ဖျတ်ခနဲ ပြန်မြင်ယောင်လာ၏။

"ရုပ်လက်ရှည်အဖြူရောင်မှာ အပြာကွက် ခပ်ရေးရေးပါတယ်။ ဘောင်းဘီက အပြာရင့်၊ အနက်ဘက်ကိုများတယ်။ သူ့ကားနံပါတ်က ( . . . ) အနက်ရောင်"

သေချာပါပြီ။ ဒါထက် သေချာတာ ဘာရှိဦးမှာလဲ။ ကိုကိုမှ ကိုကိုအစစ်ပါပဲ။

မမကို ဘယ်အချိန်ကစမြင်ပြီး ကိုကို စိတ်ဝင်စားသွားပါလိမ့်။ စစ်သွေးသာ ကိုကို့ကိုရှဲပြီး အရင်က ရည်းစားတွေထားခဲ့တာ။ ကိုကိုက မိန်းကလေးတွေကို လှတိုင်းမကြည့်၊ ကြည့်တိုင်း စိတ်မဝင်စားသူ။

အချို့မိန်းကလေးတွေက စပြီး ကိုကို့ကို ရေလာမြောင်းပေးလုပ်တာတောင် ကိုကိုက မသိသလိုရော၊ သိသိ





နှင့်ရော ဂရုမစိုက်တတ်သူ။ သူ့ဘဝမှာ မေမေသည်သာ နံပါတ်တစ်လို့ ကြွေးကြော်ခဲ့သည်လေ။

အခု ဘယ်လိုဖြစ်တာလဲ။ တကယ်ချစ်လို့ တကယ်ကပ်ခဲ့တာဆိုလျှင် ကိုယ့်ခရီးလောင်းဖြစ်မည့် မမကို စစ်သွေးနားချပေးဖို့ ဝန်မလေးပါ။ ကိုယ့်အတွေးနှင့်ကို ပြုံးမိသွားတော့ . . .

"စစ်သွေး"

"ဗျာ"

"ဒီမှာ သူများစိတ်ညစ်နေတာကို မင်းက ဘာပြုံးတာလဲ"

"ပြုံးစရာရှိလို့ပေါ့ မမရာ"

"ဟင်"

"အဲဒီလူက ခုတစ်ခါ မမကို ရည်းစားစကားပြောလာရင် တစ်ခါတည်းသာ လက်ခံလိုက်တော့"

"ဘာရယ်"

မမ မျက်လုံးလေးပြူးသွားတော့ စစ်သွေး ရယ်လေသည်။ ပြီး ဆံပင်တွေကို လက်နှင့်တစ်ချက်သပ်ကာ–

"အဲဒါမှ မမနဲ့ကျွန်တော် တကယ့်မောင်နှမဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်တည်း အတူနေလို့ရမှာ မမရဲ့”

“ဘယ်လို . . . ဘယ်လို”

“ကိုကိုက မ.ဆိုရင် ယင်မတောင် အနားခံတဲ့ တောင် မဟုတ်ဘူး မမရဲ့။ မမနဲ့ကျမှ ဘယ်လိုကနေ ဘယ်လို ရှာန်လျှောသွားတာလဲ မသိဘူး . . . ဟဲ . . . ဟဲ”

စစ်သွေးက လက်ဝါးချင်းပွတ်၊ လက်ကို ပိုချိုး ဒီချိုးနှင့်ပြောလေတော့ သျှင်မင်း ဘာဆက်လုပ်ရမှန်းပင် မသိတော့။ ဒီလောက်ရုပ်ချင်းဆင်နေတာ ထင်တော့ထင်သားပဲ။ တစ်နည်းနည်းနဲ့ သွေးသားတော်စပ်ကြမယ်ဆိုတာ ကိုရော။

အခု ထင်သလိုဖြစ်လာပြီ။ ညီအစ်ကိုဆိုပေမယ့် သျှင်မင်း သူတို့နှစ်ယောက်အပေါ် ထားတဲ့ သဘောထား ချင်းကတော့ တူမှာမဟုတ်ပေ။ တစ်ယောက်က ခင်ဖို့ ကောင်းသလောက်၊ တစ်ယောက်က မုန်းဖို့ကောင်းတာ။

“ဒါဆို သူက မင်းရဲ့အစ်ကိုပေါ့”

“မပြောဘဲနဲ့ကို သိနေသင့်တာ။ မမ ကျွန်တော့်ကို ကျောင်းကအပြန် လိုက်လိုက်ပို့တာကိုများ ကိုကို မြင်သွားပြီး ဒသဘီလူးဖြစ်သွားတာ ထင်တယ်”



“မမကတော့ လုံးဝပဲ”

“ချစ်တယ်လား”

“အမယ်လေး . . . လှမြင်တာနဲ့ လန့်ဖျားဖျားပြီး သေမှာကျိန်းသေတယ်။ ဒီလောက်ကြမ်းတဲ့ရမ်းတဲ့လူကို အရိပ်အယောင်မြင်တာနဲ့ကို ဝေးဝေးမှာ ပုန်းနေမှာ”

သျှင်မင်း လက်ကလေးခါပြကာ နှုတ်ခမ်းမဲ့၍ ဆို လိုက်၏။

“မမ ပါးကွက် ကွက်မလာလို့ တော်သေးတယ် နော်”

“စစ်သွေး . . . မင်းနော်”

သျှင်မင်း ရှက်မျက်နှာလေးနှင့် စစ်သွေးကို လှမ်း ထုလေတော့၏။ စစ်သွေး ပခုံးလေးတွန့်၍ ရယ်လေသည်။ သျှင်မင်းရင်ထဲမှာတော့ ဒေါသရဲ့တစ်ဖက်မှာ အနမ်းခံလိုက် ရတဲ့အဖြစ်ကို တွေးမိတိုင်း ရင်ထဲမှာ တစ်မျိုးကြီးဖြစ်လို့ပါ။

သူ့ကို တစ်ခါမှမမြင်ဘူးပေမယ့် ရင်ထဲမှာ ရင်းနှီး နေသလိုပါပဲ။ စစ်သွေးနဲ့တူနေလို့ပဲ စိတ်ထင်တာဖြစ်မှာပါ။

“မမ”

“ဟင်”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ခင်တယ် မဟုတ်လား"

"အင်း"

"ဒါဆို ကိုကို့ကို ချစ်လို့ရမှာပါ"

"အို . . . ဘာဆိုင်လို့လဲ"

"ခင်မင်မှုကို မေတ္တာတရားပေါင်းထည့်လိုက်ရင် အချစ်ဖြစ်မှာလေ မမရဲ့ ကိုကိုနဲ့ ကျွန်တော်က ရုပ်ချင်းတူတာပဲဟာ။ ကျွန်တော့်ကို ခင်သလို ကိုကို့ကို ရင်းနှီးကြည့်လိုက်။ ပြီးမှ မေတ္တာတရားပေါင်းထည့်လိုက်လေ"

သျှင်မင်း မျက်စောင်းထိုးပစ်လိုက်သည်။ ကြံကြံဖန်ဖန် ခင်မင်မှုကို မေတ္တာတရားပေါင်းထည့်ရမတဲ့။

"မမ ကိုကို့နာမည်ကို သိလား"

"မသိပါဘူး။ သိလည်း မသိချင်ဘူး"

မရှိုမချဉ်မျက်နှာပေးနှင့် စစ်သွေး ခါးကိုကိုင်း၍ သျှင်မင်းမျက်နှာကို တည့်တည့်ကြည့်ကာ . . .

"သိလိုက်ပါ မမရဲ့။ စစ်သည်ဗိုလ်တဲ့"

"ဟင်"

သျှင်မင်း ကားသော့လေးဆီသို့ အကြည့်ရောက်သွား၏။ သူ့နာမည်က စစ်သည်ဗိုလ်တဲ့လား။ ဗိုလ်ဆိုတဲ့





နာမလေးတစ်ခုကို ကြားမိတိုင်း သျှင်မင်း ဗိုလ်ကို သတိရနေခဲ့တာ နှစ်ပေါင်းများစွာ ဘယ်ဆီတွေမှာများလဲ ဗိုလ်ရယ်။ 'အမေနေဝေးပေမယ့် နှင့်အပေါ်ထားတဲ့ ငါ့ရဲ့သံယောဇဉ်တွေက လျော့ရဲ အားခဲမသွားခဲ့ပါဘူး ဗိုလ်ရယ်။

"သျှင်မင်း"

"ဟင်"

ကိုယ့်နာမည်ကိုခေါ်လို့ သျှင်မင်း မော့ကြည့်လိုက်တော့ . . .

"ကိုထိုက်"

"ဒါက ဘာသဘောလဲ သျှင်မင်း။ ကိုယ် အပြင်မှာ လျှောက်လည်ဖို့ခေါ်တော့ မအားဘူးလေး ဘာလေးနဲ့။ အခုတော့ အားနေလို့ ဒီမှာလာထိုင်နေတာပေါ့ ဟုတ်လား"

"ကိုထိုက်"

သျှင်မင်းမျက်နှာ တင်းခနဲဖြစ်သွား၏။

"ကိုထိုက်စကားပြောတာ ဆင်ခြင်ရင် ကောင်းလိမ့်မယ်။ ရှင်ပြောပုံအရဆို သျှင်မင်းက ဘာဖြစ်သွားပြီလဲ"

"အမြင်က ရှင်းနေတာပဲလေ။ ဒီနေ့မှာ နစ်ယောက်လာထိုင်တယ်ဆိုကတည်းက မေးနေစရာမလို



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ မနေ့ကမွေးတဲ့ကလေးကို သွားမေးလည်း သိတယ်"

"ဒီမှာ"

စစ်သွေး ဆတ်ခနဲ ထရပ်လိုက်၏။

"စစ်သွေး"

သျှင်မင်း လက်ကိုဆွဲပြီး ပြန်ထိုင်းခိုင်းပေမယ့် မရ။ မမလက်ကို ဖယ်ချပြီး စစ်သွေး ခါးထောက်ရပ်လိုက်တာပါ။ စစ်သွေးဆိုတဲ့ကောင်က ကိုကို့ရှေ့မှာသာ ယုန်ကလေး၊ ကြောင်ကလေးလို နေမှာ အခြားကောင်တွေဆိုလို့ကတော့ မဟုတ်တာပြောလျှင် မခံ။

ကိုယ့်သိက္ခာကို စော်ကားလို့ကတော့ ကိုယ့်ထက်ကြီးသူဆိုလျှင် နားရင်းအုပ်ပြီးမှ အသက်ကို ထိုင်ကန်တော့မည့်ကောင်။

"အင်းလျားကန်ဘောင်ပေါ်မှာ မောင်နှမ၊ သူငယ်ချင်း၊ အသိမိတ်ဆွေတွေ အတူတူမထိုင်ရဘူးလို့ ဘယ်သူက သတ်မှတ်ထားလဲ"

"မင်းတို့က အဲဒီစာရင်းထဲမှာမှ မပါနိုင်တာ။ ဘယ်သူ့ကိုပဲမေးမေး ငါ့လိုပဲ ထင်ကြမှာ"



"ကိုထိုက်"

သျှင်မင်း နှစ်ယောက်ကြားမှာ ဝင်ရပ်လိုက်၏။ ကိုထိုက်နှင့်သျှင်မင်းကို လူကြီးတွေ ရည်ရွယ်ထားကြတာ မှန်ပေမယ့် သျှင်မင်းဘက်က ဘာမှတုံ့ပြန်သေးတာ မဟုတ်ပေ။ ဒါကို ပိုင်စိုးပိုင်းနင်းနဲ့။

"ကိုထိုက်နဲ့ သျှင်မင်းက ဘာမှပတ်သက်မှုရှိသေးတာ မဟုတ်ဘူးနော်။ သျှင်မင်းကို ကိုထိုက် ချုပ်ချယ်ပိုင်ခွင့် မရှိဘူး"

"ဘာ . . . သျှင်မင်း"

"အခု ရှင်အထင်လွဲလည်း ကျွန်မ ဂရုမစိုက်ဘူး။ ဒါပေမဲ့ ရှင်သိအောင်တော့ ပြောလိုက်မယ်။ စစ်သွေးနဲ့ ကျွန်မက ဆရာတပည့်ကွဲပဲ။ ကျွန်မအတန်းထဲက ကလေး"

"ဟား . . . ဟား . . . ဟား"

စိုးထိုက်ဇော် ဟက်ဟက်ပက်ပက်ကြီး ရယ်လေတော့ စစ်သွေး လက်သီးကို ခပ်တင်းတင်းဆုပ်လိုက်သည်။

"ဩော် . . . ဆရာမနဲ့တပည့်က အင်းလျားကန်ပေါင်မှာ လာပြီး လေညင်းခံရင်း သင်ခန်းစာတွေ လာဆွေး



www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးတြတာကိုး။ အချစ်သင်ခန်းစာက မသင်လည်း တတ်ပါတယ်ကွာ"

"ခင်ဗျား"

"ခွပ်"

"စစ်သွေး"

စိုးထိုက်ဇော် ရှောင်ချိန်မရလိုက်ပါ။ စစ်သွေးရဲ့ လက်သီးချက်ကြောင့် မျက်နှာမှာ လည်ထွက်သွား၏။

"ခွပ်"

"အား"

"အို"

"ခွပ်"

"စစ်သွေး"

သျှင်မင်း ဆွဲပေမယ့်မရ။ ဒေါသကြောင့် စစ်သွေးရဲ့ လက်သီးချက်တွေက စိုးထိုက်ဇော်ရဲ့မျက်နှာပေါ်မှာ တစ်ချက်ပြီးတစ်ချက်။ ပန်းကလေးကို ပျားပိတုန်းဝဲသလိုတော့ ဘယ်ဟုတ်ပါ့မလဲနော်။

"ခွပ်"

"အား"



"တော်တော့ . . . စစ်သွေး"

သျှင်မင်း မတတ်သာသည့်အဆုံး စစ်သွေးရဲ့ခါး ကို သိမ်းဖက်ထားလိုက်၏။ ဒီလိုမှမဟုတ်ရင် စစ်သွေးရဲ့ ဒေါသအောက်မှာ စိုးထိုက်ဇော် အသက်ပျောက်သွားလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၆ )

"စစ်သွေးဦး"

ကိုကို့အသံကို ကြားတာနှင့် စစ်သွေး အားတက်သရော ထလာခဲ့သည်။ စစ်သွေးမျက်နှာ ပြုံးသွားပေမယ့် စစ်သည်ကတော့ ခပ်စိမ်းစိမ်းအကြည့်တွေနှင့်ပါ။

"ရော့ . . . ဒီမှာ မင်းအတွက် မေမေ လာပို့ခိုင်းတာ"

ကိုကို့လက်ထဲက မုန့်နှင့် ဒံပေါက်ဘူးကိုကြည့်ပြီး စစ်သွေးမျက်နှာလေး ညိုသွားသည်။

"မင်းက အချုပ်ခန်းကို ခြင်ထောင်လို သဘော





ထားပြီး ထွက်လိုက်ဝင်လိုက်လုပ်ချင်နေတဲ့ကောင်ပဲ။ ဒီတစ်ခါတော့ အရသာသိအောင် မြည်းလိုက်ဦးပေါ့"

"ကိုကို"

"ယူပါ။ ဒီတစ်ခါ ငါ ဘာအာမခံနဲ့မှ ထုတ်မပေးနိုင်ဘူး"

စစ်သွေး ဝမ်းနည်းစွာနှင့်ပဲ ကိုကို့လက်ထဲက ဒံပေါက်ဘူးနှင့် မုန့်တွေကို ယူလိုက်၏။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ သူကျွေးတာကိုစားပြီး သူ ထားသလိုနေခဲ့ရုံသာ ရှိတော့သည်။

"ကိုယ့်အပြစ်နဲ့ကိုယ် ခံလိုက်ဦးပေါ့ စစ်သွေးဦးရာ"

"ဘာမှခံစရာမလိုဘူး။ သူ့မှာအပြစ်လည်းမရှိဘူး။ ခုပဲ စစ်သွေးကို ကျွန်မကိုယ်တိုင် အာမခံနဲ့ လာထုတ်တာ"

"ဗြော်"

အသံလာရာဆီသို့ လှည့်ကြည့်ပြီး စစ်သည် ဟွန့်ခနဲ ရယ်လိုက်သည်။

"မင်းကိုး"

"ဟုတ်တယ်။ စစ်သွေး ခုလိုဖြစ်တာ ကျွန်မရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ရင်းဖြစ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့စစ်သွေးက သိနေတာကိုး"

"သိရုံတင် ဘယ်ကပဲ့မလဲ။ ကျွန်မက စစ်သွေးရဲ့ အတန်းပိုင်ဆရာမ။ ရှင်က အစ်ကိုတစ်ယောက်လုပ်နေပြီး နေစိမ့်နိုင်ပေမယ့် ကျွန်မက ကျွန်မ ကျောင်းသားအတွက် ဘာမဆိုရင်ဆိုင်ရဲတဲ့သတ္တိရှိတယ်"

"သြော် . . . သြော်"

စစ်သည် မဲ့ခနဲဖြစ်သွား၏။ ပြီးမှ ပူတူးနှင့်မျက်နှာချင်းဆိုင်ရပ်လိုက်ကာ ရဲရဲတင်းတင်းကြီး စိုက်ကြည့်လိုက်၏။ တကယ်ဆို သူမမှာလည်း ကိုယ်နှင့်တန်းတူအခွင့်အရေးရှိနေတာပဲ။ တာဝန်ယူပြီး ဖြေရှင်းလိုက်ပေါ့။

စစ်သွေးက ကိုယ့်ခြံထဲက သီးပင်စားပင်လို တစ်ဦးတည်းပိုင်မှ မဟုတ်တာ။ ခြံနှစ်ခြံကြားက ခြံစည်းရိုးလို သူ့ဘက်ကိုယ့်ဘက်ဆိုင်နေကြတယ်ဆိုတာ နင်မှ မသိသေးဘဲ ပူတူးရယ်။ သိလာတဲ့နေ့ ဘယ်သူ့မှာ တာဝန်ပိုရှိလဲ နင် သိလာမှာပါ။ တို့သားအမိက စစ်သွေးကို ဒီအရွယ်ထိအောင် ပြုစုပျိုးထောင်လာခဲ့ပြီးပြီ။ အပင်ကြီးက ဟီးထပြီး အသီးတွေ ဝေလာမှတော့ မစားချင်နဲ့ပေါ့။

တာဝန်မဲ့သူတွေကို ခါချဉ်အုံထုပ်နဲ့ ပစ်လွှတ်မှ



တော့ နာလုချေရဲ့လို့ မညည်းနဲ့။ စစ်သည်တို့က ခွေးနဲ့ရှူးတိုက်လွှတ်ဦးမှာ။

"ကလေးက ဒီလောက်စာမေးပွဲနီးနေတာကို ရှင့်မို့လို့ မစိုးရိမ်မပူပန်တတ်တယ်။ ရှင့်လောက် ရက်စက်တဲ့အစ်ကို တစ်ခါမှကို မတွေ့ဖူးသေးဘူး"

"နောက်တော့ မင်းတွေ့ဖူးမှာပါ။ စစ်သွေးအပေါ်ငါ့ထက်ရက်စက်ခဲ့တဲ့သူတွေ ရှိတယ်။ မင်းနဲ့အနီးဆုံးမှာပဲ"

"ဘာ"

"မမ"

မမဆိုတဲ့ခေါ်သံကြောင့် စစ်သည်အကြည့်က စစ်သွေးဆီသို့ ရောက်သွားသည်။ အတန်းပိုင်ဆရာမကို မမတဲ့လား။

"ကျွန်တော့်ကြောင့် ကိုကိုနဲ့မမ စကားမများကြပါနဲ့နော်"

"များချင်လို့များနေတာ မဟုတ်ဘူး စစ်သွေးရဲ့"

"ကျွန်တော် သဘောပေါက်ပါတယ် မမရယ်"

စစ်သွေးအသံက တိုးလျသွား၏။ ကိုကို့ကို ကြောက်သလို မမ စိတ်ရသွားမှာကိုလည်း စိုး၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း စစ်သွေးကို အာမခံနဲ့လာထုတ်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်"

ပြောပုံက ခပ်ထွေ့ထွေ့မို့ . . .

"မလိုပါဘူး"

"ကိုယ်ကလိုအပ်လို့ ပြောလိုက်တာ။ ကိုယ် လူတိုင်းကို ကျေးဇူးတင်တတ်တယ်လို့ မင်း ထင်နေလား"

"ကျွန်မကလည်း ကျွန်မအတွက် မလိုအပ်လို့ မလိုအပ်ဘူးလို့ ပြောတာ။ ရှင့်လိုပဲပေါ့။ ကျေးဇူးတင်တယ် ပြောတိုင်း ကျွန်မ အကျိုးစီးပွား တိုးဖို့၊ ယုတ်ဖို့ မရှိဘူး"

"မင်း . . . ကိုယ်နဲ့တွေ့ရင် တော်တော်စွာတာပဲ"

သျှင်မင်း မျက်စောင်းထိုးပစ်လိုက်၏။ သူတို့နှစ်ယောက် စကားများနေကြတုန်းမှာပဲ စစ်သွေးကို ရဲ နှစ်ယောက်လာပြီး အချုပ်ခန်းထဲကနေ ထုတ်ပေး၏။

"စစ်သွေး"

"ကျေးဇူးတင်ပါတယ် မမ"

"လာပြန်ပြီ ဒီကျေးဇူး"

"မကြိုက်ရင် မပြောတော့ဘူး။ ဆောရီး မမ"

"စစ်သွေး"



"ဗျာ"

ကိုကို့ခေါ်သံကြောင့် စစ်သွေးမျက်နှာ ကိုကို့ဘက်သို့ လှည့်လိုက်သည်တွင် . . .

"ငါစောင့်နေမယ်"

ပြောပြီး မျက်မှန်ကို ဟန်ပါပါတပ်ပြီး ထွက်သွားလေလျှင် . . .

"ဟွန်း . . . တော်တော်မုန်းဖို့ကောင်းတဲ့လူ"

စစ်သည် ခြေလှမ်းတွေ ရပ်တန့်သွားပြီး သျှင်မင်းကို လည်ပင်းလိမ်၍ကြည့်ကာ . . .

"တစ်နေ့နေ့မှာ မင်းချစ်လာနိုင်ပါတယ်"

"ဘာ . . . ရှင် . . . တောက်"

"မမကလည်း"

စစ်သွေး မမရဲ့ပခုံးလေးကို ဆုပ်ကိုင်ပြီး သူ့ဘက်ကို ဆွဲလှည့်လိုက်သည်။ သူ လှည့်ပေးလိုက်တာ ဦးသွားပေလို့ပေါ့။ မဟုတ်ရင် ကိုကို ပခုံးတွန့်ပြီး မချိုမချဉ်ရယ်သွားတာကို မမ မြင်လို့ကတော့ ကဆုန်ပေါက်ပြီး ကျောကို လိုက်ထုမလားဘဲ။

"ကျွန်တော့်မျက်နှာကို ထောက်ထားပြီး ကိုကို့ကို

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပေးလိုက်ပါ မမရယ်နော်"

"ကဲ . . . ထားပါတော့။ စာမေးပွဲနီးနေပြီ။ မင်း ပြောတဲ့အတိုင်း ဒီပါအောင် ကြိုးစားပေတော့"

"စိတ်ချပါ မမရဲ့"

"အကူအညီလိုရင်ပြောနော်"

"ဟုတ်ကဲ့"

သျှင်မင်း စစ်သွေးရဲ့လက်မောင်းကို ဆုပ်ကိုင်၍ ရဲစခန်းထဲမှထွက်လာခဲ့၏။ ယောကျ်ားလေးတွေနဲ့ တအား ရင်းရင်းနှီးနှီး မဆက်ဆံခဲ့ဖူးသော သျှင်မင်း စစ်သွေးကိုကျ မှ ဘာလို့ခင်တွယ်နေမိမှန်းမသိပေ။ ဒီသံယောဇဉ်မှာ ဘာ ကာလာမှမပါတာ ကိုယ်သာ သိပါသည်။

"မမ"

"ဟင်"

"ကိုကို မမကိုကြည့်နေတယ်"

"မင်း သူ့မျက်လုံးကို ထိုးဖောက်ပေးပါလား"

"အဟား . . . မလုပ်ပါနဲ့ မမရယ်။ ကျွန်တော် ထမ်းပိုးကနေ ခေါင်းနဲ့ဆင်းနေရပါ့မယ်"

"လာခဲ့လေ မမတို့အိမ်ကို။ မင်းတစ်ယောက်





တော့ မမကျွေးထားနိုင်တယ်"

"နေပါစေ မမရယ်။ တော်ကြာ မမယောကျ်ားရမှ ဖြင့် ကျွန်တော် ဘုံပျောက်နေပါ့မယ်"

မျက်စောင်းလေးထိုးကာ သျှင်မင်း စစ်သွေးလက် ကို မနာအောင် လိမ်ဆွဲလေ၏။ စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ ကားနားကိုရောက်လေတော့ . . .

"ကဲ . . . မမ သွားမယ် စစ်သွေး"

"ဟုတ်"

သျှင်မင်း သူမ၏ကားဘက်သို့ ခြေလှမ်းကို ဦးတည်လိုက်စဉ် . . .

"ဟိတ် . . . ဒီမှာ"

သျှင်မင်း လှည့်ကြည့်လိုက်တော့ မျက်မှန်ကို ချွတ်ထားပြီးသော စစ်သည် မျက်စိတစ်ဖက်ကို မှိတ်ပြ လိုက်၏။

"ဟွန်း"

ခြေဆောင့်၍ မျက်မှာပြန်လွှဲသွားသော သျှင်မင်း ကို ကားလေးထွက်သွားသည်အထိ စစ်သည် လှမ်းကြည့် နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပူတူးရယ် . . . နှင်နဲ့ငါကြားမှာ နှင့်အဖေသာ မှန်တိုင်းလိုဝင်မမွှေခဲ့ရင် သိပ်ကောင်းမှာပဲဟာ။ အဲဒီလိုသာ ဖြစ်ခဲ့ရင် အခုချိန်မှာ နှင့်ရှေ့မှာ ငါဟာ ဗိုလ်ပါလို့ဖွင့်ပြော လိုက်ရင် နှင် အရမ်းဝမ်းသာမှာပဲ မဟုတ်လား။

ခုတော့ နှင့်အဖေကြောင့် နှင့်ကိုပါ ငါ မုန်းနေမိ တာထင်တယ်။ စိတ်တော့မကောင်းပါဘူး ပူတူး။ ရန်ကို ရန်ချင်းမတုံ့နှင်းရဆိုတဲ့ စကားက ငါ့မတွက် အသုံးဝင်မှာ မဟုတ်ဘူး။ နှင်ကတော့ မြေဇာပင်ပေါ့ဟာ။ မေဖေ့ရဲ့ခံစား မှုတွေအတွက် ငါ အကြွေးတောင်းရမယ်။

"ကိုကို"

" . . . "

"ကိုကို"

"အင် . . . ဟေ . . . ဘာလဲ"

"မောင်းတော့လေ။ မမကဖြင့် အိမ်ရောက်လို့ တစ်ရေးအိပ်နေရော့မယ်"

စစ်သွေးပြောမှပဲ စစ်သည် ကားကိုမောင်းထွက်ခဲ့ ၏။ အတွေးစကို ဖြတ်ပစ်လိုက်ပြီး . . .

"သူ့နာမည်ဘယ်လိုခေါ်လဲ"



"ဗျာ"

"နာမည်မေးနေတာလေ။ မကြားဘူးလား"

"စစ်သွေးဦး"

"ဟော့ကောင် . . . နာတော့မယ်"

"ဘာလဲ ကိုကိုရ။ ကိုကိုပဲ နာမည်မေးပြီးတော့"

စိတ်ကောင်းလေးဝင်နေသလားလို့ စစ်သွေး ကိုကို့ ကို ကြည့်တာပါ။ ညီရယ် အစ်ကိုရယ်လို့ နွေးနွေးထွေး ထွေးနေချင်ပေမယ့် နေခဲ့ဖူးလို့လား။

မသိဟန်ဆောင်ပြီး မထုံတတ်အေးပုံစံနဲ့ စတာကို မကျေနပ်လို့ ကားပေါ်က ကန်ချလည်း ချပေါ့။ သေရုံအပြင် ဘာတိုးရှိဦးမှာလဲ။

"မင်းနာမည်ကို ငါက မေးစရာလားကွ"

"မသိဘူးလေ"

"ဟိုတစ်ယောက်ကိုမေးတာ"

ပူတူးဆိုတဲ့နာမည်လေးကလွဲလျှင် သူ့နာမည်ရင်း ကို စစ်သည် သိခဲ့တာမှ မဟုတ်တာ။ ပူတူးဆိုတဲ့နာမည်ကို ခေါ်ဖို့က အချိန်မတန်သေးတော့ နာမည်ရင်းကို သိမှ ဖြစ် မည်၊ စစ်သွေးရယ်တာကို မြင်ရလေတော့ . . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာကိုရယ်တာလဲ"

"ကိုကိုကချာ တကယ်ပဲ။ မိန်းကလေးတစ်ယောက်ရဲ့ ပါးတောင်ဖက်နမ်းလာပြီးမှ နာမည်မသိတာ မလွန်လွန်းဘူးလား"

"ဟင်"

စစ်သည်မျက်နှာ ရဲခနဲဖြစ်သွား၏။ ဘယ်လောက်ပဲ ကြမ်းခဲ့ရမ်းခဲ့ပါစေ ကိုယ့်လုပ်ရပ်ကို သူများသိတော့ အရှက်သား။

ပြီးတော့ ကိုယ်က တစ်ခါမှရည်းစားထားဖူးတဲ့ကောင် မဟုတ်တော့ ရင်ထဲမှာ ဘာဘာသာတရားတွေ ဓမ္မစကြာရွတ်နေမှန်းမသိ။ နားသာပူသွားတယ် ဘာရွတ်သွားမှန်း နားမလည်တဲ့သူလိုလေ။ စစ်သွေးကတော့ ဒီနေရာမှာ ကိုယ့်ထက်အတွေ့အကြုံရင့်ကျက်သူ။

"မင်း . . . မင်း . . . အဲဒါကို ဘယ်လိုသိလဲ"

"မမ ပြောပြတာလေ"

"ဘာ . . . သူက မင်းကိုပြောပြသလား"

"အင်းလေ . . . သူ့ကို အကြမ်းဖက်သွားတဲ့သူက ကျွန်တော်နဲ့ရုပ်ချင်းတူတယ်ဆိုပြီး စစ်လား မေးလား လုပ်





တော့တာ။ အဲဒီတော့ ကျွန်တော်က လိမ်လို့ရတော့မလား။ နောက်မှပေါ်ရင် ရှုပ်ကုန်မှာစိုးလို့ တောတောစီးစီးပဲ ကိုကိုက ကျွန်တော့်အစ်ကိုပါလို့ ဝန်ခံလိုက်ရတာပေါ့"

"ဟူး"

စစ်သည် လေပြင်းတစ်ချက်မှုတ်ထုတ်လိုက်၏။

စစ်သွေးကတော့ ကျိတ်ပြုံးလေးနှင့် ရင်ထဲမှာ ဝမ်းသာမှုတို့ ဘောင်ဘင်ခတ်နေသည်။ ကိုကိုနဲ့မမ အဆင်ပြေကြရင် သိပ်ကောင်းမှာပဲဆိုသည့်အတွေးနှင့်ပေါ့။ မုသားမပါ လက်ာမချောတဲ့။ မုသားနဲ့အမှန်ကို ကိုသားစိုးလို ရောသမမွှေပြီး ဖြေလိုက်တာ မှတ်ကရောပဲ။

ကိုကိုက စိမ်းကားရက်စက်သူ။ မမက ကြင်နာကရုဏာတွေ ဝေငှပေးကမ်းသူမို့ ကိုကိုနဲ့မမသာ ညားကြရင် မယားပြောရင်တစ်ညဆိုတဲ့စကားရှိသည်လေ။ မမ ဖျောင်းဖျပေးရင် ကိုကို စစ်သွေးအပေါ် မေတ္တာထားလာနိုင်မှာပါ။

"နာမည်လေးမေးတာကို မင်း တော်တော်လှရှည်တဲ့ကောင်ပဲ"

"မမနာမည်က သျှင်မင်းခတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သျှင်မင်းခ"

"ဟုတ်တယ်လေ"

စစ်သွေးကို ခုတုံးလုပ်ဖို့ စစ်သည် ချက်ချင်းပဲ အကြံတစ်ခု ရသွား၏။ ငါးကြင်းဆီနဲ့ငါးကြင်းကို ပြန်ကြော်ရမည်။ မကောင်းတဲ့အကြံများ အချိန်ယူပြီး စဉ်းစားနေဖို့ မလို။

"စစ်သွေး"

"ဗျာ"

"မင်း ငါ့ကိုကူညီရမယ်"

"ဘာကူညီရမှာလဲ"

"မင်းစာမေးပွဲနီးနေပြီ၊ အဲဒီတော့ သျှင်မင်းခကို စာမေးပွဲနဲ့ခြောက်ပြီး ငါနဲ့နီးစပ်အောင် လုပ်ပေး"

စစ်သွေး မျက်မှောင်ကြုတ်သွားပြီး . . .

"သူ့အိမ်သွားရမှာလား။ ကိုယ့်အိမ်ခေါ်ရမှာလား"

"ဘယ်မှာပဲဖြစ်ဖြစ် အဆင်ပြေပါတယ်"

စစ်သွေးခေါင်းညိတ်လိုက်ခြင်းနှင့်အတူ သက်ပြင်းလုံးလေးပါ ရောပါသွား၏။ ကိုကို့ဆန္ဒမှန်သမျှ သူ ဖြည့်ဆည်းပေးမှာပါ။





"ကောင်းပြီလေ။ ကျွန်တော် ကြိုးစားကြည့်ပါ့မယ်"

"ရေဘူးပေါက်တာ ငါ မလိုချင်ဘူး၊ ရေပါတာကိုပဲ လိုချင်တယ်"





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

"ကျက်စာတွေက ပိုင်နေပြီ မမရဲ့၊ တွက်စာတွေ ကျွန်တော် မရဖြစ်နေတာ။ စာမေးပွဲရက်ကပ်လာမှ ဒီ ဦးနှောက်က ခုမှ ဘာဖြစ်နေမှန်းကို မသိဘူး"

စိမ်သွေး ညည်းညည်းညူညူလေးဆိုတော့ သျှင်မင်းမှာ မနေနိုင်။ ဒီကောင်လေးမျက်နှာညှိုးရင်ပဲ သျှင်မင်းရင်ထဲမှာ ဘာဖြစ်မှန်းမသိ။ ဟိုဟာလိုသလို ဒီဟာလိုသလိုနဲ့ တစ်ခါ တစ်ခါ သူ့မျက်နှာပြုံးနေမှပဲ ကိုယ့်မှာ စိတ်ချမ်းသာသလို ခံစားနေရ၏။

"မင်းတို့အိမ်ကိုတော့ မမ မလာချင်ဘူး စိမ်သွေး





ရယ်။ မင်းအစ်ကို ဘုကန့်လန့်နဲ့ မမက မျက်နှာချင်းဆိုင်တာနဲ့ တည့်တာမဟုတ်ဘူး။ တော်ကြာ သူနဲ့ရန်ဖြစ်နေရတာနဲ့တင် မင်းကို စာသင်ဖြစ်မှာမဟုတ်ဘူး"

"ဒါဆို မမအိမ်ကို ကျွန်တော် လာရမှာလား"

"အင်း"

ခေါင်းညိတ်ပြပေမယ့် စိမ်သွေး မပြုံးနိုင်သေးပါ။ လက်နက်မှ မကုန်သေးတာ။ လက်နက်ကုန်အောင် ထုတ်သုံးပြီးမှ မမကို စည်းရုံးရမည်။

"ကျွန်တော် မမအိမ်ကိုလာနေရရင် လာတဲ့အချိန်၊ သွားတဲ့အချိန်နဲ့ အချိန်တွေ အလဟဿဖြစ်ကုန်မှာပေါ့ မမရဲ့၊ အခု ကျွန်တော့်အတွက် အချိန်က တစ်မိနစ်ပဲဖြစ်ဖြစ်၊ တစ်စက္ကန့်ပဲဖြစ်ဖြစ် တန်ဖိုးရှိနေတာ မမ သိရဲ့သားနဲ့"

"ဟင်း"

သျှင်မင်း လည်ပင်းလေးကိုပွတ်၍ သက်ပြင်းချ၏။ စိမ်သွေးပြောတာလည်း မှန်နေသည်ကိုး။

"မမလာခဲ့ပါနော် မမ။ မမကို ကျွန်တော့်အိမ်က လစာပေးမှာပါ မမရဲ့"

"စိမ်သွေး"



www.burmeseclassic.com

www.burmeseclassic.com



သျှင်မင်းအော်လိုက်တော့ စစ်သွေး ဇက်ကလေး ပုသွား၏။

"မင်းက မမကို ငွေမက်တယ်ထင်ပြီး ငွေနဲ့မှုားခေါ်တာလား"

"ဟာ . . . မဟုတ်ပါဘူး မမရယ်"

"မဟုတ်ရင်။ ငါ့ကို ငွေအကြောင်း လာမပြောနဲ့။ အစကတည်းက ငွေမက်ရင် ငါ စီးပွားရေးပဲလုပ်နေမှာပေါ့။ ငွေမမက်လို့ ကျောင်းဆရာမဝင်လုပ်နေတာကွ နားလည်လား"

စစ်သွေး ခေါင်းလေးငုံ့ထားမိသည်။ သူ စကားပြော လောသွားပြီထင်ပါရဲ့။ မမရဲ့စေတနာတွေကို သူ စော်ကားမိပြီလား။ အခြားကျောင်းသားတွေထက် သူ့အပေါ် မမ ပိုဂရုစိုက်၊ ပိုပြီးအရေးပေး ဆက်ဆံခဲ့တာ သာမန်သံယောဇဉ်နဲ့မှ မဟုတ်ဘဲ။

"ဆောရီး . . . မမ။ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် မမပြောသလို မရည်ရွယ်ပါဘူး။ မမ မလာနိုင်ရင်လည်း နေပါ။ ကျွန်တော် အခြားဂိုက်တစ်ယောက် ရှာလိုက်ပါ့မယ်"





ပြောပြီး စစ်သွေး ကားတံခါးကို တွန်းဖွင့်ပြီး ဆင်းလိုက်၏။ ညနေကျောင်းဆင်းရင် မမက စစ်သွေးကို ကြုံရင်ကြုံသလို လိုက်ပို့ပေးနေကျပါ။ စစ်သွေး ခေါင်းငိုက်စိုက်ချထားရာကနေ မမကို တစ်ချက်ကြည့်လိုက်ပြီး . . .

"ကျွန်တော် သွားတော့မယ် မမ"

စစ်သွေး မမရဲ့ကားလေးကို ကျောခိုင်းလိုက်စဉ် -

"စစ်သွေး"

သျှင်မင်း ဒီကလေးမျက်နှာလေး ငယ်သွားတာကို မကြည့်နိုင်ပါ။

"မမ . . . မင်းတို့အိမ်ကို လာခဲ့ပါ့မယ်"

"ဟာ"

စစ်သွေးမျက်နှာလေးပေါ်မှာ ရုတ်ချင်းပဲ ပြုံးရိပ်ထင်သွား၏။ ဒါ မေတ္တာရေဖြန်းလို့ လန်းသွားတဲ့ပန်းကလေးဆိုလျှင် ဒီပန်းလေးကို ဘယ်သူက မြတ်နိုးယုယလို့ ဘယ်သူက အခက်ကိုသင်ပြီး အညွန့်ကို ချိုးမှာလဲ။

"မမ . . . မမ တကယ်ပြောတာနော်"

"တကယ်ပေါ့"

"ဟား . . . ဝမ်းသာလိုက်တာ မမရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလုံးဆို့ပြီး စာမကျက်နိုင်ဖြစ်နေဦးမယ်"

"မဖြစ်ပါဘူး မမရဲ့၊ စိတ်ချပါ။ ဒီနှစ် မမရဲ့မောင် ဂုဏ်ထူးတွေနဲ့ အောင်စေရမယ်"

"ယောက်ျားကတိနော်"

"ကတိ . . . ကတိ"

သျှင်မင်း ကားကို စက်နှိုးလိုက်ပြီး အပြုံးလေးရှိုမြမြနှင့်သာ . . .

"မမ သွားတော့မယ်"

"ဟုတ် . . .Thank you မမ"

သျှင်မင်းရဲ့ကားလေးထွက်သွားတော့ "ငါကွ" ဆိုပြီး စစ်သွေး ထခုန်လိုက်သည်။ ဒါကိုမြင်နေရသော စစ်သည် လွှန်ခနဲပြုံးလိုက်၏။

မင်းတော်တယ် စစ်သွေး။ ဒီအချက်ကိုငဲ့ပြီး မင်းကို ဘေးမဲ့တော့ ပေးလိုက်ချင်ပါတယ်။





အခန်း ( ၁၈ )

စစ်သွေး မမလက်ကိုဆွဲပြီး အိမ်ကြီးဆီသို့ ခေါ်လာခဲ့သည်။ အိမ်ဝကိုရောက်တာနှင့် . . .

"စစ်သည်ရေ . . . သျှင်မင်း လာပြီ၊ စစ်သည်ရေ . . . သျှင်မင်း လာပြီ"

"ဟော့ကောင် . . . တိတ်စမ်း။ ငါ တစ်ယောက်လုံးပါနေတာ မမြင်ဘူးလား"

စစ်သွေး မာန်လိုက်တာက သာလိကာပါ။ သျှင်မင်း ပြုံးရမလို၊ မဲ့ရမလိုဖြစ်သွားသည်။ သာလိကာလေး စကားတတ်လို့ ပြုံးချင်ပေမယ့် ဟိုပုဂ္ဂိုလ်ကို လှမ်းခေါ်နေတော့ မဲ့



www.burmeseclassic.com

www.burmeseclassic.com



ချင်သွား၏။ သာလိကာက သျှင်မင်းနာမည်ကို သိနေတာ ဘယ်သူသင်ထားတာလဲ။ သူလား၊ စစ်သွေးလား။

"စစ်သွေး"

"ဗျာ"

"သူ့ကို ဘယ်သူက မမနာမည်ခေါ်ဖို့ သင်ပေး ထားတာလဲ"

"စစ်သည် သင်တယ်၊ စစ်သွေး သင်တယ်"

"စစ်သည် သင်တယ်၊ စစ်သွေး သင်တယ်"

"စစ်သည် သင်တယ်၊ စစ်သွေး သင်တယ်"

သျှင်မင်းရဲ့အကြည့်က စစ်သွေးဆီကို ရောက် သွားလေသည်။ စစ်သွေးပြုံးလိုက်ကာ . . .

"ဒီကောင် အရမ်းစကားတတ်တာ မမရဲ့၊ မနေ့က မှ ရောက်လာတာလေ။ ကိုကို ဘယ်ကရှာလာလည်းတော့ မသိပါဘူး။ မမကို ကြိုဆိုဖို့ သင်ပေးတာက ကိုကိုပါ။ ကျွန်တော်က မမကိုမြင်မှ မမသျှင်မင်းလာပြီလို့ပဲ ပြော လိုက်တာ"

သျှင်မင်း မောင်ညိုကို သတိရသွားမိ၏။ မောင်ညို နှင့်အတူ ဗိုလ်ကိုပါ သတိရသွားမိတာသည် မောင်ညိုက



ဗိုလ်ကို သူခိုးလို့ အော်တဲ့နေ့ သျှင်မင်းနဲ့ဗိုလ် စတွေ့ပြီး ခင် ခဲ့တာပါ။ ဗိုလ်မရှိတော့ သျှင်မင်း ဗိုလ်ကို သတိရမိတဲ့ အကြောင်းတွေ မောင်ညိုကိုပဲပြောပြပြီး ငိုခဲ့ရတဲ့ ရက်တွေ မနည်းမနောပါပဲ။

နောက်တော့ မောင်ညို ဗိုလ်ဆိုတဲ့နာမည်ကို ခဏ ခဏ ခေါ်လွန်းလို့ တီလေး သျှင်မင်းမသိအောင် ဘယ်လို လုပ်ပစ်လိုက်တယ် မသိပါဘူး။ မောင်ညို သျှင်မင်းဘဝထဲ က ပျောက်သွားခဲ့တာလေ။

"သူ့နာမည် ဘယ်လိုခေါ်လဲဟင်"

"ငါ့ကိုမေးတာလား"

"အင်း . . . ဟုတ်တယ်"

"ငါ့နာမည် မောင်ဖြူ။ ငါ့နာမည် မောင်ဖြူ"

"ဟယ်"

သျှင်မင်း တကယ်အံ့ဩရပါ၏။ မောင်ညိုနဲ့ မောင် ဖြူ။ ဗိုလ်နဲ့စစ်သည်ဗိုလ်။ ပတ်သက်မှုတွေများ ရှိနေပြီလား။

"ကဲပါ . . . မမရယ် . . . လာ။ ဒီကောင် စကား တတ်တိုင်းမေးနေရင် မမ ကျွန်တော့်ကို စာစစ်ပေးဖြစ်ပါဦး မလား"

www.burmeseclassic.com

www.burmeseclassic.com



စစ်သွေးပြောမှပဲ သျှင်မင်း သာလိကာလေးဆီမှ အကြည့်ကို ရုတ်သိမ်းပြီး လိုက်ပါလာခဲ့တော့၏။

"သျှင်မင်းခ"

လေ့ကားထိပ်မှာ စစ်သည်နှင့်ဆုံကြတော့ . . .

"ကျွန်တော် စာကြည့်ခန်းထဲက စောင့်နေမယ် မမ"

"စစ်သွေး"

စစ်သွေး ရှေ့ဆက်သွားလို့ သျှင်မင်း လိုက်မည်လုပ်တော့ စစ်သည်က သျှင်မင်းရဲ့လက်ကို နောက်ပြန်ဖမ်းဆုပ်ထား၏။

"အို . . . ရှင် ဘာလုပ်တာလဲ။ လွှတ်"

"ကိုယ် မင်းနဲ့ဆွေးနွေးစရာရှိတယ်"

"ရှင်နဲ့ကျွန်မကြားမှာ ဘာမှဆွေးနွေးစရာမရှိဘူး စစ်သည်ဗိုလ်။ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ရှင် ကြိုဆိုတာ ဒီနည်းနဲ့လား"

"ဆွေးနွေးတာကိုမှ လက်မခံရင် နောက်မှ ကိုယ့်အဆိုးမဆိုနဲ့"

သျှင်မင်း သူ့ကို မျက်စုံးနှစ်ဖက်တွန့်ကုတ်ကာ





ကြည့်၏။ ဘာဆွေးနွေးစရာရှိလို့လဲ။ ကိုယ့်အဆိုးမဆိုနဲ့ဆိုတော့ သူ ဘာလုပ်နိုင်သလဲ။ စစ်သွေးကိုသာ ငဲ့မနေရင် ဒီနေရာမှာ သျှင်မင်း သည်းခံနေမှာ မဟုတ်ပေ။ လူကို ပိုင်စိုးပိုင်နင်းနဲ့။ သူ့ပိုင်နက်ထဲမှာမို့ သျှင်မင်း စိတ်ကို လျှော့လိုက်ရသည်။

"ရှင် ဆွေးနွေးစရာရှိရင် နောက်မှ ဆွေးနွေးပါ။ စစ်သွေးက စာမေးပွဲနီးနေပြီ"

သျှင်မင်းပြောတော့ သူ သျှင်မင်းလက်ကို လွှတ်ပေး၏။ သျှင်မင်း သူ့လက်ကလွတ်တာနှင့် စစ်သွေးရဲ့ စာကြည့်ခန်းထဲသို့ ကမန်းကတန်းဝင်လိုက်ရတော့သည်။ ဒီလူနဲ့ကြာကြာစကားရပ်ပြောနေရင် အကုသိုလ်က များဦးမှာ။

စစ်သွေးကို စာသင်ပြီးလို့ သျှင်မင်း ပြန်ခါနီးမှာ သူက ကားဘေးမှာ ရပ်စောင့်နေ၏။ သျှင်မင်း သူ့ကို မမြင်ချင်ယောင်ဆောင်သွားလို့ကလည်း မရ။ မရဆို သျှင်မင်း ပြန်မယ့်လမ်းတည့်တည့်မှာ သူ့ကားက ရပ်ထားတာလေ။

"မင်းမှာ ကားမပါဘူးမို့လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လိုက်ပို့ပေးမယ်။ ကားပေါ်တက်"

သျှင်မင်း မတ်တတ်ကလေးရပ်လို့ စဉ်းစားနေဆဲမှာပဲ . . .

"ကဲ . . . လာ"

"အို . . . ရှင်"

သျှင်မင်းလက်ကိုဆွဲပြီး ကားပေါ်သို့ တွန်းတင်ပစ်လိုက်သည်။ အဲဒီလိုရဲတင်းလွန်းလို့ပဲ မုန်းတာလား။ စစ်သည်ကတော့ ဟိုလို သည်လိုပါ စကားလုံးတွေနဲ့ ဖြေရှင်းနေမယ့်ကောင်မဟုတ်ပေ။ ကားကို မောင်းထွက်လာခဲ့ပြီးမှ . . .

"မင်းကားရော"

"ရောင်းလိုက်ပြီ"

"ဘာဖြစ်လို့လဲ"

"အဆင်မပြေလို့"

တိုတိုပြတ်ပြတ်စကားတွေရဲ့နောက်မှာ စစ်သည်မျက်ခုံးထိပ်စနှစ်ဖက် ထိလုမတတ်ဖြစ်သွား၏။

"အဆင်မပြေဘူးဆိုတာ နှစ်မျိုးဖြစ်နေတယ်သျှင်မင်းရ။ ကားနဲ့လူ အဆင်မပြေတာလား။ စီးပွားရေးအဆင်မပြေတာလား"





သျှင်မင်း သူ့ကိုမျက်ဝန်းလေးစွေကြည့်လိုက်ကာ -

"ရှင် . . . တော်တော်စပ်စုပါလား"

"လိုအပ်လို့မေးနေတာ။ မေးပါများ စကားရ၊ သွားပါများ ခရီးရောက်တယ်ဆိုတဲ့ မောင်ပေါက်ကျိုင်းစကားပုံကို မင်း မကြားဖူးဘူးလား"

မျက်စောင်းဆိုတာ မိန်းကလေးတွေရဲ့လက်နက်သာဆိုလျှင် ယောကျ်ားလေးတွေ အတုံးအရုံးလဲကုန်မှာကျိန်းသေပါပဲ။ သျှင်မင်းရဲ့မျက်စောင်းလေးကြောင့် စစ်သည်ပြုံးလိုက်မိသည်။ စစ်သည် ကြားဖူးနားဝရှိတာကတော့ မျက်စောင်းဆိုတာ ချစ်ခြင်းရဲ့ သင်္ကေတပဲ။ မုန်းရင်တော့ တွေးပြီး ဖနောင့်ဆောင့်သွားမှာပေါ့။ အဲလေ . . . ကားပေါ်က ခုန်ဆင်းသွားမှာပေါ့။

"ကိုယ်က ကူညီနိုင်ရင် ကူညီမလို့မေးတာပါ"

လူတစ်ယောက်ကို ကူညီခြင်းရဲ့နောက်ကွယ်မှာ ဘာတွေပါလာနိုင်သလဲ သျှင်မင်း သိပါသည်။ သိပေမယ့် အကူအညီလိုနေတာကလည်း အမှန်။ ဖေဖေ့ရဲ့စီးပွားရေးလုပ်ငန်းတွေ အဆင်မပြေတော့ ဖေဖေ့ခမျာ စိတ်ညှောင်းလို့ ကိုယ်ကြေဖြစ်နေရှာတာ သျှင်မင်း မကြည့်ရက်။



www.burmeseclassic.com

www.burmeseclassic.com



"မေးတာဖြေလေ"

"စီးပွားရေးအဆင်မပြေတာပါ"

လေသံလေးက တိုးလျလျ။

"ကိုယ် ကူညီပါ့မယ်"

"ဟင်"

"မဖြစ်နိုင်ဘူးထင်လို့လား"

"မထင်ပါဘူး"

"ကိုယ် မင်းကို လက်ထပ်ချင်တယ်"

"ရှင်"

ဒီယုန်မြင်လို့ ဒီချုံထွင်တယ်လို့ ပြောချင်လည်း ပြော။ စစ်သည်ဆိုတာ လိုချင်ရင် ရမှ။

"နည်းနည်းပါးပါးတောင် အခွင့်အရေးကို စောင့်မနေဘူး။ တစ်ခါတည်း တန်းပြီး အပေးအယူလုပ်တာပဲ"

"ကိုယ်က ဟန်မဆောင်ချင်ဘူး"

"ကျွန်မ ရှင့်ကိုလက်ထပ်မှ ရှင် ကူညီမှာလား"

"ဘာမျှော်လင့်ချက်မှ မရှိဘဲ သိန်းရာနဲ့ချီပြီး အလကားကူညီတဲ့သူကို မင်း တွေ့ဖူးလား"

အကြည့်ချင်းဆုံသွားကြတော့ ရင်မဆိုင်ရဲစွာ





မျက်လွှာချသူက သျှင်မင်း။ ဖေဖေ့ကို သနားပေမယ့် သျှင်မင်း ဘဝတစ်ခုလုံးကိုတော့ ရင်းနိုင်ပါ့မလား။

"ကိုယ် . . . မင်းကို စိတ်ဝင်စားတယ်။ လက်ထပ်ချင်တယ်။ အနအလှတွေနဲ့ မမွှမ်းမံတတ်တာကို အပြစ်တစ်ခုလို မြင်ရင်တော့ မင်း ကြိုက်သလို ဆုံးဖြတ်ပါ။ ကိုယ့်အကျင့်က လိုချင်ရင်ရအောင်ယူတတ်တယ်"

"ဟင်"

သျှင်မင်း ခါးလေးမတ်ကာ သူ့ကို အလန့်တကြား ကြည့်လေတော့ . . .

"ကိုယ့်ဘက်က ရိုးရိုးရှင်းရှင်းလေးပဲ ခွင့်တောင်းတာ။ မင်းကို အမွှေ မသိမ်းပိုက်ချင်လို့"

"ရှင် ဘာစကားပြောတာလဲ။ ကျွန်မ လက်မခံဘူး။ ရှင့်ကားပေါ်လိုက်လာတာဆိုပြီး ယုတ်မာမယ်တော့ မကြံနဲ့နော်"

"ယုတ်မာမယ်လို့ ကိုယ် မပြောမိပါလား"

"ရှင် စကားကို ကတ်ဖိုးကတ်ဖဲ့မပြောပါနဲ့။ ရှင့်စကားအဓိပ္ပာယ်ကို ရှင်ပြန်ပြီး စဉ်းစားကြည့်"

စစ်သည် ဟက်ခနဲရယ်လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်မနက် ၈ နာရီလောက်မှာ မင်းအတွက် ကားတစ်စီး ကိုယ်ပို့ပေးလိုက်မယ်"

"အို . . . မယူပါဘူး"

"မလိုအပ်ရင် မီးရှို့ပစ်လိုက်"

သျှင်မင်း အောက်နှုတ်ခမ်းလေးကို ဖိကိုက်ပြီး ဒတ်ရှ်ဘုတ်ဆီကို ဘာရယ်မဟုတ် အကြည့်ရောက်သွားလေတော့ . . .

"ဟင်"

ဒတ်ရှ်ဘုတ်ပေါ်မှာ တင်ထားသည့် ကားရုပ်လေးပေါ်မှာ correction နဲ့ရေးထားတဲ့ လက်ရေးဝိုင်းဝိုင်းလေး။ "ပူတူး"တဲ့။ ဒါ . . . ဒါဆို သျှင်မင်း ကားလေးကို ဖျတ်ခနဲ လှမ်းယူလိုက်သည်။ ဒါကို မြင်လိုက်တဲ့ စစ်သည် . . .

"ကျွတ်"

"ရှင် . . . ရှင်က ဗိုလ် . . . ဗိုလ်လားဟင်"

စစ်သည် ဒီကားလေးကိစ္စကို ဘာလို့မေ့နေခဲ့ပါလိမ့်။ ပိုင်ရှင်ကိုတွေ့လို့ ကားလေးကို မေ့ထားမိတာလည်း ကိုယ့်အပြစ်။ ခုမှတော့ ဝန်ခံလိုက်ရုံပဲ ရှိတော့သည်။ စစ်သည်ဗိုလ်ရယ်၊ ဗိုလ်ရယ်၊ ဒီကားရုပ်ကလေးရယ်က အမှု





တစ်ခုကို ဖော်ထုတ်သလို ဘယ်လိုမှ ညာလို့မရအောင် အချိတ်အဆက်မိနေပြီ။ ဖုံးထားတာပေါ်သွားတော့လည်း မီးစင်ကြည့်ကလိုက်ရုံပဲပေါ့။

"ဟုတ်တယ်မို့လား။ ရှင်က ဗိုလ်လားဟင်"

"ဟုတ်တယ်"

"ဟင်"

ပထမတော့ သျှင်မင်း သူ့ကို ခပ်ငေးငေးလေး ကြည့်နေပြီး နောက်တော့ နှုတ်ခမ်းလေးတွေ ပြုံးလာပြီး မျက်နှာလေးက ကြည်စင်ဝင်းပလာသည်။

"ဗိုလ် . . . ဗိုလ်ရယ်"

"မင်း . . . ! ကိုယ့်နဖူးက အမာရွတ်ကို သတိမထားမိခဲ့လို့ပါ"

"ဒါဆို . . . နင်က ငါ့ကို အစောကြီးကတည်းက သိနေခဲ့တယ်ပေါ့။ ဟုတ်လား . . . ဗိုလ်"

"သိလို့ မင်းနောက်ကို ကိုယ်လိုက်နေခဲ့တာပေါ့"

"ဒါနဲ့များ ဗိုလ်ရယ်။ တွေ့ကတည်းက ငါ ဗိုလ်ပါ လို့ ပြောပါလား"

ရှင်နဲ့ကျွန်မပြောနေရင်းက နင်နဲ့ငါဖြစ်လာတော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ရင်းနှီးခဲ့ဖူးသည့်အချိန်လေးတွေကို ပြန်သတိရပြီး နွေးထွေးလိုက်ခုန်သွားသည်။

"ဗိုလ်ပါလို့ပြောရင် မင်း ကိုယ့်ကို လက်ခံမှာလား"

"ဟင်"

ကားကိုရပ်ပြီး သျှင်မင်းကို စိုက်ကြည့်နေတဲ့ စစ်သည်ရဲ့အကြည့်တွေကို သျှင်မင်း ရင်မဆိုင်နိုင်ပါ။ မျက်လွှာလေးချလျက် ရှက်ပြုံးလေးပြုံးလိုက်ချိန်မှာ သျှင်မင်း ရင်ထဲမှာ ဘာတွေရှိသလဲ တိမ်စိုင်တိမ်လိပ်တွေကို လေပြင်းတစ်ချက် တိုက်ထုတ်ဖယ်ရှားပစ်လိုက်သလိုပါပဲ။

စောစောက ညှိုးပုပ်နေတဲ့မျက်နှာလေးမှာ ခုတော့ဖြင့် ချယ်ရီပန်းကလေးများ ပွင့်နေသလိုပါ။

"မေးလိုက်ရင် ချက်ချင်းမဖြေဘူး"

"နင်ကလည်းဟယ် ချက်ချင်းကြီးဆိုတော့ ငါ ရှက်တာပေါ့"

"အရှက်ကြီးရင် တံမြက်စည်းမြင်းလုပ်စီးပြီး မင်း ဘိုးဘွားရိပ်သာကို ဝင်ရလိမ့်မယ်"

"ငါ့ကို မင်း . . . မင်းနဲ့ မပြောပါနဲ့လား ဗိုလ်ရယ်"

"ဒီအချိန်မှာ ဒီအသုံးအနှုန်းတွေနဲ့ပဲ သင့်တော်





တယ် သျှင်မင်းခ။ ပွတူးနဲ့ ဗိုလ်ဆိုတာ ဟိုးအတိတ်မှာ ကျန်ခဲ့ပြီ"

သျှင်မင်းရင်ထဲမှာ တစ်မျိုးတစ်မည် ခံစားသွားရ၏။ ဘယ်လိုမေ့လို့ရမှာလဲ ဗိုလ်ရယ်။ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို ပြောတဲ့သူက မူရင်းတစ်မျိုး နားထောင်တဲ့သူက တလွဲတွေးကြပြီဆိုလျှင် စစ်သည်ဗိုလ် ပွတူးကိုချစ်ပေမယ့် . . . သျှင်မင်းခကိုတော့ . . .

"နင် ငါ့ကို တကယ်ပဲ လက်ထပ်ချင်တာလား ဗိုလ်"

"ဒီအရွယ်တွေက လင်မယားလုပ်တမ်းကစားလို့ရတဲ့ အရွယ်တွေမှမဟုတ်တာ"

"ငါ စဉ်းစားပါရစေဦး ဗိုလ်ရယ်"

"စစ်သည်ဗိုလ်ဆိုတဲ့ကောင်က လွန်ခဲ့တဲ့အတိတ်ကာလက ဗိုလ်ဆိုတာ မင်းအဖေနဲ့တီလေး သိလို့ မဖြစ်သေးဘူး သျှင်မင်းခ"

သျှင်မင်း သူ့ကိုကြည့်ရင်း ကားလေးကို ဒတ်ရှ်ဘုတ်ပေါ်သို့ ပြန်တင်ကာ . . .

"ဘာဖြစ်လို့လဲ ဗိုလ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါဝေးခဲ့ရတဲ့အကြောင်းကို မင်း မသိဘူးမို့လား"

"ဟင့်အင်း"

"ကိုယ့်ကို ဗိုလ်ပါလို့ မင်းအဖေသိသွားရင် ကိုယ်တို့ ထပ်ဝေးကြရလိမ့်မယ် သျှင်မင်းခ"

"ဟင်"

ဗိုလ့်စကားတွေကို သျှင်မင်း ဘာမှနားမလည်တော့။ ဖေဖေတို့နဲ့ ဗိုလ့်ကြားမှာ ဘာတွေအရှုပ်အရှင်းရှိခဲ့ပါသလဲ။





## အခန်း ( ၁၉ )

"အန်ကယ့်ကို ခုလို ကူညီတဲ့အတွက် မောင်စစ်သည်ဗိုလ်ကို ကျေးဇူးတင်ပါတယ်ကွယ်"

"မလိုပါဘူး ဦးနေဝလရယ်။ ကျေးဇူးစား ကျေးဇူးခံဆိုတဲ့စကားက တမင်လူကြားကောင်းအောင် ထွင်လုံးထုတ်ထားတာမှမဟုတ်ဘဲ။ ပါးစပ်နဲ့ ကျေးဇူးဆပ်တဲ့လူတွေကို ကျွန်တော် မုန်းတယ်"

ဦးနေဝလ နည်းနည်းဟော့ဖြုံသွားသည်။ စစ်သည်ဗိုလ်ဆိုတာ ဘယ်သူ့ကိုမှ အားမနာတတ်သူလို့ သူများတွေပြောတာကြားဖူးတာ ဟုတ်များနေပြီလား။ ဘာမဆို ပြော

www.burmeseclassic.com

www.burmeseclassic.com



စရာရှိလျှင် မျက်နှာတည့်တည့်ကြည့်ပြီး ပြောရဲသူ။

လုပ်စရာရှိလျှင်လည်း ထောက်ထားတာတွေ၊ ညှာတာတာတွေ သူ့ရာဇဝင်မှာ မရှိဘူးတဲ့။

"ဒါဆို . . . မောင်စစ်သည်ဝိုလ် အနက်ကယ့်ဆီက တစ်ခုခု အလိုရှိနေလို့ ခုလိုကူညီတာလား"

"Right မှန်တယ် ဦးနေဝလ"

ဦးနေဝလ စားပွဲပေါ်မှ ငွေစက္ကူအထပ်လိုက်၊ အပုံလိုက်ဆီသို့ အကြည့်ရောက်သွားသည်။ ဦးနေဝလလုပ်ငန်းတွေ အဆင်မပြေလို့ ငွေလိုနေတာကို စစ်သည်ဝိုလ်က ကူညီမယ်ဆိုလို့ လာခဲ့တာပါ။ သမီးအတွက်ဆိုပြီး ကားတစ်စီးလည်း အိမ်ကို ပို့လိုက်သည်။

ဒါတွေကို ရိုတ်ဆက်ကြည့်လျှင် သူ ဘာအလိုရှိတာလဲ ဝေခင်မေးနေဖို့မလို။

"ကျွန်တော်က အသားလိုတာကို အရိုးငှေမတောင်းတတ်ဘူး ဦးနေဝလ၊ လိုတာကို တည့်တည့်ပဲ တောင်းမှာ။ တောင်းလို့မရရင် ပန်းကန်ပါ ရိုက်ခွဲပစ်ဖို့ ဝန်မလေးဘူး"

မြတ်စွာဘုရား။

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ဦးနေ



ဝလ"

ဦးနေဝလ စစ်သည်ဝိုလ်ပြောမည့်စကားလုံးတွေ မတော်တဆ နားလွဲပြီး မကြားလိုက်ရမှာစိုးသည့်အလား နားကို ဝိုစွင့်၍ စစ်သည်မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေမိ၏။

"ကျွန်တော် ခင်ဗျားရဲ့သမီး သျှင်မင်းခကို လက်ထပ်ချင်တယ်"

"ဟင်"

ဦးနေဝလရဲ့မျက်လုံးမှာ ဗီးကွက်ပမာ ဖြစ်သွား၏။ ရန်နိုင်သည်လည်း ပြောရဲတဲ့ပါးစပ်ကိုသာ ငေးစိုက်ကြည့်နေမိသည်။

"ကျွန်တော်က မိသားဖသားဝီဝီ ခွင့်တောင်းတာပါ။ ခင်ဗျား လက်မခံရင်လည်း ရတယ်။ ပွဲဝင် မတင့်တယ်တာကလွဲရင် သျှင်မင်းခကို ပိုင်ဆိုင်ရဖို့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကျွန်တော် ကြိုးစားမှာ"

"သမီးမှာ ရည်းစားထားတဲ့သူ ရှိတယ်ဆိုရင်ရော"

"ရည်းစားတာပဲဗျာ။ ကာမပိုင်လင်ယောက်ျား ရှိတာမှ မဟုတ်ဘဲ"

---ရှေ့ပေသာ---

www.burmeseclassic.com

www.burmeseclassic.com



ဦးနေဝလ ဘယ်လိုဆုံးဖြတ်ရမလဲ။ သူ ပြောတာလည်း မှန်နေသည်။ ဒီလောက်များတဲ့ငွေအင်အားကို မျှော်လင့်ချက် ဘာတစ်ခုမှ မရှိဘဲနှင့် ဘယ်သူကကူညီမှာလဲ။

ခက်တာက သမီးဆန္ဒမပါဘဲနှင့်တော့ မစီစဉ်ချင်။ ငွေကလည်း အရင်လိုနေ၏။ ဘာလုပ်ရပါ့မလဲ။

"သမီးဆန္ဒကို အန်ကယ် မေးကြည့်ပါဦးမယ်"

"သျှင်မင်းခ လက်ခံမှာပါ"

"ဘယ်လို"

"ကျွန်တော် သူနဲ့ဆွေးနွေးပြီးပါပြီ။ ဦးနေဝလရဲ့ ခေါင်းအခါ အညိတ်ကိုပဲ စောင့်နေတာ"

"ဒါဆို"

"ဦးနေဝလရဲ့ ဆုံးဖြတ်ချက်ပေါ်မှာပဲ မူတည်ပါတယ်"

ရန်နိုင် စစ်သည်ရဲ့လုပ်ရပ်တွေကို နားမလည်တော့။ အရင်က ဘာမဆိုသူ့ကို ရင်ဖွင့်တိုင်ပင်တာရှိပေမယ့် ခုကိစ္စမှာတော့ ရေငုံနှုတ်ပိတ်ပါပဲ။

"ကောင်းပြီလေ . . . မောင်စစ်သည်ဗိုလ်လိုလူမျိုးကို လက်မခံနိုင်စရာအကြောင်းမှ မရှိတာ"





"လက်ခံမယ်ဆိုရင် ဒီငွေတွေကို ဦးနေဝလ ပြန်ဆပ်ဖို့ မလိုပါဘူး"

"အဲဒီလိုမျိုးတော့ အန်ကယ်မယူချင်ဘူး။ သမီးကို ရောင်းစားတာမျိုးတော့ အဖြစ်မခံနိုင်ဘူး မောင်စစ်သည်။ အန်ကယ် ဒီငွေတွေကို ပြန်ဆပ်မှာပါ။ စိတ်သန့်သန့်လေးနဲ့ပဲ သမီးရဲ့အိမ်ထောင်ရေးကို တည်ဆောက်စေချင်တယ်"

"ဒါက ဦးနေဝလရဲ့သဘောပါ

"စိတ်မရှိပါနဲ့ မောင်စစ်သည်၊ သမီးရဲ့အိမ်ထောင်ရေးနဲ့ ဦးရဲ့စီးပွားရေးကို ရောထွေးမပစ်ချင်လို့ပါ။ အခု မောင်စစ်သည်နဲ့ကို မငြင်းလိုက်တာက မောင်စစ်သည်က လူတော် လူကောင်းတစ်ယောက်ဖြစ်နေလို့ပါ"

စစ်သည်ရဲ့အပြုံးက မပီပြင်။

လူတော်တစ်ယောက်ဆိုတာတော့ မှန်ပါတယ် ဦးနေဝလ။ ဒါပေမဲ့ ကျွန်တော် ခင်ဗျားအပေါ်မှာတော့ မကောင်းနိုင်တာ သေချာပါတယ်။

"ငွေတွေ စစ်ကြည့်ပါဦး ဦးနေဝလ၊ ငွေနဲ့ပတ်သက်လာရင် လူတွေက မယုံကြည်ရဘူး၊ အချို့အပေါ်မှာ အလှကောင်းပြီး အလယ်မှာ စက္ကူအဖြူတွေ ညှပ်ထည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကာလိမ်ကျတာတ်ကြတယ်"

"မောင်စစ်သည်က ဒီလိုလုပ်မယ့်သူမှမဟုတ်တာ"

သူကတော့ လုပ်ခဲ့ဖူးပါတယ်၊ လုပ်ခဲ့ဖူးတဲ့အချိန်ကို မေ့ပြီး အခုတော့ ဘာမှ မလုပ်ခဲ့ဘူးတဲ့အတိုင်းပါပဲလား။ တတ်လည်း တတ်နိုင်ပါဖေ့ ဦးနေဝလရယ်။

"အန်ကယ် ပြန်တော့မယ် မောင်စစ်သည်"

"ကောင်းပါပြီ ခင်ဗျာ"

ဦးနေဝလ ပိုက်ဆံတွေကို လက်ဆွဲအိတ်ထဲသို့ ထည့်လေတော့ . . .

"ရဲခေါင်"

"လာပြီ သူဌေး"

တံခါးဝမှာ ရပ်နေတဲ့ ရဲခေါင် အပြေးတစ်ပိုင်း ဝင်လာ၏။ ဦးနေဝလ ဝင်လာကတည်းက စစ်သည် ရပ်နိုင်းထားလို့ သူခမျာ တံခါးဝမှာ ရပ်နေရတာပါ။

"ဒီငွေတွေ ထည့်ပြီး ဦးနေဝလရဲ့ ကားပေါ်ကို ရောက်အောင် လိုက်ပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့"

"သွားမယ်နော် မောင်စစ်သည်"



စစ်သည် ခေါင်းညိတ်ပြလိုက်၏။ ဦးနေဝလ ထွက်သွားလေမှ . . .

"မင်း ဘာတွေလျှောက်လုပ်နေတာလဲ စစ်သည်"

စစ်သည် မထီတထီ ပုံစံနှင့် ရန်နိုင့်ဘက်သို့ လှည့်လာ၏။

"ငါက ရမယ့်ဇာတ်လမ်းကို ကိုယ်တိုင်ရေးနေတာလေ"

"ဘာဇာတ်လမ်းလဲ၊ မင်းရဲ့လုပ်ရပ်တွေကို ငါ နားမလည်တော့ဘူး စစ်သည်"

"နောက်တော့ မင်းနားလည်လာမှာပါ"

ရန်နိုင် သက်ပြင်းချပြီး ဗိုင်တွေကို ဆွဲယူလိုက်၏။

"အခုအချိန်မှာတော့ ငါက လူကြမ်းပေါ့ကွာ။ လွန်ခဲ့တာကို သရုပ်ဆောင်ခဲ့ရတုန်းကတော့ ငါက သနားစရာကောင်လေးပေါ့"

ရန်နိုင် မျက်လွှာပင့်ကြည့်လိုက်ပြီး . . .

"နားမလည်တာဘဲ ကောင်းပါတယ်ကွာ။ နားလည်လာတဲ့နေ့မှာသာ မင်းငါ့ကို ရက်စက်ယုတ်မာတဲ့ လူလို့ ထင်ကြေးမပေးပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာတွေယုတ်မာခဲ့တာရှိလို့လဲ"

"အခုမရှိပေမယ့် နောက်ရှိလာနိုင်တယ် ရန်နိုင်"

"စစ်သည်"

ရန်နိုင် မှုမမှန်တဲ့ စစ်သည့်မျက်နှာကို ကြည့်လျက်ရင်ကတော့ ခပ်လေးလေးရယ်။ ဒီကောင် ဘာတွေမဟုတ်တာလုပ်ဖို့ ကြံစည်နေပါလိမ့်။ သူ့မှာ ဘာတွေများ အလွမ်းဓာတ်ခံတွေရှိခဲ့လို့ ချက်ချင်း မျက်ဝန်းတွေ ရီဝေဝေးမော သွားရတာလဲ မသိ။

"လုတာမလုတာ ကြမ်းတာ နုတာကလွဲရင် လူတိုင်းရဲ့ဘဝမှာ အတိတ်ကာလဆိုတဲ့ သမိုင်းကြောင်း နောက်ခံရှိတယ် ရန်နိုင်"





## အခန်း ( ၂၀ )

မေမေက စစ်သည် အခန်းထဲသို့ ဝင်လာပြီး ထိုင်တာလည်းမဟုတ်၊ ဘာမှလည်း မပြော၊ ဟိုဘက်သည်ဘက် လက်ကို နောက်သို့ပစ်၍သာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

မေမေ စစ်သည့်ကို တစ်ခုခုပြောဖို့ အပြောရခက်နေသည်ထင်၏။ စစ်သည်ကပဲ စ၍ . . .

"မေမေ"

ခေါ်လိုက်တော့ မေမေ့ခြေလှမ်းတွေ ရပ်တန့်သွားပြီး စစ်သည်ဘက်သို့ ဖြည်းဖြည်းချင်း လှည့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ . . . သားကို တစ်ခုခုပြောချင်နေတာ မဟုတ်လား"

"ဟုတ်တယ်သား။ မေမေ မင်းကို ပြောစရာ ရှိတယ်၊ ဘယ်ကစပြောရမှန်း မသိလို့"

"ပြောစရာရှိတာကိုသာ ပြောပါ မေမေ။ ထိပ်ကပဲ စစ အလယ်တပဲ ထွင်းထွင်း ပြောချင်တဲ့လိုရင်းက ရောက်ကိုရောက်လာမှာပဲ မဟုတ်လား"

ဒေါ်ခေကရီ သက်ပြင်းလေးချပြီး သားကို တည်ငြိမ်စွာနှင့် ကြည့်လိုက်သည်။

"သားရဲ့ ခြေလှမ်းတွေကို မေမေ သိနေတယ် သား"

"သိမှာပေါ့။ သားက နိုးကြောင်နိုးဝှက်နဲ့ လှမ်းနေတာမှမဟုတ်တာ။ ရန်သူကို အလံထူပြပြီးကို တိုက်မှာ။ ဘယ်သူပဲရှုံးရှုံး အဆုံးသတ်လို့ သားရှေ့မှာ ဒူးထောက်ရမယ့်သူက ဦးနေဝလ ဖြစ်ရမယ်။ သားကတော့ လဲကျပြီး ရှုံးသွားရင်တောင် ခြေတစ်ချောင်းပြန်တင်ပြီး အနိုင်ယူမယ် မေမေ"

"မှန်းတာချင်းတူပေမယ့် သုံးတဲ့လက်နက်ချင်းတော့ သားနဲ့မေမေ ကွဲပြားသွားပြီ"





"ဗျာ"

"မေမေလည်း သားလို လက်စားချေချင်ခဲ့ပါတယ်။ အခု တရားစခန်းဝင်ပြီးကတည်းက မေမေ အမြင် ပြောင်းသွားပြီ သား"

ဒေါ်ခေကရီ မမြနှစ်နှင့် သူတို့ရွာက တရားစခန်းပွဲကို လှူဖို့ လိုက်သွားရင်း စိတ်တွေပြောင်းသွားခဲ့တာသည် ဆယ်ရက်တရားစခန်းပွဲမှာ နာကြားလိုက်ရတဲ့ တရားတော်တွေကြောင့်ပေါ့။

ဟိုတုန်းကတော့ တရားလက်လွှတ် ငှက်တောင်ကျွတ်ဖြစ်ကာ အာဃာတနှင့်အတ္တတွေ ဖုံးလွှမ်းနေခဲ့တာပါ။

"လောကမှာ အစွမ်းအထက်ဆုံး လက်နက်က မေတ္တာတရားပဲ သား"

"အဲဒီအစွမ်းထက်တဲ့ လက်နက်ကို သား အခြားနေရာမှာပဲသုံးမယ် မေမေ။ သူတို့နဲ့ပတ်သက်ပြီး သားကို တရားမချပါနဲ့"

"မေမေက အပြစ်မရှိတဲ့သူတွေကို မထိခိုက်စေချင်လို့ပါ သားရယ်"

"ကျူးပင်ခုတ် ကျူးငုတ်မကျန်ရအောင် သားက



www.burmeseclassic.com

www.burmeseclassic.com



တော့ မြေကို တစ်လှာချင်းလှာပြီး ဖော်ပစ်မှာ”

ဒေါ်ကေရီ သားကို ရီဝေစွာ ငေးမောနေမိတော့၏။ ကိုယ့်ဂါထာနှင့် အာပြနေသည်ဆိုတာ ဒါမျိုးပါလား။

အရင်တုန်းက . . . ငယ်သည့်စိတ်၊ ငယ်သည့် အတွေးနှင့် သူမသည်လည်း အတ္တမိုးထဲ နလုံးသားနှင့် လက်စားချေလိုမှုတွေ ကြီးစိုးနေခဲ့သည်သာ။ သားကိုလည်း ဒီစိတ်တွေနဲ့ စိုးမိုးခြယ်လှယ်နေစေခဲ့တာ။ ကြားထဲမှာ သားငယ်လည်း နနယ်တဲ့ သူ့နလုံးသားလေးတွေ နာကျင်ကြေမွနေရှာတော့မည်။

“သားတို့ နာကျင်ခဲ့သလောက် သူတို့ နာကျင်စေရမယ်။ သားတို့ ခံစားခဲ့ရသလောက် သူတို့ ပြန်ခံစားရမှ သား ကျေနပ်မယ် မေမေ”

“သား”

“စစ်သွေးလည်း စာမေးပွဲ ဖြေပြီးသွားပြီ။ သား သျှင်မင်းခန့် လက်ထပ်ဖို့ အားလုံးစီစဉ်ပြီးပြီ မေမေ”

“အို . . . သားရယ် ချစ်လို့လက်ထပ်ကြတာဆိုရင် မေမေ ဘာမှမပြောလိုပါဘူး။ လက်စားချေလိုမှု သက်သက်နဲ့တော့ ပူတူးကို သား လက်မထပ်ပါနဲ့ကွယ်။ သားဘဝ



တစ်ခုလုံး ရင်းရမှာသားရဲ့”

“ဘာတွေပဲရင်းရ ရင်းရ သားလိုချင်တာ သားမြင်ချင်တာ ဦးနေဗလရဲ့ ကျရှုံးခန်းပဲ”

ဦးနေဗလ အကြောင်းကို ပြောပြီဆိုတာနှင့် စစ်သည်ရဲ့မျက်နှာသည် မာကျောခက်ထန်နေ၏။ နှုတ်ခမ်းကို တင်းတင်းစေ့ထားပုံက ခုနေများ ဦးနေဗလ သူ့ရှေ့မှာရှိနေလျှင် ချက်ချင်း ထသတ်ပစ်လိုက်မည့်ပုံ။

“မေမေ ဘယ်လိုမှ တားလို့မရတော့ဘူးလား သား”

“သားက ရှေ့တိုးမိရင်း နောက်မဆုတ်တတ်တာ မေမေ သိပါတယ်”

“ဟင်း”

ဘယ်နကြိမ် ချမိမှန်းမသိတဲ့ သက်ပြင်းတွေကို သာ ပုလဲလုံးလို သီဆွဲထားရလျှင် လည်ပင်းကြီးပင် အစ်နေမည့်အဖြစ်။

“ကေရီ . . . ကေရီ”

“ဟင်”

“သား စစ်သည် အထဲမှာရှိလား။ သားတို့အထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိလား"

"ရှိတယ်။ ဒေါ်လေးနှစ် ဝင်လာခဲ့"

တံခါးကို တွန်းဖွင့်ပြီး ဒေါ်မြနှစ် ဝင်လာပုံက သုတ်သီးသုတ်ပျာ။

"ဘာဖြစ်လို့လဲ မမနှစ်"

"ဟိုလေ . . . သားငယ်"

ဒေါ်မြနှစ်တို့ လင်မယားက စစ်သွေးကို သနားချစ်နှင့် ချစ်ကြသူတွေမို့ နာမည်ကို ဖေါ်ခဲလှပါသည်။

"သားငယ် ဘာဖြစ်လို့လဲ"

ဒေါ်မြနှစ်က စစ်သည် မျက်နှာကို လှမ်းကြည့်သည်။ မပြောရဲပုံထောက်တော့ ဘာဖြစ်လာပြန်ပြီလဲ။

"စစ်သွေး ဘာဖြစ်လာပြန်ပြီလဲ ဒေါ်လေးနှစ်"

"ဟို . . . ဟို"

"မြနှစ်ရေ . . . လာပါဦးဟ"

ဒေါ်မြနှစ် အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေတုန်းမှာပဲ။ အပြင်က ဦးပေါက်စ လှမ်းအော်၍ခေါ်လေသည်။ မေမေ ခြေလှမ်းစလိုက်တာနှင့် စစ်သည်က ရှေ့က အရင် ထွက်သွားပြီးပြီ။





"တောက်"

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် စစ်သည် ဒေါသဖြစ်ကာ တက်ခေါက်လိုက်၏။

ကြည့်ပါဦး။ ဦးပေါက်စ တွဲခေါ်လာတာ ခေါင်းငိုက်စိုက်နှင့်။ ဒါ မူးလာတာပဲ ဖြစ်မှာပေါ့။ ဒီလောက် ခေါင်းမထောင်နိုင်အောင် သောက်လာတာ စစ်သည်ကို ပမာမခန့် လုပ်တာပဲပေါ့။

"စစ်သွေးဦး"

"သား"

စစ်သွေး အနားကို စစ်သည် လှမ်းခနဲ ရောက်သွားလေတော့ မေမေက စစ်သည် လက်မောင်းကိုဆွဲထားသလို ဦးပေါက်စနှင့် ဒေါ်မြနှစ်က စစ်သွေးကိုယ်ကြီးကို မနိုင်မနင်း တရွတ်ဆွဲလျက် စစ်သည်နှင့် လွတ်ရာသို့ ဆွဲခေါ်သွားသည်။

"ဒီကောင် . . . ဒါ ကျွန်တော့်ကို ပမာမခန့်လုပ်တာ။ ဒီလောက် မျက်နှာသာမပေးတဲ့ကြားက"

"မေမေ ဆုံးမပါ့မယ် သားရယ်။ အခု သားအခန်းထဲကို ပြန်ဝင်ပြီး အနားယူတော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီလောက် ရိုက်နှက်နေတာတောင် ဒီကောင် နာလို မခန့်လေးစားလုပ်လာရဲတာ။ မေမေ ဆုံးမလို့ကတော့ ပါးစပ်နဲ့ဆို သီချင်းဆိုသိပ်တယ်ထင်မှာ၊ တုတ်နဲ့ဆို ယားလို့ကုတ်ပေးတယ်ထင်ပြီး ပိုရောင့်တက်မှာ"

စစ်သည် ဒေါသတကြီးပြောရင်း စစ်သွေးကိုယ်ကို ခပ်ကြမ်းကြမ်း ဆွဲခေါ်ခဲ့၏။

၎ "သား"

"မေမေ ကျန်ခဲ့"

စစ်သည် စစ်သွေးအခန်းထဲသို့ ရောက်တော့ စစ်သွေးကိုယ်ကို ခုတင်ပေါ်တွန်းတင်လိုက်သည်။

"ကို . . . ကိုကို . . . ကိုကို"

စစ်သွေးထံမှ လျှာလေးအာလေးနှင့် ခေါ်သံကြီး ထွက်လာသည်။

"တောက်"

"ကိုကို . . . ကိုကို ကျွန်တော့်ကို ဘာလို့မချစ်တာလဲ၊ ကိုကို့ကို ကျွန်တော်ချစ်တယ် . . . ကိုကို"

စစ်သည် စစ်သွေးမျက်နှာကို ခပ်တွေတွေ စိုက်ကြည့်လိုက်၏။ မျက်လုံးမဖွင့်နိုင်ပေမယ့် ဖွင့်နိုင်သည့်ပါးစပ်





က ကယောင်ကတမ်းတွေ ရွတ်နေ၏။

"မမ . . . မမ . . . ကိုကို့ကို ပြောပေးပါနော်၊ ကျွန်တော့်ကို မေတ္တာတွေပေးပါလို့"

စစ်သည် ရင်ထဲမှာ ဘာဖြစ်သွားတာလဲ၊ စစ်သွေးကိုကြည့်ပြီး ငိုင်တွေတွေဖြစ်သွားသည်။ ဒီလောက် လူမှန်းမသိ သူမှန်းမသိ ဖြစ်နေတာတောင် ကိုကိုဆိုတာကို ဒီပါးစပ်ကထွက်နေတုန်းပါလား။

စစ်သွေးရဲ့မျက်နှာပေါ်မှာ ချွေးတွေထွက်နေတော့ စစ်သည် ဖွဖွလေး သုတ်ပေးလိုက်မိတာ ဘာကြောင့်လဲ၊ ဒီလက်နဲ့ သူ့ကိုရိုက်နှက်ခဲ့တဲ့ အကြိမ်တွေက မနည်းခဲ့၊ ယုယဖူးတာက ဒီတစ်ကြိမ်တည်းပါ။ ညီအစ်ကိုဆိုတဲ့ ဝေါဟာရလေးဟာ နွေးထွေးချင်ပေမယ့် . . .

စစ်သွေးရဲ့ ကိုယ်ထဲမှာ ဦးနေဝလရဲ့ သွေးတွေ။

စစ်သည် စိတ်ကိုတင်းပြီး လက်ကိုပြန်အရုပ်မှာ စစ်သွေးရဲ့ လက်မောင်းပေါ်သို့ ရေကြည်ပေါက်ကလေးတွေ ပြုတ်ကျသွားသည်။ ဒါဘယ်ကလဲ . . . ဘာတွေလဲ။

"ဟင်"

ဟုတ်မှဟုတ်ရဲ့လားလို့ မယုံသင်္ကာစိတ်နှင့် ပါးပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ လက်နှင့်စမ်းကြည့်မိရာ . . .

မျက်ရည်တွေပါလား။ ငါ . . . ငါ ဘာလို့မျက်ရည်တွေကျရတာလဲ။ ငါ ငိုနေမိတာပါလား။ မငိုပါဘူး . . . ဘာလို့ငိုရမှာလဲ။

စစ်သည် ပါးပြင်ပေါ်က မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်ပြီး ပြုံးလိုက်၏။ ပြုံးရမယ် မင်း အမြဲတမ်းရယ်နေနိုင်ရမယ် စစ်သည်။

"သား"

"မေမေ"

"သူ ဘယ်လိုနေသေးလဲ။ တစ်ခုခုဖြစ်နေပါဦးမယ် သားရယ်။ အမှုးပြေအောင် ဘာလုပ်ရင်ကောင်းမလဲ ဟင်"

မေမေ့ပုံစံက အရင်နဲ့ တော်တော်ကွာခြားသွားပါလား။

"မေမေ သူ့ကို သိပ်စိုးရိမ်နေသလား"

ဒေါ်ကေရီ တံတွေးတစ်ချက်မျိုချလိုက်၏။ မြတ်ဘုရားက အောင်ခြင်းရှစ်ပါးနဲ့ ဆိုးမိုက်သည့်သတ္တဝါတွေကို ရှုတ်ခဲ့သလို ဘုရား၏သားတော်တွေရဲ့ တရားကို နာကြားခဲ့





ရပြီးနောက် ဒေါ်ကေရီရဲ့ နှလုံးသားတွေလည်း နူးညံ့တတ်ခဲ့ပါပြီလေ။

"မေမေက သူ့ကို ကိုးလလွယ်ပြီး ဆယ်လမှာ မွေးခဲ့ရတဲ့ မိခင်ပါသားရယ်"

"ဩော် . . . ဟော်"

စစ်သည် မရိုတင်ကဲ ပြုံးလိုက်မိ၏။ မေမေတကယ်ပဲ ကျွတ်တမ်းဝင်သွားပြီကိုး။ စစ်သည်ကတော့ တရားနာရင်း မားမ ထကိုင်ချင်တာမျိုး။ ဆတ်ဆတ်ခါခဲ့ရတဲ့ နှလုံးသားတွေ အိပ်စက်ငြိမ်သက်သွားအောင် ဦးနေဝလကို လက်စားချေရမှ ကျေနပ်မည်။

ဒါမှ . . .

စားဝင်အိပ်ပျော်နဲ့ နေသာထိုင်သာ ရှိမှာ။ ဆန္ဒန်ဆင်မင်းလို သက်န်းပြလို့ အစွယ်ကို ချိုးမပေးနိုင်လိုက်တာ စစ်သည်က ပုထုဇဉ်လူသားတစ်ယောက်ပဲလေ။

"ဘယ်လိုပဲ မုန်းပါတယ်ပြောခဲ့ ပြောခဲ့ ကိုယ့်သွေးကိုဖောက်တိုက်ခဲ့ရတဲ့ မိခင်တစ်ယောက်ရဲ့ ရင်ထဲမှာ မေတ္တာတရားဆိုတာ တသွင်သွင် စီးဆင်းနေတဲ့ရေကို မစီးပါနဲ့လို့ တားလို့မရသလိုပေါ့ သားရယ်။ ဒါတွေကို သားကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မိဘနေရာရောက်လာတဲ့နေ့ သား နားလည်လာမှာပါ"

"ကျွန်တော် မေမေ့ကို စစ်သွေးကိုမချစ်ရဘူး၊ မေတ္တာတွေမပေးရဘူးလို့ တားခဲ့တာမရှိဘူး မေမေ။ သားကိုတော့ လက်နက်ချဖို့ မတောင်းဆိုပါနဲ့။ သားက လက်ပစ်ဗုံးကို လက်ထဲဆုပ်ပြီး ရန်သူကို တိုက်ရင်း အသေခံမယ့်ကောင်"

"သားရယ်"

မီးစာကို ရေနံနိုင်အောင် ဆွတ်ပေးပြီးမှ ကိုယ့်ဘာသာ မငြိမ်းသတ်နိုင်တဲ့ဘဝပါလားနော်။ နောက်မှ ရတဲ့နောင်တအတွက် ပြာကျအောင် ထိုင်ငေးပြီး အဆုံးသတ်မှ ရင်ထုပြီး ငိုကြွေးရမှာလား။

"သားနဲ့သျှင်မင်းခ လက်ထပ်တဲ့နေ့မှာ ဦးနေဝလကို မေမေ သတ္တိရှိရှိရင်ဆိုင်ပေးပါ"

"သူ့ကို ရင်ဆိုင်နိုင်ဖို့က မေမေ့မှာ သတ္တိရှိပါတယ်"

တစ်ချိန်က ပတ်သက်ခဲ့ဖူးကြတဲ့အထဲမှာ ကိုယ်က ဖြူစင်သူမို့ ရင်မဆိုင်ရဲစရာ အကြောင်းမရှိ။ မကောင်းတာကိုလုပ်ခဲ့သူသာလျှင် နောက်ကျောမလုံဘဲ ကိုယ့်အရိပ်ကိုယ်လန့်နေကြမှာလေ။

●——ရွှေအသာ——●



"သားက မေမေ့သားပါဆိုတာ သိသွားရင် ဦးနေဝလ ရင်ကွဲဖို့။ အဲဒီနေ့မှာပဲ သူ့ရင်ဘတ်တွေ ဧပြီး အက်ပြိုပေါ့ . . . အဟွန်း"

စစ်သည် ကျေနပ်သလို ပြုံးလိုက်သည်။ ဦးနေဝလကို မုန်းတဲ့အမုန်းတွေသည် ဆူးတွေသာဖြစ်မည် ဆိုပါက စစ်သည် ရင်ထဲက အမုန်းဆူးတွေကို ဘယ်သူမှ နုတ်လို့ရမှာမဟုတ်ပေ။

"မေ . . . မေမေ . . . မေမေ . . . ကိုကို"

"သား . . . သားငယ်"

မေမေ စစ်သွေးရဲ့ခေါင်းမှာ ဝင်ထိုင်လိုက်သည်နှင့် စစ်သည် အခန်းအပြင်သို့ ထွက်လာခဲ့၏။

"မေမေ . . . သားကိုကယ်ပါ"

"သား . . . သားငယ်"

"ရေ . . . ရေဆာတယ်"

"ရေဆာတယ်။ မမနှစ်ရေ . . . ရေတစ်ခွက်လောက် ခပ်ခဲ့ပေးပါ"

နှစ်ပေါင်းများစွာ စိမ်းကားရက်စက်ခဲ့တာတွေအတွက် မေမေ့ကို ခွင့်လွှတ်ပေးပါ သားငယ်ရယ်။ ဆရာ

●——ရွှေအသာ——●

www.burmeseclassic.com

www.burmeseclassic.com



တော် ပေါ်တဲ့ တရားတော်ထဲမှာ တိရစ္ဆာန်တွေတောင် ကိုယ့်သားသမီးကို ချစ်ကြသတဲ့။

မေမေက တိရစ္ဆာန်လောက်တောင် သားငယ် အပေါ်မှာ တာဝန်မကျေခဲ့တဲ့သူပါကွယ်။







အခန်း ( ၂၁ )

စစ်သွေး ကိုယ်က အပြစ်လုပ်ထားသူမို့ ကြိမ်တစ်ချောင်းကို ရှာယူခဲ့ကာ ကိုကို့အခန်းဆီသို့ လျှောက်လာခဲ့သည်။ အပြစ်ရှိလို့ ဝန်ခံရမှာကို စစ်သွေး ဝန်မလေးပါဘူး။

ခါတိုင်းဆို စစ်သွေး တစ်ခုခု အမှားလုပ်မိတာနဲ့ ကိုကိုက ကြိုသိနှင့်ပြီး အိမ်ရောက်တာနဲ့ အရိုက်ခံရတာ၊ ဒီနေ့တော့ ကိုကို ဘာလို့ စစ်သွေးကို လာမရိုက်တာလဲ၊

"စစ်သွေး အရက်တွေသောက်လာတယ်၊ စစ်သွေး မူးနေတယ်"

သာလိကာ၏အသံကြောင့် စစ်သွေး ခေါင်းနပန်း



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြီးသွား၏။

"စစ်သွေး အရက်တွေသောက်လာတယ်၊ စစ်သွေး မူးနေတယ်"

စစ်သွေး အရိုက်ခံရမှာ သိနေတာမို့ သာလိကာက မကြောက်ကြောက်အောင် ခြောက်နေသလိုပါပဲ။ ကိုကို ကြားရင် ဒေါသပိုထွက်လို့ကတော့ ပိုနာမှာ။

လှပရှည်တဲ့ သာလိကာကို စစ်သွေး ကြိမ်လုံးနှင့် လှမ်းရွယ်လိုက်၏။

"သေချင်းဆိုး သူက ဝမ်းသာနေတယ်"

"ငါ့ကို မလုပ်နဲ့"

သူ့ကိုရိုက်မှာတော့ အကြောက်သားပဲလား။ စစ်သွေး မောင်ဖြူကို ကျောခိုင်းခဲ့ပြီး ကိုကို့အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

"ကိုကို"

စစ်သွေး အနားကို ရောက်အောင်သွားသည့်တိုင် ကိုကိုက ကျောခိုင်းထိုင်နေရာမှ လုံးဝ လှည့်မကြည့်ပေ။

"ကိုကို"

စစ်သွေး ကိုကို့ရှေ့မှာ ဒူးထောက်ချလိုက်၏။

●——မျှော်——●



"မင်း . . . ငါ့အခန်းထဲကို ဘာလာလုပ်တာလဲ"

"ကျွန်တော် ညက အရက်သောက်လာမိတဲ့အတွက် ကိုယ့်အပြစ် ကိုယ်သိလို့ ကိုကိုပေးတဲ့ အပြစ်ကို ခံယူဖို့လာတာပါ"

"မင်းသောက်လာတဲ့ အရက်ရဲ့အရသာကို မင်း ရေရေလည်လည် ခံစားတတ်သွားပြီပေါ့"

စစ်သွေး ခေါင်းကိုငုံ့ထားလိုက်သည်။

"သူငယ်ချင်းတွေ ချုပ်တိုက်လို့ ကျွန်တော် သောက်မိတာပါ"

စစ်သည် ဘာမှ ဆက်မပြောတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားလေ၏။ ဘာစကားသံ ဆက်ထွက်လာမလဲလို့ စစ်သွေး စောင့်စားနေပေမယ့် ကိုကို့ဆီက ဘာသံမှထွက်မလာ။

"ကိုကို"

"ကျွန်တော့်ကို ကိုကို ရိုက်မယ်ဆိုရိုက်ပါ"

စစ်သွေး ကြိမ်လုံးကို ကိုကို့ဆီ ကမ်းပေးပေမယ့် ကိုကိုက မယူ။

"မင်း . . . ငါ့အခန်းထဲက ထွက်သွား"

●——မျှော်——●

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

စစ်သွေး အံ့ဩသွားရ၏။ အေးစက်စက်နှင့် စိမ်းသက်သည့် အသံ။

"ကိုကို"

"မင်း သွားတော့"

"ကိုကို . . . ကျွန်တော့်ကို မဆုံးမတော့ဘူးလား ကိုကို . . . ဟင်"

"မလိုတော့ဘူး"

"ဗျာ"

စစ်သည် ထိုင်နေရာမှ ထရပ်လိုက်၏။ စိမ်းသက်သော မျက်ဝန်းအစုံနှင့် စစ်သွေးကို ကြည့်လိုက်ကာ . . .

"အစကတော့ အိမ်ကြက်ချင်း အိုးမည်းသုတ်တိုက် ဖို့အစီအစဉ်ရှိပေမယ့်၊ ခု အဲဒီအထိ စောင့်ဖို့မလိုတော့ဘူး။ မင်းနဲ့ငါ့ကြားမှာ ပတ်သက်ဆက်နွယ်မှုဆိုတာ မရှိတော့ဘူး စစ်သွေးဦး"

"ကိုကို ဘာကိုပြောတာလဲ"

"မကြာခင် မင်းသိလာမှာပါ"

စစ်သည် ခြေသံပြင်းပြင်းနှင့် အခန်းထဲမှ ထွက်





သွားလေတော့၊ စစ်သွေးသည်လည်း လေးတွဲသော ခြေလှမ်းများနှင့် ထွက်လာခဲ့သည်။ အပေါ်ထပ်မှ ဆင်းတော့ မေမေနှင့် လေ့ကားဝမှာ ဆုံကြစဉ် ခါတိုင်းလိုပဲ စစ်သွေး ကိုယ့်လမ်းကိုယ်လျှောက်ခဲ့တော့ . . .

"သားငယ်"

"သားငယ်"

နားကြားများမှားလေရော့သလားလို့ စစ်သွေး မေမေ့ကို တအံ့တဩလေး ကြည့်မိသွား၏။ ခါတိုင်းဆိုလျှင် ခုလိုဆုံကြလျှင် မေမေ သူ့ကို မျက်လုံးလေးပင် ဝေ့မကြည့်၊ ခေါင်းလေးပင် မငဲ့ခဲ့ပေ။ အခု . . .

"မေမေ"

"ခေါင်းထဲမှာ ကြည်ရဲ့လား သားငယ်"

"မေမေ . . . မေမေ သားကို ဘယ်လိုခေါ်လိုက်တယ်"

ဒေါ်ကေရီ ပြုံးလိုက်ပြီး ဖရိုဖရဲ ဖြစ်နေသည့် သားငယ်ရဲ့ဆံပင်တွေကို လက်နှင့်သပ်တင်ပေး၏။

"အရင်က မေမေ အတ္တတွေကြီးခဲ့တာပါ သားငယ်။ အဲဒီအတ္တတွေရဲ့ ထောင့်စွန်းတစ်နေရာမှာ သားငယ်ကို ချစ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အချစ်တွေရှိနေခဲ့ပါတယ်"

"မေမေရယ်"

"ဘယ်မိဘမဆို သားသမီးကို မုန်းတယ်ဆိုတာ ရှိပါ့မလားကွယ်"

"ဟား . . . သား . . . သား ဝမ်းသာလိုက်တာ မေမေရယ်"

စစ်သွေး ဝမ်းသာအားရနှင့် မေမေ့ ခါးလေးကို သိမ်းဖက်လိုက်သည်။ ဒီလိုနေ့မျိုးလေးကို မျှော်လင့်ခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။ မေမေ့ ရင်ခွင်ထဲမှာ ခေါင်းတိုးဝင်ချင်ခဲ့ပေမယ့် အခွင့်အရေးက မရခဲ့ပေ။ ဒီအခွင့်အရေးကို လိုချင်တောင့်တခဲ့သမျှ ခုတော့ရပြီ။

"မေမေ . . . သားကို တကယ်ချစ်တာပေါ့နော်"

"မေတ္တာတရားကို ကတမ်းခုန်တမ်း ကစားလို့ရတယ်လို့ သားငယ် ကြားဖူးလို့လား"

"သား မယုံမရဲဖြစ်နေလို့ပါ မေမေရယ်။ သားလေ မေမေနဲ့ကိုကိုသာ သားလိုချင်တဲ့ မေတ္တာတရားကို ပေးနိုင်မယ်ဆိုရင် သေရမယ်ဆိုလည်း သေပျော်ပါပြီ"

"အိုး . . . သားငယ်"





ဒေါ်ဇကရီ သားငယ်၏ ပါးစပ်ကို လက်ကလေးနှင့် ပိတ်လိုက်၏။

"အခု သားငယ် လိုချင်တာကို မေမေက ပေးနေပြီပဲကွယ်"

"သား . . . ကိုကို့ဆီက လိုချင်သေးတယ် မေမေ"

ဒေါ်ဇကရီ မျက်နှာလေး ညှိုးသွား၏။ သားကြီးလည်း သားငယ်ကို ချစ်ရင် ချစ်နေမှာပါ။ ဒါပေမဲ့ သားကြီးက အငြိုးအတေးကြီးတတ်သူပီပီ ဘယ်တော့မှ ဖွင့်ဟဝန်ခံမှာမဟုတ်ပေ။

"မေတ္တာတရားကို လောဘမကြီးနဲ့ သားငယ်၊ စင်တာမှာရေးလျှောက်ဝယ်သလို ပိုက်ဆံပေါ်တိုင်း လိုချင်လို့မရတာ မေတ္တာတရားပဲ သားငယ်"

"သားကို . . . ကိုကို ဘာလို့မုန်းနေတာလဲဟင်"

"အကြောင်းရှိလို့ပေါ့ သားရယ်"

စစ်သွေး မေမေ့ ခါးလေးကို တိုးဖက်လိုက်၏။ သူ့ဘဝမှာ မျှော်လင့်ထားဆုံးအရာသည် ယနေ့ ရာနှုန်းပြည့်မဟုတ်ပေမယ့် လိုသလောက်တော့ ရခဲ့ပြီမဟုတ်လား။ ကျေနပ်ဝမ်းသာလိုက်ရပေမယ့် တစ်ဝက်ကျော်ကျော်သား။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသာ မေမေ့လို စိတ်ပြောင်းသွားရင် ဘယ်လောက် ကောင်းလိုက်ပါမလဲနော်။

"သားငယ်"

"ဗျာ"

"ဘာမှ စိတ်မကောင်းစရာတွေ မတွေးနဲ့တော့နော်။ တစ်နေ့ သားလိုချင်တာတွေ ရလာမှာပါ"

"ဆုတောင်းနေရတော့မှာပေ့ါ မေမေရယ်"

ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုလျှင် စစ်သွေးဘုရားရှေ့မှာ လူ့သားစစ်စစ်မှ ကျောက်ရုပ်အသွင် ပြောင်းချင် ပြောင်းသွားပါစေ။

ကိုကို့ဆီက မေတ္တာတရားတွေကို ပိုင်ဆိုင်ရပါလို၏လို့ အချိန်တိုင်း ဆုတောင်းနေမိမှာ မလွဲမသွေပါ။





အခန်း ( ၂၂ )

သတို့သားနှင့် သတို့သားအရံလေးမှာ ရုပ်ချင်းတူကာ မှုဟန်လေး ကွဲပြားပြီး ရှင်းသန့်ချောမွေ့နေ၏။ သတို့သမီးလေးမှာလည်း ဘုံကြိုးပြတ်ကျလာတဲ့ နတ်သမီးလေးတမျှ လှပနေသည်။

"သတို့သား အမေ မတွေ့ပါလား"

"လာတော့မှာပါ"

နစ်ဖက်မိဘတွေမှာ ဘာတွေအလုပ်ရှုပ်နေကြလို့ မင်္ဂလာခန်းမထဲကို မရောက်ကြသေးသည် မသိ။ ဧည့်သည်ရှိ သတ်တွေ မျှော်လင့်နေချိန်မှာပဲ ဦးနေဝလနှင့် ဆော်ခင်ခက်



www.burmeseclassic.com

www.burmeseclassic.com



ခက်နိုင်တို့ မောင်နှမ ရောက်လာကြ၏။

"မေမေလာပြီ ကိုကို"

စစ်သွေးရဲ့ အသံကြောင့် စစ်သည် အပါအဝင် အားလုံးပဲ အကြည့်တွေက ဒေါ်ခေကရီထံသို့ ရောက်သွားကြသည်။

အပြာရောင် ချိတ်ထဘီနှင့် အကောင်းစား ဇာအင်္ကျီကို ဝတ်ဆင်ထားသော ဒေါ်ခေကရီ၏ အလှသည် ကျက်သရေအပေါင်းနှင့် ပြည့်စုံနေ၏။ ခန်းမထဲသို့ လှမ်းဝင်လာသော ခြေလှမ်းတွေက မြေပြင်ပေါ်သို့ ပန်းကလေးများ ကြွေကျနေသလိုပါ။

"ဟင်"

"သူ . . . သူက"

ဦးနေဝလတို့မောင်နှမ မျက်နှာတွေ ပျက်ချင်ချင်နှင့် စကားသံတွေက ထစ်ငေါ့ကာ ထွက်မလာ။

"မေမေ"

စစ်သွေးက မေမေ့လက်ကို ပြေးဆွဲကာ ခေါ်၏။

"သူ . . . သူက မင်းတို့ရဲ့အမေ ဒေါ်ခေကရီ ဆိုတာလား"



"ဟုတ်ပါတယ်။ ဒါ ကျွန်တော့်မေမေ ဒေါ်ခေကရီ ပါ"

ဒေါ်ခေကရီ လွန့်ခနဲ ပြုံးလိုက်၏။ ဦးနေဝလ၏ မျက်နှာကို မြင်လိုက်ရတော့ ရင်ထဲမှာ ဆစ်ခနဲ။

"ချစ် . . . ချစ်နှင်းမှုံ မဟုတ်လား"

"ရှင် ကျွန်မကို မမေ့သေးဘူးဘဲ။ ဟုတ်ပါတယ် အရင်ကတော့ ပန်းရောင်းစားခဲ့ရတဲ့ ချစ်နှင်းမှုံပေါ့။ အခု ကျွန်မ ဒေါ်ခေကရီ ဖြစ်နေပြီ"

ဦးနေဝလ ခြေတစ်လှမ်း နောက်ဆုတ်သွားသည်။ ပြောပြီး ကိုယ့်ရှေ့မှ ထွက်သွားသော နှင်းမှုံရဲ့ အကြည့်၊ စစ်သည်ဗိုလ်ရဲ့ အောင်နိုင်သူလို အပြုံး၊ စစ်သွေးဦးရဲ့ ကြောင်အမ်းအမ်း ဖြစ်သွားပုံ၊ အားလုံးကို ခြုံငုံ၍ ကြည့်ခြင်းအားဖြင့် . . .

အတိတ်က ဖြစ်ရပ်အတွက် ဦးနေဝလ သွေးပျက်လုမတတ် ထိတ်လန့်မိ၏။ ဒေါ်ခင်ခက်ခက်နိုင်က ပိုဆိုးသည်ပေါ့။ ကိုယ်နဲ့ ခမည်းခမက်တော်ရမည့်သူမှာ နှင်းမှုံတဲ့။ နောက်ဆုတ်လို့မရနိုင်တော့သည့် အခြေအနေမှာ ဖြစ်လာသမျှကိုပဲ လက်ခံရတော့မည်ပေါ့။

www.burmeseclassic.com



## အခန်း ( ၂၃ )

"မင်း . . . လူယုတ်မာ။ ငါ့တူမနဲ့ သဘောမတူဘူး။ ခု . . . ရအောင်ခွဲမယ်"

"ဟား . . . ဟား . . . ဟား . . . ဟား"

စစ်သည် ဟက်ဟက်ပက်ပက်ကြီးကိုပဲ အော်ရယ်ပစ်လိုက်၏။ မင်္ဂလာဆောင်ပြီးမှ ခွဲမယ်တဲ့လား။

"ဒေါ်ခက်ခက်နိုင် . . . ဒေါ်ခက်ခက်နိုင် . . . ခင်ဗျားကိုယ့်ကိုယ်ထိမှ မချိအောင်နာတတ်သလား ဟင်။ ခင်ဗျားတူမကို ကျွန်တော်က တရားဝင် လက်ထပ်ယူတာပဲဗျာ . . . ကျေနပ်စမ်းပါ"



"မကျေနပ်နိုင်ဘူးဟေ့။ နင် တို့ကို ကလဲ့စားချေချင်လို့ ငါ့တူမကို နင်ယူခဲ့တာ။ ချစ်လို့မဟုတ်ဘဲ ညှဉ်းပန်းနှိပ်စက်ချင်လို့ယူတာ"

"မှန်လိုက်လေ ဒေါ်ခက်ခက်နိုင်ရယ်။ ခင်ဗျားဗေဒင်ဟောစားလို့ရတယ် သိလား"

"ငါ့တူမကို ငါအခုပဲ အိမ်ပြန်ခေါ်မယ်။ တစ်ခုလပ်မကလို့ ဆယ်ခုပဲ လပ်လပ်"

ဒေါ်ခက်ခက်နိုင်၏ အသံက နံရံတွေကိုပင် ရိုက်ခတ်မြည်ဟည်းစေ၏။ ဒီနေ့ ဒီလိုမျက်နှာကို မြင်ချင်လို့ စစ်သည် ဒီလို မင်္ဂလာဆောင်ပြီး သျှင်မင်းခကို လက်ထပ်ခဲ့တာပါ။

ဦးနေဝလ ရှေ့မှာ မတူညီသော ခံစားချက်နှင့် သူ့သမီး စိတ်ဆင်းရဲတာကို မြင်စေချင်တာ။ ကိုယ်က တူဖြစ်တုန်းကတော့ မညှာမတာ ထုခဲ့ကြပြီး၊ ကိုယ် ပေဖြစ်လှည့်ကျမှ ရှယ်ရုံနဲ့ ကြောက်ပါပြီ အော်တာ တရားသလား။

"ကျွန်တော်က ကွာပေးမယ်ထင်လို့လား။ အခုမှ ပူပူနွေးနွေးရထားတဲ့မိန်းမကို Lesson လေးဘာလေးပေးရဦးမှာပေါ့ဗျာ။ ကျုပ်အမေတုန်းကတော့ ခင်ဗျားတို့ ရင်ခိုက်

www.burmeseclassic.com

စက်စက်"

"သား"

ဒေါ်ကေရီတစ်ဖြစ်လဲ ဒေါ်နှင်းမှုံ သားကို တောင်းပန်သလို ကြည့်၍ ခေါင်းခါလိုက်၏။ ပြောလို့မဖြစ်ပါဘူး။ သားငယ် သူတို့နဲ့ပတ်သက်လို့ မဖြစ်ဘူး၊ မပတ်သက်စေရဘူး။

"နှင့်အမေက ဘာဖြစ်လဲ ပြောစမ်းပါဦး"

"ခင်ဗျားမောင်ကို မေးကြည့်လေ။ သူ ဘယ်လိုယုတ်မာခဲ့လဲဆိုတာ ခင်ဗျား ခုမှ မသိချင်ယောင်ဆောင်မနေပါနဲ့။ ခင်ဗျားလည်း ကြံရာပါပဲ။ သူများဘဝကို ဖျက်ဆီးခဲ့တုန်းက ခင်ဗျားတို့ ဒီမျက်နှာမဟုတ်ဘူး။ ကျုပ်ကသျှင်မင်းကို ဖျက်ဆီးပြီးထားခဲ့တာ မဟုတ်ဘူးဗျ"

"ထားလို့ရော ရမလား။ ငါတို့မက ပေါက်လွှတ်ပဲစားမှ မဟုတ်တာ"

"ဩော် . . . ကျုပ်တို့ကတော့ ပေါက်လွှတ်ပဲစားကလေကဝတွေလား"

"ကိုယ် . . . ဘယ်ဘဝက လာလဲသိကြလေ"

"သူများ ဖြူစင်ရိုးသားစွာ လုပ်ကိုင်စားသောက်နေတာကို စိတ်ယုတ်မာတွေ မွေးခဲ့တာ ဘယ်သူလဲ။ ပုံလုံ





တစ်လှည့် ငါးပျံတစ်လှည့်ပဲဗျာ"

ဒေါ်ခက်ခက်ခိုင် ခါးထောက်ရပ်လျက်မှ စစ်သည်မျက်နှာကို စက်ဆုပ်ရွံရှာသလို ကြည့်လျက် လက်ညှိုးထိုးကာ . . .

"နှင် တော်တော်အောက်တန်းကျတာပဲ"

"ခင်ဗျားတို့က ကျုပ်ထက် အောက်တန်းပိုကျတာ။ ခင်ဗျားတို့ ကျုပ်တို့သားအမိ ခံစားရတာထက် နှစ်ဆပိုစေရမယ် သိလား"

"နှင် . . . နှင် ဘာလုပ်မှာလဲ"

စစ်သည် မဲ့ပြုံးပြုံးလိုက်၏။ ဘာတစ်ခွန်းမျှ ဝင်မပြောဘဲ ခပ်ကြောင်ကြောင်လေး ရပ်ကြည့်နေတဲ့ သျှင်မင်းလက်ကို ဆောင့်ဆွဲလိုက်ကာ . . .

"သျှင်မင်းခက ကျုပ်မိန်းမဖြစ်သွားပြီ။ သူ့ရဲ့ဆံဖျားကနေ ခြေဖျားအထိ ကျုပ်ပိုင်တယ်၊ အဲဒီတော့ သူနဲ့ပတ်သက်ပြီး ကျုပ် ဘာပဲလုပ်လုပ် ခင်ဗျားတို့ရင်ဘတ်ကို အင်္ဂတေကိုင်ပြီးတော့ကြည့်ပေါ့ဗျာ"

"ဟေ့ . . . မရဘူး။ သျှင်မင်း ပြန်လိုက်ခဲ့"

"အို"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခက်ခက်ခိုင် တူမလက်ကိုဆွဲလိုက်တာနှင့် စစ်သည်က လှမ်းလာသည့်လက်ကို ပုတ်ထုတ်ပြီး သျှင်မင်းကို သိမ်းဖက်ထားလိုက်၏။

"အား"

"မိုလ် . . . နင် ရိုင်းလှချေလား"

"လူမဆန်တဲ့ကောင်"

သျှင်မင်း ရန်ပေမယ့် မရ။ ဦးနေဇလက အံကြိတ်ပြီး ရှေ့တိုးလာသည်။ စစ်သည် ဦးနေဇလ၏မျက်နှာကို စားတော့ ဝါးတော့မတတ်ကြည့်ကာ . . .

"ခင်ဗျားရော လူဆန်ခဲ့လို့လား။ မစင်စွန့်ပြီးမှ ကြောင်လိုလက်နဲ့ ယက်မဖုံးနဲ့။ မရဘူး ဦးနေဇလ။ ခင်ဗျား ကျုပ်တို့သားအမိအပေါ် ရက်စက်ခဲ့တုန်းကရော လူဆန်ခဲ့လား ပြောလေ။ ဒူးနဲ့မျက်ရည်သုတ်ခဲ့ရတာက ကျုပ်တို့သားအမိဗျ။ ကိုယ်ပိုင်တဲ့မြေကိုရောင်းခဲ့တာတောင် ခင်ဗျားတို့ ကလိမ်ကျပြီး စက္ကူဖြူတွေ ထည့်ပေးခဲ့တာလေ"

ဦးနေဇလ နားရှုပ်သွား၏။ ဒီကောင် ဘာတွေပြောနေတာလဲ။

"မင်း မဟုတ်တာတွေမပြောနဲ့ ဟေ့ကောင်"





"ပုပ်လို့ပေါ်၊ ဟုတ်လို့ ကျော်ဆိုတာမျိုး။ ကျုပ်က မှန်တာတွေကိုပဲ ပြောနေတာ ဦးနေဇလ။ ခင်ဗျား ကျုပ်တို့အပေါ် ရက်စက်ခဲ့သလို ခင်ဗျားသမီး ဘယ်လိုခံစားရမလဲ စောင့်ကြည့်"

"ဟေ့ကောင် . . . မင်း မဆိုင်တဲ့ငါ့သမီးကို ဆွဲမထည့်နဲ့"

"ဟား . . . ဟား . . . ဟား . . . ဟား"

စစ်သွေးကတော့ ဘာကိုမှနားမလည်သူပီပီ ရပ်ကြည့်နေရုံမှအပ ပြောစရာစကားမရှိပြီ။ လူကြီးတွေရဲ့ နောက်ခံသမိုင်းကြောင်းမှာ ဘာအရှုပ်အရှင်းတွေရှိခဲ့လို့ ကိုကို ဒီလောက် အငြိုးကြီးရတာလဲ။

ဦးနေဇလဆိုတဲ့လူ မေမေနဲ့ကိုကို့အပေါ် ဘယ်လောက်အထိ ရက်စက်ခဲ့ပါလိမ့်။

"ဆိုင်ပါပြီကော ဦးနေဇလရယ်။ လက်သည်းဆိတ်မှ လက်ထိပ်နာမှာလေဗျာ"

"မိုလ် . . . နင် ဘာတွေပြောနေတာလဲ"

"ငါ ဘာပြောတယ်ဆိုတာ နင့်အဖေနဲ့အဒေါ် သိတယ်။ နင့်ကို ငါယူခဲ့တာ ချစ်လို့မဟုတ်ဘူး။ လက်စားချေ

www.burmeseclassic.com



ချင်လို့ သိလား။ ဒီနေ့ကစပြီး နင် ငါ့ရဲ့ပျော်တော်ဆက်မိန်းမ ပဲ။ ယောက်ျားကောင်းရင် မောင်းမတစ်ထောင်။ အဆောင် အယောင်တွေနဲ့ နင့်ကို မိဖုရားခေါင်ကြီးလိုထားမယ် မထင် နဲ့။ လိုတာရရင် နင့်အဖေနဲ့အဒေါ် ရင်ကွဲနာကျအောင် ငါ လုပ်ပြဦးမှာ"

"ခွေး . . . ခွေး ကျင့်ခွေးကြံကြံတဲ့ ခွေးသား"

"ခင်ဗျားက ကျုပ်ထက် တစ်ထောင်တိုးနက်ခဲ့တာ"

"နင် . . . နင် တော်တော်ရိုင်းစိုင်းပါလား ဗိုလ်။ ငါ့အဖေကို နင် ဒီလိုပြောခွင့်မရှိဘူး"

"ပိတ်ထားစမ်း နင့်ပါးစပ်"

စစ်သည် အသံကုန်အော်ပြီး သျှင်မင်းပါးစပ်ကို ပိတ်ထား၏။ သျှင်မင်း ရုန်းရင်း သူ့ကို အားကုန်ဆောင့်တွန်း တာ မရ။

"ငြိမ်ငြိမ်နေစမ်း"

"အု . . . အ . . . ဖယ်"

ရုန်းရင်းဆန်ခတ်ကနေ သျှင်မင်း ပါးစပ်ပွင့်သွား တာနှင့် သူ့လက်မောင်းကို ကိုက်မယ်လုပ်တော့ . . .

"ဟာကွာ"





"ဖြန်း"

"အား"

သျှင်မင်း ကိုယ်လေး လည်ထွက်သွားတာမြင် တော့ ဦးနေဗလရဲ့မျက်လုံးတွေ ပြာဝေသွား၏။

"အို . . . သား"

ဒေါ်နှင်းမှုံ သားကို ပြေးဆွဲလိုက်၏။

ဦးနေဗလ မီးဝင်းဝင်းတောက်နေသော မျက်လုံး များနှင့် အံကြိတ်ကာ သမီးကိုထိတော့ ဘာမှစဉ်းစားမနေ နိုင်။ ကိုယ် ရွှေလိုဥထားတဲ့သမီးကို သင်းက ပါးရိုက်တာ ဒီအတိုင်းကြည့်နေရမှာလား။ ဒေါသက လက်သီးဆီသို့ အင်အားစုကာ စစ်သည်ထံသို့ ပြေးဝင်သွား၏။

"ခွေးမသား . . . သေပေတော့"

"ဖေဖေ"

"ခွပ်"

အခြေအနေက ရှုပ်ထွေးသွား၏။ သျှင်မင်း တား လိုက်သည့်ကြားက ဦးနေဗလ၏လက်သီးက စစ်သည်၏ မေးရိုးဆီသို့ ကျကျနန ထိသွား၏။ ရှောင်တိမ်းချိန်မရလိုက်သ ၍ စစ်သည် နောက်သို့ ယိုင်သွားလေလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ဟုခေါ်ကာ စစ်သွေးပြေးထိန်းလိုက်၏။

ဦးနေဗလ စစ်သည်ကို နောက်ထပ်ထိုးဖို့ လက်သီးရွယ်လိုက်စဉ် . . .

"ဟေ့လူကြီး"

"အို . . . သား"

"စစ်သွေး"

စစ်သွေး ဦးနေဗလ၏အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲပြီး လက်သီးတစ်လုံး ပစ်သွင်းလိုက်ရာ ထိုလက်သီးသည် ဦးနေဗလ မျက်နှာဆီသို့ မရောက်ဘဲ စစ်သည် ဖမ်းဖွဲ့ထားခြင်းကို ခံလိုက်ရ၏။

စစ်သည်ကိုထိရင် စစ်သွေး ဆတ်ဆတ်ထိမခံတာကို သိနေ၍ ဒေါ်နှင်းမှုံမှာလည်း ဦးနေဗလကို အားကုန်ဆောင့်တွန်းပစ်လိုက်သည်။ ဦးနေဗလကို ထိခိုက်နာကျင်မှာစိုးလို့ ဒေါ်နှင်းမှုံ ဒီလိုလုပ်ရခြင်း မဟုတ်ပါ။

သူ ဘာပဲဖြစ်ဖြစ် ဝမ်းနည်းစရာမရှိပေမယ့် သားငယ်ကို ကံကြီးထိုက်မှာစိုးလို့ပါ။ စစ်သည်ကရော ဘာသဘောနဲ့ စစ်သွေးလက်ကိုဆွဲထားတာလည်း သူပဲ သိလိမ့်





မည်။

"ဒီကိစ္စမှာ မင်းဝင်မပါနဲ့ စစ်သွေး"

"ဝင်မပါလို့ရမလား။ ဒီလူကြီး ကိုကို့အသားကို နာအောင် လုပ်မှာကို ကျွန်တော်က ကြည့်နေရမှာလား။ အဓိပ္ပာယ်မရှိတာ"

"ငါ့ကိစ္စ ငါ ရှင်းနိုင်တယ်။ မင်း သူ့ရဲ့ကောင်း ဝင်မလုပ်နဲ့"

စစ်သည် စစ်သွေးကို ဆောင့်တွန်းပစ်လိုက်၏။ အိမ်ကြက်ချင်း အိုးမည်းသုတ်တိုက်မည်ဆိုတဲ့လူက တကယ်ခွပ်ကြတော့မည်ဆိုတော့ ဘာကြောင့် တားဆီးပိတ်ပင်ခဲ့ပါသနည်း။

တကယ်ဆိုရင် သူ့ဆန္ဒပြည့်ဝဖို့ပဲ မဟုတ်လား။ စစ်သွေးရဲ့လုပ်ရပ်က သူဖြစ်စေချင်တဲ့အတိုင်းပဲ မဟုတ်ဘူးလား။

"ဦးနေဗလ . . . ခင်ဗျား ကျေနပ်ရဲ့လား။ ခင်ဗျား အလုည့်ပြီးရင်တော့ ကျုပ်အလှည့်နော်"

"မကျေနပ်ဘူး။ မင်းကို ငါ သတ်မှာ။ မင်းကို သတ်ပြီးမှ ငါ ထောင်ထဲဝင်မယ်ကွ။ ငါ့သမီးကိုတော့ မင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ဒုက္ခခံနိုင်းဘူး။ နားလည်လား"

"အဟွန်း"

"ဟေ့လူ . . . ခင်ဗျား ကျုပ်အစ်ကိုအသားကို မထိနဲ့နော်"

"သားငယ်"

"ဖေဖေ တော်ပါတော့။ သူနဲ့ပြိုင်ပြီး ရန်ဖြစ်နေရင် ဖေဖေပဲ သိက္ခာကျမှာ"

"ဘာ . . . သျှင်မင်းခ"

စစ်သည် သျှင်မင်းခလက်ကလေးကို ဆောင့်ဆွဲလိုက်တော့ ရင်ဘတ်ချင်း ပြေးတိုက်၏။

"သစ်ပင်တစ်ပင်ရဲ့ ရှင်သန်ခြင်းမှာ ရေသောက်မြစ်ရဲ့ နောက်ခံသမိုင်းရှိတယ် သျှင်မင်းခ။ မြေဆီလွှာကောင်းရင် အသီးအပွင့်သန်သလို၊ မြေဆီလွှာညစ်ညမ်းရင် အသီးအပွင့်တွေကလည်း ပိုးထိုး၊ လောက်ကိုက်ပဲ မြင်ရမှာ။ မင်းအဖေရဲ့ နောက်ခံသမိုင်းကို မင်း ပြန်ပြီးတူးဖော်ကြည့်လိုက်"

"တူးဖော်ကြည့်ရင် ငါ့မောင်က ဘာဖြစ်နိုင်သလဲ စစ်သည်ဗိုလ်"



"ပုပ်စော်ဟောင်စော်နံနေမှာပဲလေ"

"ဘာ"

ဦးစီးတော့ ပွဲကထောင်၊ ပွဲစီးတော့ ဦးကထောင် ဆိုသလို တစ်ယောက်က ငြိမ်သွားတော့ တစ်ယောက်က ထောင်လာပြန်၏။

ဦးနေဝလ မှားပြီဆိုတဲ့နောက်တကက ကြမ်းကျွံလို့ ခြေထောက်နုတ်သလို ပြန်နုတ်လို့မရတော့ပြီ။ ကိုယ့်သမီးက သူ့ဖိုင်သွားပြီ။ ဘာလုပ်ရမလဲ။

"မှားတယ် . . . တို့မှားတာ။ မင်းကို နှင်းမှုံရဲ့သားမှန်းသိရင် ငါ့တူမနဲ့ မပေးစားခဲ့ဘူး။ မင်းနဲ့ပေးစားမယ့်အစား ခွေးကို ကျက်သရေခေါင်းပေါင်းဆောင်း၊ တိုက်ပုံဝတ်ပေးပြီး ပေးစားလိုက်တယ် . . . သိလား"

"ဩော် . . . ခင်ဗျားတို့က အဲဒီလောက် အဆင့်အတန်းမြင့်ခဲ့တာကိုး။ ကျွန်တော်ကလည်း ရန်ကြွေးဆပ်ဖို့မရှိဘူးသာဆိုရင် ခင်ဗျားတူမကို ယူမယ့်အစား တိရစ္ဆာန်ရုံထဲက မျောက်မကို ပါးရိုက်ခေါ်လာပြီး မင်္ဂလာဆောင်ပစ်မှာ သိလား"

"မင်း . . . တောက်"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ သားရယ်။ မေမေတို့ ပြန်ကြရအောင်။ ဒီလောက်ပြောရရင် သား ကျေနပ်ပါတော့"

မေမေ့စကားကို နားထောင်သောအားဖြင့် စစ်သည် နောက်ဆုတ်ဖို့ ခြေလှမ်းပြင်ပြီး သျှင်မင်းပနံးကို ဆွဲဖက်လိုက်ကာ . . .

"မေမေ့စကားကို နားထောင်သောအားဖြင့် ဒီနေရာမှာပဲ ဒီဇာတ်ဝင်ခန်းကို အဆုံးသတ်လိုက်ပါ့မယ်။ ကဲ သျှင်မင်းခ သျှောင်နောက် ဆံထုံးပါ။ ထုံးစံအရ . . . မင်း"

"အို . . . မလိုက်ဘူး"

"ဖြန်း"

"သမီး"

တစ်ချက်တည်းနှင့် ပုံလျက်လဲသွားတဲ့ သျှင်မင်းခကို စစ်သည် ပွေ့ချီပြီး ဦးနေဗလကို ကြည့်လိုက်တော့ အံကို တင်းတင်းကြိတ်၍ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

ဒါ မလွဲသာလို့ ကြိတ်မှိတ်မျိုသိပ်လိုက်ရတာမျိုး။

"ဟား . . . ဟား . . . ဟား . . . ဟား"

စစ်သည် ထွက်သွားတာနှင့် ဦးနေဗလနှင့် ဒေါ်



ခက်ခက်ခိုင် ရှုံးပွဲချပြီး ဒိုပွဲဝင်ကြရတော့၏။

မိဘကချစ်လို့ နမ်းခဲ့တဲ့သမီးရဲ့ပါးပြင်လေး . . . ခုတော့ဖြင့်လေ . . .

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

ဦးနေဇလနှင့် ဒေါ်ခက်ခက်နိုင်တို့မှာ အခုမှ ဆုပ်လည်း ဆူး၊ စားလည်း ရှူး ဖြစ်ရချေပြီ။ မင်္ဂလာပွဲပြီးကတည်းက သမီးကို မမြင်ရ။ ဖုန်းခေါ်ကြည့်တော့လည်း မကိုင်။

"ငါတော့ လိုက်သွားချင်တယ် ဇလ၊ အခုဆို သမီးလေးက လူလည်းမလာ၊ ဖုန်းလည်း မဆက်။ တို့ဆက်တော့လည်း မကိုင်ဘူး။ ဘာများဖြစ်နေတယ် မသိပါဘူး။ ငါ စိတ်ပူလို့ သေတော့မယ်"

"လိုက်သွားလို့တော့ မဖြစ်ဘူး မမ၊ ဟိုကောင်နဲ့



တွေ့ရင် မမပဲ ကြေးစည်ထုသလို ရင်ထုမြန်လာရမှာ"

"ဒါဆို တို့ ဘာလုပ်ကြမလဲ ဇလ"

ဦးနေဇလ သက်ပြင်းချလိုက်၏။ ဘာလုပ်ရမလဲ။ စစ်သည်ဗိုလ် ပြောတဲ့စကားတွေက နားထဲက မထွက်။ သူ့စကားနဲ့ ကိုယ့်ကြားမှာ လွဲမှားမှုတွေများ ရှိနေမလား။ ကိုယ်ပိုင်တဲ့မြကို ရောင်းခဲ့တာတောင် ခင်ဗျားတို့ ကလိမ်ကျပြီး စတ္တုဖြူတွေ ထည့်ပေးခဲ့တာတဲ့။ ထိုစကားတွေကို ဦးနေဇလ နားမလည်ပါ။

သူတို့မြကို ဦးနေဇလ မဝယ်ခဲ့မိတာ အမှန်ပါ။ ဒါဆို မမများ . . .

"မမ"

"ဟင်"

"နှင်းမှုံတို့မြကို မမ ဝယ်ခဲ့တာလား"

"အင်း . . . အဲ . . . အဲဒါ"

ဒေါ်ခက်ခက်နိုင် ရုတ်တရက်ကြီးမေးလိုက်တဲ့ မေးခွန်းကြောင့် အဖြေရခက်သွားသည်။

"ပြောပါ မမ။ ကျွန်တော့်ကို မှန်မှန်ပြောစမ်းပါ။ နှင်းမှုံတို့မြကို မမ ဝယ်ခဲ့တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခက်ခက်နိုင် မငြင်းသာတော့ပြီမို့ . . .

"ဟုတ်တယ် ဗလ။ နှင်းမှုံနဲ့ မင်းကို ဝေးသွားအောင် မမ ဖန်တီးလိုက်တာ။ မမကို အတ္တကြီးတယ်လို့ပြောချင်လည်းပြောပါ။ သမီးလေးရဲ့ဘဝမှာ မိထွေးဆိုတာမရှိစေချင်ဘူး။ ပြီးတော့ နှင်းမှုံက ဆင်းရဲတယ်။ သမီးလေးရဲ့ အမေ ပြန်လာလေမလားလို့လည်း မျှော်လင့်မိတယ်။ အဲဒါကြောင့် . . ."

"မမရျာ"

ဒီအကြောင်းတွေကို ဦးနေဗလ မသိခဲ့ရိုးအမှန်ပါ။ သူ နှင်းမှုံကို တကယ်ချစ်ခဲ့တာပါ။ သူ ချစ်ရေးဆိုတော့ နှင်းမှုံက လက်မခံ။ သူ့သားလေးရဲ့ဘဝမှာ ပထွေးဆိုတာ မရှိစေရဘူးတဲ့။ ဦးနေဗလ ဒီအကြောင်းတွေကို သူငယ်ချင်းတွေဆီမှာ ရင်ဖွင့်တော့ နှင်းမှုံကို မရရင် ရတဲ့နည်းနဲ့ယူဖို့ မြှောက်ပေးကြသည်။ အဲဒီနေ့မှာပဲ နေဗလ အရက်တွေသောက်လာပြီး မူးမူးနှင့် နှင်းမှုံဆီကို သွားခဲ့သည်။ သူ ရောက်သွားတော့ နှင်းမှုံက ပန်းပင်တွေရေလောင်းပြီး အိမ်ပေါ်ကို တက်လက်စမို့ ရေစိုကိုယ်လုံးလေးနှင့် နှင်းမှုံရဲ့အလှသည် နေဗလ၏အချစ်စိတ်ကို နိုးထစေခဲ့၏။ အမွှေဆန်စွာ



နှင်းမှုံရဲ့ဘဝကို သိမ်းပိုက်ခဲ့ပြီး လက်ထပ်ပါမည်လို့ တဖွဖွပြောခဲ့တာလည်း သူ။

တစ်နေ့မှာတော့ နေဗလ နှင်းမှုံတို့အိမ်ကို သွားတော့ မမ လိုက်ချောင်းတာကို သိ၏။ ဘယ်လိုမှ မျက်ရိပ်ပြလို့ မဖြစ်နိုင်တဲ့အနေအထားမှာ . . .

"နှင်းမှုံတို့ လက်ထပ်ကြရအောင် ကိုနေဗလ"

"ဘာဖြစ်လို့လောနေတာလဲ နှင်းမှုံရယ်။ ကိုယ်ကတိပေးထားတာပဲဥစ္စာ"

"ကတိပေးရုံနဲ့ မရတော့ဘူး ကိုနေဗလ။ နှင်းမှုံမှာ ကိုယ်ဝန်ရှိနေပြီ"

"ကိုယ်အလုပ်ကိစ္စလေးတွေ ရှိနေလို့ပါ နှင်းမှုံရယ်။ ဆယ်ရက်လောက်တော့ စောင့်ပါဦးကွာနော်"

သူပြောတော့ နှင်းမှုံ ခေါင်းညိတ်ခဲ့သည်သာ။ မမကို ဖွင့်ပြောတော့ လက်မခံ။ ရမလားလို့ စည်းရုံးရင်း ရက်ထပ်ရွှေ့ နောက်တော့ အလုပ်ကိစ္စတွေ ဟိုအကြောင်းပြ ဒီအကြောင်းပြနှင့်။ မမက နေဗလကို ရန်ကုန်သွားခိုင်းလိုက်၊ မန္တလေးသွားခိုင်းလိုက်နဲ့ အလုပ်ကိစ္စတွေက ပြီးသည် မရှိခဲ့။ မမရဲ့အကြံကို နေဗလ ရိပ်မိသလိုရှိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ နေဗလအိမ်ကို နှင်းမှုံ ရောက်လာတော့၏။ မမကလည်း သူ့အကြံနှင့်သူရှိသလို၊ နေဗလကလည်း မမကို အချိုးသတ်ထားပြီး နှင်းမှုံကို ခိုးပြေးဖို့ရည်ရွယ်ချက်နှင့်။

နှင်းမှုံ အိမ်ကိုလာတော့ မမက အလစ်မပေးပေ။ သူ့အကျင့်အတိုင်း ချောင်းနားထောင်နေတော့ . . .

"မင်းက ကျော့ချမှ စားပြမှန်း သိမှာလား နှင်းမှုံ။ ငါ မင်းကို ဒီလောက်ချောင်နေမှတော့ မင်း သိသင့်တယ်။ ငါက စားနေကျကြောင်ပါး။ ဒါမျိုးတွေ ငါ့အဖို့ ရိုးနေပြီကွ။ သူများတွေလို ဉာဏ်မသုံးဘဲ ဒီကိုယ်ဝန်ကိုထားတာ မင်းရဲ့ ကံကြမ္မာကို မင်းဖန်တာ။ ကိုယ် မင်းကို လုံးဝလက်မထပ်နိုင်ဘူး"

လို့ပြောတော့ နှင်းမှုံ ဒေါသဖြစ်ကာ သူ့ကို ပက်ပက်စက်စက် ပြောသွား၏။ နှင်းမှုံရဲ့မျက်ရည်တွေကို မြင်ရတော့ သူ့ရင်ထဲမှာ မချိခဲ့။ မမကွယ်မှ တောင်းပန်မယ်ဟု ရင်ထဲမှာ သိုသိပ်ကျိတ်မှိတ်ထားသမျှ နေဗလ အလုပ်ကနေ အိမ်မပြန်ဖြစ်တဲ့ရက်ကလေးမှာပဲ ကံကြမ္မာက တိမ်းစောင်းသွားခဲ့သည်။

"ဟင်"



အတိတ်ကို ပြန်စဉ်းစားမိတာနှင့် ဦးနေဗလ ရင်ထဲမှာ ပွက်ပွက်ဆူသွား၏။ နှင်းမှုံလွယ်ခဲ့ရတဲ့ကိုယ်ဝန်ကရော၊ ကိုယ့်ရင်သွေးလေး ပါသွားခဲ့တာပဲ။ ဒီလို အရေးကြီးတဲ့အချက်ကိုမှ သူ ဘာလို့ မေ့လျော့ခဲ့ရပါလိမ့်။

ဧည့်ခံပွဲတစ်ခုမှာ စစ်သည်ဗိုလ်နဲ့ သူ စတွေ့ခဲ့တုန်းက စစ်သွေးဦးကို သူ့ရှေ့မှာ တမင်နိုင်လိုမင်းရလုပ်ပြတာ။ ဟုတ်ပြီ . . . ဒါ ငါ့ကို တစ်ချိန်ချိန်မှာ ရင်ကွဲပက်လက်ဖြစ်စေဖို့ ရည်ရွယ်တာ။

"မမ"

"ဟင်"

"နှင်းမှုံ ထွက်သွားတုန်းက ကျွန်တော့်ရင်သွေးလေး ပါသွားခဲ့တယ်လေ"

"အဲ"

ဒေါ်ခက်ခက်နိုင် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။

"စစ်သွေး . . . စစ်သွေးဦးက ကျွန်တော့်သားများ ဖြစ်နေမလား"

"ဖြစ်နိုင်တယ် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . သမီး"

သျှင်မင်းခ တစ်လှမ်းချင်းဝင်လာ၏။

"စစ်သည်ဗိုလ်က ဖေဖေ့အပေါ် မုန်းတီးနာကြည်းခဲ့သမျှ စစ်သွေးနဲ့သမီးအပေါ် ရက်စက်ပြပြီး လက်စားချေချင်တာ"

"ဘယ်လို"

"သမီးကို အပြင်ထွက်ခွင့်လည်း မပေးဘူး၊ ဖုန်းလည်း မကိုင်ရဘူးတဲ့။ အခုတောင် သူ့အလစ်မှာ သမီး ခိုးထွက်လာခဲ့တာ"

"သမီးရယ်"

သျှင်မင်း မျက်ရည်စလေးများနှင့် ဖေဖေ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။ သျှင်မင်းကတော့ ဗိုလ်ကို ငယ်သံယောဇဉ်အရင်းခံပြီး တကယ်ချစ်လို့ လက်ထပ်ခဲ့တာပါ။

သူကတော့ လက်စားချေလိုမှုသက်သက်နဲ့ သျှင်မင်းကို နှိပ်စက်ချင်လို့ လက်ထပ်ခဲ့တာ။

"ဖေဖေ"

"သမီး"

"ဖေဖေတို့နဲ့ ဗိုလ်တို့ကြားမှာ ဘာရန်ငြိုးတွေ





ရှိနေခဲ့တာလဲဟင်။ သမီးကို ပြောပြပါ"

"မဖြစ်စလောက်ကလေးကို အကျယ်ချဲ့တာပါအေ။ ဆူးနဲ့ခြစ်တာကို ဓားနဲ့ပထိုးပါတယ်အော်ပြီး အပြစ်ရှာတာမျိုး"

"မမ"

ဦးနေဝလ အစ်မလုပ်သူကို စူးခနဲစိုက်ကြည့်လိုက်၏။ အခုထိ မာနတွေ မချနိုင်သေးပါလား။ ဒီဇာတ်လမ်းမှာ မမသာ လူကြမ်းဝင်မလုပ်ခဲ့ဘူးဆိုရင် သူတို့မိသားစုလေး သာယာချမ်းမြေ့စွာ ပေါင်းစည်းနေထိုင်ကြရမှာ။

ခုတော့ ရှားတစ်ချောင်းကြောင့် အုတ်တစ်သောင်း ပျက်ခဲ့ရသလို မမရဲ့အတ္တမာနတွေကြောင့် အားလုံးရဲ့ရင်ထဲမှာ ဒဏ်ရာကိုယ်စီနှင့်။

"ဆူးနဲ့ပဲခြစ်ခြစ်၊ ဓားနဲ့ပဲထိုးထိုး၊ သွေးထွက်ရင် ဒဏ်ရာတော့ရှိတာပဲ မဟုတ်လား မမ။ ပြုသူက လက်အရာသာရှိသွားပေမယ့် ခံရတဲ့သူက ဒဏ်ရာကို ဆွပြီး ထကနေနိုင်မှာလား။ စကားကို လက်လွှတ်စပယ် မပြောပါနဲ့ မမရယ်။ အခု သူတို့က ဘဝနဲ့ရင်းပြီး ဒဏ်ရာရခဲ့တာ"

"ဘာလဲ မင်းက စစ်သွေးဦးကို မင်းရဲ့သားလို့ထင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ငါ့ကို ဒီစကားတွေ ပြောနေတာလား ဗလ။ နှင်းမှုံဆိုတဲ့ မိန်းမ ဘယ်နေရာမှာ ခြေရှုပ်ခဲ့သလဲ။ အရင် လေ့လာဦး။ သူ့ရုပ် သူ့ရည်နဲ့က လင်မရှားဘူးဟဲ့"

"တီလေး"

သျှင်မင်း ဖေဖေ့ရင်ခွင်ထဲကနေတိုးထွက်လိုက်၏။

"အန်တီနှင်းမှုံက အဲဒီလိုလူစားမျိုး မဟုတ်ဘူး"

"အိုတော် . . . ဒီလိုမိန်းမတစ်ယောက်ရဲ့ဘဝကို ရွှေလိုမှတ်ကျောက်တင်ကြည့်လို့ ရသလား"

သျှင်မင်း တစ်ခုခုပြောဖို့ ဟန်ပြင်ပြီးမှ ပါးစပ်ပိတ်လိုက်မိ၏။ တီလေးကရော ဘယ်လိုမှတ်ကျောက်တင်ခံပြီး ရွှေအစစ်ပါလို့ အာမခံနိုင်မလဲမေးရင် အနာပေါ်တုတ်ကျပြီး ဆွေ့ဆွေ့ခုန်မှာ ကျိန်းသေ။ ပုက်လက်လုန်ပြီး တံတွေးထွေးရင် ကိုယ့်အပေါ်ပဲ ပြန်ကျဦးမည်။ တီလေးကလည်း ငယ်ငယ်တုန်းက ခိုးရာလိုက်ဖူးခဲ့သည်လေ။

ယောက်ျားက မယားကြီးနဲ့ဖြစ်နေလို့ မိဘတွေက ပြန်ခွဲထားကြတာ။ အခု လူအများရဲ့အမြင်မှာတော့ သူက အပျိုကြီးပေါ့။

"တော်တော့ မမ။ ပြီးခဲ့တာတွေအတွက် အပြစ်



တင်နေလဲ အတိတ်ဆိုတာ ရေထဲက ဆားပဲ။ ပြန်ပြုပြင်ဖို့ မဖြစ်နိုင်ဘူး"

ဒေါ်ခက်ခက်ခိုင် မျက်စောင်းတစ်ချက်နှင့် ငြိမ်သက်သွားသည်။

"ဖေဖေ . . . ဖေဖေနဲ့အန်တီနှင်းမှုံရဲ့ ပတ်သက်မှုကို သမီး သိချင်တယ်"

"သမီး သိချင်တယ်ဆိုရင် ဖေဖေ ပြောပြပါ့မယ်ကွယ်"

ဦးနေဗလ၏မျက်ဝန်းအစုံသည် ရီဝေဆွေးမြည့်လျက် နှုတ်ခမ်းလွှာက အတိတ်ကအကြောင်းဆီသို့။

အချစ်ကို အချစ်နဲ့တူစွာ ခင်းကျင်းဖြန့်ကြဲချင်ခဲ့ပေမယ့် အတ္တနဲ့ရှုးတိုက်လို့ လန့်ဖျပ်ပြီးပြေးခဲ့ရတဲ့ သူတို့သည် မို့ချည်မောက်ချည် ရင်အစုံကိုဖိလျက် နာကျင်ကြေကွဲခြင်းအောက်မှာ အမောဖြေခဲ့ရပြီးနောက် ယခုတော့ အမောပြေလို့ ရှုးတိုက်သူကို ခဲနင့်ပြန်ပေါက်တာမျိုးပါ။

"ဒါ . . . ဒါဆို စစ်သွေးက . . . စစ်သွေးက သမီးရဲ့ မောင်လေးဆိုတာ ကျိန်းသေတယ် ဖေဖေ။ သူ . . . သူ စစ်သွေးအပေါ်မှာလည်း ရက်စက်ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးနေဝလ ယုံပါတယ်လေ။ ကိုယ့်ရှေ့မှာ နိုင်လို့ မင်းရ လုပ်ပြတာသည် အကြောင်းမဲ့မှမဖြစ်နိုင်တာ။

"ဒီရန်ကြွေးအတွက် ဖေဖေကိုယ်တိုင် ပြန်ပြီး ပေးဆပ်ပါ့မယ် သမီးရယ်"

"အို . . . ဖေဖေရယ်"







## အခန်း ( ၂၅ )

"သျှင်မင်းခ . . . သျှင်မင်းခ"

စစ်သည်အသံကြီးက တစ်အိမ်လုံးကို လွှမ်းမိုးသွားတာကြောင့် သျှင်မင်း မျက်ရည်ကို ကမန်းကတန်း သုတ်၍ ပြေးထွက်လာခဲ့သည်။

"သျှင်မင်းခ . . . ခေါ်နေတာ မကြားဘူးလား။ တောက် . . . ဒီမိန်းမကွာ အသိတရားကို မရှိဘူး။ ကိုယ့်ယောက်ျားပြန်လာတာကို ကြိုဖော်မရဘူး။ ဟေ့ . . . သျှင်မင်းခ ဘယ်ချောင်မှာ သွားနေသလဲ . . . အေ့"

လျှာလေးအာလေးအသံကြီးနှင့်မို့ အရက်သောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်ဆိုတာ မပြောဘဲလည်း သိနေပြီ။

"သျှင်မင်းခ"

"လာပြီ"

"မြန်မြန်လာ . . . တောက် . . . ကွာ . . . အေ့"

"ဟင်"

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် သျှင်မင်း ဆင်း လက်စလှေကားပေါ်ကနေ ငွမ်းပစ်ချလိုက်ချင်တော့၏။ လည်ပေါ်ဟိုက်ပေါ်အင်္ကျီနှင့် ဘောင်းဘီက အသားနှင့် တစ်ထပ်တည်းကပ်လို့။ ပုရိသတွေရဲ့စိတ်ကို မလှုပ်လှုပ်အောင် ဆွဲဆောင်နိုင်သော ရှုးရဲသော အလှတို့ကို ပိုင်ဆိုင်ထားသော မိန်းကလေးတစ်ယောက်။

ကောင်မလေးရဲ့ပခုံးကို စစ်သည်က ဖက်ထား လိုက်တာများ ကျစ်လို့။ ကောင်မလေးကလည်း စစ်သည် ခါးကို ဖက်ထားလိုက်တာ အားမနာတမ်းပါပဲ။

"ကိုစစ် . . . ကိုစစ်မိန်းမလာပြီ။ ဂျူးကို လွှတ် တော့လေ"

"လာ . . . လာပေါ့ကွာ။ ဘာဖြစ်လဲ။ ကိုယ့်ကို သူ ကမှ ပျော်အောင် ဖန်တီးမပေးနိုင်တာ။ ဂျူး ကိုယ့်ကို ပျော်



အောင် လုပ်ပေးနိုင်တယ်လေ"

"သူ့ရှေ့မှာဆိုတော့ မကောင်းဘူးလေ ကိုစစ်ရဲ့"

"ဟား . . . ဟား . . . ဟား . . . ဂျူးရယ် စိတ်ပူ စရာမရှိ ဘာလို့စိတ်ပူနေရတာလဲ။ ဒီအိမ်မှာ ကိုယ်ကြောက် ရမယ့်သူတစ်ယောက်မှ မရှိဘူး။ အဲ. . .မေမေကလွဲရင်ပေါ့"

"ကဲ . . . လွှတ်ပါတော့"

ကောင်မလေးက စစ်သည်လက်တွေကို ဖယ်ချ လိုက်ပြီး လှေကားရင်းမှာရပ်နေတဲ့ သျှင်မင်းကို လှမ်း ကြည့်ကာ . . .

"ဟိတ် . . . လာတွဲလေ"

ကြည့်စမ်း။ သျှင်မင်းကိုခေါ်ပုံက ဟိတ်တဲ့။ တကယ် ဆို သူက သျှင်မင်းထက် အတော်ငယ်မှာ။ သျှင်မင်း ချက်ချင်းပဲ မျက်ရည်တွေ လည်လာသည်။ ငိုချင်စိတ်ကို မနည်းထိန်းနေရ၏။

"လာတွဲလေ။ ဒီမှာ ကိုစစ်ကိုယ်ကြီးကို တွဲလာရ တာ ညောင်းနေပြီ"

"သျှင်မင်းခ . . . ငါ့ကို လာတွဲ"

ဩော် . . . ဟိုက ညောင်းနေပြီဆိုမှ ပခုံးကို

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးပြီး သျှင်မင်းကိုခေါ်နေတာ။ ပါးပြင်ပေါ်သို့ ကျလာတဲ့ မျက်ရည်တွေကို သုတ်ပြီး သျှင်မင်း သူ့ကိုတွဲဖို့အပြင်

"မမ နိုင်မှာမဟုတ်ဘူး။ ကျွန်တော် တွဲမယ်"

"မောင်လေး"

စစ်သည်ကိုယ်ကြီးကို ဝင်တွဲလိုက်တဲ့ စစ်သွေး။ သျှင်မင်း သူ့မျက်နှာလေးကို ငေးခနဲဖြစ်အောင် ကြည့်မိ၏။ ဖေဖေက ရှပ်ကုန်မှာစိုးလို့ သမီး ဘာမှမမေးပါနဲ့တဲ့။ မောင်နှမချင်း တွေ့နေရတာတောင် အမြင် နီး၍ ခရီးဝေးပါလား မောင်လေးရယ်။

စစ်သွေး ဂျူးဆိုတဲ့ကောင်မလေးကို ခပ်စူးစူး ကြည့်လျက် . . .

"ဒီမှာ"

"ဟင်"

"မင်းအသက်အရွယ် မင်းရဲ့အလှအပနဲ့ မင်း လူပျို လူလွတ်တစ်ယောက်ကို ခေါင်းခေါက်ယူလို့ ရနိုင်ပါတယ်။ မင်း မရှက်တတ်ဘူးလား။ ငါ့အစ်ကိုမှာ မယားကြီးရှိတယ် တုတ်နဲ့"

ကောင်မလေးက စစ်သွေးနဲ့ အသက်ချင်းသိပ်





ကွာပုံမရပေ။ စစ်သွေးရဲ့စကားကြောင့် မျက်လုံးကို မှေးစင်းပြီးမှ ပခုံးတွန့်၍ ရယ်လိုက်ကာ . . .

"တို့က အချစ်ကိုရှာနေတာ မဟုတ်ဘူးလေ။ ငွေ ရှာနေတာ။ ကျောက်ခဲကို လက်ထဲဆုပ်ပြီး ရေညှစ်ရင် ကိုယ့်လက်ဖဝါးနာမှာပေါ့။ အဲဒါကြောင့် လေ့ကိုဖက်ပြီး မြစ်ကို ရှာတာ။ မင်းရဲ့အစ်ကိုက မြစ်ထက်ကျယ်တဲ့ ပင်လယ် လေ"

"တောက် . . . ရှပ်ကလေးက သနားကမားနဲ့ ကောင်းရောင်းကောင်းဝယ် လုပ်မစားချင်ဘူး။ အေကိုက်မှ အမေရေ သမီး မိုက်မိပါတယ်လို့ တငိုမယ့် မိန်းမမျိုး"

"ဟော့ . . . မင်း ငါ့ကို ပိုင်စိုးပိုင်နင်းမပြောနဲ့"

"မင်း သူများယောကျ်ားကို အပိုင်စိုးချင်တာ လောက်တော့ အောက်တန်းမကျဘူး"

"ဘာ"

"ဟော့ကောင်"

"ခွပ်"

"အို . . . မောင်လေး"

မူးလို့အတွဲခံထားရတဲ့လူက သူ့ဟာမကို ထိတော့



www.burmeseclassic.com

www.burmeseclassic.com



တွဲတဲ့သူကိုပဲ လက်သီးနှင့်ထိုးသေးသည်။ စစ်သွေး ယိုင်သွားရှာပေမယ့် စစ်သည်က လဲကျသွားလေလျှင် သူ့ခေါင်မလေးက ဖမ်းထိန်းထား၏။

"မောင်လေး"

"ရတယ် မမ။ ကျွန်တော် ဘာမှမဖြစ်ဘူး"

"မောင်လေးရယ်"

သျှင်မင်းရင်ထဲမှာ မချိတင်ကဲပါ။ စစ်သွေးက လက်သီးချက်ကို မမှုဘဲ စစ်သည်ကိုယ်ကြီးကို ဆွဲပွေ့ကာ

"မင်း ငါ့အစ်ကိုကို မထိနဲ့"

"ကြီးကျယ်လိုက်တာ"

"ထပ်ပြောလိုက်မယ်။ မင်း နောက်ထပ် ငါ့အစ်ကိုနဲ့ မပတ်သက်ပါနဲ့"

"အဲဒါ တို့ကိုလာမပြောနဲ့။ မင်းအစ်ကိုကို မင်း နိုင်အောင်ထိန်း"

"တောက်"

ခြေဆောင့်ပြီး ထွက်သွားတဲ့ကျောပြင်ကို ဖြစ်နိုင်လျှင် သျှင်မင်း ဓားနှင့်ပြေးထိုးချင်မိ၏။

"ဟော့ကောင် . . . မင်း ငါ့အသားကို မထိနဲ့"



"ကိုကို . . . ကိုကို အရမ်းမူးနေပြီ"

"ဘာမူးတာလဲ။ ငါ မမူးဘူးကွ။ မင်း ငါ့ကိုမတွဲနဲ့။ ငါ့မိန်းမတွဲလိမ့်မယ်။ သျှင်မင်းခ ငါ့ကိုလာတွဲ"

"ကဲပါ . . . မောင်လေးရယ် မမပဲ တွဲလိုက်ပါ့မယ်"

သျှင်မင်း စစ်သွေးတွဲထူလို့ မတ်တတ်ဖြစ်သွားတဲ့ စစ်သည်ကို ဝင်တွဲလိုက်၏။

"ရရဲ့လား မမ"

"ရတယ်။ ရတယ် မောင်လေး"

"အဟွန်း . . . တော်တော်စည်းလုံးနေကြတယ်ပေါ့"

အမူးသမားက လူသာယိုင်နေတာ စကားကျတော့ ပြောနိုင်သား။ အမူးသမား နားပါးသည်တဲ့။ သျှင်မင်း သူ့ကိုယ်ကြီးကို မနိုင်မနင်းနှင့် လှေကားကိုတက်လာတော့ တမင်တကာဖိထားသလိုမျိုးကြီး သူ့ကိုယ်ကြီးက လေးမှလေး။

လွှတ်ချချင်စိတ်ပေါက်လာပေမယ့် သျှင်မင်း အားတင်း၍ တက်လာခဲ့သည်။ ဝဋ်ကြွေးတစ်ခုလို့ပဲ သတ်မှတ်ပါသည်လေ။ ဖေဖေအပေါ်ထားတဲ့ သူ့ရဲ့အငြိုးအတေးတွေ ပြေစေဖို့အတွက် သျှင်မင်း ဘယ်လောက်ပဲပေးဆပ်ရ ပေးဆပ်ရ ပေးဆပ်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဟင်း"

အိပ်ရာပေါ်ရောက်မှ လူက ဘာမှမသိတော့ဘဲ ရှူးတွေပေါက်ချ၏။ သျှင်မင်း သူ့ကို အဝတ်လဲပေးပြီး ရှူးတွေကို ခြောက်အောင်လိုက်သုတ်နေရတဲ့အချိန်မှာ မျက်ရည်တို့က ပါးပြင်ပေါ်တင်မက စည်းမဲ့ ကမ်းမဲ့ကျနေသည်။

ဒီလိုလုပ်ပေးနေတာ သံယောဇဉ်နှင့်အချစ်ကြောင့်လည်း ပါပါသည်။ သျှင်မင်း အိပ်လို့မရတာကြောင့် ဇုတ်တုတ်ကလေးထိုင်နေမိသည်မှာ ဘယ်အချိန်ရောက်လို့ရောက်မှန်းမသိ။

"ဟင်"

စစ်သည် မေးခနဲအိပ်ပျော်သွားပြီး ပြန်နိုးလာတော့ သူ့ရင်ခွင်ထဲမှာ သျှင်မင်း မရှိ။ တကယ်ဆို သူမူးတာက နည်းနည်းရယ်ပါ။ ကျန်တာတွေက တမင်တကာလုပ်ကြံတာ။ သျှင်မင်း သူ့အပေါ် ဘယ်လောက်သည်းခံနိုင်မှာလဲ သိချင်လို့။

ရှူးပေါက်ချတာလဲ တမင်။ နောက်မှ တကယ်အိပ်ပျော်သွားတာသည် တစ်နေကုန်သွားရတာတွေကြောင့် ပင်ပန်းလို့ အိပ်ပျော်သွားတာပါ။ မူးတော့မူးသည် မမူးဘူး





ဆိုတာမျိုး။ သူသောက်လာတာ နည်းနည်းလေးရယ်လေ။

"သျှင်မင်း . . . သျှင်မင်း"

"ဟင်"

"သျှင်မင်း"

"ဒီမှာ"

အသံကြားရာကို လှည့်ကြည့်တော့ အခန်းထောင့်မှာ သျှင်မင်း ဇုတ်တုတ်ကလေးထိုင်နေ၏။

"အဲဒါ ဘာလုပ်နေတာလဲ"

"ထိုင်နေတာ"

"ကျွတ်"

စကားပြောရင် ကန့်လန့်။

"လာ . . . အိပ်တော့"

"မအိပ်ချင်သေးလို့ မအိပ်တာ"

"အချိန်ရှိသေးလို့လား။ အိပ်ရေးပျက်ခံပြီး ထိုင်နေတယ်"

သျှင်မင်း ပေကပ်ပြီးထိုင်နေ၏။

"ဟိတ် . . . လာလို့ပြောနေတယ်နော်"

သူ့အသံက ကျယ်လာသည်မို့ သျှင်မင်း အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ လျှောက်လာပြီး ထိုင်လိုက်သည်။

"လာ . . . . အိပ်"

"မအိပ်ချင်ပါဘူးဆို"

"ကျွတ်"

စစ်သည် သျှင်မင်းကို လှမ်းဖက်လိုက်တော့ သျှင်မင်းက တစ်ဖက်ကို ရွှေ့ဖို့ကြံသည်။ စစ်သည်က ဒါကို ကြိုသိနေသလို သျှင်မင်းကို့ ဖက်ထားလျက်မှ နောက်သို့ လှန်ချလိုက်၏။ နှစ်ယောက်စလုံး လုံးထွေးကျသွားတော့ -

"ဖယ်စမ်းပါ"

"ဘာဖြစ်နေတာလဲ"

"မဖြစ်ဘူး။ ရှင် ကျွန်မကို ဘယ်အထိနိုပ်စက်နေမှာလဲ"

နိုပ်စက်တယ်ဆိုတဲ့စကားကြောင့် ခဏတာ မေ့လျော့သွားတဲ့အကြောင်းအရာတွေက အစပြန်ပေါ်လာသည်။ သျှင်မင်းကို အိမ်မပြန်ရ၊ ဖုန်းမကိုင်ရ အမိန့်ထုတ်ထားတာ ဦးနေဇလကို ကိုယ့်ရှေ့ရောက်လာစေချင်လို့။

ခုလောက်ဆို ဒီလူကြီးရင်ဘတ်တွေ အက်လုနေရောပေါ့။ ရှေ့ဆိုရင် ကွဲဖို့ . . . .





"ရှင်က အဆင့်တောင်တက်လာပြီပဲ၊ ရောဂါကို ဝယ်ယူဖို့အထိ ကြိုးစားပြီး ကျွန်မကို ညှဉ်းဆဲနေတာ"

"ဘာ"

"ရှင့်အသက်နဲ့ရင်းပြီး လက်စားချေဖို့ မလိုဘူး စစ်သည်ဗိုလ်။ ရှင် နစ်နာမှာစိုးလို့ ပြောတာ။ ကျွန်မ ရှင် ကျေနပ်တဲ့အထိ မကျေမချင်း အကြွေးဆပ်မှာပါ"

စစ်သည် သျှင်မင်းမျက်နှာလေးကို စိုက်ကြည့်နေမိ၏။ ကိုယ့်ရင်ထဲက ခံစားမှုတို့သည် သူပြောသလို မဟုတ်တာ ကိုယ်သာ အသိပါ။

www.burmeseclassic.com



## အခန်း ( ၂၆ )

"သားက ကလေးမဟုတ်တော့ဘူး၊ အိမ်ထောင်သည် ဖြစ်နေပြီပဲ သားရယ်။ မေမေ ခုလိုဆုံးမနေဖို့ မလိုဘူး ထင်တယ်"

စစ်သည် မေမေ့ကိုမျက်လွှာပင့်ကြည့်လိုက်၏။ သားက ဘာလုပ်နေလို့လဲလို့ မေးရအောင် ကိုယ်လုပ်ခဲ့တာကို တစ်အိမ်လုံးသိနေကြတာပဲ မဟုတ်လား။ မပြောသာလို့ ဝင်မပြောကြပေမယ့် ကျေနပ်လို့ ငြိမ်နေကြတာမျိုးမဟုတ်။

"ချစ်လို့ပဲ လက်ထပ်လက်ထပ် မုန်းလို့ပဲ ယူယူ၊ အိမ်ထောင်တစ်ခု တည်ဆောက်ပြီးတာနဲ့ ကိုယ့်ဇနီးမယား





အပေါ် သစ္စာရှိပါ သားရယ်။ သား ခုလိုထင်ရာတွေ လျှောက်လုပ်နေတော့ရော စိတ်ဆင်းရဲရတာ သျှင်မင်း တစ်ယောက်တည်း မဟုတ်ဘူး သား။ မေမေက သားကို မွေးထားတဲ့ မိခင်ဆိုတော့ ပိုပြီးစိတ်ဆင်းရဲရတာ"

"မေမေပြောပုံက သားကပဲ ပျက်စီးလေလွင့်နေသလိုပဲ"

သူ မပျက်စီးဘူးဆိုတာကို ဘယ်သူကသိမှာလဲ။ မူးချင်ယောင်ဆောင်တာ မူးတာ မဟုတ်သလို၊ မိန်းကလေးကို တွဲတာ ငြိနေတာ မဟုတ်ဘူးဆိုတာ သူ့အကြံနဲ့သူ ဟန်ဆောင်နေတာ သူပဲ သိမှာပေါ့။ အခြားသူ့အမြင်မှာတော့ ဒီလို ဒီလို အကြောင်းတွေရှိလို့ သူ ဒီလိုလုပ်တာပါလို့ ပညာရှိ သုခမိန်ကြီးတွေလို စဉ်းစားနေမှာမဟုတ်ပေ။

"သားက ဘယ်လိုပုံစံမျိုးကိုမှ ပျက်စီးတယ်လို့ ကင်ပွန်းတပ်ချင်တာလဲ။ မိုးဆိုးတိုက်ခိုက်နေမှ လူဆိုးမဟုတ်သလို၊ ပြို့ကျပြီးကောက်မရမှ ပျက်စီးတာမဟုတ်ဘူး သား။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ပဲလေ အခု သားက ခြေလှမ်းပျိုးတဲ့အဆင့် မဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



စစ်သည် သက်ပြင်းချလိုက်၏။ ခံမပြော နား မထောင်လုပ်ရုံကလွဲလျှင် သူ ဖြေရှင်းပြဖို့အချိန်မှ မတန်သေးတာ။

"ဖနီးမယားအနေနဲ့က မပေါင်းချင်တော့ဘူးဆိုရင် ကွာလို့ရတယ်။ လင်သေရင် လင်စားရပေမယ့် မင်းကို မွေးထုတ်ထားတဲ့ မအေက ပစ်ထားလို့ မရသလို၊ အစားထိုးလို့လည်း မရဘူး သား။ အဲဒါ မေမေ ခပ်ရိုင်းရိုင်းပဲပြောပြတာ"

"သား ခေတ်ပညာတတ်တစ်ယောက်ပါ မေမေ"

"အတတ်ကျူးပြီး ဘီလူးဖြစ်မှာစိုးလို့ မေမေ ပြောနေတာ။ ပြီးတော့ သျှင်မင်းက မင်းအပေါ်မှာ သာမန်ဇနီးမယားတစ်ယောက်ထက်ပိုတဲ့ မေတ္တာတရားနဲ့ . . ."

"တော်စမ်းပါ မေမေရာ"

ဟိုဘက်သည်ဘက်လျှောက်ရင်း ပြောနေတဲ့ ဒေါ်နှင်းမှုံရဲ့ ခြေလှမ်းတွေ ရပ်တန့်သွားပြီး စစ်သည်ဘက်သို့ ရှာခနဲလှည့်လာသည်။

"စစ်သည်"

ခေါ်လိုက်သည့်အသံက မာနေ၏။

"မင်းက ငါသိပါတယ်ဆိုပြီး ပန်းဝင်ခါနီးမှ ကျွမ်း



ပစ်ချချင်တာလား စစ်သည်ဗိုလ်။ မင်း ဒီဘဝ ဒီလိုနေရာမျိုးမှာ နေနိုင်ဖို့ ငါ ဘာကိုရင်းခဲ့ရလဲ ပြန်စဉ်းစားကြည့်လိုက်"

ဘဝတစ်ခုကိုရင်းပြီး ဦးဘမင်းကို လက်ထပ်ခဲ့ရတာ စစ်သည်မသိဘဲနေပါ့မလား။ အခု ကိုယ်ကလည်း ဘဝမေ့ပြီး ဘဝင်မြင့်နေတဲ့သူမှ မဟုတ်တာ။

"သား ပြောချင်တာက မေမေထင်သလောက်သား မမိုက်ဘူးဆိုတာပါ"

မမိုက်ဘူးတဲ့လား။ မိုက်တယ်ဆိုတာ ဘာကိုခေါ်ပါသလဲလို့ ဒေါ်နှင်းမှုံ မေးလိုက်ချင်ပါသည်။

"ထင်သလောက် မဟုတ်ဘူးဆိုတော့ မထင်လောက်အောင်တော့ မိုက်တယ်ပေါ့။ ဒီလိုလား"

"မေမေကလည်း"

"မင်းရဲ့အငြိုးအတေးတွေ၊ အာဃာတတရားတွေကို တူးမြှုပ်ပြီး ပြည်ဖုံးကားချလိုက်ပါတော့ သားရယ်"

"မေမေ"

"မေမေ သျှင်မင်းခကို ကိုယ်ချင်းစာလို့ သားကို တောင်းပန်နေတာပါ"

စစ်သည် တကယ်အခံ့ညြာရပါသည်။ တရားရှေ့အား



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကျွေးလို့ ဆိုးသွမ်းသူတွေ ကျွတ်တမ်းဝင်ကြတယ် ဆိုတာ အောင်ခြင်းရှစ်ပါးအပါအဝင် စာအုပ်ထဲတွေမှာပဲ ဖတ်ဖူးခဲ့တာပါ။

နေဗလတို့မိသားစုကို မီးလောင်တိုက်သွင်းရမှ ကျေနပ်မည်လို့ ကြုံးဝါးခဲ့ဖူးသူက ကျွတ်တမ်းဝင်ပြီဆိုတော့ စစ်သည် တရားချလိုက်တဲ့ ဆရာတော်ကို ဘယ်လိုတရားများ ဟောလိုက်ပါလိမ့်ဟု မေးချင်၏။

"ရန်ကိုရန်ချင်း မတုံ့နှင်းပါနဲ့တော့ သားရယ်။ တကယ်တမ်း တွေးကြည့်ရင် ရန်ကိုရန်ချင်းတုံ့နှင်းကြတော့ ထုတဲ့ဉသျှစ်လည်း ကွဲ၊ ခံရတဲ့ ဉသျှစ်လည်း ကွဲ။ နှစ်ဖက်စလုံး ဒဏ်ရာတွေရကြတာပဲ မဟုတ်လား"

မေမေ ဒီစကားကို ဘာအဓိပ္ပာယ်နဲ့ပြောလိုက်ပါလိမ့်။ ဉသျှစ်နှစ်လုံးက အမှန်ကွဲနိုင်ပေမယ့် စစ်သည် ရင်ကွဲဖို့မှ မရှိတာ။





အခန်း ( ၂၇ )

အိမ်မှာ မုန့်ဟင်းခါးချက်စားလို့ သျှင်မင်း မျိုမကျစွာ ဖေဖေနဲ့ တီလေးကို ပို့ချင်တာနှင့် ရှိုင့်ထဲသို့ ထည့်နေသည်။ ပြီးတော့ မောင်လေးကို ပို့နိုင်းဖို့ ရည်ရွယ်ထား၏။

ဒါမှ ဖေဖေနဲ့မောင်လေး ရင်းနှီးကြမှာ မဟုတ်လား။ ကိုယ့်ဘက်က သိနေကြပေမယ့် မောင်လေးက ဘာမှ မသိပေ။ သွေးက စကားပြောတယ်တဲ့။ ဟုတ်မှာပါလေ။ စစ်သွေးနဲ့သျှင်မင်း စတွေ့ကတည်းက သွေးကစကားပြောနေခဲ့တာ။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

စစ်သွေး မီးဖိုချောင်ထဲသို့ ဝင်လာ၏။

"အဲဒါ ဘယ်ကိုပို့မလို့လဲ"

"အိမ်ကိုလေ"

"ဟား . . . ဟား . . . ဟား"

"ဟင် . . . ဘာရယ်တာလဲ"

"မမကလည်းဗျာ အိမ်တွေကအများကြီးကို။ ဘယ်သူဘယ်ဝါအမည်မတပ်ဘဲနဲ့"

သျှင်မင်းက မျက်စောင်းလေးထိုးလိုက်ကာ . . .

"ဟွန်း . . . တမင်ကပ်ပြောနေတယ်။ ဖေဖေ့အိမ်ကိုပေါ့လို့"

"မမ သွားပို့မှာလား"

"မင်းရဲ့ကိုကိုက လွတ်မှာမှ မဟုတ်တာ"

"ဒါဆို မမက ဒီချိုင့်ကို မန်းမှုတ်ပြီး ဈာန်နဲ့ကြွခိုင်းမလို့လား"

"အယ် . . . ပေါက်ပေါက်ရှာရှာ မောင်လေးရယ်။ မင်းတော့ ငရဲကြီးတော့မှာပဲ"

စစ်သွေး ရယ်လိုက်၏။ မမက သူ့ကို မောင်လေး





လို့ခေါ်တိုင်း သူ့ရင်ထဲမှာ ဘယ်လိုကြည်နူးမိမှန်းမသိ။ မျှော်လင့်ခဲ့မိတာက ကိုကို့နှုတ်က ညီလို့ ခေါ်တဲ့အသံ။

လိုချင်တာမရလို့ ရတာကို ယူလိုက်ရတဲ့အခြေအနေမျိုးလည်း မဟုတ်။ တစ်ခါတစ်ခါ မမရဲ့ပခုံးလေးကို ဖက်ပြီး မမရဲ့ရင်ခွင်ထဲ တိုးဝှေ့ကာ ချွဲနွဲ့ချင်မိ၏။ မမအရင်း မဟုတ်ဘဲ မရီးဖြစ်နေတော့ အခက်သား။

"မမ မင်းကို အကူအညီတောင်းမလို့ မောင်လေးရဲ့"

"ဘာကူညီရမှာလဲ"

"ဖေဖေ့ဆီကို ဒါတွေ သွားပို့ဖို့လေ"

"ကျွန်တော် သွားရမှာ"

"အင်း . . . ဒါလေးတစ်ခုတော့ မမကို ကူညီပါကွာ နော်"

"ဟာ . . . မဖြစ်ပါဘူး မမရာ"

"ဘာလို့မဖြစ်ရမှာလဲ"

စစ်သွေး နှုတ်ခမ်းစူမိသွားသလား မပြောတတ်။ မျက်ခုံးလေးမြင့်တက်သွားတာကတော့ အသေအချာပဲ။

"ဟို . . . မမအဖေကို ကျွန်တော် သိပ်ကြည့်လို့



www.burmeseclassic.com

www.burmeseclassic.com



ရတာ မဟုတ်ဘူးဗျ။ သူက ကိုကို့ကိုလက်သီးနဲ့ထိုးထားတာ"

"ဟယ်"

အပြစ်တွေရကုန်တော့မှာပဲဆိုတဲ့ စကားသံက နှုတ်ဖျားအထိ ထွက်မလာဘဲ လည်ချောင်းထဲမှာပင် ပျောက်ကွယ်သွား၏။ စိတ်ကတော့ သူ့အစ်ကိုအတိုင်းပါပဲလား။ အမှတ် သည်းခြေကြီးလိုက်တာ မောင်လေးရယ်။

"မမ"

"ဟင်"

"ဒါလေးပြောတာနဲ့ မျက်နှာက ညိုသွားလိုက်တာ ဗျာ"

"မညိုလို့ရမလား။ မင်းမှမကူညီရင် ဘယ်လိုပို့လို့ ရမှာလဲ"

"ဟူး"

"မကူညီဘူးလား"

"ကူညီမယ်ဗျာ။ ကူညီမယ် . . . ကဲ . . . ပေး"

စစ်သွေး သျှင်မင်းရှေ့က ချိုင့်ကိုဆွဲယူလိုက်တော့

"အဲဒါကြောင့်ချစ်တာ"

"အဲ"





သျှင်မင်းပြောပြီး စစ်သွေးရဲ့ပါးလေးကို လှမ်းဖျစ် လိုက်တော့ စစ်သွေး စိတ်မလုံသလိုလေးနှင့်မို့ . . .

"ဘာဖြစ်တာလဲ"

"ဟို . . . ဆောရီးနော် မမ။ တစ်ယောက်ယောက် မြင်သွားရင် တစ်မျိုးထင်မှာစိုးလို့ပါ"

"မောင်လေးရယ်"

သျှင်မင်းရင်ထဲမှာ ဝေဒနာတစ်ခု လှုပ်ခတ်သွား၏။ တစ်မျိုးထင်စရာအကြောင်းမရှိတာကို မင်း တစ်ယောက်ပဲ မသိတာပါ ကလေးရယ်။

"ကဲ . . . ကျွန်တော် ခုပဲသွားလိုက်မယ် မမ"

ခေါင်းညိတ်မိသလား၊ ခေါင်းခါမိသလား ကိုယ့်ကိုယ်ကိုယ် မသိနိုင်လောက်အောင်ကိုပဲ သျှင်မင်း ကျောခိုင်းသွားတဲ့ စစ်သွေးကို လိုက်ငေးနေမိတော့၏။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၈ )

ဦးနေဗလ ကားသံကြားတာကြောင့် ဘယ်သူများ ပါလိမ့်ဟု ဖတ်လက်စ ဂျာနယ်ကို စားပွဲပေါ်ချပြီး ခါးကို ဆန့်ကာ လှမ်းမျှော်ကြည့်လိုက်၏။ သိပ်မကြာလိုက်ပါဘူး။ ဧည့်ခန်းထဲသို့ အရိပ်ကလေးတစ်ခု ဝင်လာသည်။

"ကျွန်တော့်ကို ဝင်ခွင့်ပြုပါ"

"ဝင် . . . ဝင်ပါ သား။ လာပါ"

အိမ်ထဲရောက်မှ ခွေးကြည့်ပါဦးပြောတဲ့လူလို စစ်သေွး ဧည့်ခန်းထဲကို လှမ်းဝင်ပြီးမှ ဝင်ခွင့်ပြုပါဦးလို့ ခွင့်တောင်းမိသည်။ မျက်နှာကြီးက ပြုံးပြီးခေါ်မှ ဆိုဖာပေါ်မှာ





ဝင်ထိုင်လိုက်၏။

ဦးနေဗလ သူ့ရှေ့တည့်တည့်မှာ ဝင်ထိုင်သည့် သားကို ပြုံးပြုံးကြီး ငေးစိုက်ကြည့်နေမိ၏။ ချောလိုက်တဲ့ သား။ စပို့ရှပ်အဝါရောင်ကို ဝတ်ထားပြီး အပေါ်က ဆွယ်တာ ပုံစံ ခေါင်းစွပ်အင်္ကျီအနက်နှင့် အဖြူစင်းကျားလေးကို ဝတ်ထားပြီး ဖစ်ကို ရင်ညွန့်အောက်နားလောက်အထိ ဆွဲပိတ်ထားသည်။

ဘောင်းဘီကလည်း အနက်ရောင်ပဲမို့ ဖြူနုနေသော သူ့အသားအရေနှင့် လိုက်ဖက်လွန်းလှ၏။

ဒါ သူ့ကိုတူရင်တောင် ဒီလောက်ချောမှာ မဟုတ်ပေ။ သူ့အမေတူလို့ ဒီကောင် ဒီလောက်ချောတာ။ စစ်သည်ဗိုလ်သည်လည်း အမေတူသားပါ။ ဒါကြောင့် ညီအစ်ကိုနှစ်ယောက် ဒီလောက်ရုပ်ချင်းတူတာပါ။

"ကျွန်တော့်ကို မမ လွှတ်လိုက်လို့ လာခဲ့တာပါ"

"ဟင်"

စစ်သေွး "ဟင်"ဆိုတဲ့အသံကြောင့် တစ်ဖက်က အံ့သြသွားတာလားလို့ထင်ကာ . . .

"အိမ်မှာ ဒီနေ့ မုန့်ဟင်းခါးချက်စားတာ။ ဒါ မမ



www.burmeseclassic.com

www.burmeseclassic.com



က ဦးကိုပို့ပေးချင်တယ်ဆိုလို့ ကျွန်တော် လာပို့တာပါ"

ဦးတဲ့လား သားရယ်။

"ဦး"

"ဟေ"

"ကျွန်တော် ပြောတာကို ကြားပါတယ်နော်"

"ဩော် . . . အေး . . . အေး . . . ကြားပါတယ် ကွာ။ ကြားပါတယ်"

"ဒါဆို ကျွန်တော့်ကို ချိုင့်လှယ်ပေးပါ"

စစ်သွေးရဲ့ပုံစံက ဒီအိမ်မှာ ကြာကြာထိုင်မနေချင်သည့်ပုံ။

"အေးအေးဆေးဆေးထိုင်ပါဦးလား သားရယ်။ တို့နှစ်ယောက် တစ်ခါမှ စကားကောင်းကောင်း မပြောဖြစ်သေးဘူးနော်။ စကားလေး ဘာလေး ပြောရအောင်လား"

"ကျွန်တော် အချိန်မရလို့ပါ"

ဦးနေဇလ စစ်သွေးမျက်နှာ ခပ်တည်တည်ကို ကြည့်၍ သက်ပြင်းတစ်ချက် ခိုးချလိုက်မိသည်။

"တရုတ်မရေ . . . တရုတ်မ"

"ရှင်"



"ဒီလိုလာဦးဟေ့"

"ဟုတ်ကဲ့"

တရုတ်မဆိုတဲ့အတိုင်း . အသားဖြူဖြူနှင့် ဝဝ တုတ်တုတ် ကောင်မလေးတစ်ယောက် ပြေးထွက်လာသည်။

"ဦးလေး . . . သမီးကို ဘာခိုင်းမလို့လဲ"

"ဒီမှာ ဒီချိုင့်ကို ယူသွားပြီး လှယ်ပေးလိုက်ပါဦး"

"ဟုတ်ကဲ့"

"ဩော် . . . နေဦး"

ချိုင့်ကိုယူပြီး လှည့်ထွက်သွားတော့မည့် တရုတ်မ ဦးနေဇလကို ပြန်လှည့်ကြည့်၏။

"မမရော"

"အပြင်ထွက်သွားတယ် ဦးလေး"

"သွားတော့"

စစ်သွေး ဦးနေဇလကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။ ချိုင့်တစ်ခါလှယ်ပေးဖို့အရေးကိုဝေ့နေသည် ဆိုတဲ့ အတွေးနှင့်ပေါ့။

"သား"

" . . . "

www.burmeseclassic.com

www.burmeseclassic.com



"သား"

"ဟင် . . . ကျွန်တော့်ကို ခေါ်တာလား"

"ဟုတ်တယ်လေ။ ကိုယ့်သားသမီးအရွယ်တွေကို သားတို့၊ သမီးတို့ခေါ်တာ ယဉ်ကျေးမှုတစ်ရပ် မဟုတ်လား"

"ဟုတ်ပါတယ်"

စစ်သွေးရဲ့အသံက တိုပြတ်ပြတ်ရယ်ပါ။ မမ နိုင်း လို့သာလာခဲ့တာ ကိုကို့ကို လက်သီးနှင့်ထိုးထားသူမို့ စစ်သွေး ဦးနေဗလကို သိပ်ကျေနပ်တာ မဟုတ်ပေ။

"မောင်စစ်သွေး အသက်ဘယ်လောက်ရှိပြီလဲ"

စပ်စုရန်ကောဆိုတဲ့မျက်ဝန်းက ဝေ့ခနဲ ရောက် လာကာ . . .

"၁၇ နှစ် ၂ လနဲ့ ၁၅ ရက်၊ အင်္ဂါသား။ မနှစ်က ဆယ်တန်းကျတယ်။ ဒီနှစ် အောင်စာရင်း မထွက်သေးပါ ဘူး။ ရည်းစားလေးယောက် ထားဖူးပါတယ်။ အခု အားလုံး ကို ခေါက်ပစ်လိုက်ပြီ။ လက်ရှိအလုပ်က လည်ရာပြန်စား ရေး။ ကဲ . . . ဒီလောက်ဆိုရင် ကျွန်တော့်ရဲ့ biography လုံလောက်မယ်ထင်ပါတယ်"

"ဟား . . . ဟား"





စိတ်တိုနေပုံလေးကပဲ တစ်မျိုး ချစ်ဖို့ကောင်းနေ သဖြင့် ဦးနေဗလ မပွင့်တပွင့်ရယ်လိုက်မိသည်။ စိတ်မရှိပါ နဲ့ ကလေးရယ်။ မင်းက ဖေဖေရဲ့သား ဟုတ်မဟုတ် သိချင် လို့ပါ။

အခု ကျိန်းသေသွားပါပြီ။ နင်းမှုံထွက်သွားသည့် အချိန်နှင့် သား၏အသက်ကို တွက်ကြည့်လိုက်တော့ ကွက်တိပါပဲ။ သားက ဖေဖေ့ရဲ့သားပါပဲ။

"ဦးလေး . . . ချိုင့်လှယ်ပြီးပါပြီ"

"အေး . . . ထားခဲ့"

ထားခဲ့ဆိုလို့ တရုတ် မချိုင့်ကို စားပွဲပေါ်သို့ပင် မတင်ရသေး။ စစ်သွေးက ဆတ်ခနဲဆွဲယူကာ . . .

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါ ဦး"

"သား"

တားချိန်ပင်မရလိုက်အောင် စစ်သွေးရဲ့ခြေလှမ်း တွေက မြန်မှမြန်။ ဦးနေဗလ။

ဘယ်လိုမှနေလို့မရတော့တာကြောင့် ကားတစ်စီး နှင့် စစ်သွေးကားနှင့် မလှမ်းမကမ်းမှ လိုက်ပါလာခဲ့သည်။ ကိုယ့်သားမှန်းသိရတော့ သား၏ မျက်နှာလေးကို ကြည့်လို့

www.burmeseclassic.com

www.burmeseclassic.com



မဝသေးပေ။

စစ်သွေး အိမ်ကိုရောက်လို့ ကားပေါ်က ဆင်း လိုက်တာနှင့် အိမ်တံခါးဝမှာ ခါးထောက်ရပ်လျက် ဆီးကြို နေသူက စစ်သည်။

"ဒါ ဘယ်ကပြန်လာတာလဲ"

"ဟို . . . ဟို"

စစ်သွေးအဖြေရခက်နေပြီပေါ့။ စစ်သည် ဖိုင်တစ် အုပ် အိမ်မှာ မေ့ကျန်ခဲ့လို့ ပြန်လာယူတော့ စစ်သွေး ကား လေး ခြံထဲကနေ ထွက်သွားတာကို တွေ့လိုက်ရသည်။ ကျောင်းပိတ်ရက်မှာ သူငယ်ချင်းတွေနဲ့ ပေါးလားဝါးလား နေပြီး ခြေရှုပ်မှာစိုးလို့ သူ့ကို ခွင့်မတောင်းဘဲ ဘယ်မှ မသွားရလို့ အမိန့်ထုတ်ထားခဲ့တာ။

သူ မရှိတုန်းထွက်သွားတာဆိုတော့ ဘယ်သွားပြီး ဘာလုပ်မှာလဲ သိချင်လို့ လိုက်ကြည့်ခဲ့တာ။ ခရီးဆုံးတော့ ဦးနေဝလရဲ့အိမ်။

"စစ် . . . သွေး . . . ဦး"

"ဗျာ"

"ငါ မေးနေတာ ဖြေလေ။ မင်း ဘယ်က ပြန်လာ





တာလဲ"

"ကျွန်တော် . . . ကျွန်တော် . . . ဦးနေဝလ"

"ခွပ်"

"မလုပ်နဲ့

"ခွပ်"

"မလုပ်ပါနဲ့"

"ခွပ်"

"သား"

သျှင်မင်း မောင်ဖြစ်သူကို ပြေးပွေ့ရမလို၊ ယောက်ျားလုပ်သူကို ပြေးဆွဲရမလိုနှင့် နောက်တော့ ထပ်ရွယ်နေတဲ့ စစ်သည်လက်ကိုပဲ ဆွဲထားလိုက်မိ၏။

"ဖယ်စမ်း . . . ဒီကောင့်ကို ငါ သတ်မယ်"

"ရှင်သတ်ချင်ရင် သူ့ကို မသတ်နဲ့။ ကျွန်မကို သတ်"

"ဟာကွာ . . . တောက်"

"ရှင် အလွှာတွေ သိပ်ကြီးပြမနေနဲ့ စစ်သည်ဗိုလ်။ မောင်လေးကို ကျွန်မ လွှတ်လိုက်တာ။ သူ့ကို ရှင်တို့အသင်း ပိုင်တယ်လို့ မထင်ပါနဲ့။ ကျွန်မတို့လည်း ဆိုင်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှင် သိထားရမှာ”

“ဟာ . . . တော်တော် လျှာရှည်တဲ့မိန်းမ . . . ကဲဟာ”

“ဖြန်း”

“သမီး”

သျှင်မင်း ခွေခနဲလဲကျသွား၏။ ဒေါ်နှင်းမှုံ သားငယ်ကို ထူပေးပြီးရှုံ့ပဲရှိသေး ခွေးမကို ပြေးပွေ့ရပြန်၏။ ဦးပေါက်စနှင့် ဒေါ်မြနှစ်တို့မှာလည်း သူ့ဆွဲရမလို ငါ့ဆွဲရမလို။

“ဦးနေဗလနဲ့ပတ်သက်တဲ့လူမှန်သမျှ အကုန်သတ်ပစ်မယ်။ နင်တို့နှစ်ယောက်ကို ငါ သတ်မယ်”

စစ်သည်မှာ ယမ်းပုံမီးကျ။ ဒေါသတွေ မုန်တိုင်းထန်နေသည်။ စစ်သွေးဆီသို့ ဒေါသလက်သီးကို ပစ်အသွင်း။

“သား”

“ခွပ်”

“အ”

“ခွပ်”

“အား”





“ဖေဖေ”

သားကိုထိမှာစိုးလို့ တွန်းပြီး ဝင်ကာလိုက်တဲ့ ဦးနေဗလ လျင်မြန်တဲ့ စစ်သည်ရဲ့လက်သီးချက်တွေကို ဘယ်လိုမှ မရှောင်နိုင်ဘဲ လူငယ်မဟုတ်တော့ နောက်သို့ ဒင်ထိုင်ကာကျသွားလေသည်။

သျှင်မင်း ကိုယ်နာတာကိုမေ့ပြီး ဖေဖေ့ကို ပြေးပွေ့လိုက်၏။ စစ်သည်ကိုလည်း ဝိုင်းဆွဲကြလေတော့ အခြေအနေက ခေတ္တမျှ ငြိမ်သက်သွားလေသည်။

“ကိုနေဗလ”

ဦးနေဗလ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်။ စစ်သည်ကိုသာ ကြည့်လျက် . . .

“ငါ့မှာအပြစ်ရှိတယ်ဆိုရင် မင်း ငါ့ကိုပဲ လက်စားချေပါ စစ်သည်ရိုလ်။ မဆိုင်တဲ့ ငါ့သားသမီးတွေကိုတော့ မင်း မနှိပ်စက်ပါနဲ့ကွာ။ ငါ တောင်းပန်ပါတယ်။ မင်း မကျေနပ်ရင် ငါ့ကို သတ်လိုက်ပါ။ ငါ့သားနဲ့ ငါ့သမီးကိုတော့ ဒုက္ခမပေးပါနဲ့”

“ဟင်”

စစ်သည် အံကို ဖိကြိတ်ထားတာ သွားတွေပင်



www.burmeseclassic.com

www.burmeseclassic.com



ပွဲထွက်လုမတတ်ပါပဲ။ သူတစ်ယောက်တည်းမှ ရင်နာတတ်သူလို့ ထင်နေသလား။ ဒီကလည်း သွေးသားနဲ့ တည်ဆောက်ထားတဲ့ ရင်ဘတ်မဟုတ်ဘူးလား။

အတ္တတွေ ကာရံထားတဲ့ နှလုံးသားရဲ့ထောင့်စွန်းတစ်နေရာမှာ အချစ်တွေ သိုသိပ်ထုပ်ပိုးထားတာကိုတော့ ဘယ်သူမှ မသိကြပါလား။ အချစ်ကြီးရင် အမျက်ကြီးသတဲ့။ ရက်စက်ခြင်းရဲ့နောက်ကွယ်မှာ ဆုံးရှုံးမခံနိုင်တာတွေက အတ္တကို လောင်စာပျိုးခဲ့တာပါ။

အစက လက်စားချေချင်တာ တစ်ခုတည်း။ တဖြည်းဖြည်းမှ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်လိုက်လို့ သိလာခဲ့တာသည် စစ်သွေးက ကိုယ့်ရဲ့ညီ။ မခေါ်ချင်လို့သာ ရချင်ရမယ်။ မတော်ချင်လို့က မရ။

မွေးကင်းစအရွယ်ကတည်းက အတူတူနေလာခဲ့ရတဲ့ ညီကို အတ္တတွေနဲ့ မုန်းဟန်ပျိုးခဲ့ပေမယ့် သူ့အလိုလိုတိုးဝင်လာတဲ့ သံယောဇဉ်က ရေကို ဓားနဲ့ခုတ်ဖြတ်လို့ မရသလိုပါပဲ။ မုန်းရင်းနဲ့ချစ်နေမိတဲ့ အမုန်းချစ်က သာမန်ထက် ပိုရှိန်ပြင်းနေသည်။

ဘီလူးမက ကလေးတစ်ယောက်ကို စားဖို့ ရည်





ရွယ်ပြီး ခိုးပြေးခဲ့ပေမယ့် ငိုလွန်းတဲ့ကလေးကို အငိုတိတ်အောင် နို့ချိုတိုက်ရင်း နို့တစ်စက်ကြောင့် အသက်နှင့်ထပ်တူချစ်မြတ်နိုးသွားခဲ့သလိုပါပဲ။

မုန်းတယ်ဆိုပြီး ပစ်ဖို့ခက်တာ အချစ်မဟုတ်ဘူးလား။ စစ်သွေးကို ရိုက်နှက်ဆုံးမခဲ့တာသည် သူ့ဘဝကောင်းစားဖို့အတွက် အတ္တတွေ ပါချင်ပါခဲ့မည်၊ မာနတွေ ရောချင်ရော၊ အာဃာတတွေ အဆိပ်လိုပြင်းခဲ့ပေမယ့် စစ်သွေးကို ဘဝပျက်လောက်အောင် ထိခိုက်နစ်နာစေခဲ့တာ ဘာမှမရှိ။

ကိုယ့်ရင်ကိုခွဲပြီး ဆွဲနုတ်မည့်သူ ပေါ်လာတော့မှ ဆုံးရှုံးလိုက်ရရင်ဆိုတဲ့အသိက သွေးစိမ်းရှင်ရှင် ထွက်နေတဲ့ ဒဏ်ရာကို ဆားသိပ်ခံလိုက်ရသလိုပါပဲ။

"စစ်သည်ရယ် . . . ရှင် ရင်နာကြေကွဲတာထက် ကျွန်မတို့မိသားစုက အဆပေါင်းများစွာ ပိုနေပါပြီ။ ဒီလောက်ဆို ရှင် ကျေနပ်ပါတော့ရှင်"

"အစွယ်ကို တောင်း နားတောင်းပန်လိုသူ့ရဲ့ မိဖုရား ရှင်ဥသုဘဒ္ဒါ၊ စေလွှတ်သူ မင်းဧကရာဇ်၊ မြှားပစ်သူက ကျွန်တော်မျိုး မှဆိုးသောနုတ္တိုပါလို့ သူများကို အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပြီး ကိုယ်လွတ်ရုန်းတဲ့စကားမျိုး ပြောလိုတာတော့ မဟုတ်ပါဘူး စစ်သည်ဗိုလ်။ ငါ နှင်းမှုံကို တကယ်ချစ်ခဲ့တာပါကွာ"

"တော်တော့ . . . ခင်ဗျား မပြောနဲ့"

မပြောနဲ့ဆိုပေမယ့် . . .

"မပြောလို့ မရဘူး။ မမရဲ့လုပ်ရပ်တွေကို ငါ မသိခဲ့တာ အမှန်ပဲ စစ်သည်ဗိုလ်။ ငါ မင်းတို့သားအမိကို လိုက်ရှာခဲ့ပါသေးတယ်ကွာ"

"ခင်ဗျားကို တော်တော့လို့ ပြောနေတယ်နော်။ ခုမှ လူကြားကောင်းအောင် ဘုရားစာ အော်ရွတ်ပြမနေနဲ့။ ကလေးတစ်ယောက်ကို လက်မှာဆွဲပြီး ကျုပ် အမေ ဗိုက်တစ်လုံးနဲ့ ဒုက္ခရောက်ခဲ့တုန်းက ကျုပ်တို့ကို နာလိုတောင်းပန်မယ့်သူ မရှိခဲ့ဘူး။ ကျုလည်း ကျလောက်ပါရဲ့ဗျာ"

"သား . . . မပြောပါနဲ့တော့ သားရယ်"

ဒေါ်နှင်းမှုံ မျက်ရည်စတွေနှင့် သားကို တောင်းပန်ပေမယ့် . . .

"ပြောရမယ် မေမေ။ ပြောမှ သိ၊ ထိမှနာမယ့်လူတွေကို ဓားပြမှန်းသိအောင် ကျောချပြမှဖြစ်မှာ"

"သားရယ်"



"ဒီမှာ ဦးနေဗလ"

ဦးနေဗလ လဲကျနေရာမှ ထရပ်လိုက်သည်။ စစ်သွေးခမျာမှာတော့ မျက်လုံးလေးက ကလယ်ကလယ်နှင့် ဘာကို နားလည်ရမှန်းမသိတော့။

"ခင်ဗျားသားကို ဒုက္ခပင်လယ်ထဲမှာ မြုပ်ချည်ပေါ်ချည်ဖြစ်နေတဲ့ကြားက မေမေ မွေးထုတ်ပေးခဲ့ရတာ။ အခု လူတစ်လုံး သူတစ်လုံးဖြစ်လာကာမှ ခင်ဗျားက မကျွာပ်တိုင် တက်ပြချင်တာလား ဟုတ်လား"

"မဟုတ်ဘူး . . . စစ်သည်ဗိုလ်။ မကျွာပ်တိုင် တက်ပြချင်ပေမယ့် မင်းတို့သားအမိရဲ့ရင်ကို ခွဲထုတ်ပြီး စစ်သွေးကို ခေါ်ထုတ်သွားဖို့ဆန္ဒ ငါ့မှာ မရှိပါဘူး"

"ဟာ"

စစ်သွေး နှုတ်မှ ဟာခနဲဖြစ်သွား၏။ အရိပ်ပြလို့ အကောင်မမြင်တတ်ဘူးဆိုတာ စစ်သွေးမှအစစ်။ မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေရင်းက ဖြစ်လာခဲ့ပြီ။ စစ်သွေးက ဦးနေဗလရဲ့သားတဲ့။ ဒါ တကယ်ပဲလား။

"မေမေ"

"သားငယ်"

www.burmeseclassic.com



"ဒါ . . . ဒါ . . . တကယ်ပဲလားဟင် . . . သားက . . . သားက ဦးနေဗလရဲ့"

မဆက်နိုင်သောစကားကို ခေါင်းညိတ်ခြင်းနှင့် ရိုက်ချပစ်လိုက်တာမျိုး။ ခေါင်းအညိတ်မှာ ဒေါ်နှင်းမှုံ၏ မျက်ရည်ပွင့်တွေက လွင့်ခနဲကြွေကျသွားသည်။

"ဟုတ်ပါတယ် သားငယ်ရယ်။ ကိုနေဗလက သားရဲ့ အဖေပါ"

စစ်သွေး မမမျက်နှာကို လှမ်းကြည့်လိုက်ရင်း . .

"ဒါကြောင့်ကိုး"

မမ သူ့အပေါ် ဂရုစိုက်ကြင်နာခဲ့တာသည် သာမန်ခင်မင်မှုထက် ပိုနေသည်လို့ ထင်ခဲ့တာ။ ဒီလိုအကြောင်းတွေ ရှိခဲ့လို့သာ . . .

"ဒီနေ့ကစပြီး ခင်ဗျားရဲ့သားနဲ့သမီးကို ကျွန်တော် မမြင်ချင်ဘူး။ သူတို့ကို ခင်ဗျား ပြန်ခေါ်သွားတော့ ဦးနေဗလ။ ခင်ဗျားတို့မိသားစုနဲ့ ကျုပ်တို့သားအမိ ဘာမှ ပတ်သက်စရာအကြောင်း မရှိတော့ဘူး"

"ကိုကို"

"သား"





"သွားစမ်း"

စစ်သည် သူ့ကိုပြေးဖက်သည့် စစ်သွေးကို ဆောင့်တွန်းပစ်လိုက်၏။

"မင်း ငါ့ညီမဟုတ်ဘူး။ ဦးနေဗလရဲ့သား။ သွား မင်းမျက်နှာကို ငါ မမြင်ချင်ဘူး . . . ထွက်သွား"

"ကိုကို . . . ကိုကို အဲဒီလောက်အထိတော့ မရက်စက်ပါနဲ့ဗျာ။ ကျွန်တော် ကိုကို့ကိုချစ်တယ်။ ကျွန်တော် သေရင်တောင် ကိုကို့မျက်စိရှေ့မှာပဲ သေပါရစေ"

"မပြောနဲ့။ မင်း ထွက်သွားနော်။ မသွားရင် ငါ တစ်ခုခုလုပ်မိလိမ့်မယ် . . .တောက်"

"ကိုကို"

ရှာခနဲလှည့်ထွက်သွားသော စစ်သည် ကျောပြင်ကိုကြည့်၍ စစ်သွေး ဒူးများပင် ညွတ်ကျသွားလေသည်။

စစ်သွေးကို ပေးဖို့ ကိုကို့ဆီမှာ ဒီလောက်တောင် မေတ္တာရေခန်းခြောက်နေသတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၉ )

ကိုကို ကုမ္ပဏီကိုလာတဲ့လမ်းတောက်လျှောက် စစ်သွေး Taxi နှင့် လိုက်နေခဲ့တာ ကိုကို့ကားလေး ကုမ္ပဏီရှေ့မှာ ရပ်သွားတော့ စစ်သွေး Taxi ခကို မြန်မြန်ရှင်းပေးပြီး ကားပေါ်မှဆင်းလိုက်သည်။ ကိုကို သွားလေရာ ပုန်းလျှိုးကွယ်လျှိုးနှင့်လိုက်ချောင်းရင်း နံရံကွယ်ကို ပြေးကပ်လိုက်၏။

ကိုကိုကတော့ တကယ့်ကို နေနိုင်လိုက်တာနော်။ စစ်သွေးကတော့ ကိုကို ကျေနပ်အောင် ဖေဖေ့အိမ်ကို လိုက်သွားခဲ့သည့်တိုင် ကိုကို့ကို တစ်နေ့မတွေ့ရရင် မနေတတ်လို့ နေ့စဉ်ပဲ ကိုကို့မျက်နှာကို မြင်ရဖို့ ခုလိုလိုက်ပြီး



ချောင်းကြည့်နေခဲ့ရတာပါ။

စတောကာမှန်လုံခန်းများနှင့် ထည်ဝါနေသော ဒီကုမ္ပဏီအဆောက်အဦးကြီးရှေ့ကို ဟိုတုန်းက စစ်သွေး ဖြတ်သွားဖြတ်လာမှအပ တစ်ခါမျှ ဒီလိုဝင်လာပြီး မကြည့်ဘူးပေ။

"ဟော့ကောင်"

"ရှူး"

နောက်ကနေ ပခုံးကိုကိုင်ပြီး ဆွဲလှည့်လိုက်တာကြောင့် စစ်သွေး တိတ်ဆိတ်နေရန်အချက်ပြပြီး နောက်ကလူ၏မျက်နှာကိုမြင်တော့ . . .

"ဟာ . . . အစ်ကိုရန်နိုင်"

"မင်း ဘာလုပ်နေတာလဲ"

"ဟို . . ."

"မင်း စစ်သည်နောက်ကို ရှိုးလိုက်နေတာ မဟုတ်လား"

စစ်သွေး ခေါင်းလေးငုံ့သွားကာ . . .

"ဟုတ်ပါတယ် အစ်ကို။ ဒီကိစ္စကို အစ်ကို ကိုကို့ကို သွားမပြောလိုက်ပါနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . ဟား . . . ဟား"

ရန်နိုင်က သဘောကျစွာ ရယ်လေ၏။ ပြီးမှ . . .

"စစ်သွေးရာ မင်း သူ့နောက်ကိုလိုက်နေတာ ငါလိုကောင်တောင် သိသေးတာပဲ။ ငါ့ထက် မျက်စိလျင် နားပါးတဲ့ မင်းရဲ့အစ်ကိုက မသိဘဲနေပါ့မလားကွာ"

"ဗျာ"

"စစ်သည်က ဟန်ဆောင်ကောင်းတယ်ကွ"

"အစ်ကို ဘာကိုပြောတာလဲ"

ရန်နိုင် စစ်သွေးကို ဒီလောက်အရသလားဟု ကျောင်းဆရာတွေ တပည့်ကို ရိုက်သလို တုတ်ကလေးနှဲ့ ကောက်ရိုက်မေးချင်၏။ စစ်သည်ရင်ထဲက ဘာသာတရားတွေကို သူသာ အဖတ်တတ်ဆုံးပါ။

အမုန်းကို ဇန်းပြုပြီး ရင်ထဲမှာ အချစ်တွေအစာ သွပ်ထားတာ ရန်နိုင် မသိဘဲနေပါ့မလား။ ရန်နိုင်ကိုတောင် ဒီကောင် စစ်သွေးလို့ မှားခေါ်ခဲ့တာသည် စစ်သွေးကို သတိရနေလို့ပဲ မဟုတ်လား။

ပြီးတော့ သျှင်မင်းခ။ ကားထဲက ဒက်ရှ်ဘုတ်ပေါ်မှာ တင်ထားသည့် ကားရုပ်ကလေးသည် ယခုဆို ကုမ္ပဏီ





ရုံးခန်းထဲအထိတောင် သယ်လာတတ်နေပြီလေ။ သူ့ရင်ထဲမှာ ပူတူးဆိုတာ ဟိုးအရင်တုန်းကတည်းက ရှိနေခဲ့တာလည်း ရန်နိုင်အသိ။

"စစ်သွေး"

"ရှာ"

"ဒီနေ့ စစ်သည် သွားစရာလမ်းကြောင်း တစ်ကြောင်းရှိတယ်။ အဲဒါ မင်း သူ့ကားထဲကနေ ဝင်ပုန်းပြီး လိုက်သွား"

"ကိုကိုသိရင် ကားပေါ်က ကန်ချမှာပေါ့ဗျ"

"မသိအောင်လိုက်ပေါ့ကွ။ မင်းရောက်လာတာနဲ့ အတော်ပဲ။ ဒီနေ့ သူသွားမယ့်လမ်းကြောင်းက အန္တရာယ်ရှိတယ်ကွ။ ငါပါလိုက်မယ်ဆိုတော့ လက်မခံဘူး"

"ဘယ်လိုအန္တရာယ်ရှိနိုင်တာလဲ အစ်ကို"

"မင်း . . . စိုးထိုက်ဇော်ကို သိတယ် မဟုတ်လား။ သျှင်မင်းနဲ့ ပတ်သက်ခဲ့ဖူးသူလေ"

စစ်သွေး မသိဘဲနေပါ့မလား။ သူနဲ့ထိုးကြိတ်ကြဖြစ်လို့ စစ်သွေးအချုပ်ထဲကိုပင် ရောက်ခဲ့ဖူးသည်လေ။

"သိတယ် . . . အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အဲဒီ စိုးထိုက်ဇော်က စစ်သည်ကို ဖုန်းဆက်ပြီး စိန်ခေါ်တာကွ။ သျှင်မင်းကို သူ့လက်ထဲကနေ လုယူသွားတဲ့ကောင်ဆိုတော့ အစွမ်းအစ ဘယ်လောက်ရှိလဲ သိချင်လို့တဲ့"

"ကလေးကျင့် ကလေးကြံနဲ့ဗျာ"

"ဘယ်လိုပဲကျင့်ကျင့် စစ်သည်က သွားမှာ။ ကားကို တံခါးမပိတ်ခဲ့ပုံထောက်တော့ ခုပဲ ပြန်ထွက်လာမှာထင်တယ်။ အခွင့်အရေးရတုန်း ဝင်ထား . . . သွား"

စစ်သွေး ရန်နိုင်ခိုင်းတဲ့အတိုင်း လုပ်၏။ သိပ်ကြာကြာ မစောင့်လိုက်ရပါ။ ကိုကို့အသံကို ကြားလိုက်ရ၏။

"အထဲကိုမဝင်ဘဲ မင်း ဒီမှာ ဘာရပ်လုပ်နေတာလဲ ရန်နိုင်"

"မင်းနဲ့လိုက်မလို့ ရပ်စောင့်နေတာ"

"မလိုဘူးလို့ မင်းကို ငါ ပြောထားသားပဲ။ ငါ့ကိစ္စ ငါ့ဘာသာ ရှင်းမယ်။ အဆင်မသင့်လို့ အခြေမလှရင် မင်း ငါ့အလောင်းကို လိုက်ကောက်ပေါ့"

ဗုဒ္ဓေါ။

အလောင်းလိုက်ကောက်ခိုင်းပုံထောက်တော့





အကြိတ်အနယ် ရှင်းကြမည် ထင်ပါရဲ့။ စစ်သွေးရဲ့ အတွေးမဆုံးခင်မှာပဲ ကားလေးက ငြိမ့်ခနဲ ထွက်သွားလေ၏။ ရသမျှ ဘုရားစာတွေကို ရွတ်ရင်းပဲ ကိုကို အန္တရာယ်ကင်းစေဖို့ ဆုတောင်းနေမိသည်။

ကိုကို မမြင်အောင် နောက်ခန်းမှာ ပုစွန်ထုပ်လို ကွေးနေရပေမယ့် ညောင်းရမှန်း ချည့်ရမှန်းပင်မသိ။ ခရီးအဆုံးမှာတော့ . . .

"စစ်သည်ဗိုလ်ဆိုတာ မင်းလား"

"မင်းက ဘယ်သူထင်လို့လဲ"

"ဟုတ်မှာပါ။ ရုပ်ချင်း ဒီလောက်တူနေတာကို။ မင်းညီတုန်းကလည်း ငါ့ကို အနိုင်နဲ့ပိုင်းသွားတာ။ ကျော်တော့ လေ့သူကြီး ညားတော့ လေ့ထိုးသားပဲ။ ညီနဲ့ထင်တာ ညားတော့ အစ်ကိုနဲ့"

"ဟေ့ကောင် . . . မင်းပါးစပ်ကို ပိတ်ထားစမ်း"

စစ်သွေး ခေါင်းလေးပြူကြည့်လိုက်တော့ တစ်ဖက်မှာ လေးယောက်။ မနေသာသည့်အခြေအနေမို့ စစ်သွေး ကားပေါ်ကနေ ဆင်းလိုက်၏။

"မင်းက ငါ့ထမင်းလုတ်ကို လုစားသွားတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အရည်အချင်း ဘယ်လောက်ရှိလဲ သိချင်လို့ပါ"

"အပိုတွေပြောမနေနဲ့ အရည်အချင်းရှိလို့ ငါ တစ်ယောက်တည်း လာခဲ့တာ။ မင်းတို့သာ ခွေးတွေလို အုပ်ဖွဲ့ပြီး ဝိုင်းယောင်ဖို့ အကူခေါ်တာ"

"တစ်ယောက်တည်း ဟုတ်လား"

"တို့က လာသမျှဖြောင်ရပ်ပြတာကွ။ မင်းလို နိုးကြောင် နိုးဂုကပ် အလစ်ချောင်းပြီး ဝင်ကိုက်မယ့်သူ မပါဘူး"

"ဘာ"

"ဟောကောင်တွေ . . . ကြာတယ်"

စိုးထိုက်ဇော် မျက်စပစ်ပြတာနှင့် တစ်ယောက်က စစ်သည်ထံသို့ ပြေးဝင်လာသည်။ စစ်သည် ရှောင်တိမ်းနိုင်ပေမယ့် ဝင်လာတာ တစ်ယောက်ပြီး တစ်ယောက်။ ကိုယ့်ဆီ ရောက်တဲ့လူရောက် မရောက်တဲ့လူလည်း ရောက်မလာ။

စစ်သွေး ဝင်လာတာကို လှစ်ခနဲမြင်လိုက်ဘဲ့ ခဏမှာ သူ တစ်ချက်ခံလိုက်ရသေး၏။ နောက်ပိုင်းတော့ အကြိတ်အနယ်ပါပဲ။

ရွှေဥဒေါင်း



"ခွပ်"

"အား"

"ဘုတ်"

"အင့်"

"ခွေးမသား . . . သေပေတော့"

စစ်သွေးဘက်က နှစ်ယောက်စလုံး မှောက်သွားပြီ။ စစ်သည်ဘက်က နှစ်ယောက် မှောက်ပြီး တစ်ယောက်ကို တိုက်ခိုက်နေတုန်းမှာ လဲနေတဲ့ တစ်ယောက်က ကုန်းထလာပြီး စစ်သည်ကို ဓားနှင့်ပြေးထိုးလေ၏။

"ကိုကို"

"စွပ်"

"အား"

"အမယ်လေး"

စစ်သည်ကို တွန်းထုတ်လိုက်တော့ ဓားက စစ်သွေး ရင်ဘတ်ကို စိုက်ဝင်သွားသည်။ ပြေးဝင်လာသူက စစ်သည်ရဲ့ ညာဘက်ဘေးက၊ စစ်သွေးက ဘယ်ဘက်မှ ပြေးဝင်လာပြီး တွန်းလိုက်တာမို့ ပြေးဝင်လာသူ၏ ဓားက စစ်သွေးရင်ဝကို စိုက်သွားတာ။

ရွှေဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ဓားကိုင်ထားသူက ဓားကို လန့်ဖျပ်လွှတ်ပြီး နောက်ဆုတ်သွားလေတော့ စစ်သွေး ဒူးညွှတ်ကျသွားလေသည်။

"စစ်သွေး"

စစ်သည် ညီကို ပြေးပွေ့လိုက်၏။

"ကိုကို"

"ညီလေး"

"ကျွန်တော် . . . ကျွန်တော် တာဝန်ကျေပါတယ်နော်"

"ညီလေး"

စစ်သွေးရဲ့ခေါင်းလေး စောင်းကျသွားလေ၏။ နှုတ်ခမ်းလေးတွေကတော့ အပြုံးရိပ်ထင်နေဆဲပါ။

"သ . . . သား"

ဒေါ်နှင်းမှုံ သျှင်မင်းကို ခေါ်ပြီး သားကို တောင်းပန်ဖို့ ကုမ္ပဏီကိုအသွား ရန်နိုင်ပြောပြလို့ အကြောင်းစုံ သိရသည့်အခါ ရန်နိုင်ကို ခေါ်ပြီး ကားနောက်ကို လိုက်လာခဲ့တာပါ။

ဒီရောက်တော့ သားငယ်၏အဖြစ်ကို မြင်လိုက်ရ



ပြီး ခြေလှမ်းတွေက ရှေ့ဆိုးလို့ မရဘဲ ရင်ဘတ်ကို လက်နှင့်ဖိ၍ နောက်သို့လန်ကျသွားလေတော့၏။

"အန်တီ"

"အန်တီ . . . လုပ်ကြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၀ )

စစ်သည် ခေါင်းရော၊ ရင်ဘတ်ရော မီးဟုန်းဟုန်းထတောက်နေသလိုပါပဲ။ ဒီလောက်တောင်မှ ရက်စက်ရသလား ကံကြမ္မာရယ်။ ညီဖြစ်သူက အရေးပေါ်အခန်းထဲမှာ၊ မေမေက သူ့သားငယ်၏ မရှုမလှဖြစ်ရပ်ကို မြင်ပြီး နှလုံးခုန်ရပ်၍ သေဆုံးသွားခဲ့သည်။ စစ်သည် ရင်ဘတ်တွေ အောင့်လာသည်။ ငိုရလွန်းလို့ ထင်ပါရဲ့။ ငိုရတာလည်း မျက်ရည်တွေက မစဲနိုင်။

ညီရယ် . . . မင်း ဘာမှမဖြစ်ပါနဲ့။ မေမေ့လိုတော့ ကိုကို့ကို မထားရစ်ခဲ့ပါနဲ့ ညီရယ်။ ကိုကို မစံစားနိုင်တော့လို့





ပါ။ တကယ်တော့ မင်းကို ကိုကို မမုန်းခဲ့ဘူးပါဘူး ညီ၊ ညီက ကိုကို့လက်ပေါ်မှာ ကြီးခဲ့ရတဲ့ ကလေးပါ။ ပါးစပ်တာ မုန်းတယ်လို့ ရွတ်နေပေမယ့် ရင်ထဲမှာက ကိုကို မင်းတို့ သိပ်ချစ်ခဲ့တာပါကွာ။

"ဟင့် . . . ဟီး"

စစ်သည် ရှိုက်ရင်းက အသံတွေထွက်လာ၏။ မာနကို စိန်စီပြီး ဦးခိုက်ချင်တဲ့ကောင်။ ခုတော့ အဲဒီအတ္တမာနတွေက သူ့ကို ပြန်ပြီးဖိနှပ်လုပ်စီးနေပြီ။

"စစ်သည်ဗိုလ်"

စစ်သည် အသံရှင်ကို ကြည့်လိုက်ပြီး . . .

"သျှင်မင်း"

"ရှင် သိပ်မုန်းပါတယ်ဆိုတဲ့ စစ်သွေးဦးရဲ့ကံကြမ္မာကို ဘယ်သူမှခန့်မှန်းတွက်ဆလို့ မရတော့ဘူး စစ်သည်ဗိုလ်။ ရှင့် ကျေနပ်တယ် မဟုတ်လား"

"ကိုယ် . . . ကိုယ် တောင်းပန်ပါတယ် သျှင်မင်းရယ်"

သျှင်မင်းမှာ ငိုရလွန်းလို့ မျက်ခွံလေးတွေ ဖောင်းအစ်နေသည်။ ဦးခေနဝလမှာ သူ့ကို ငေးကြည့်နေရုံမှအပ ဘာ



www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းမျှပင် ဝင်မပြောနိုင်။ တစ်ဖက်မှာ နှင်းမှုံအတွက် ရင်နင့်ခဲ့ရသလို၊ တစ်ဖက်မှာ သားအတွက် ဆောက်တည်ရာမရ။

သားကို ချစ်လို့မှမဝသေး။ ဆုံးရှုံးလိုက်ရရင် ဆိုတဲ့ အသိက ရင်ဝကို ဓားနင့်ထိုးစိုက်တာထက် နာကျင်စေသည်။

"စစ်သွေးက ရှင်နဲ့ပတ်သက်လာရင် အသက်ကို တောင် စွန့်ရဲတဲ့သတ္တိနဲ့ပဲ ရှင့်ကို ချစ်ခဲ့တာပါ စစ်သည်ဗိုလ်ရယ်။ ရှင် ပြန်ပေးတာကျတော့ အမုန်းတွေ၊ ရက်စက်မှုတွေ"

"တော် . . . တော်ပါတော့ သျှင်မင်းရယ်"

"အခု စစ်သွေးက သူ့မေတ္တာတရားကို အသက်နဲ့ ရင်းပြီး သက်သေပြသွားပြီ။ ရှင် ဘာပြန်လုပ်ပေးနိုင်သလဲ စစ်သည်ဗိုလ်။ ပြောပါဦး . . . ရှင် ဘာနဲ့ပြန်ပြီး ပေးဆပ်မှာလဲ"

စစ်သည်မျက်ဝန်းအိမ်မှ မျက်ရည်တို့သည် ပါးပြင်ပေါ်တွင် စီးဆင်းရတာ မလုံလောက်လို့ ပါးစပ်ထဲအထိသို့ပင် ကျူးကျော်ဝင်ရောက်လျက် . . .

"ကိုယ် . . . ကိုယ် တကယ်တော့ စစ်သွေးကို



ချစ်ခဲ့ပါတယ် သျှင်မင်းရယ်။ အတ္တတွေနဲ့ ဖုံးဖိထားတဲ့ကြားက အတ္တထောင့်စွန်းတစ်နေရာကနေ သူ့ကို ကိုယ်ချစ်နေမိခဲ့တာပါ"

"ဒီစကားတွေကို ရှင် ခုမှ လာပြောတော့ ဘာအသုံးဝင်မှာလဲ။ စစ်သွေး အသေဖြောင့်အောင် သူ့ရှေ့မှာ သွားပြော"

"သျှင်မင်း"

မျက်ရည်တွေကြားက မျက်ဝန်းနှစ်စုံသည် တိုက်ခိုက်ကြတော့မည့် စစ်သူကြီးများလို . . .

"ငါ့ညီ မသေရဘူး။ ရအောင် ငါ ကုမယ်။ ငါ့စည်းစိမ်တွေ ကုန်ရင် ကုန်သွားပစေ"

"ပါးစပ်ကပြောရုံနဲ့ မပြီးဘူး။ ရှင် သေမင်းလာတာကို စောင့်ပြီး ခြေထောက်ရိုက်ချိုးလို့ ရသလား"

"သမီး"

ဦးနေဗလ သမီးကို ခေါ်းခါပြလိုက်သည်။

"သူကလည်း သားရဲ့အစ်ကိုတစ်ယောက်ပါ"

"ဖေဖေ"

"သူက ဖေဖေတို့ထက် ပိုခံစားရမှာ"

www.burmeseclassic.com

www.burmeseclassic.com



"စစ်သည်"

ရန်နိုင်လည်း ရောက်လာ၏။

"ရန်နိုင်"

"မင်း ဒီမှာ ဝိုနေလို့ မပြီးဘူးလေ"

"ငါ"

"အန်တို့ဆီကို သွားရအောင်။ ဟိုမှာက မင်းရှိမှ"

"ငါ . . . ညီ့ကိုလည်း စိတ်မချဘူး"

"ဒီမှာ ဦးနဲ့သျှင်မင်း ရှိနေတာပဲကွာ"

စစ်သည်မှာ မေမေ့အလောင်းကို ဖက်ငိုရမလို၊ ညီ့အနား မှာပဲ ကပ်နေရမလို ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိတော့။ သောကဗျာပါဒတွေ ကြီးမားလှချေလား စစ်သည် ဝိုလ်ရယ်။

"မောင်စစ်သည်"

"ဗျာ"

"မင်းလိုက်သွားလိုက်ပါ"

စစ်သည် နောက်ဆံတင်းစွာနှင့်ပဲ ရန်နိုင်နှင့် လိုက်ပါသွားလေသည်။ သျှင်မင်းတို့သားအဖမှာတော့ ခေါင်းချင်းဆိုင်၍ မျက်ရည်တွေ သွန်ချနေတော့သည်။

•———ရွှေဒေသာ———•



"စစ်သွေးဦးရဲ့ လူနာရှင်"

နှစ်ယောက်သား သူနာပြုဆရာမလေးဘက်သို့ လှည့်လိုက်ကာ . . .

"ကျွန်တော်ပါ ဆရာမ"

"ဘာများလိုအပ်ပါသလဲရှင်"

"လူနာကို သွေးသွင်းရမယ်"

"ကျွန်တော့်သွေးကို ယူပါ ဆရာမ"

"အို . . . ဖေဖေ့ဆီက မယူပါနဲ့။ ကျွန်မသွေးကို ယူပါရှင်"

"ဘယ်လိုတော်ကြတာလဲ"

"ကျွန်တော်က စစ်သွေးရဲ့အဖေပါ"

"ကျွန်မက သူ့မမပါရှင်"

ဆရာမလေးက ခေါင်းညိတ်ပြပြီး . . .

"သွေးစစ်ရအောင် ကျွန်မနဲ့လိုက်ခဲ့ပါ"

"ဟုတ်ကဲ့"

ဦးနေဗလတို့သားအဖ ဆရာမနောက်သို့ လိုက်သွား၍ သွေးစစ်ကြသည်။ သွေးက ဦးနေဗလပဲ လှူခွင့်ရ၏။ သျှင်မင်းက သွေးချင်းတူပေမယ့် လှူခွင့်မရတော့သည်

•———ရွှေဒေသာ———•

www.burmeseclassic.com

www.burmeseclassic.com



သျှင်မင်းမှာ ကိုယ်ဝန်ရှိနေသည်တဲ့။

ဝမ်းသာရမယ့်အစား မျက်ရည်တွေက ဖြိုင်ဖြိုင်ကျလို့နေ၏။

သျှင်မင်း ဘယ်လိုဝမ်းသာနိုင်ပါ့မလဲလေ။ မမြင်ရသေးတဲ့သူအတွက် ဝမ်းသာဖို့ထက် ဖန့်စည်ရက်ဆက် မြင်နေရသူတွေက အခု မျက်စိထဲကို အမှိုက်ဝင်သလိုပါပဲ။



## အခန်း ( ၃၁ )

သေကံမရောက် သက်မပျောက်ဆိုသလို စစ်သွေးတစ်ယောက် သေမင်းတမန်၏လက်ထဲမှ သီသီကလေး လွတ်မြောက်လာခဲ့သည်။ ဆေးရုံကနေ ဆင်းလာတဲ့နေ့မှာပဲ မေမေ့ရဲ့သတင်းဆိုးကို ကြားလိုက်ရတော့ ငိုလိုက်တာ မပြောပါနှင့်တော့။

စစ်သည် သူ့အမှားတွေကို ဝန်ချတောင်းပန်ပြီး မောင်နှမနှစ်ယောက်စလုံးကို ခေါ်တော့ . . .

"ကိုကို မမကိုပဲ ပြန်ခေါ်သွားပါ"

"မင်းက မလိုက်ဘူးလား ညီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် . . ."

"လိုက်ခဲ့ပါ ညီရယ်။ မင်း မရှိရင် ကိုကို မနေတတ်ဘူး"

"နောက်တော့နေသားကျသွားမှာပါ။ ကိုကိုရယ်၊ မမရယ်၊ မမလွယ်ထားရတဲ့ ကိုကို့ရင်သွေးလေးရယ်။ ပျော်ရွှင်တဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်ပါစေလို့ ညီ ဆုတောင်းပေးပါတယ် ကိုကို"

"ညီရယ်"

အမြဲတမ်း သွက်လက်ဖျတ်လတ်နေတဲ့ ညီ့မျက်နှာလေး ညှိုးနွမ်းနေတာ မြင်ရတော့ စစ်သည့်ရင်ထဲမှာ ဘာလိုမှန်းမသိ ဟာလာဟင်းလင်းနှင့် ပူစပ်ပူလောင် ဖြစ်နေသည်။

"ကိုကို ညီ့ကိုချစ်တယ်ဆိုတာ သိရတော့ ညီ အရမ်းဝမ်းသာပါတယ် ကိုကို။ ပြောမပြတတ်အောင်ပါပဲ။ ညီ မျှော်လင့်ခဲ့တဲ့ဘဝလေးကို ပိုင်ဆိုင်ခွင့်ရလို့ ညီ ကျေနပ်ပါတယ်"

"ပိုပြီးပြည့်စုံသွားအောင် ကိုကိုနဲ့ပြန်လိုက်ခဲ့ပါ ညီရယ်။ ကိုကို ညီ့ကို အတိုးချပြီး ချစ်ချင်လို့ပါ"





"လူတိုင်းမှာ ပန်းတိုင်ဆိုတာရှိတယ် ကိုကို။ ကျွန်တော် ပန်းတိုင်တစ်ခုကို အရောက်သွားရဦးမယ်။ ကိုကို့လို ထက်မြက်တဲ့လူတစ်ယောက်ဖြစ်ဖို့ ကျွန်တော် ကြိုးစားရဦးမှာ"

"ညီရယ် ဘယ်လမ်းကပဲသွားသွား ပန်းတိုင်ကို ရောက်ဖို့က အဓိကမဟုတ်လား။ ကိုကို မင်းလျှောက်မယ့်လမ်းမှာ ဆူးခင်းမပေးပါဘူးကွာ။ ကိုကို့ရဲ့မေတ္တာလမ်းကြောင်းကနေ မင်းလျှောက်ပါ"

"ညီ ဖေဖေနဲ့နေဖို့ ဆုံးဖြတ်ပြီးပြီ"

စစ်သည်မျက်နှာလေးမှာ တိမ်မည်းညိုတွေ ဖုံးအုပ်သွားသလို ဦးနေဝလ၏မျက်နှာမှာတော့ လမင်းကဲ့သို့ ဝင်းပသွားသည်။ သူ့ သားအပေါ်မှာ ဖခင်တာဝန်ကျေချင်ပါသေးသည်လေ။

"သျှင်မင်း"

"ဟင်"

"ညီ့ကို ပြန်လိုက်ခဲ့ဖို့ ပြောပေးပါဦးကွာ"

"ကျွန်မက သူ့ရဲ့မမပါ။ အမေ မဟုတ်ဘူး စစ်သည်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ကျွန်မတို့က ဖေဖေ့လောက် သူ့ကိုပြောရေးဆို ခွင့် မရှိဘူး"

စစ်သည် သက်ပြင်းချလိုက်မိသည်။ ဟုတ်တာပေါ့။ ညီအစ်ကိုဆိုတာ သားအဖလောက် ဘယ်မှာ ပိုင်ဆိုင်နိုင်ခွင့် ပိုရှိပါ့မလဲ။

"ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့ မောင်စစ်သည်ရယ်။ ဟိုနေ့ဒီ ဝေးတာမှ မဟုတ်ဘဲ"

"ကဲ . . . စစ်သည်"

"ဟင်"

"ကျွန်မတို့ သွားရအောင်"

သျှင်မင်းက ထရပ်လိုက်တော့ စစ်သည်ပါ ထရပ်ကာ . . .

"ဒါဆို ကိုကို သွားမယ် ညီ"

"ဟုတ်"

"ဖေဖေ . . . သမီး သွားမယ်နော်"

"အေး . . . သမီး"

"မောင်လေး . . . မမ သွားမယ်"





"ဟုတ်"

တဟုတ်ဟုတ်နှင့် ခေါင်းညိတ်ပြတဲ့ စစ်သွေး အစ်ကိုနှင့်အစ်မ ကျောခိုင်းသွားတာနှင့် မျက်ရည်တွေ ဝေ့တက်လာသည်။

ညီ ညာလိုက်မိတဲ့အတွက် ညီ့ကို ခွင့်လွှတ်ပါ ကိုကိုရယ်။ ညီ ကိုကိုနဲ့အဝေးဆုံးကို ထွက်သွားရတော့မယ်။ မခွဲချင်ဘဲ ခွဲရဦးမယ် ကိုကို။ ဖေဖေက ညီ့ကို သူနဲ့ နိုင်ငံခြားကိုလိုက်ခဲ့ရမယ်တဲ့။ ညီ လိုက်သွားပါရစေ ကိုကို။ သံယောဇဉ်ကြိုးတွေကို ကြိုတင်ပြီး ညီ ဖြတ်ပါရစေ။

ချစ်လွန်းရင် ခံစားရလွန်းလို့ အချစ်ဆိုတဲ့အခြားတစ်ဖက်မှာ ခဏရပ်တည်ကြည့်ချင်လို့ပါ။ ကိုယ် ပေးသလောက် ပြန်မရတဲ့အတွက် ကိုကို့ကို အပြစ်မတင်ပါဘူး။ ကိုကို ဖေဖေ့အပေါ် ထားတဲ့ အငြိုးအတေးတွေ လောလောဆယ် ပြေနိုင်မှာ မဟုတ်သေးဘူးဆိုတာ ညီ သိပါတယ်။

တစ်ဖက်က အစ်ကို၊ တစ်ဖက်က မိဘ။ အလွှာတွေ ထပ်လွန်းဆဲ့ကြရင် ကျွန်တော် ကြားမှ ဆုံးဖြတ်ရခက်မှာ စိုးလို့ပါ။ ဒါကြောင့် ညီ အလွှာနဲ့ဝေးရာကို ဖေဖေ့ဆန္ဒအရ လိုက်သွားတော့မှာပါ။ ဖေဖေက ညီ တားထိုးခံရတဲ့အစွန်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး နှုတ်ခမ်းက ပြုံးနေပေမယ့် ရင်ထဲမှာတော့ ခုနေမှာပါ။ ကိုကိုနဲ့ဖေဖေ ဝေးသွားကြတာ အကောင်းဆုံးပဲ မဟုတ်လား။

"သား"

"..."

"သား"

"ဗျာ ... ဖေဖေ"

"မင်း ဘာလို့မျက်ရည်ကျနေတာလဲ"

"မကျပါဘူး"

စစ်သွေး မျက်ရည်ကို ဖိပွတ်ပစ်လိုက်၏။

"ဒီမျက်ရည်က ဘယ်သူ့အတွက်ကျတာလဲ သား"

"ဗျာ"

"စစ်သည်ကြောင့်လား။ မင်း မေမေအတွက်လား"

"သားရဲ့မိသားစုအတွက်ပါ"

"ဩော်"

"သား ... မေမေ့ကိုလည်း သတိရတယ်"

"ဖေဖေလည်း ဒီလိုပါပဲ"

သက်ပြင်းကိုယ်စီနှင့် ရှိသေစွာ ငေးမောနေမိတာ





ဘယ်အရာကိုမှ တိတိကျကျမမြင်။

"ဖေဖေ နှင်းမှုံကို တကယ်ချစ်ခဲ့တာပါ"

"ဟဲ့ ... ဒီအရွယ်ရောက်မှ စားမြုံ့ပြန်ချင်တုန်းလား နေဝလရယ်"

"မမ"

စောစောကတော့ ဘယ်နေရာ၊ ဘယ်ဒေသရောက်နေမှန်းမသိသော ဒေါ်ခက်ခက်နိုင်၊ အခုကျတော့ လူမမြင်ခင်က အသံကို စီစီလူပ်အောင် အရင်လွှတ်၏။

"သေတဲ့သူက သေသွားပြီ။ မင်းက အခုထိ လွမ်းနာကျချင်တုန်းလား"

"မမကလည်းဗျာ ... သေသွားလို့ ပိုလွမ်းရတာပေါ့ဗျ"

"အေး ... လွမ်းရင်းနဲ့ မင်းပါရောသေသွားဦးမယ်"

ပြောရင်းဝင်ထိုင်လိုက်ပုံက ဆောင့်ခနဲ။

"မင်းရဲ့သမက်အချစ်တုံး အလိမ္မာတုံးကြီးက ဘယ်လို စကားလုံးတွေနဲ့ ကန့်တော့သွားသေးလဲ"

"သူမှားတဲ့အကြောင်း ဝန်ချတောင်းပန်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးမြီးကောက် ကျည်တောက်စွပ်ပဲဖြစ်မှာ။ ဒီတစ်ခါ ငါ့တူမကို နှိပ်စက်လို့ကတော့"

"တီလေး"

စစ်သွေး ကိုကို့ကိုထိလို့ကတော့ မခံနိုင်ပါ။

"ကိုကိုက တီလေးပြောသလောက် မဆိုးပါဘူး။ သူ့အမှားကို သူ သိနေပြီ။ ကိုကို့ရဲ့ရှိရင်းစွဲစိတ်က ဖြူစင်တယ်ဆိုတာ ကျွန်တော် အသိဆုံးပဲ"

ဒေါ်ခက်ခက်ခိုင် နှုတ်ခမ်းမဲ့၏။ သူ့အစ်ကိုကိုက ထိတော့ မခံနိုင်ဘူး။ ဟိုကဖြင့် သူ့ကို ဆက်ဆံတာ အစိမ်းသက်သက်။ ဓားဒဏ်ရာနဲ့ မလုံလောက်လို့ နောက်တစ်ခါ သေနတ်နဲ့ အပစ်ခံပြီး ချစ်ပြဦးမလို့လား မသိဘူး။ ပြောလိုက်ရင် ပြောတဲ့လူ အလွန်ပဲဖြစ်ဦးမယ်။

ကိုယ်ကတော့ ကိုယ့်သွေးကိုယ့်သားကို ထိလာတော့ မျက်ရည်တစ်ဖက် နှပ်တစ်ဖက်နှင့် ဒင်းကို ဘယ်လိုမှ မကြည်ဖြူနိုင်။ မသေလို့ တော်သေးတာပေါ့။ သေများသေရင် သင်းလေးနဲ့ ခုလိုတောင် စကားပြောနေနိုင်မှာ မဟုတ်ဘူး။

"ဖြူလို့ပေပဲ မည်းများမည်းရင် တို့တစ်မိသားစုလုံး





ကို မီးလောင်တိုက်သွင်းမလား မသိဘူး"

"အဲဒီလိုဖြစ်ချင်အောင် ဘယ်သူလုပ်ခဲ့တာလဲ"

"စစ်သွေး"

အတူနေလာတဲ့ ရက်ကလေးတွေအတွက် ပြောရေးဆိုပိုင်ခွင့်တွေက ရှိလာလို့ ခေါ်သံကပဲ မကျေနပ်သည့်ပုံ။

"မင်း . . . မင်းရဲ့အစ်ကိုလို ခံပြောခံဆိုနဲ့ ဂျစ်ကန်ကန်မလုပ်နဲ့နော်"

"တီလေး . . . ကိုကို့ကို မထိနိုက်ရရင် စကားမပြောတတ်ဘူးလား"

"ဟွန်း . . . ရှေ့ကနွားလားဖြောင့်ဖြောင့်မသွားတော့ နောက်က နွားတ ခြေရာနင်းချင်နေပြီ။ မရဘူးနော်"

"မမကလည်းဗျာ . . . အတူတူရှိနေကြတုန်းမှာကလေးကို စိတ်ညစ်အောင် မလုပ်ပါနဲ့။ ကျွန်တော်တို့ နိုင်ငံခြားကိုသွားရင် မမ ထင်တာသာပြော"

"ဟဲ့ . . . နင်တို့မရှိမှ ငါက ဘယ်သူနဲ့သွားပြောရဦးမှာလဲ"

"ပြောချင်တဲ့လူနဲ့သာပြော"

ဦးနေဗလ သုတ်ခနဲထသွားတဲ့နောက်မှာ စစ်သွေး



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ့်အခန်းထဲသို့ ဝင်လာခဲ့သည်။

အခန်းထဲကိုရောက်တော့ စစ်သွေး မေမေ့ဓာတ်ပုံကို စူးစိုက်ကြည့်ရင်း မျက်ရည်တွေက ဝေ့တက်လာသည်။ ဒီရက်ပိုင်းမှာ ဒီမျက်ရည်တွေသည် မျက်ဝန်းတွေနှင့် ခဏခဏ ရင်းနှီးကျွမ်းဝင်နေ၏။ နှလုံးသားရဲ့အလိုဆန္ဒပါ။ ရင်ဘတ်တွေ နာကျင်တိုင်း နှလုံးသားက ဆတ်ဆတ်ခုန်။ အဲဒီတော့ မျက်ရည်က ဝေဒနာရဲ့ထွက်သက်ပေါ့။

"မေမေ"

"..."

"မေမေရယ် ... သားက မေမေ့ရင်ခွင်နဲ့ မထိုက်တန်တဲ့ သားလား မေမေရယ်။ သား ... မျှော်လင့်သမျှ၊ တောင့်တသမျှတွေ မေမေ့ဆီက ရလို့ မေမေ့ရင်ခွင်ထဲမှာ နွေးနွေးထွေးထွေးနေရမယ်မှ မကြံသေးဘူး မေမေက သားကို ထားရစ်ခဲ့ရက်တယ်နော်"

စစ်သွေး မေမေ့ဓာတ်ပုံကို ရင်ခွင်ထဲမှာ အပ်လျက် ခေါင်းငိုက်စိုက်ချထားမိသည်။

"သား ... သားသွားရတော့မယ် မေမေ။ သားကိုကို့ကို နှုတ်မဆက်ရက်ဘူး မေမေ။ မေမေပဲ သားရဲ့





ကိုယ်စား ကိုကို့ကို ပြောပေးပါ။

သား နှုတ်ဆက်တယ်လို့"

ရှိုက်သံလေးက အခန်းထဲမှာ တိုးညှင်းလျက်သား။ ကိုယ့်ဝေဒနာတွေ ဘယ်သူမှ မသိပါစေနဲ့။





www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၃၂ )

"သျှင်မင်းရေ . . . သျှင်မင်းရေ"

သျှင်မင်း ဆွယ်တာလေးထိုးနေရင်းမှ မောင်ဖြူ့အသံကြောင့် လက်တွေက ရပ်တန့်သွားသည်။

"သျှင်မင်းရေ . . . သျှင်မင်း . . . စစ်သည် ငိုနေတယ်။ စစ်သည် ငိုနေတယ်"

"ဟင်"

သျှင်မင်း ဆွယ်တာလေးကို ဆိုဖာပေါ်မှာ ချခဲ့ပြီး ဝရန်တာဆီသို့ လျှောက်လာခဲ့သည်။ သျှင်မင်း ခြေသံကို ကြားတော့ စစ်သည် လှည့်လာသည်။

●——ရှုမဝ——●



မျက်နှာက အပြုံးပွင့်တွေကို ဖန်ဆင်းလျက် နီထွေးသောနှုတ်ခမ်းထောင့်လေးတွေ ကွေးညွတ်သွားကာ

"မောင်ဖြူ့အသံကြောင့် သျှင်မင်း စိတ်အနှောင့်အယှက်ဖြစ်သွားပြီထင်တယ်။ ဘာမှမဟုတ်ပါဘူး သျှင်မင်းရယ်။ ဒီကောင် စကားတတ်တိုင်း လျှောက်ပြောနေတာ"

စစ်သည် သျှင်မင်းရဲ့ပခုံးလေးကို ဖက်၍ပြောလေတော့ သျှင်မင်း သူ့မျက်နှာကို မော့ကြည့်လိုက်သည်။

အို . . . သူ့မျက်လုံးတွေ နီရဲနေလို့ပါလား။ မောင်ဖြူ လာပြောတာ ဟုတ်မှာပါလို့ တွေးနေတုန်းမှာပဲ မောင်ဖြူ့အသံ ထပ်ထွက်လာ၏။

"စစ်သည် ညာတာ၊ စစ်သည် ညာတာ။ သူ ငိုတာ ဟုတ်တယ်၊ သူ ငိုတာ ဟုတ်တယ်"

မောင်ဖြူက စကားကို နှစ်ထပ် ပြန်ပြန်ပြောပြီး ရှင်းပြနေ၏။

"စစ်သည်"

"ဟင်"

"ရှင် တော်တော်ခံစားနေရလားဟင်"

စစ်သည် သက်ပြင်းလေးချလိုက်ပြီး ကိုယ်က

●——ရှုမဝ——●

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သို့ ပြန်လှည့်သွားကာ အဝေးသို့ ရီဝေစွာ ငေးမော နေ၏။

"ဟင့်အင်းလို့ပြင်းရင် ကိုယ် လိမ်တယ်ဆိုတာ မင်း သိပြီးသားဖြစ်မှာပါ ချစ်မင်းရယ်"

"အန်တီ့ကို လွမ်းနေတာလားဟင်"

"အဲဒါလည်း အဲဒါပေါ့။ ဒါပေမဲ့ သေတဲ့သူက ပြန် မလာနိုင်တော့ဘူးဆိုတဲ့အတွေးနဲ့ အဲဒီကိစ္စက ဖြေသိမ့် လိုက်လို့ ရနိုင်ပါသေးတယ်"

"ဒါဆို စစ်သွေးကို လွမ်းလို့ ရှင် မျက်ရည်ကျတာ ပေါ့နော်"

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းတဲ့။ စစ်သည် နှုတ်ဖျားက ဘာသံမှ ထွက်မလာတော့တာ ဟုတ်လို့ပေါ့။

ချစ်မင်း သူ့ကို မပြောဘူးလို့ ရေငုံနှုတ်ပိတ်နေခဲ့ သမျှ သူ ခံစားနေရတာမြင်တော့ စိတ်မကောင်းနိုင်။ စစ်သွေးက နိုင်ငံခြားသွားဖို့ကိစ္စ ကိုကို့ကို လုံးဝ မပြောပါ နဲ့တဲ့။ မပြောဘဲထားလို့ ဖြစ်ပါ့မလား။

အခု မဆလို့ပါဆိုတဲ့ ဆင်ခြေနဲ့ စစ်သည် ထမင်း မစားတာ နှစ်ရက်ပင် ရှိနေပြီ။ သူ့ညီနဲ့ ဒီထက်ပိုဝေးသွား





ရင် သူ့ခံစားချက်တွေကလည်း ဒီထက် ပိုဆိုးလာနိုင်သည်။

"ကိုယ် လွမ်းတာထက် နောင်တအတွက် ရင်ထု မနာဖြစ်မိတာပါ ချစ်မင်းရယ်။ ကိုယ် နောင်တရတဲ့အချိန် က အရမ်းနောင်းသွားခဲ့ပါပြီ"

"စစ်သည်"

စစ်သည် ချစ်မင်းဘက်သို့ တစ်ခါပြန်လှည့်ကာ လက်ကလေးကို ထွေးဆုပ်လျက် . . .

"ကိုယ့်ကိုကြည့်ပြီး ချစ်မင်း စိတ်မကောင်းဖြစ် နေတာလား . . . ဟင်"

"ဘယ်လိုစိတ်ကောင်းနိုင်မှာလဲ စစ်သည်ရယ်၊ ကျွန်မက ဗိုလ်ဆိုတဲ့ ကောင်လေးကို နွေးနွေးညည လွမ်းရင်း ဟိုတုန်းကတည်းက ရှင့်ကိုချစ်ခဲ့ရသူပါ"

"ကိုယ်လည်း ပုတူးကို ချစ်ခဲ့ပါတယ်။ ဒတ်ရှ်ဘုတ် ပေါ်က ကားလေးက သက်သေပါကွာ"

"ပုတူးကလည်း ဗိုလ်ဆိုတဲ့နာမည်လေးနဲ့ သော့ ချိတ်ကလေးကို ခုထိ သိမ်းထားဆဲပါ"

"ချစ်မင်းရယ်"

စစ်သည် ချစ်ဇနီး၏ကိုယ်လေးကို ပွေ့ပွေ့ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ နလုံးသားမှာ အချစ်စစ်တို့ ကွန်းခိုနေခဲ့တာကို ဒီနေ့တော့ အပြန်အလှန်ဝန်ခံလို့ဖြင့် ရင်ထဲမှာ ကြည်နူးပီတိရိပ်ကလေး တစ်ထောင့်တစ်စွန်း၌ ဖြစ်တည်သွားမိုက်။

"စစ်သည်"

"ဟင်"

"ရှင့်ကို ကျွန်မ ပြောစရာရှိတယ်"

"ဘာများလဲ သျှင်မင်းရဲ့ ပြောလေ"

သျှင်မင်း သူ့မျက်နှာကို မော့ကြည့်လိုက်တော့...

"သျှင်မင်းကို မောင်လေးက မပြောပါနဲ့လို့ ပြောထားပေမယ့် ရှင် ခံစားနေရတာ မကြည့်ရက်လို့ ဒီစကားကို သျှင်မင်း ပြောမှာပါ"

"ဟင်"

စစ်သည် မျက်မှောင်လေးကြုတ်သွား၏။

"မောင်လေးကလေ"

"မြန်မြန်ပြောပါ သျှင်မင်းရယ်။ ညီ ဘာဖြစ်လို့လဲ ဟင်"

သျှင်မင်း အပြစ်ရှိသူလို စစ်သည်နှင့် အကြည့်ချင်း မဆိုင်ရဲစွာ ခေါင်းငုံ့သွားလေ၏။ ပြီးမှ . . .





"ဖေဖေနဲ့သူ နိုင်ငံခြားကို လိုက်သွားတော့မှာ"

"ဘာ"

စစ်သည် သျှင်မင်းကို ရင်ခွင်ထဲမှ ဆွဲခွာပစ်လိုက်မိ၏။ ပန်းနုစ်ဖက်ကို ဖိဆုပ်လိုက်ကာ ကြည့်လာတဲ့ မျက်ဝန်းတွေက ရူးရူးရဲရဲ။

"တကယ် . . . တကယ်လား သျှင်မင်း။ သူ ဘယ်တော့သွားမှာလဲ။ ကိုယ့်ကို ဘာလို့စုမှပြောရတာလဲ . . . ဟင်"

"ဒီနေ့ပဲ သွားကြမှာ စစ်သည်"

"ဟာကွာ"

စစ်သည် ရင်ထဲက အူတွေ အသည်းတွေကို ဆွဲထုတ်ခံလိုက်ရသလို ခံစားရ၏။ ညီကို အဲဒီလောက်အထိ အဝေးကို ထွက်သွားခွင့်မပြုနိုင်ပါဘူး။

လက်မှနာရီကို ငုံ့ကြည့်လိုက်ပြီး စစ်သည် သျှင်မင်းရှေ့မှ ပြေးထွက်သွားလေ၏။

"စစ်သည်"

သျှင်မင်း သူ့နောက်မှ ပြေးလိုက်ခဲ့ပြီး ကားပေါ်သို့ တက်လိုက်၏။ ကားကို အရှိန်ပြင်းစွာမောင်းနှင်နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အရှိန်လျှော့ရန် သျှင်မင်း မနည်းတောင်းပန်ရ၏။

သျှင်မင်းတို့အိမ်ကိုရောက်တော့ ကားပေါ်ကနေ စစ်သည် ပြေးဆင်းသွား၏။ သူ့ပုံစံက ဆောက်တည်ရာမရသော အရူးတစ်ယောက်လို ဖြစ်နေပြီ။

"အန်တီခက် . . . အန်တီခက်"

ခေါ်တဲ့အသံက အသံကုန်။

"အန်တီခက် . . . အန်တီခက်"

"ဟင် . . . စစ်သည် . . . မင်း"

"စစ်သွေး ဘယ်မှာလဲ။ စစ်သွေးရော"

"လေဆိပ်ကိုသွားကြပြီလေ"

"ဟာဗျာ"

လေဆိပ်ကိုသွားပြီဆိုသည်နှင့် စစ်သည် ချွေးများပင် ရွှဲနစ်လာသည်။ လေဆိပ်ကို မီအောင်လိုက်မှ။

"စစ်သည်"

" . . . "

"ရှင် စိတ်တွေ အရမ်းလှုပ်ရှားနေပြီ။ ရှင် ကား မမောင်းနဲ့တော့။ ကျွန်မ မောင်းမယ်"

"ရတယ် . . . ကိုယ် ဘာမှမဖြစ်ဘူး"





စကားပင်မဆုံး။ ကားက မြို့ထဲမှ ပြေးထွက်သွားလေသည်။ သျှင်မင်း မျက်လုံးကိုသာ စုံမှိတ်ထားလိုက်မိတော့၏။

ရှင် ကံကောင်းပါစေ စစ်သည်ရယ် . . .။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၃၃ )

"သား . . . လာလေကွာ"

"ဟုတ်"

ခဲဆွဲထားသလို ခြေထောက်တွေ နေးကွေးလေး လံနေသော စစ်သွေးကို ဖေဖေက ရှေ့မှ ရပ်စောင့်နေပြီး အနားကိုရောက်တော့ စစ်သွေး၏ပခုံးကို ဖက်၍ ခေါ်လေသည်။

နှုတ်ဆက်မျက်ရည်တွေက ပါးပြင်ပေါ်သို့ လိမ့်ဆင်းစီးကျလျက်။ ဒီအချိန်မှာ မချိသောနလုံးသားကို အပြုံးနှင့်လည်း မဖုံးဖိထားနိုင်ပါဘူးလေ။

●———ဿဿဿ———●



ညီ သွားရတော့မယ် ကိုကို။ တစ်နေ့နေ့မှာတော့ ပြန်လည်ဆုံဆည်းကြမှာပါ ကိုကိုရယ်။ အခုများမှာတော့ ဝေးကြရဦးစို့။

"စစ်သည် . . . ဟိုမှာ မောင်လေး"

သျှင်မင်း လက်ညှိုးထိုးပြရာကို ကြည့်လိုက်တော့ အနောက်တိုင်းဝတ်စုံအဖြူရောင်၊ ဆံပင်အရှည် ကုတ်ထောက်သာသာနှင့် စစ်သွေး၏ ပုံရိပ်က စစ်သည်မျက်ဝန်းထဲသို့ ထင်းခနဲ လင်းခနဲ။

"ညီ"

စစ်သွေး၏ ခြေလှမ်းတွေက ဆက်လျှောက်နေဆဲ။

"ညီ . . . ညီ မသွားပါနဲ့"

စစ်သွေး၏ခြေလှမ်းတွေ ရပ်တန့်သွားပြီး နောက်သို့ လှည့်ကြည့်လာသည်။ မျက်ဝန်းတွေက ရီဝေဆွေးမြည့်လျက်ပါ။ စစ်သည်ကို မြင်တော့ အံ့ဩသလို ပါးစပ်ကလေး ပွင့်ဟသွားသည်။

"ကိုကို"

ခေါ်လိုက်သံက နှုတ်ခမ်းလေးလှုပ်ရုံသာ၊ စစ်သည်ကျောက်ရုပ်လို ရပ်လျက် ခြေလှမ်းတွေက ရှေ့သို့ မတိုးနိုင်။

●———ဿဿဿ———●

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ထင်လိုက်မိသည်က သူရှေ့တိုးလိုက်ရင်ပဲ ညီက ထွက်ပြေးတိမ်းရှောင်သွားတော့မလိုလို။ အငွေ့ပျံပြီး ပျောက်ကွယ်သွားတော့မလိုလိုပါ။

"ညီ . . . ညီ မသွားပါနဲ့၊ ကိုကို့ကို ထားခဲ့ပြီး ဘယ်ကိုမှ မသွားနဲ့ ညီရယ်၊ ကိုကို တောင်းပန်ပါတယ်ကွာ။ ညီ မရှိရင် ကိုကိုနေလို့ရမှာ မဟုတ်ဘူး။ ကိုကို့ဆီကို ပြန်လာခဲ့ပါ ညီရယ်။ ညီ ပြန်လာခဲ့ပါ"

ကိုကို ငိုနေတာလား။ မငိုပါနဲ့ ကိုကိုရယ်၊ ညီ မခံစားနိုင်လို့ပါ။ ကိုကို့ရဲ့မျက်ရည်တွေက နှုတ်ဆက်မျက်ရည်တွေဆိုရင် ညီ သွားမယ့်ခရီးလမ်းမှာ အမှတ်တရအဖြစ် သယ်ဆောင်သွားလို့ရပါတယ်။

ပြန်လည်ပြီး ရယူလိုမှုနဲ့ဆိုရင် မငိုပါနဲ့ ကိုကို။ ညီ ပြန်လာခဲ့ဖို့ မဖြစ်နိုင်တော့လို့ပါ။ ရင်တွင်းစကားတို့နှင့်အတူ မျက်ရည်ပွင့်တွေက မြေမှာခကုန်၏။

"ကိုကို့ကို ခွဲမသွားပါနဲ့ ညီရယ်။ မင်းအပေါ်မှာ ကိုကို ရက်စက်ခဲ့တာတွေအတွက် ညီ မကျေနပ်ဘူးဆိုရင် ကိုကို့ကို ကြိုက်သလို တုံ့ပြန်ပါ။ ကိုကို ညီ ကျေနပ်တဲ့အထိ ပေးဆပ်ပါ့မယ်။ ဒီလိုကြီးတော့ ကိုကို့ကို ရက်စက်မသွားပါ



နဲ့ကွာ။ ကိုကို တောင်းပန်ပါတယ်၊ ညီ့ကို ကိုကို တောင်းပန်ပါတယ်"

"မောင်လေး"

သျှင်မင်းရဲ့အသံလေးကလည်း တုန်ယင်အက်ကွဲနေ၏။

"ပြန်လာခဲ့ပါ မောင်လေးရယ်။ မင်းအစ်ကိုကို သနားရင် ပြန်လာခဲ့လိုက်ပါနော်"

စစ်သွေးထံမှ ရှိုက်သံ ခပ်သဲ့သဲ့လေး ထွက်ပေါ်လာ၏။

"သူ ထမင်းမစားတာ နှစ်ရက်ရှိပြီ။ မင်း ထွက်သွားရင် သူ သေသွားလိမ့်မယ် မောင်လေးရဲ့"

"ဟင်"

"ဖေဖေ . . . ဖေဖေ့ကို သမီးတောင်းပန်ပါတယ် ဖေဖေရယ်။ မောင်လေးကို ခေါ်မသွားပါနဲ့နော်။ သူ့ကို ထားခဲ့ပေးလိုက်ပါ။ မောင်လေးအပေါ်ထားတဲ့ စစ်သွေးရဲ့မေတ္တာတရားက ဖေဖေ့ထက်ပိုကဲသာလွန်နေမှာပါ။ စစ်သွေးက သူ့လက်ပေါ်မှာ ကြီးပြင်းလာခဲ့ရတဲ့ ကလေးပါ၊ ဖေဖေ ကိုယ်ချင်းစာကြည့်ပေးပါနော်"

www.burmeseclassic.com



ဦးနေဝလ ငိုင်တွေသွားလေ၏။ သူနဲ့အတူ နေခဲ့ရသည့်ကာလနှင့် ကိုယ့်အရိပ်အောက်ကို ရောက်လာသည့်ကာလ ဘယ်လိုမှ ညီမျှခြင်းချလို့ မရအောင် ကိုယ်က သူနဲ့နှိုင်းယှဉ်ကြည့်ရမည်ဆိုလျှင် သား သူ့ဆီကို ရောက်လာခဲ့တာသည် ခရီးတစ်ထောက် နားရုံမျှသာ။

တကယ်ဆိုရင် သားကို ချိုမိုင်မိုင် လက်ချိုးသင်ပေးခဲ့တာလည်း သူ၊ လက်ဆွဲပြီး လမ်းလျှောက်သင်ပေးခဲ့တာလည်း သူပါပဲလား။

"ကိုကို . . . ကိုကို"

"ညီ"

"ကိုကို"

"ညီရယ်"

စိတ်သွေး ကိုကို့ကို ဥပေက္ခာပြုနိုင်တဲ့အင်အား မရှိတော့ပေ။ ထို့ကြောင့် စိတ်သွေး ကိုကို့ဆီကို ပြန်ပြေးသွားလိုက်တော့ ကိုကိုက ဆီးပွေ့ဖက်ထားလေသည်။ အစုမှတစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ပွေ့ဖက်ထားကြပုံမှာ နောက်ထပ် ဝေးသွားကြမှာစိုးသည့်အလားပါ။

"ညီ . . . ညီ ကိုကို့ရင်ခွင်ထဲကနေ ဘယ်ကိုမှ





ထွက်မသွားပါနဲ့နော်"

"ညီ ကိုကို့ကို မခွဲနိုင်ဘူး"

"ညီ ကိုကိုနဲ့ပြန်လိုက်ခဲ့မယ် မဟုတ်လား"

"လိုက်မှာပေါ့ ကိုကိုရ။ တကယ်တမ်းကျတော့ ညီကိုကို့ကို မခွဲနိုင်ဘူး။ ချစ်တယ်"

"ညီရယ်"

"ဖေဖေနဲ့လိုက်သွားတော့မယ်လို့ ဆုံးဖြတ်ပြီးကတည်းက မခံစားနိုင်လို့ ငိုရတာ ညီ မျက်ရည်တွေ မရှိတော့ဘူး။ တကယ် . . . တကယ် ရည်စား လင်နောက်လိုက်လို့ အသည်းကွဲရင်တောင် ငိုစရာမျက်ရည် မကျန်တော့ဘူး"

မျက်ရည်တွေကို သုတ်ပြီး စိတ်သည်ရယ်လိုက်ကာ . . .

"အဲဒီအခါကျတော့ တံတွေးစွတ်ပြီး ငိုပေါ့ကွ"

"တံတွေးကလည်း ခံစားရတိုင်း ခြစ်ခြုပ်မျိုချရတာ ခန်းနေပြီဗျ"

"ဒါဆို ဘုန်းကြီးပျံလွှန်တော်မူတွေမှာ ယောင်ကျူးတဲ့သူကို အငှားခေါ်ငိုခိုင်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဟော့"

နောက်ကခေါ်သံကြောင့် ဖြိုင်တူ လှည့်ကြည့်လိုက်ကြ၏။

"ဖေဖေ . . . အဟဲ"

"ငါ့ အဖေကိုတောင် သတိမရတော့ဘူး။ လေယာဉ်ထွက်တော့မယ်ကွ"

"သား . . . သား မလိုက်တော့ဘူး ဖေဖေ"

"သိတယ် . . . ထားခဲ့မှာကို လက်ပြနှုတ်ဆက်ဖော် မရဘူး"

စစ်သွေး ခေါင်းလေးကုတ်ကာ ရယ်လေ၏။

ဖေဖေ့ကို အားတော့နာပါတယ်လေ။

"ညီ့ကိုထားခဲ့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဦး"

"ဖေဖေ ဟိုရောက်ရင် ကျန်းမာရေး ဂရုစိုက်နော်"

"သမီးကမှ မှာဖော်ရသေးတယ်။ မင်းကတော့ တော်တော်အသုံးမကျတဲ့ သား"

"ဆောရီး ဖေဖေ။ ဟိုမှာ ဖေဖေ အစစအရာရာ အဆင်ပြေပါစေလို့ သား ဆုတောင်းပေးပါတယ်"





"OK ဖေဖေ သွားမယ်"

ဦးနေဝလ အားလုံးကို နှုတ်ဆက်ပြီး လေယာဉ်ပေါ်သို့ တက်ခဲ့တော့သည်။ နောက်ဆုံးတော့ ကိုယ်သာလျှင် တစ်ယောက်တည်းပါလား။ သားကို တစ်ဖက်၊ သမီးကို တစ်ဖက် ရင်မှာအစ်ပြီး ထွေးဖက်ထားချင်ပေမယ့် သူတို့လေးတွေကမှ ကိုယ့်ရင်ခွင်ကို မခင်တွယ်ပဲလေ။

ကိုယ်ကပဲ ဆုတောင်းမှားခဲ့သလား။ ဆုတောင်းကပဲ ကိုယ့်ကံဇာတာနဲ့ လွဲချော်နေသလား။

ကိုယ့်ဘဝသည် အထီးကျန်ပြီးရင်း အထီးကျန်၊ သေမင်း သတ်မှတ်ထားတဲ့ တမလွန်ကူးလက်မှတ်ကလေး မရောက်ခင်တော့ သားသမီးတွေအတွက် တတ်နိုင်သလောက် ကြိုးစားခဲ့ချင်ပါသေးသည်။

နှင်းမှုံရယ် . . . မင်းကို ကိုယ် အံ့ရမ်းလွမ်းတယ် သိလား။ မင်းနဲ့ကိုယ့်ရဲ့ သား၊ သမီးတွေ ပြုံးပျော်ကြည်နူးနေကြတာကို မြင်ရတော့ ကိုယ် အရမ်းပီတိဖြစ်ရပါတယ်၊

မင်းသာ ကိုယ့်အနားမှာရှိနေရင် . . .

မင်းရယ်၊ ကိုယ်ရယ်၊ သား၊ သမီးတွေရယ်၊ မိသားစုတွေ အုတ်အုတ်ကျက်ကျက်နဲ့ ဘယ်လောက်များ



www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာကောင်းလိုက်မှာလဲ။

ခုတော့ ကိုယ်တစ်ယောက်တည်းသာ အထီးကျန်ကမ္ဘာမှာ . . .

ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်
မိုးစက်ပွင့်




နှိုဝင်ဘာ
၂၀၁၃ တွင် ထွက်ပါပြီ

**မမသန္တာမောင်**
သူငယ်ချင်း

**မယ်ခိုင်**
လောင်းရိပ်မိနေသော နေလောင်ပန်းများ

**မိုးစက်ပွင့်**
အတ္တထောင့်စွန်း တစ်ဖက်၌

**အလင်းသစ်**
သူသာလျှင် အရှင်သခင်

www.burmeseclassic.com